# LIFT's COVID-19

## တုံ့ပြန်ကာကွယ်ရေးလုပ်ငန်းများ ခြောက်လတာကာလ အစီရင်ခံစာ

- အကျိုးသက်ရောက်မှု
- သင်ယူလေ့လာခြင်း
- ရှေ့သို့ မှန်းမျှော်ခြင်း

■ ၂၀၂၀ ခုနှစ် အောက်တိုဘာလ

Livelihoods and Food Security Fund

managed by UNOPS

# LIFT's COVID-19

## တုံ့ပြန်ကာကွယ်ရေးလုပ်ငန်းများ

## ခြောက်လတာကာလ အစီရင်ခံစာ

– အကျိုးသက်ရောက်မှု
– သင်ယူလေ့လာခြင်း
– ရှေ့သို့ မှန်းမျှော်ခြင်း

■ ၂၀၂၀ ခုနှစ် အောက်တိုဘာလ

# မာတိကာ


| | |
|---|---|
| ၀၁ | အနှစ်ချုပ်တင်ပြချက် |
| ၀၇ | အချိန်ရာသီအလိုက် ကျွန်ုပ်တို့၏ ဆောင်ရွက်မှုများ |
| ၀၉ | နိဒါန်း |
| ၁၃ | ရှေ့တန်းမှ တုံ့ပြန်ကာကွယ်မှုလုပ်ငန်းများ |
| ၃၁ | လူမှုကာကွယ်စောင့်ရှောက်ရေး |
| ၄၅ | အရပ်ဘက်လူမှုအဖွဲ့အစည်း |

၅၇ ရွှေ့ပြောင်းသွားလာခြင်း

၇၇ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေခြင်း

၈၉ စိုက်ပျိုးရေး

၁၀၀ နောက်ဆက်တွဲ ၁။
အစိုးရ၏ CERPတွင် LIFT ၏ ထည့်ဝင်ပံ့ပိုးပေးခြင်းများ

၁၀၂ နောက်ဆက်တွဲ ၂ ။ ဆက်နွယ်နေသည့် ထုတ်ဝေမှုများ

# အနှစ်ချုပ်တင်ပြချက်

## တုံ့ပြန်ကာကွယ်မှု နှင့် အကျိုးသက်ရောက်မှု

**COVID-19 ကပ်ရောဂါ ဖြစ်ပွားသည့်အချိန်မှ စတင်၍ LIFT သည် မြန်မြန်ဆန်ဆန် တုံ့ပြန် ဆောင်ရွက်ခဲ့ပြီး ထိခိုက်လွယ်ဆုံးသူများအား ကူညီ ထောက်ပံ့ပေးရန် အတွက် အရေးပေါ် ကြိုတင် ပြင်ဆင်မှုများနှင့် ကာကွယ်မှုများ ဆောင်ရွက်နိုင်ရန် ရှိရင်းစွဲအရင်းအမြစ် များအား ပြောင်းလဲ သတ်မှတ်ခဲ့ပါသည်။** ယနေ့ အချိန် အထိ ရှေ့တန်းမှ လက်ငင်းတုန့်ပြန်ဆောင်ရွက်မှု များ၊ အရေးတကြီး လိုအပ်သည့် နယ်ပယ်များ အတွက် ကာလလတ် တုန့်ပြန် ကာကွယ်မှုနှင့် ဗိုင်းရပ်စ် ရောဂါပိုးကြောင့် လူမှုစီးပွား အကျိုး သက်ရောက်မှုများအား တုံ့ပြန်ကာကွယ်မှု လုပ်ငန်း များ ဆောင်ရွက်ရန် အတွက် စုစုပေါင်း ကန်ဒေါ်လာ ၂၇.၈သန်း သတ်မှတ် လျာထား ခဲ့ပါသည်။

**မတ်လမှ အောက်တိုဘာလအထိ LIFT ၏ COVID-19 ကပ်ရောဂါနှင့် စပ်လျဉ်း၍ ရှေ့တန်း တုန့်ပြန်ဆောင်ရွက်မှုများမှ အသိပညာ ပေးခြင်း၊ ကူးစက်ပြန့်ပွားမှု ကာကွယ်တားဆီးခြင်းနှင့် ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး (WASH) ဆိုင်ရာ ကူညီ ထောက်ပံ့မှု များ ဖြင့် လူပေါင်း ၂.၃ သန်းထံရောက်ရှိခဲ့ပြီး အဆိုပါ လူဦးရေ၏ ၅၈ ရာခိုင်နှုန်းမှာ အမျိုးသမီး များ ဖြစ်ကြပါသည်။** LIFT ၏ မိတ်ဖက် အဖွဲ့ အစည်းများ၊ ယင်းတို့နှင့် လက်တွဲဆောင်ရွက် သည့် အဖွဲ့အစည်းများ မှ ပေးအပ်ခဲ့သည့် ရှေ့ တန်း တုံ့ပြန်ကာကွယ်ရေး လုပ်ငန်းများမှာ ပြည် နယ်နှင့် တိုင်းဒေသကြီး ၁၂ ခုရှိ မြို့နယ် ၇၂ မြို့နယ်နှင့် ကျေးရွာပေါင်း ၂,၀၀၀ ကို လွှမ်းခြုံ ခဲ့ပါသည်။

**မိခင် ၂၃၈,၄၁၀ ဦးနှင့် အသက်၈၅နှစ်နှင့် အထက် သက်ကြီးရွယ်အို ၂၀၀,၀၀၀ နီးပါးအား ငွေကြေး ထောက်ပံ့မှုများ ပေးခဲ့ပါသည်။** ဤကန်ဒေါ်လာ ၉သန်း ပမာဏရှိသည့် လူမှုကာကွယ် စောင့်ရှောက်ရေး အစီအစဉ်ဖြင့် လူမှုရေး ပင်စင် နှင့် ကိုယ်ဝန်ဆောင်မိခင်များ နှင့် ၎င်းတို့မှ မွေး ဖွားလာသည့် အသက်နှစ်နှစ်အောက်ကလေးငယ် များ အတွက် ထောက်ပံ့ကြေး ပေးရန် ငွေကြေး ထောက်ပံ့မှုများ ဆောင်ရွက်နေဆဲဖြစ်သည့် လူမှု ဝန်ထမ်း ဦးစီးဌာန နှင့် လက်တွဲဆောင်ရွက်ခဲ့ပါ သည်။ အိမ်ထောင်စုဝင်များ အားလုံးကိုပါ ထည့် သွင်းစဉ်းစားပါက ငွေကြေး ထောက်ပံ့မှုများမှ လူ ပေါင်း ၁.၈ သန်းနီးပါး အကျိုးကျေးဇူး ရရှိခဲ့ကြ သည်။

**ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများ အတွက် ထောက်ပံ့ကြေးပေးရန် အစီအစဉ်မှာ ရေးဆွဲနေဆဲဖြစ်ပြီး နိုဝင်ဘာ/ဒီဇင်ဘာတွင် ဖြန့် ဝေပေးရန် စီစဉ်ထားပါသည်။** ယာယီစခန်းများ တွင် နေထိုင်ကြသူများအနေဖြင့် ကိုဗစ်နှင့် ဆက် နွယ်နေသည့် အကျပ်အတည်းများအား ကိုင်တွယ် ဖြေရှင်းရာတွင် ကူညီပေးနိုင်ရန် အတွက် ရခိုင် ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင် ပြည်နယ်၊ ကချင် ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ အိမ် ထောင်စုပေါင်း ၆၄,၇၈၅ စု(လူဦးရေ ၃၂၅,၆၆၄ ဦး )တို့အား တပေါင်းတစည်းတည်း ပေးသည့် ထောက်ပံ့ငွေ ကျပ် ၆၀,၀၀၀ (ကန်ဒေါ်လာ ၄၅) အား ပေးအပ်မည် ဖြစ်ပါသည်။

**LIFT ၏ COVID-19 ကပ်ရောဂါ တုံ့ပြန် ကာကွယ်ရေးလုပ်ငန်းများတွင် အရပ်ဘက် လူမှု အဖွဲ့အစည်းများသည် အဓိကကဏ္ဍမှ ပါဝင်နေပါ သည်။** LIFT သည် မိတ်ဖက်အဖွဲ့အစည်းများ နှင့် တစ်ဆင့်ခံ မိတ်ဖက်အဖွဲ့အစည်းများအားလုံး ၏ ၉၁ ရာခိုင်နှုန်း ဖြစ်သည့် ဒေသခံ သို့မဟုတ် ပြည်တွင်း အဖွဲ့အစည်းပေါင်း ၂၆၅ ခုအား LIFT ၏ COVID-19 တုံ့ပြန်ကာကွယ်ရေးလုပ်ငန်းများ အတွက် စုစု ပေါင်း ရန်ပုံငွေ ၏ ၂၀ ရာခိုင် နှုန်းဖြစ် သည့် ကန်ဒေါ်လာ ၅.၂၇ သန်း အား ကူညီ ထောက်ပံ့ပေးခဲ့ပါသည်။ ခြုံငုံလေ့လာကြည့်လျှင် ဒေသခံ သို့မဟုတ် ပြည်တွင်း အဖွဲ့အစည်းများ၏ တုံ့ပြန် ကာကွယ်မှုအစီအစဉ်သည် အကျိုး ခံစား

ခွင့်ရရှိခဲ့သည့် လူဦးရေ ၂.၂ သန်း ၏ ၇၂ ရာခိုင်နှုန်း ထံရောက်ရှိခဲ့ကာ ၎င်းတို့အနက်မှ ၅၇ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ပြီး၊ ၁၂ ရာခိုင်နှုန်းမှာ အသက် ၆၀ နှစ်နှင့် အထက်ရှိသူများဖြစ်ကာ ၂ ရာခိုင်နှုန်းမှာ မသန်စွမ်းသူများ ဖြစ်ပါသည်။ မဟာဗျူဟာမြောက် မိတ်ဖက်ဖြစ်သည့် အရပ်ဘက်လူမှု အဖွဲ့အစည်း ငါးဖွဲ့သည် ကန်ဒေါ်လာ ၁.၅ သန်း ထပ်မံရရှိခဲ့ကြပြီး အဆိုပါလူဦးရေ၏ ထက်ဝက် နီးပါးခန့်ထံ လက်လှမ်းမီ ရောက်ရှိရန် အတွက် အသုံးပြုခဲ့ပါသည်။

**LIFTသည် အရေးပါသည့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှု၊သတင်း အချက်အလက် နှင့် အသက်မွေးဝမ်း ကျောင်း ထောက်ပံ့မှုတွင် မိတ်ဖက်အဖွဲ့အစည်း ၁၀ ဖွဲ့နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံရှိ ရွှေ့ပြောင်းသွားလာ သူများအတွက် COVID–19 ကပ်ရောဂါ အား တုံ့ပြန် ကာကွယ်သည့် အကြီးမားဆုံး စီမံကိန်း အစီအစဉ်အား ပံ့ပိုးပေးခဲ့ပါသည်။** စက်တင်ဘာ လလယ်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ စီမံကိန်း ဆောင်ရွက်ချက်များမှတဆင့် ပြည်တွင်း နှင့် နိုင်ငံတကာ ရွှေ့ပြောင်းသွားလာသူ ၁.၄ သန်း (ယင်းတို့အနက်မှ ၆၀ ရာခိုင်နှုန်းမှာ အမျိုးသမီး များ) အား သတင်းအချက်အလက်၊ တစ်ကိုယ်ရေ သုံး ရောဂါ ကာကွယ်ရေး ပစ္စည်းကိရိယာများ၊ စားနပ်ရိက္ခာ ကူညီထောက်ပံ့မှု၊ ငွေကြေး ထောက်ပံ့မှု၊ ခိုလှုံ ရန်နေရာ၊ သယ်ယူပို့ဆောင်ရေး ၊ ဥပဒေရေးရာ အကူအညီ နှင့် စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးခြင်းတို့ကို ပံ့ပိုး ပေးခဲ့ပါသည်။

**အသေးစားငွေရေးကြေးရေး လုပ်ငန်းကဏ္ဍတွင် ကပ်ရောဂါ၏ အကျိုးသက်ရောက်မှု အတွက် စောလျင်စွာ တုံ့ပြန်ကာကွယ်ရန် LIFT မှ ကန်ဒေါ်လာ ၅.၅သန်း အားဖြည့်ခြင်းဖြင့် နိုင်ငံတကာမ တည်ရင်းနှီးငွေ ကန်ဒေါ်လာ ၆၇.၁၃ သန်း ထည့်ဝင်လာနိုင်စေရန် ကြိုးပမ်းနိုင် ခဲ့ပါသည်။** ဇွန်လတွင် LIFT ၏ MFI မိတ်ဖက် အဖွဲ့အစည်း (၇) ဖွဲ့သည် အစိုးရ၏ COVID–19 စီးပွားရေး ထိခိုက်မှုသက်သာရေးစီမံချက် (COVID–19 Economic Relief Plan – CERP) အတွက် ပံ့ပိုး ထည့်ဝင်သည့် အရေးပေါ် COVID–19 တုံ့ပြန်ကာကွယ်မှု လုပ်ငန်းများအတွက် ရန်ပုံငွေ အသစ်မှ ချေးငွေများ ရရှိခဲ့ပါသည်။

**LIFT၏ တုံ့ပြန်ကာကွယ်မှုလုပ်ငန်းများမှ**ပုဂ္ဂလိကကဏ္ဍ၊ ကာယလုပ်သားများ၊ အလုပ်သမားများ နှင့် အိမ်ထောင်စုများ အပေါ် COVID–19 ၏ သက်ရောက်မှုကို လျော့ပါးစေခြင်း၊ ဆန်းသစ်တီထွင်သည့် ထုတ်ကုန်ပစ္စည်းများ မြှင့်တင်ပေးခြင်း နှင့် မြန်မာနိုင်ငံ၏ ကျန်းမာရေး စောင့်ရှောက်မှု စနစ်ခိုင်မာ အားကောင်းစေခြင်း အပါအဝင် အစိုးရ၏ COVID–19 စီးပွားရေး ထိခိုက်မှုသက်သာရေး စီမံချက် ၏ ရည်မှန်းချက်ပန်းတိုင် အများအပြား အတွက် ပံ့ပိုး ဖြည့်ဆည်းပေးခဲ့ပါသည်။

**LIFT သည် အခြားအဖွဲ့များနှင့် နီးကပ်စွာ အတူလက်တွဲဆောင်ရွက်လျက် ကျေးလက်ဒေသ စီးပွားရေးနှင့် စိုက်ပျိုးရေးကဏ္ဍ အပေါ် COVID–19 ၏ သက်ရောက်မှု ဆိုင်ရာ အချက်အလက် ရရှိနိုင်မှုနှင့် အသိအမြင်များ တိုးတက်စေရန် လုပ်ဆောင်ခဲ့ပါသည်။** LIFT သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နှင့် ပူးပေါင်း၍ ပြည်သူ့ ဆောက်လုပ်ရေး လုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်စေပြီး လုပ်အားခ ပေးသည့် အစီအစဉ်ကိုလည်း ရေးဆွဲအကောင်အထည် ဖော်ခဲ့ပြီး နိုင်ငံတကာ အဖွဲ့အစည်းများမှ ရန်ပုံငွေ ထောက်ပံ့မှုများ ရယူနိုင်ရန် အစိုးရ၏ ဈေးကွက်ချိတ်ဆက်မှု ကဏ္ဍ အတွက် အထောက်အကူ ပေးလျက်ရှိပါသည်။

# လေ့လာသင်ယူခြင်းနှင့် ရှေ့သို့ မှန်းမျှော်ခြင်း

**အားလုံးပါဝင်သည့် ရှေ့တန်း တုံ့ပြန် ဆောင်ရွက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ဒေသခံများ ပါဝင် ဆောင်ရွက်ခြင်း၊ ညှိနှိုင်းလုပ်ဆောင်ခြင်း နှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့မှာ မရှိမဖြစ် အရေးပါ ပါသည်။** LIFT နှင့် မိတ်ဖက် အဖွဲ့အစည်းများသည် အစိုးရ ဌာနများ၊ တိုင်းရင်းသား ဝန်ဆောင်မှုပေးသူများ နှင့်အတူ လက်ဦးမှုရယူပြီး နီးကပ်စွာ ညှိနှိုင်း ဆောင်ရွက်ခြင်း တို့မှတဆင့် ဦးစားပေး ဆောင်ရွက်ရမည်များနှင့် စီမံကိန်း ဆိုင်ရာ ရွေးချယ် ဆောင်ရွက်ရမည့် လုပ်ငန်းများအား အလျင်အမြန် ဖော်ထုတ်နိုင်ခဲ့ပါသည်။ ဤကပ်ရောဂါဘေး ဖြစ်ပွားလာခြင်း မှ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ပုံစံသစ်များအတွက် အခွင့်အလမ်းများ ပေါ်ပေါက်လာပါသည် ။

**ထိခိုက်လွယ် အုပ်စုများအနေဖြင့် ဖိစီးမှုအကျပ်အတည်းများအား လုံလောက်စွာ ကြံ့ကြံ့ခံနိုင်စွမ်းရှိကြောင်း သေချာစေရန်အတွက် အရေးပါသည့် လစ်ဟာချက်များ ရှိနေသေးပါသည်။** COVID–19 ကပ်ရောဂါသည် ကြီးမားသည့် လူမှုရေး၊ စီးပွားရေး၊ ကျား၊မရေးရာနှင့် စိတ်ပိုင်းဆိုင်ရာ ကဏ္ဍများတွင် ဂယက် ရိုက်ခတ်ခြင်း တို့နှင့် အတူ အများ ပြည်သူ့ ကျန်းမာရေးဆိုင်ရာ ကပ်ဘေး တစ်ခုထက် ပိုမို ကျယ်ပြန့်ပါသည်။ အောက်တိုဘာလ တွင် ပိုးတွေ့လူနာများ ပိုမိုများပြားလာခဲ့ သည့်အပြင် အသွားအလာ ပိတ်ပင်မှုကို ဆက်လက် ကျင့်သုံးခဲ့သဖြင့် ဝင်ငွေများ ဆုံးရှုံးခဲ့ပြီး ဆင်းရဲနွမ်းပါးမှု ပိုမို မြင့်တက်လာသဖြင့် လူမှုစီးပွား အကျိုးသက်ရောက်မှုမှာ ပိုမိုဆိုးရွားခဲ့ပါသည်။ မြန်မာနိုင်ငံ၏ လူမှုစီးပွား မတူကွဲပြားမှုကြောင့် အခြေအနေ အားလုံးအတွက် နည်းလမ်း တစ်မျိုးတည်း အသုံးပြုသည့် ချဉ်းကပ်နည်းလမ်းမှာ အပြည့်အဝ ထိရောက်မှုရှိနိုင်မည် မဟုတ်ချေ။

**မြန်မာနိုင်ငံတွင် အရပ်ဘက်လူမှုအဖွဲ့အစည်း၏ ကမ္ဘာ့ကပ်ရောဂါ ဆိုင်ရာ တုံ့ပြန်ကာကွယ်ရေး ဆောင်ရွက်မှုများသည် ဒေသခံများ ဦးဆောင်သည့် တုံ့ပြန် ကာကွယ်မှု လုပ်ငန်းများ၏ အရေးပါမှု ကို အသိအမှတ်ပြုပါသည်။** လက်ရှိ ရှိနေသည့် ကွန်ရက်များနှင့် ဆက်နွယ်ပတ်သက်မှုများသည် စွမ်းရည် ပြည့်ဝပြီး ထိရောက်သည့် တုံ့ပြန်ကာကွယ်မှုများ ဖြစ်စေရန်အတွက် ကူ ညီထောက်ပံ့ ပေးပါသည်။ COVID–19 သည် ဒေသအဆင့် အရေးပေါ် အစီအစဉ်များနှင့် တုံ့ပြန်ကာကွယ်မှု ဆိုင်ရာ ယန္တရားများအား ခိုင်မာအားကောင်းစေရန် သို့မဟုတ် တည် ဆောက်ရန် လိုအပ်ကြောင်းကို ဖော်ထုတ်ပြသလျက် ရှိနေပါသည်။

**ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့၏ အသက်နှစ်နှစ်အောက် ကလေးငယ်များအတွက် ထောက်ပံ့ကြေးပေးခြင်း နှင့် လူမှုရေးပင်စင် ရရှိကြသည့် သက်ကြီးရွယ်အိုများအား ထပ်ဆောင်းငွေကြေးထောက်ပံ့ပေးသည့် LIFT ၏ ပံ့ပိုးမှုသည် အရေးပေါ် အခြေအနေတွင် အောင်မြင်စွာ လုပ်ဆောင်နိုင်သည်ဟူသော 'သဘောထား အယူအဆ' အား သက်သေပြသည့် အခန်းကဏ္ဍ မှ ပါဝင်ခဲ့ပါသည်။ ထိုမှတဆင့် နောင်တွင် ဆက်လက်ဆောင် ရွက်မည့် ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများအား ထောက်ပံ့ငွေ ပေးအပ်ခြင်းအတွက် လေ့လာသင်ယူနိုင်ခဲ့ပါသည်။** ထောက်ပံ့ကြေးပေးသည့် လုပ်ငန်းစဉ်ကို စောင့်ကြည့်စစ်ဆေးရာတွင် ငွေကြေး နှင့် ဝန်ထမ်း ခန့်ထားခြင်းတို့အတွက် စနစ်တကျ ပံ့ပိုးပေးခြင်းအပါအဝင် စီမံကိန်းဆောင်ရွက်ချက် ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ မှ အစပြုကာ အကောင်းဆုံး စဉ်းစားပြီး ထည့်သွင်းရေးဆွဲထားပါသည်။ ထပ်မံ၍ ဒီဂျစ်တယ်နည်းပညာဖြင့် ငွေကြေးထောက်ပံ့မှုအား အကောင်အထည် ဖော်နိုင်ရန် အတွက် COVID–19 နှင့် ပဋိပက္ခများမှ ကျိုးကြောင်းဆီလျော်ကြောင်း နှင့် အရေးတကြီး လိုအပ်နေကြောင်းကို ပြသခဲ့ပါသည်။

**COVID–19 ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားနေသည့် ကာလတွင် ကျေးလက်ဒေသနေ ရပ်ရွာလူထုထံ ငွေကြေးထောက်ပံ့မှု လက်လှမ်းမီရောက်ရှိစေရန် အတွက် ဒီဂျစ်တယ် နည်းပညာအသုံးပြုသည့် မဟာဗျူဟာမှာ အရေးပါသည့် ဗျူဟာတစ်ရပ် ဖြစ်လာပါသည်။** လူအများအပြားထံ လွယ်ကူစွာနှင့် လုံခြုံစိတ်ချစွာ ရောက်ရှိနိုင်ရန် စိန်ခေါ်မှုများသည် ကျေးလက်ဒေသနှင့် ဝေးလံခေါင်ဖျား ဒေသများမှ ရပ်ရွာလူထုများအတွက် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီရရှိမှု ပိုမိုကောင်းမွန်စေခြင်း၊ အဝေးရောက်စနစ်ဖြင့် စောင့်ကြည့်စစ်ဆေးနိုင်ခြင်းနှင့် လုပ်ငန်းလည်ပတ်စရိတ်များ လျှော့ချနိုင်ခြင်းတို့တွင် ဒီဂျစ်တယ် နည်းပညာအသုံးပြုခြင်း၏ တန်ဖိုးအား မီးမောင်းထိုးပြခဲ့ပါသည်။

**ချေးငွေများနှင့် အခြား အကြွေးစနစ် ပုံစံများသည်**

**အိမ်ထောင်စုများအတွက် လက်တွေ့ကျပြီး ထိရောက်သည့် ကိုင်တွယ်ဖြေရှင်းသည့် နည်းလမ်းများ နှင့် စီးပွားရေး နလံထူစေမည့် မဟာဗျူဟာများ ဖြစ်လာနိုင်ပါသည်။** ပုံမှန် ချေးငွေ ထုတ်ပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ကြွေးမြီရှိနေသူများအား ချေးငွေထုတ်ပေးခြင်းနှင့် ၎င်းငွေချေးသူများ၏ အကြွေးပြန်ဆပ်နိုင်စွမ်း ရှိသည့် အခြေအနေများနှင့် ဆက်နွယ်နေသည့် ဆုံးရှုံးရနိုင်ချေများအား ဂရုတစိုက် အလေးထား စောင့်ကြည့်စစ်ဆေးရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်း (Myanmar Microfinance Association–MMFA) အနေဖြင့် အလွန်အကျွံ အကြွေးနွံနစ်မှု နှင့် အကြွေးတင်သည့် အဆင့်များအား စောင့်ကြည့်စစ်ဆေးရာတွင် အကူအညီပေးနိုင်ပါ သည်။

**အ သေး စား ငွေ ရေး ကြေး ရေး လု ပ် င န်း (Microfinance institutions MFI) များ အနေဖြင့် အကြွေးပြန်ဆပ်ရန် ရက်ရွှေ့ဆိုင်းထားခြင်းများကြောင့် ငွေကြေးလွယ်ကူမှု ဆိုင်ရာ ကိစ္စရပ်များအား ရင်ဆိုင်တွေ့ကြုံနေပါသည်။** မြန်မာနိုင်ငံရှိ MFIများသည် ၎င်းတို့ လက်ရှိ အသုံးပြုနေသည့် နည်းလမ်းများတွင် ထပ်မံ ပေါင်းထည့်နိုင်ရန် နှင့် ပုံမှန် လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းအား ထိန်းသိမ်းထားရန်တို့အတွက်၊ အထူးသဖြင့် ကျေးလက်နေ အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများ အနေဖြင့် ကပ်ရောဂါကြောင့် စီးပွားရေး ကျဆင်းနေမှုမှ နာလံထူနိုင်ရန်အတွက် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ လိုအပ်လာမည့် အချိန်တွင် ချေးငွေဆိုင်ရာ ရေရှည်တည်တံ့မည့် ငွေကြေးပံ့ပိုးပေးမည့် ရင်းမြစ် အသစ်များ အရေးတကြီး လိုအပ်လျက်ရှိပါသည်။

**ကမ္ဘာ့ကပ်ရောဂါသည် အမျိုးသမီးများအတွက် ဆောင်ရွက်ပေးရန် လိုအပ်နေသည့် နယ်ပယ်များအား မီးမောင်းထိုးပြပါသည်။** မြို့ပြရှိ ကျွမ်းကျင်လုပ်သား မရှိသော အိမ်ထောင်စု များ (သို့) ကျေးလက်ဒေသရှိ စိုက်ပျိုးရေးဖြင့် အသက်မွေးသည့် ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများမှ အမျိုးသမီးများမှာ COVID–19 ကပ်ရောဂါ၏ ဆိုးကျိုးများအား မတန်တဆ ခံစားနေကြရပါ သည်။ ကပ်ရောဂါဘေးသည် အိမ်တွင်း အကြမ်း ဖက်မှုနှင့်စပ်လျဉ်းသည့် ပညာပေးခြင်း နှင့် အသိအမြင် မြှင့်တင် ပေးခြင်းတို့၏ အရေးပါကြောင်းလည်း ထုတ်ဖော် ပြသပေးခဲ့ပါသည်။ အသွားအလာကန့်သတ်စောင့်ကြည့်ရာ နေရာများ တွင် အခြေခံ အခွင့်အရေး ရရှိမှု နှင့် ကျား၊မ အလေးထား သည့် ပုံစံဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်စေရန် လမ်းညွှန်ချက်များနှင့် ကာကွယ်စောင့်ရှောက်သည့် ပုံစံများလည်း လိုအပ်ပါသည်။

**ကပ်ရောဂါဘေးကြောင့် ထိခိုက်ခံစားရသည့် ရွှေ့ပြောင်း သွားလာသူများနှင့် ၎င်းတို့၏လူမှုအသိုက်အဝန်းများ အနေဖြင့် ငွေရေးကြေးရေးအရ ပြန်လည် နာလံထူနိုင်ရန် အသက်မွေးဝမ်းကျောင်းမှု၊ အလုပ်သမား အခွင့်အရေး နှင့် လူမှုကာကွယ် စောင့်ရှောက်ရေးတို့အတွက် ကူညီထောက်ပံ့ ပေးမှုများအား ပိုမိုတိုးမြှင့်ရန်လိုအပ်မည် ဖြစ်ပါသည်။** COVID–19 တုံ့ပြန်ကာကွယ်ရေး အစီအမံများ ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာ့ကပ် ရောဂါကြောင့် ရွှေ့ပြောင်းသွားလာသူများ၏ အသက်မွေးဝမ်းကျောင်းမှု အပေါ် ခက်ခဲကျပ်တည်းမှုများ ဖြစ်စေသည့် ဆိုးကျိုးသက်ရောက်မှုများမှ ပြန်လည် နာလံထူရန် ၎င်းတို့ မည်သို့ ကြိုးပမ်းနိုင်မည် ဆိုသည့် ယူဆချက်များထက် ၎င်းတို့ထံမှ ရရှိသည့် ခိုင်မာသည့် အထောက်အထားများနှင့် ၎င်းတို့ ကိုယ်တိုင်၏ အသံများ ပါဝင်သည့် အချက် အလက်များဖြင့် ပေးရန် လိုအပ်ပါသည်။ သုတေ သန တွေ့ရှိချက်များ အရ နေရပ်ပြန် ရွှေ့ပြောင်း လုပ်သားများ၏ ထက်ဝက်ကျော်မှာ နိုင်ငံ ရပ်ခြား သို့ ပြန်လည် ပြောင်းရွှေ့ရန် အစီအစဉ်ရှိ ကြောင်း တွေ့ရှိရပါသည်။ ရွှေ့ပြောင်း လူမှု အသိုက်အဝန်း များအတွက်မူ ၎င်းတို့အား အလွဲ သုံးစား ပြုမှု ခံရခြင်းမှ ကာကွယ်စောင့်ရှောက်မှုပေးခြင်းထက် ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်း သွားလာခြင်း ဆိုင်ရာ သတင်း အချက်အလက်များ နှင့် ဝန် ဆောင်မှုများ ပံ့ပိုးပေးခြင်းက ပိုမို အရေးပါပါ သည်။

**COVID–19 သည် စိုက်ပျိုးရေး ကဏ္ဍနှင့် ကျေးလက်ဒေသ စီးပွားရေး ကဏ္ဍတို့အား ပြင်းထန်စွာ ထိခိုက်စေခဲ့ပြီး အစိုးရ အနေဖြင့် ဤအကျပ်အတည်းမှ ပြန်လည် ထူထောင်နိုင်ရန်အတွက် ရေတို တုံ့ပြန်ကာကွယ်ရေးလုပ်ငန်းများ၊ ကာလ လတ်နှင့် ရေရှည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန် မြှင့်တင်ရန်အတွက် ဆက်လက်အလေးထား ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါသည်။** ကမ္ဘာ့ကပ်ရောဂါ သည် မြန်မာနိုင်ငံ ကျေးလက်ဒေသရှိ စိုက်ပျိုး ထုတ်လုပ်မှု စနစ်များနှင့် လယ်ယာပြင်ပ အလုပ်အကိုင်များ၏ ထိခိုက်လွယ်မှုအား ထပ်ဆင့်၍ ပေါ်လွင်စေခဲ့

ပါသည်။ အစိုးရ အနေဖြင့် အစိုးရ နှင့် ပုဂ္ဂလိက ကဏ္ဍများကြား ရှင်းလင်းတိကျသည့် အလုပ်တာဝန်ခွဲဝေမှုကို ရှင်းလင်းတိကျစွာ ဖော်ပြထားသည့် ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်နှင့် ပိုမိုထိရောက် ကောင်းမွန်စွာ အထောက်အကူ ဖြစ်စေရန်တို့အတွက် အစိုးရ-ပုဂ္ဂလိက ကဏ္ဍ ထိရောက်စွာ မိတ်ဖက်ပြုပူးပေါင်း ဆောင်ရွက်မှုတို့တွင် အလေးထားအာရုံစိုက် လာစေရန် ယခုရင်ဆိုင် နေရသည့် အကျပ်အတည်းမှအခွင့်အလမ်း တစ်ခု ဖန်တီးပေးပါသည်။ အစိုးရအနေဖြင့် သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်ခြင်း၊ မြေယာ လုပ်ပိုင်ခွင့် ဆိုင်ရာ ထိရောက်သည့် ပြုပြင်ပြောင်းလဲမှုများ၊ အဆင့်မြှင့်/ပိုမိုကောင်းမွန်သည့် စိုက်ပျိုး ထုတ်လုပ်မှု နှင့် နောင် အနာဂတ်တွင် တွေ့ကြုံ လာနိုင်သည့် ထိတ်လန့်တုန်လှုပ်မှုများ အတွက် ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ရန် ရေရှည် တည်တံ့သည့် စိုက်ပျိုး စွမ်းအား မြှင့်တင်ခြင်း တို့မှတဆင့် တောင်သူများ၏ လူမှုစီးပွား အဆင့် အတန်း ပိုမိုကောင်းမွန်စေခြင်း တို့အတွက် တိကျသည့် ချဉ်းကပ်နည်း လမ်းတစ်ခု ဖော်ဆောင်ရန်လည်း အခွင့်အရေး ရရှိခဲ့ပါသည်။



# အချိန်ရာသီအလိုက် ကျွန်ုပ်တို့၏ ဆောင်ရွက်မှုများ

# အချိန်ရာသီအလိုက် ကျွန်ုပ်တို့၏ ဆောင်ရွက်မှုများ

| နောက်ခံအခြေအနေ | | LIFT ၏ ဆောင်ရွက်ချက်များ |
|---|---|---|
| | **မတ်** | |
| | ၁၇ | COVID-19 ကပ်ရောဂါ တုံ့ပြန် ဆောင်ရွက်ရေးဆိုင်ရာ LIFT ၏ ဆောင်ရွက်ချက် များအတွက် ရန်ပုံငွေ ဘုတ်အဖွဲ့ အစည်းအဝေးက လမ်းညွှန်မှုပေးခြင်း |
| | ၂၀ | COVID-19 တုံ့ပြန်ဆောင်ရွက်ရန်အတွက် ရှိဆဲ စီမံချက်များနှင့် ဘတ်ဂျက်များ ချိန်ညှိနိုင်ရန်အတွက် အဆိုပြုရန် မိတ်ဖက်များအား LIFT က ဖိတ်ခေါ်ခြင်း |
| မြန်မာနိုင်ငံ၏ ပထမဆုံး COVID-19 လူနာအား ချင်းပြည်နယ်တွင် တွေ့ရှိခြင်း | ၂၃ | |
| | ၂၅ | LIFT ၏ မိတ်ဖက် အဖွဲ့အစည်း ၃၀ ကျော် မှ ကန်ဒေါ်လာ ၂.၃ သန်း အား တုံ့ပြန်ကာကွယ်ရေးလုပ်ငန်းများအတွက် အဓိက ဦးတည်ရည်ရွယ်ခြင်းနှင့် ရည်ရွယ်ချက် ပြင်ဆင် ညှိနှိုင်း ခြင်း |
| ရောဂါကူးစက်ပြန့်ပွားမှု ရပ်တန့်စေရန် အစီအမံများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း – ဒုသမ္မတ (၁) ဦးမြင့်ဆွေ ဦးဆောင်သည့် COVID-19 ကာကွယ်၊ ထိန်းချုပ်ရေး နှင့် အရေးပေါ် တုံ့ပြန်ရေး ကော်မတီကို အစိုးရက ဖွဲ့စည်းခြင်း | ၃၀ | |
| | ၃၁ | အရပ်ဘက် လူမှုအဖွဲ့အစည်း၊ လူမှုကာကွယ် စောင့်ရှောက်ရေး၊ ရွှေ့ပြောင်းသွား လာခြင်း၊ ရခိုင်ပြည်နယ်နှင့် ဆက်သွယ်ဆောင်ရွက်ရေး ကဏ္ဍများ အတွက် LIFT ရန်ပုံငွေ ဘုတ်အဖွဲ့က ရန်ပုံငွေ ထပ်မံ ခွင့်ပြုခြင်း |
| | **ဧပြီ** | |
| | ၆ | မြန်မာနိုင်ငံရှိ အရပ်ဘက် လူမှုအဖွဲ့အစည်း ၏ COVID-19 ကပ်ရောဂါ ကြိုတင်ပြင်ဆင်မှုအတွက် ကူညီပံ့ပိုးပေး မည့်အကြောင်း LIFT မှ ထုတ်ပြန် ကြေညာခြင်း |
| | ၉ | မြန်မာနိုင်ငံတွင်  COVID-19 ကပ်ရောဂါ ကြိုတင်ပြင်ဆင်ခြင်း နှင့် တုံ့ပြန် ကာကွယ်ရေးလုပ်ငန်းများအပေါ် LIFT၏ ထပ်မံခွင့်ပြုပေးသော ရန်ပုံငွေ ထောက်ပံ့မှုသည် ကန်ဒေါ်လာ ၁၅.၈ သန်းသို့ ရောက်ရှိခြင်း |
| ကျန်းမာရေး နှင့် အားကစားဝန်ကြီး ဌာနမှ ရန်ကုန် တိုင်းဒေသကြီး ရှိ မြို့နယ် ၇ မြို့နယ်တွင် နေအိမ်တွင် နေထိုင်ရေး (stay-at-home)အမိန့် ထုတ်ပြန်ခြင်း | ၁၈ | |
| COVID-19 ကြောင့် စီးပွားရေး ဆိုင်ရာ ဆိုးကျိုး သက်ရောက်မှု များ လျှော့ချနိုင်ရန် COVID-19 စီးပွားရေး ထိခိုက်မှု သက်သာရေး စီမံချက် (CERP)ကို အစိုးရက စတင်ဆောင်ရွက်ခြင်း | ၂၇ | |
| | **မေ** | |
| | ၂၇ | LIFT နှင့် လူမှုဝန်ထမ်းဦးစီးဌာန တို့မှ DSW ၏ လက်ရှိ (MCCT နှင့် လူမှုရေး ပင်စင် အကျိုး ခံစားခွင့်ရှိသူများ) အတွက် လူမှုကာကွယ် စောင့် ရှောက်မှု ပလက်ဖောင်း/ရပ်ဝန်းများမှ တဆင့် လူမှုရေးပင်စင် သက်ကြီးရွယ်အိုများ နှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက်နှစ် နှစ်အောက် ကလေးငယ်များ အား COVID-19 ထောက်ပံ့ကြေး ကန်ဒေါ်လာ ၉ သန်း ပံ့ပိုးပေးမည့်အကြောင်း ထုတ်ပြန် ကြေညာခြင်း |

## ဇွန်

**၃၀**

COVID-19 ကြောင့် ထိခိုက် ခံစားရသည့် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင် သူများအတွက် ကူညီ ထောက်ပံ့ပေးရန် ကန်ဒေါ်လာ ၃.၂ သန်းကို ရန်ပုံငွေ ဘုတ်အဖွဲ့က ခွင့်ပြုခြင်း

## ဇူလိုင်

**၂၅**

COVID-19 ရောဂါ တုံ့ပြန်ဆောင်ရွက် ရန်အတွက် ရန်ပုံငွေ ပံ့ပိုးပေးရန် LIFT ၏ အလှူရှင် အဖွဲ့တွင် နော်ဝေနိုင်ငံ ပါဝင်လာခြင်း

## ဩဂုတ်

**၁၆-၂၅**

ရခိုင်ပြည်နယ်နှင့် ရန်ကုန်မြို့တွင် ပိုးတွေ့ လူနာ အရေအတွက် မြင့်တက်လာခြင်း

**၁၉**

LIFT နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနတို့က COVID-19 စီးပွားရေး ထိခိုက်မှုသက်သာရေး စီမံချက်(CERP) တွင် ထည့်သွင်း ရေးဆွဲထားသည်နှင့် အညီ COVID-19 ကြောင့် ထိခိုက်ခံစားရသည့် ကျေးလက်ဒေသရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သည့် ရပ်ရွာလူထုများ အား ကူညီပံ့ပိုး ပေးရန် cash-for-work ရှေ့ပြေး စမ်းသပ် အစီအစဉ် ဒီဇိုင်းရေးဆွဲခြင်း

## စက်တင်ဘာ

**၂၀**

ကျန်းမာရေး နှင့် အားကစားဝန်ကြီး ဌာနမှ ရန်ကုန် တိုင်းဒေသကြီး တစ်ခုလုံး (ကိုကိုးကျွန်းမှအပ) တွင် နေအိမ်တွင် နေထိုင်ရေး (stay-at-home)အမိန့် ထုတ်ပြန်ခြင်း

LIFT မှ COVID-19 တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများ နှင့်စပ်လျဉ်း၍ မူဝါဒရေးရာ ထည့်ဝင်ပံ့ပိုးမှုများနှင့် လေ့လာသင်ယူခဲ့သည့် သင်ခန်းစာ များအား နားလည် သဘောပေါက်နိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန တို့မှ တာဝန်ရှိသူ များနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်း

**၃၀**

ယခုအချိန်အထိဆိုလျှင် LIFT ၏ COVID-19 တုံ့ပြန်ကာကွယ်ရေး လုပ်ငန်းများသည် ကယ်ဆယ်ရေးစခန်းများမှ နေရပ်စွန့်ခွာတိမ်းရှောင်သူများ အပါအဝင် နိုင်ငံတဝှမ်းရှိ လူပေါင်း ၂.၈ သန်းထံ ရောက်ရှိခဲ့ပြီ ဖြစ်ခြင်း

# နိဒါန်း

၂၀၂၀ခုနှစ်သည် ကျွန်ုပ်တို့အနေဖြင့် ချန်ထားရစ်ခဲ့ရမည့် အကောင်းဆုံးနှစ်တစ်နှစ် ဖြစ်ပါသည်။ COVID–19 ဗိုင်းရပ်စ် သည် တစ်ကမ္ဘာလုံးအနှံ့ မွှေနှောက်ခဲ့ပြီး မြန်မာနိုင်ငံအနှံ့အပြားတွင်လည်း ထိုးနှက်လျက် ရှိပါသည်။

အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံမှု ရန်ပုံငွေ (LIFT) သည် မြန်မာနိုင်ငံရှိ အလှူရှင်အ များ အ ပြား ထ ည့် ဝ င် လှ ူ ဒါ န်း ထား သ ည့် ရန်ပုံငွေ အဖွဲ့ ဖြစ်ပြီး ယခုအခါ မြန်မာနိုင်ငံတွင် စီမံချက် ပံ့ပိုးမှုများ လုပ်ဆောင်နေသည့် ၁၁ နှစ်မြောက် တာကာလ ပြည့်မြောက်သွားပြီဖြစ်ကာ မြန်မာ နိုင်ငံရှိ ဆင်းရဲ နွမ်းပါးသူများနှင့် ထိခိုက်လွယ် အုပ်စုများ ၏ ဝင်ငွေတိုးတက်စေရန် ၊ အာဟာရ ဖွံ့ဖြိုးမှု အဆင့်မြှင့်တင်ပေးရန်နှင့် ထိခိုက်လွယ်မှု လျှော့ချရန် စီမံကိန်း လုပ်ငန်းများ ပံ့ပိုးလျက်ရှိ ပါသည်။ LIFT သည် ဖြစ်ပေါ်လာသည့် အနေ အထားနှင့် လိုက်လျောညီထွေဖြစ်စေရန် မြန်မြန် ဆန်ဆန် ဆောင်ရွက်ခဲ့ပြီး ကမ္ဘာ့ကပ်ရောဂါအား တုံ့ပြန် ကာကွယ်ခဲ့ပါသည်– ရန်ပုံငွေ ဘုတ်အဖွဲ့မှ လမ်းညွှန်မှုပေးခဲ့ပြီး ရင်းမြစ်များ ပံ့ပိုးပေးခဲ့ကာ LIFT ၏ မိတ်ဖက်များမှ အကောင်ထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ဤအစီရင်ခံစာတွင် LIFT ၏ ခြောက်လတာကာလ အတွင်း COVID–19 တုံ့ပြန် ဆောင်ရွက်မှု လုပ်ငန်းများ ၊ လေ့လာ သင်ယူခဲ့သည်များအား သုံးသပ်ဆင်ခြင်ခြင်း နှင့် မြန်မာနိုင်ငံ၏ ပြန်လည်ထူထောင်ရေးအတွက် ရှေ့သို့ မှန်းမျှော်ကြည့်ခြင်းတို့ ကို သုံးသပ်တင်ပြ ထားပါသည်။

မတ်လ ၂၃ ရက်နေ့သည် COVID–19 ပိုးတွေ့လူနာအား ပထမဆုံး တွေ့ရှိခဲ့သည့် နေ့ဖြစ်ပါသည်။ ရောဂါ ကူးစက်ပြန့်နှံ့မှု ကြိုတင်ကာကွယ်ရန်အတွက် လူထုပညာပေး စည်းရုံးလှုံ့ဆော်ခြင်း အား လုပ်ဆောင်ခဲ့ပြီး၊ နယ်စပ်ဂိတ်များ ပိတ်ရန် နှင့် ဧပြီလတွင် အသွားအလာ ပိတ်ပင်ခြင်း (Lockdown) အမိန့်ကို ထုတ်ပြန်ခဲ့ပါသည်။ သို့ဖြင့် လူအများအပြား (အထူးသဖြင့် မြို့ပြဝန်းကျင် ဒေသများရှိ အထည်ချုပ်လုပ်ငန်းများ ရပ်ဆိုင်းခဲ့ရသဖြင့်) ဝင်ငွေထိခိုက်ခဲ့ကာ ရွှေ့ပြောင်းလုပ်သား ၁၆၀,၀၀၀ တို့ နေရပ်ပြန်ရသဖြင့် ကျေးလက်ဒေသရှိ ရပ်ရွာလူထုအတွက် အဓိက ဝင်ငွေရလမ်းဖြစ်သည့် မိသားစု အတွက် ငွေလွှဲ ပို့ခြင်းများ ကျဆင်းခဲ့ပါသည်။ မေလမှ ဩဂုတ် လအတွင်း အခြေအနေ အနည်းငယ်ကောင်းမွန် လာခဲ့ပြီး ပြန်လည် ပွင့်လင်းလာခဲ့ပါသည်။ စိတ်သက်သာစရာ အခြေအနေအချို့ဖြစ်ထွန်း လာခဲ့ပါသည်။ ဩဂုတ်လလယ်တွင် အတည်ပြု ပိုးတွေ့ လူနာ ဦးရေ ၄၀၀ အောက်တွင် ဆက် လက်ရှိနေလျက် ပထမလှိုင်း တွင် သိသိသာသာ ထိန်းချုပ်နိုင်ခဲ့ပါသည်။ ဩဂုတ်လနှောင်းပိုင်းတွင် ဒုတိယလှိုင်း စတင်ခဲ့သည်ကို တွေ့ရှိခဲ့ရပြီး အောက်တိုဘာကုန်တွင် ပိုးတွေ့လူနာပေါင်း ၅၀,၀၀၀ ကျော်အထိ မြင့်တက်လာခဲ့ပါသည်။ တစ်နိုင်ငံလုံး အနှံ့ ကန့်သတ်မှုများကို ပြန်လည် သတ်မှတ်ခဲ့ပါသည်။ စက်တင်ဘာလနှောင်းပိုင်းမှ စ၍ ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံး အသွား အလာပိတ်ပင်မှု (lockdown) ပြန်လည်သတ်မှတ် ခဲ့ပြီး အောက်တိုဘာလ ကုန်အထိ ဆက်လက် ပိတ်ပင်ထားဆဲ ဖြစ်ပါသည်။

ကမ္ဘာ့ကပ်ရောဂါကြောင့် ဖြစ်သည့် စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှု မှာ ဆိုးရွားပြင်းထန်ပြီး – လက်လီ အရောင်းအဝယ် (နှင့်ဆက်နွယ်နေသည့် ဝန်ဆောင်မှုများ )၊ ခရီးသွားကဏ္ဍ နှင့် ကုန်ပစ္စည်းထုတ်လုပ်မှု များ ထိခိုက်ခံစားခဲ့ရပြီး– မှန်းဆရန် လည်း သေချာမှု မရှိပါ။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မှာ ၆.၈ ရာခိုင်နှုန်း မှ ၀.၅ ရာခိုင်နှုန်းအထိ ကျဆင်းလာကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းထားပါသည်။ စီးပွားရေး တွင် စိုက်ပျိုးရေး ကဏ္ဍသည် ၂၂ ရာခိုင်နှုန်း ဖြစ်ပြီး ကျေးလက်ဒေသ အလုပ်အကိုင် ရရှိမှုမှာ ၃၈ ရာခိုင်နှုန်း ဖြစ်ပါသည်။ တောင်သူများမှ ကြံ့ကြံ့ ခံနိုင်စွမ်းရှိကြောင်း ပြသနိုင်ခဲ့သော်လည်း အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိလာနိုင် သေးသည်။ အာဟာရဖွံ့ဖြိုးမှု အပေါ် အကျိုးသက်ရောက်မှု ရှိနိုင်ချေ များပြီး အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် ပြင်းထန်စွာ ထိခိုက်စေ

သည့် ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သဖြင့် ပညာသင်ယူရေးဆိုင်ရာ အကျိုးရလဒ်များ၊ ဝင်ငွေရရှိနိုင်မည့် အလားအလာများ နှင့် စီးပွားရေးတို့ ထိခိုက်စေမည် ဖြစ်ပါသည်။ ရခိုင်ပြည်နယ်တွင် တိုးမြင့်လာသည့် ပဋိပက္ခများ၊ ယိုယွင်းလာသည့် လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေ၊ အသွားအလာ ကန့်သတ်ထားခြင်း နှင့် လက်လှမ်းမီရောက်ရှိမှု ကန့်သတ်ထားခြင်းတို့ကြောင့် ကမ္ဘာ့ကပ်ရောဂါအခြေအနေကို ထပ်လောင်း ဆိုးရွားစေလျက်ရှိပါသည်။ စားနပ်ရိက္ခာ ဖူလုံမှုမှာ တစ်စထက်တစ်စ ပိုမို စိုးရိမ်ဖွယ်ရာ အခြေ အနေတွင် ရှိလာပါသည်။ နယ်စပ်ဂိတ်များ ပိတ် ထားလိုက်သဖြင့် နိုင်ငံတကာ လုပ်သား ရွှေ့ပြောင်းသွားလာမှုမှာ ရပ်တန့်ရသည့် အခြေ အနေသို့ ရောက်ရှိခဲ့ပြီး အလွန်အရေးပါသည့် အထည်ချုပ်ကဏ္ဍတွင် အမျိုးသမီးရွှေ့ပြောင်းလုပ်သားများ အလုပ်လက်မဲ့ ဖြစ်မှုမှာ သိသိသာသာ များပြားလာခဲ့ပါသည်။

ငွေကြေးအရ တတ်နိုင်သည့် အကြွေး/ချေးငွေများ လက်လှမ်းမီရရှိမှုမှာ အနွမ်းပါးဆုံးသူများအတွက် စိန်ခေါ်မှု တစ်ရပ် အဖြစ် ရှိနေဆဲ ဖြစ်ပါသည်။ ဝင်ငွေ ဆုံးရှုံးမှု မှာ အကြီးမားဆုံးဖြစ်သဖြင့် ၎င်းတို့အနေဖြင့် မတန်တဆ အတိုးနှုန်းများဖြင့် ငွေထုတ်ချေးများထံ မှ ချေးယူခြင်း၊ ငွေချေးသူအများအပြားထံမှ ချေးယူခြင်း (သို့) ရေရှည်ရပ်တည်နိုင်စွမ်းမရှိတော့သည့် ချေးငွေ အဆင့်သို့ ကျဆင်းသွားခြင်းတို့ကြောင့် အန္တရာယ်အများဆုံး ရှိနေသူများ ဖြစ်ကြပါသည်။ LIFT မှ တာဝန်ယူမှုရှိသည့် ငွေကြေးဆိုင်ရာ လက်လှမ်းမီ ရောက်ရှိမှု သက်တမ်းတိုးနိုင်ရန် နှင့် တိုးချဲ့နိုင်ရန်အတွက် အသေးစား ငွေရေး ကြေးရေး လုပ်ငန်းကဏ္ဍ တွင် ရင်းနှီးမြှုပ်နှံရန် နှင့် ရန်ပုံငွေ ထပ်မံရရှိစေရန် ကြိုးပမ်းမှုတွင် စောလျင်စွာ တုံ့ပြန်ဆောင်ရွက်ခဲ့ပါသည်။ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ ညွှန်ကြားချက်များအရ ချေးငွေ ပြန်ဆပ်ရမည့် နှုန်းများ သိသိသာသာ နောက်ကျစေခဲ့ပြီး MFI များ၏ ငွေဖြစ်လွယ်မှု (ငွေကြေးစီးဆင်းလည်ပတ်မှု) အပေါ် သက် ရောက်မှုရှိစေခဲ့ပါသည်။ MFI ကဏ္ဍ သည် လိုအပ် နေသူများအား အကူအညီပေးရန်အတွက် အရင်း အနှီးများ လိုအပ်လျက် ရှိ ပါသည်။

လပေါင်းများစွာ အသွားအလာ ပိတ်ပင်ထားသည့် အစီအမံများသည် အဆင်းရဲဆုံးသူများ အား သိသိသာသာ ထိခိုက်စေခဲ့ပါသည်။ မြန်မာနိုင်ငံရှိ သမား ရိုးကျ မဟုတ်သော လုပ်ငန်းကဏ္ဍများ မှ အလုပ်သမားများနှင့် ဘောက် (ကျပန်း) အလုပ်သမား အများအပြားသည် တရားဝင် ကာကွယ်စောင့်ရှောက်မှုများ နည်းပါးခြင်း၊ စုဆောင်းငွေနည်းပါးခြင်း နှင့် ရင်ဆိုင်နိုင်မည့် နည်းလမ်းများမရှိတော့ခြင်းတို့ကို တွေ့ကြုံခံစားလာကြရသည်။ ယခုနှစ်တွင် မိသားစု အများအပြားမှာ ၎င်းတို့၏ အာဟာရဖွံ့ဖြိုးမှု၊ ကျန်းမာရေး နှင့် ရပ်တည်မှုများ ဆုံးရှုံးခဲ့ကြပြီး အလွန်အမင်း ထိခိုက် လွယ်သည့် အခြေအနေသို့ တွန်းပို့ခံကြရပါသည်။ အစိုးရသည် သင်္ကြန်ပိတ်ရက် ကာလအတွင်း စားနပ်ရိက္ခာများ ဖြန့်ဖြူးခြင်း၊ လျှပ်စစ်ဓာတ်အားခများ ဖြေလျှော့ပေးခြင်းတို့မှ အစပြု၍ တစ်နိုင်ငံလုံးအနှံ့ ကူညီထောက်ပံ့မှုများ ပေးနိုင်ရန် အဆောတလျင် ကြိုးပမ်းအားထုတ်ခဲ့ပါသည်။ LIFT သည် လိုအပ်မှု အများဆုံး ရှိနေသည့် ထောင်ပေါင်း များစွာသော ပြည်သူများအတွက် ထောက်ပံ့ကြေး ပေးနိုင်ရန် အစိုးရနှင့် အနီးကပ် လက်တွဲ လုပ်ကိုင် ခဲ့ပါသည်။

COVID–19 ကမ္ဘာ့ကပ်ရောဂါကြောင့် ထိခိုက်ခံစားရသည့် မိသားစုများအား ကူညီထောက်ပံ့ပေးရန်အတွက် လူမှုရေးအကူအညီ အစီအမံများ (ငွေကြေး ထောက်ပံ့မှုများ၊ စားနပ်ရိက္ခာ ပံ့ပိုးမှု အစီအစဉ်များ) အား လိုက်လျောညီထွေ ပြုလုပ်ရန်၊ တိုးချဲ့ရန်နှင့် အဆင့်မြှင့်တင်ရန် ဆောင်ရွက်ရသဖြင့် လူမှု ကာကွယ်စောင့်ရှောက်ရေးသည် အများအာရုံစိုက်ခံရသည့် ကဏ္ဍတစ်ခုဖြစ်နေပါသည်။ မြန်မာနိုင်ငံတွင် အခြေတည်စဖြစ်သည့် လူမှုကာကွယ် စောင့်ရှောက်ရေး စနစ်ကိုလည်း အဆင့်မြှင့်တင်ခြင်းနှင့် တိုးချဲ့ဖြန့်ကျက်ခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ဦးတည်ချက်၊ လိုအပ်ချက်များ

နှင့် ဖြန့်ဖြူးရေး လမ်းကြောင်းများကိုလည်း ရှာဖွေ ဖော်ထုတ်ခဲ့ပါသည်။ အဆိုပါ အခြင်းအရာ များအား တိုးချဲ့ရန် တွန်းအားပေးသည့် အကြောင်းရင်း ရှိပါသည်။ ဆောင်ရွက်မှုများအား အလိုအပ်ဆုံး သူများထံ ရောက်ရှိရန်အတွက် တရားမျှတမှုရှိရန်၊ ပွင့်လင်းမြင်သာရန်၊ အားလုံး ပိုမိုပါဝင်နိုင်ရန်လိုအပ်ပြီး ယခုနှစ်တွင်ဆောင်ရွက် ခဲ့သည့် ကြိုးပမ်းမှုများမှ လေ့လာသင်ယူမှုများနှင့် အကျိုး သက်ရောက်မှုများအား အခိုင်အမာ ဆန်းစစ်သုံးသပ်မှုပေါ်တွင် တည်ဆောက်ရန် လိုအပ်ပေသည်။ ရေရှည် တည်တံ့သည့် ငွေကြေး ပိုင်းဆိုင်ရာ ပံ့ပိုးမှု ရရှိရန် လိုအပ်မည်ဖြစ်ပြီး သတင်းအချက် အလက် စီမံခန့်ခွဲမှု စနစ်များနှင့် ဒီဂျစ်တယ် ပလက်ဖောင်း စနစ်တို့တွင် ရင်းနှီး မြှုပ်နှံမှု ပြုလုပ်ရမည် ဖြစ်သည်။

ကပ်ဘေးကာလတလျှောက် (တစ်မူထူးခြားခြင်း မရှိသော်လည်း) မြန်မာနိုင်ငံမှ ပြည်သူများ၏ တုံ့ပြန်ကာကွယ်မှုမှာ ထင်ရှားပေါ်လွင်လှပြီး စေတနာ့ ဝန်ထမ်းများ၊ လူမှုအသိုက်အဝန်း အုပ်စု များ၊ ကွန်ရက်များ၊ ဘာသာရေး အုပ်စုများ နှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ မှ မြန်မြန် ဆန်ဆန် ထိထိရောက်ရောက် လှုပ်ရှား ဆောင်ရွက် ခဲ့ကြပါသည်။ LIFT အနေဖြင့်မူ တုံ့ပြန်ကာကွယ်ရေးလုပ်ငန်း အများစုကို အရပ် ဘက်လူမှုအဖွဲ့ အစည်းများမှ တဆင့် ဆောင်ရွက် ခြင်းမှာ အများ ဆုံးဖြစ်ပြီး ရန်ပုံငွေ ထောက်ပံ့မှု၏ ၂၀ ရာခိုင် နှုန်းဖြင့် ကျွန်ုပ်တို့ လက်လှမ်းမီ ရောက် ရှိခဲ့ သူများ၏ ၇၂ ရာခိုင်နှုန်း အထိ ကို ရှိခဲ့ပါသည် ။ စာရင်းအင်း ကိန်းဂဏန်း များအရ အသိအမှတ်ပြု မှုရရှိရန် နှင့် ကျေးဇူးတင်ရန် ထိုက်တန်သော် လည်း ပြည်တွင်း ဖွံ့ဖြိုးရေး လှုပ်ရှားဆောင်ရွက် သူများ အား ကူညီထောက်ပံ့ ပေးရန် ဆန်းစစ်မှုနှင့် လုပ်ဆောင်မှုများ လုပ်ဆောင်ရန်မှာ ပိုမို အရေး ကြီးပါသည်။

COVID–19 သည် ကမ္ဘာပေါ်ရှိ အဆင်းရဲဆုံး၊ အကျိုးခံစားခွင့်ရရှိမှု အနည်းဆုံး နှင့် ထိခိုက်လွယ်ဆုံး သူများအား အဆိုးရွားဆုံး ထိခိုက်စေ ခဲ့ပြီး မျိုးရိုးစဉ်ဆက် သက်ရောက်မှုရှိနိုင်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အသက်မွေးဝမ်းကျောင်းမှု များ ပြန်လည် တည်ဆောက်ခြင်း၊ အလုပ် အကိုင်များ၊ ဝင်ငွေ နှင့် အားလုံးပါဝင်သည့် ပြန်လည် ထူထောင်ရေး လုပ်ငန်းများ ရရှိစေခြင်းဖြင့် အကောင်းဘက်သို့ ပြန်လည် ဦးမော့လာနိုင်မည် ဖြစ်ပါသည်။



- ရှေ့တန်းမှ တုံ့ပြန် ကာကွယ်မှု လုပ်ငန်းများ
- လူမှုကာကွယ်စောင့်ရှောက်ရေး
- အရပ်ဘက်လူမှုအဖွဲ့အစည်း
- ရွှေ့ပြောင်းသွားလာခြင်း
- ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေခြင်း
- စိုက်ပျိုးရေး

# ရှေ့တန်းမှ တုံ့ပြန် ကာကွယ်မှုလုပ်ငန်းများ

## LIFT ၏ COVID–19 အရေးပေါ် ရှေ့တန်း တုံ့ပြန်ကာကွယ်ရေး လုပ်ငန်းများ မှ အောက်ပါတို့အား ပံ့ပိုးပေးခဲ့ပါသည် –

- ကပ်ရောဂါနှင့်စပ်လျဉ်းသည့် အသိပညာပေးခြင်းနှင့် အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများ၊ ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူ များ စခန်းများ၊ ကျန်းမာရေး စောင့်ရှောက်မှု ပေးသည့် နေရာများ၊ ကျောင်းများ နှင့် ဈေးများတွင် လက်ဆေးစင်များ၊ ဆပ်ပြာ၊ လက်သန့်ဆေး နှင့် တစ်ကိုယ်ရည်သုံး ရောဂါကာကွယ်ရေး ဝတ်စုံများ (PPE) အပါအဝင် ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေး နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး (WASH) ဆိုင်ရာ လှုပ်ရှားမှုများမှတဆင့် မိမိကိုယ်ကိုယ် ကာကွယ်ရန် နှင့် ရောဂါကူးစက်မှုမှ  တားဆီးရန် ရပ်ရွာလူထုများအား သတင်းအချက်အလက် များ ပံ့ပိုးပေးခြင်း တို့ဖြင့် **COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုမှ ကာကွယ်တားဆီးခြင်း**
- အာဟာရဖွံ့ဖြိုးမှုနှင့် ကျန်းမာရေးဆိုင်ရာ ကူညီထောက်ပံ့ခြင်း၊ ကျား၊မအခြေပြု အကြမ်းဖက်မှုများ များပြားလာခြင်းကို ကာကွယ်တားဆီးခြင်း နှင့်  အသက်ငါးနှစ်အောက် ကလေးငယ်များ၏ ပြင်းထန်အာဟာရ ချို့တဲ့မှု ဝေဒနာ (Severe Acute Malnutrition – SAM) ကို ပြုစုကုသပေးရန် မရှိမဖြစ် လိုအပ်သည့် အာဟာရ ဖွံ့ဖြိုးမှု ဆိုင်ရာ ဝန်ဆောင်မှုများ ဆက်လက် ထိန်းသိမ်းခြင်း နှင့် လတ်တလော အာဟာရချို့တဲ့မှု ဝေဒနာခံစားနေရသည့် ကလေးငယ်များအား သက်ဆိုင်ရာ ပြုစုကုသရေးဌာနများသို့ လွှဲပြောင်းပို့ဆောင်ပေးခြင်းများဖြင့် **ထိခိုက်လွယ်သည့် လူမှုအသိုက်အဝန်းများအား ကာကွယ်စောင့်ရှောက်ပေးခြင်း**
- နယ်လှည့် ကွင်းဆင်း ဆေးကုသခြင်းများ ပြန့်နှံ့ရောက်ရှိမှု၊ အစိုးရထိန်းချုပ်သည့် ဒေသများနှင့် အစိုးရထိန်းချုပ်မှုမရှိသည့် ဒေသများရှိ ကျေးလက် ကျန်းမာရေးဌာနများ၊ အသွားအလာကန့် သတ်စောင့်ကြည့်ရာ နေရာများ နှင့် ဆေးရုံများရှိ ကျန်းမာရေး လုပ်သားများနှင့် စေတနာ့ ဝန်ထမ်းများအား PPE နှင့် ဆေးပစ္စည်းကရိယာများ ပံ့ပိုးပေးမှု၊ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိရေး ရန်ပုံငွေ အဖွဲ့၏ မိတ်ဖက် အဖွဲ့အစည်းများ မှ အားဖြည့်ကူညီထောက်ပံ့ပေးမှု အပါအဝင် ထိခိုက်လွယ်သည့် အုပ်စုများ အတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး အဆင့် အာဏာပိုင်များက ပံ့ပိုးပေးသည့် **ကျန်းမာရေး ဝန်ဆောင်မှုများ တိုးမြှင့်ခြင်း**
- အစိုးရအုပ်ချုပ်ရေး လက်လှမ်းမီရောက်ရှိခြင်း မရှိသည့် ဒေသများရှိ ရောဂါပိုး ရှိမရှိ စောင့်ကြပ်ကြည့်ရှုရေး စင်တာများ၊ ပြည်တွင်းနေရပ် စွန့်ခွာရွှေ့ပြောင်း နေထိုင်သူများ အတွက် ကယ်ဆယ်ရေး စခန်းများ နှင့် ပဋိပက္ခ ထိခိုက်ခံစားရသည့် ဒေသများရှိ ဒေသခံ လူမှုအသိုက်အဝန်းများတွင် သတင်းအချက် အလက်များ၊ ပစ္စည်းများ၊ PPE နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးသုံး ပစ္စည်းများ ဖြန့်ဝေပေးသည့် အရပ်ဘက်အဖွဲ့အစည်း (CSO) များ မှတဆင့် **အစိုးရမှ အုပ်ချုပ်ရေး လက်လှမ်းမီရောက်ရှိခြင်းမရှိသည့် ဒေသများနှင့် နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများအား ပံ့ပိုးကူညီထောက်ပံ့ ပေးခြင်း၊ နှင့်  CSO များနှင့် အလုပ်သမား အဖွဲ့အစည်းများက ရွှေ့ပြောင်းသွားလာသူများအတွက် ဆောင်ရွက်ခဲ့သည့် ရှေ့တန်း တုံ့ပြန်ကာကွယ်ရေးလုပ်ငန်း ဥပမာများအား ဤအစီရင်ခံစာ၏ သက်ဆိုင်ရာ အခန်းများတွင် ထည့်သွင်းဖော်ပြထားပါသည်။**

## တုံ့ပြန်ကာကွယ်မှု နှင့် အကျိုးသက်ရောက်မှု

LIFT ၏ မိတ်ဖက်အဖွဲ့အစည်း ၁၉ ဖွဲ့ နှင့် ယင်းတို့နှင့် လက်တွဲဆောင်ရွက်သည့် အဖွဲ့အစည်းများ သည် **ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၂ ခု** – ဧရာဝတီ၊ ရန်ကုန်၊ မကွေး၊ မန္တလေး၊ ပဲခူး နှင့် စစ်ကိုင်းတိုင်း ဒေသကြီးများ နှင့် ကချင်၊ ကရင်၊ ကယား၊ ရှမ်း (တောင်ပိုင်းနှင့် မြောက်ပိုင်း) ရခိုင်၊ မွန် နှင့် ချင်းပြည်နယ်တို့ ရှိ **မြို့နယ် ၇၂ မြို့နယ်နှင့် ကျေးရွာ ၂,၀၀၀ အား** လွှမ်းခြုံသည့် COVID-19 အရေးပေါ် တုံ့ပြန်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတူလက်တွဲ လုပ်ဆောင်ခဲ့ကြပါသည်။

LIFTသည် လူဦးရေ **၂,၃၅၁,၇၁၁ ဦး (အမျိုးသမီး ၅၈ ရာခိုင်နှုန်း)** ထံ **တစ်ဦးချင်းစီ** အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း နှင့် ရေ၊ ပတ်ဝန်းကျင် နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ ကူညီထောက်ပံ့ မှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ရောက်ရှိခဲ့ပါသည်။

**ဇယား ၁.၁။ ပြည်နယ်/တိုင်းဒေသကြီး အလိုက် အကျိုးခံစားခွင့်ရှိသူများ**

| ပြည်နယ်/တိုင်းဒေသကြီး | အကျိုးခံစားခွင့်ရှိသူ စုစုပေါင်း | အမျိုးသမီး | အမျိုးသား |
|---|---|---|---|
| ဧရာဝတီ | ၁၇၅,၀၃၆ | ၈၇,၉၀၂ | ၈၇,၁၃၄ |
| ပဲခူး | ၃၂,၇၁၁ | ၂၁,၁၇၅ | ၁၁,၅၃၆ |
| ပဲခူး (အရှေ့) | ၁၉,၇၄၃ | ၁၀,၀၈၀ | ၉,၆၆၃ |
| ချင်း | ၂၄၂,၇၄၃ | ၁၂၁,၁၈၇ | ၁၂၁,၅၅၆ |
| ကချင် | ၄၁,၅၄၉ | ၂၁,၃၂၃ | ၂၀,၂၂၆ |
| ကယား | ၁၀၀,၇၈၄ | ၄၆,၄၉၁ | ၅၄,၂၉၃ |
| ကရင် | ၂၈၆,၁၉၃ | ၁၄၂,၉၃၇ | ၁၄၃,၂၅၆ |
| မကွေး | ၄၄,၇၈၆ | ၂၁,၉၁၅ | ၂၂,၈၇၁ |
| မန္တလေး | ၅၇,၉၃၁ | ၃၀,၂၇၀ | ၂၇,၆၆၁ |
| မွန် | ၁၉,၄၈၉ | ၁၀,၅၄၉ | ၈,၉၄၀ |
| နေပြည်တော် | ၁,၁၅၂ | ၁,၀၆၆ | ၈၆ |
| နိုင်ငံတစ်ဝှမ်း | ၃၉,၂၁၀ | ၁၀,၆၀၅ | ၁၉,၆၀၅ |
| ရခိုင် | ၉၈,၀၉၁ | ၅၂,၁၀၄ | ၄၅,၉၈၇ |
| စစ်ကိုင်း | ၃,၉၀၂ | ၁,၅၆၈ | ၂,၃၃၄ |
| ရှမ်း (ရှေ့) | ၆,၅၄၄ | ၃,၀၉၅ | ၃,၄၄၉ |
| ရှမ်း (တောင်) | ၂၀,၃၁၆ | ၉,၀၈၅ | ၁၁,၂၃၁ |
| ရှမ်း (မြောက်) | ၆၃,၁၃၆ | ၃၇,၁၁၇ | ၂၆,၀၁၉ |
| တနင်္သာရီ | ၂၁,၇၄၀ | ၉,၉၆၃ | ၁၁,၇၇၇ |
| ရန်ကုန် | ၁,၀၇၆,၆၅၅ | ၇၁၂,၈၆၉ | ၃၆၃,၇၈၆ |
| စုစုပေါင်း | ၂,၃၅၁,၇၁၁ | ၁,၃၆၀,၃၀၁ | ၉၉၁,၄၁၀ |

## COVID–19 နှင့် မြန်မာနိုင်ငံရှိ ပဋိပက္ခဒဏ်ခံရသည့် ဒေသများ

ပဋိပက္ခဒဏ်ခံ ဒေသများ ရှိ လူမှုအသိုက်အဝန်းများသည် ခိုလှုံရာနေရာများတွင် လူများ အလွန်အမင်း ပြည့်သိပ်နေခြင်းနှင့် စခန်းများ နှင့် ယာယီ ခိုလှုံရာ နေရာများတွင် တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ အထောက်အပံ့များ အဆောက်အဦများ နည်းပါးခြင်း၊ အသွားအလာ ကန့်သတ်ထားခြင်း၊ အသက် မွေးဝမ်းကျောင်းမှု မရှိခြင်းများ၊ အာဟာရ ချို့တဲ့ခြင်းနှင့် မရှိမဖြစ် အရေးပါသည့် ဝန်ဆောင်မှုများအား လက်လှမ်းမီရရှိမှု အကန့်အသတ်ရှိခြင်း တို့ ကြောင့် COVID–19 ရောဂါနှင့် ထိတွေ့နိုင်ချေ အန္တရာယ်များပြားမှု နှင့် ရင်ဆိုင်နေရပါသည်။

## ကချင်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း ရှိ LIFT ၏ မိတ်ဖက် အဖွဲ့အစည်းများသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း ရှိ ကျေးလက်ဒေသ ရပ်ရွာ လူထုများ၊ ဒေသခံ ရပ်ရွာ လူထုအသိုက်အဝန်း ရှိ ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူ များ နှင့် ယာယီစခန်း ၇၅ ခု ရှိ **ပြည်တွင်းနေရပ် စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူများအတွက်** ကူညီထောက်ပံ့ပေးခြင်းဖြင့် အရေးပေါ် COVID–19 တုံ့ပြန်ကာကွယ်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍ မှ ပါဝင် ပါသည်။

အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများအားလုံးသည် အထူးသဖြင့် ပြည်နယ် ကျန်းမာရေး ဦးစီးဌာန၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန (General Administration Department – GAD) နှင့် လူမှုဝန်ထမ်း ဦးစီး ဌာန (Department of Social Welfare – DSW) အပါအဝင် အစိုးရဌာန အဆင့်ဆင့် နှင့် နီးကပ်စွာ လက်တွဲ ဆောင်ရွက်ခဲ့ပါသည်။ အရှေ့မြောက်ဒေသရှိ အစိုးရ အုပ်ချုပ်ရေး လက်လှမ်းမီ ရောက်ရှိခြင်း မရှိ သည့် ဒေသများ တွင် LIFT ၏ ဒေသခံ မိတ်ဖက်များသည်လည်း တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ (ethnic armed organisations – EAOs) ရှိ တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်းများနှင့် လက်တွဲ ဆောင်ရွက်လျက် ရှိပါသည်။ အဓိက လုပ်ငန်းများမှာ ကူးစက်ရောက်နိုင် ချေရှိသည့် အန္တရာယ်ဆိုင်ရာ ဆက်သွယ် ပြန်ကြားခြင်း နှင့် ရပ်ရွာလူထုနှင့် ပူးပေါင်းဆောင် ရွက်ခြင်း၊ WASH နှင့် PPE ပံ့ပိုးပေးခြင်း နှင့် ရောဂါပိုးရှိမရှိ စောင့်ကြပ်ကြည့်ရှုခြင်း အထောက်အပံ့များ ဖြည့်တင်းခြင်းများ အပါအဝင် ကျန်းမာရေးစနစ်များအား ကူညီထောက်ပံ့ပေးခြင်းတို့ နှင့် ဆက်နွယ်နေခဲ့ပါသည်။ LIFT ၏ မိတ်ဖက် အဖွဲ့ အစည်းများသည် ပဋိပက္ခ ဒဏ်ခံစားရသည့် ဒေသများရှိ အဆင့်အားလုံးမှ အသွားအလာကန့် သတ်စောင့်ကြည့်ရာ နေရာ ၂၈၀ ခု အတွက် ပံ့ပိုးကူညီ ထောက်ပံ့ပေး ခဲ့ပါသည်။

အရှေ့မြောက်ဒေသတွင် တိုင်းရင်းသား လက်နက်ကိုင် အုပ်စုများ ဖြစ်သည့် ကချင် လွတ်လပ်ရေး အဖွဲ့ချုပ် (KIO)၊ တအောင်းန် အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) နှင့် သျှမ်းပြည်နယ် ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS) တို့သည် ၎င်းတို့ ထိန်းချုပ်မှုအောက်တွင် ရှိသည့်သူများ အား COVID–19 မှ ကာကွယ်ရန် နှင့် ဗိုင်းရပ်စ်ပိုး ပြန့်နှံ့မှုမှ ထိန်းချုပ်ရန်အတွက် အစီ အမံ အဆင့်ဆင့်ကို ဆောင်ရွက်ခဲ့ကြပါသည် ။ ယေဘူယျအားဖြင့် အဆိုပါ အစီအမံများ သည် အဆိုပါဒေသအား ကာကွယ်စောင့်ရှောက်ပေးရန် အထောက်အကူ ဖြစ်သော်လည်း COVID–19 ရောဂါအား တုံ့ပြန်ကာကွယ်နိုင်စွမ်းမှာမူ အကန့်အသတ် ရှိနေပါသည်။ ယခုအချိန်အထိ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန (MoHS) နှင့် လက်နက်ကိုင် အုပ်စုများ၏ ကျန်းမာရေး စနစ်များကြား ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်း မှုများမှာ အကန့်အသတ် ရှိနေဆဲဖြစ်ရာ COVID–19သည် ပြည်သူ့ ကျန်းမာရေးဆိုင်ရာ ရန်သူ အား နီးကပ်စွာ အတူ လက်တွဲ ရင်ဆိုင်တိုက်ထုတ်နိုင်ရန် ခိုင်မာသည့် အခွင့်အလမ်းတစ်ခု ဖန်တီးပေးလျက် ရှိပါသည်။

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ကျေးရွာများရှိ လူများနှင့် စခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူ များထံ ရောက်ရှိရန် အတွက် Save the Children၊ ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်း(ရန်ကုန်) (KMSS)၊ World Concern၊ ငြိမ်း (Shalom)၊ Health Poverty Action (HPA) နှင့် SWISSAID တို့အနေဖြင့် လက်ရှိ စီမံချက်ဘတ်ဂျက်အတွင်းတွင် ချိန်ညှိမှုများ ပြုလုပ်ခြင်းဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင် စေခဲ့ပါသည်။ ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) မှ တရုတ်နိုင်ငံတွင် သောင်တင်နေသည့် ရွှေ့ပြောင်းသွားလာ သူများနှင့် နေရပ် ပြန်မည့် လူကုန်ကူးခြင်းခံရသူများအား အကူအညီ ပေးရန် အပိုဆောင်း ရန်ပုံငွေ ထပ်မံရရှိခဲ့ပါသည်။

ကချင်ပြည်နယ်တွင် LIFT ၏ ကူညီထောက်ပံ့မှုမှာ မြို့နယ်ပေါင်း ၁၂ မြို့နယ်ရှိ လူဦးရေ စုစုပေါင်း ၄၁,၀၅၃ ဦး(အမျိုးသမီး ၅၁ ရာခိုင်နှုန်း) ထံ ရောက်ရှိခဲ့ပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် LIFT မှ မြို့နယ် ၁၄ မြို့နယ် ရှိ လူဦးရေ ၆၃,၀၉၇ ဦး (အမျိုးသမီး ၅၉ ရာခိုင်နှုန်း) ထံ ရောက်ရှိခဲ့ပါသည်။ **တောင်တန်းဒေသ မြို့နယ်ရန်ပုံငွေ (Uplands Township Fund– UTF)** သည် ယင်း၏ ရန်ပုံငွေဆိုင်ရာ အစီအမံများအား ချိန်ညှိခဲ့ပြီး **ကချင်ပြည်နယ်ရှိ CSO ၁၁ ဖွဲ့နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ CSO ၁၀ ဖွဲ့** တို့အား အဆိုပါ ပြည်နယ်နှစ်ခု ရှိ မြို့နယ် ခြောက်မြို့နယ်၊ **ကျေးရွာ ပေါင်း ၂၀၀ နီးပါးအား** လွှမ်းခြုံသည့် COVID–19 နှင့် ဆက်နွယ်နေသည့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ထောက်ပံ့မှု များ ပေးအပ်ခဲ့ပါသည်။



## အရှေ့တောင်ပိုင်း ဒေသ

အရှေ့တောင်ပိုင်းဒေသတွင် The Border Consortium (TBC) နှင့် မိတ်ဖက် အဖွဲ့အစည်း များ အနေဖြင့် COVID-19 ကာကွယ်ရေး အစီအမံများ အား လူပေါင်း ၂၀၀,၀၀၀ နီးပါးထံ ရောက်ရှိစေ ခဲ့ပါသည်။ TBC သည် နှာခေါင်းစည်းများ၊ အနီ အောက်ရောင်ခြည်သုံး အပူချိန်တိုင်း ကိရိယာများ၊ လက်ဆေးစင်များ အပါအဝင် PPE များ အား ကျန်းမာရေး ဝန်ထမ်းများထံ ဖြန့်ဖြူးပေးခဲ့ပြီး နှင့် နေ့စဉ်ဘဝတွင် ခပ်ခွါခွါနေခြင်း ၊ ပုံမှန် လက်ဆေးခြင်း နှင့် နှာခေါင်းစည်း တပ်ခြင်း နှင့် စားနပ်ရိက္ခာ ပြတ်လပ်မှုကြုံပါက အရေးပေါ် တုံ့ပြန်ကာကွယ်ခြင်း တို့နှင့် စပ်လျဉ်း၍ အသိပညာပေးရန် နှင့် အမူအကျင့် ပြောင်းလဲခြင်းကို မြှင့်တင်ပေးရန် ကျရောက်နိုင်ချေ ရှိသည့် အန္တရာယ်ဆိုင်ရာ ပညာပေးခြင်းနှင့် ရပ်ရွာလူထု ပူးပေါင်းဆောင်ရွက်ခြင်းတို့အား တိုင်းရင်းသား ဘာသာစကားများဖြင့် ဆောင်ရွက်ပေးခဲ့ပါသည်။

ပဋိပက္ခဒဏ်ခံ ဒေသများအတွင်းသို့ COVID-19 ရောဂါ ကူးစက်မှု လျှော့ချရေး အစီအမံများ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေရန် အတွက် တိုင်းရင်းသား ကျန်းမာရေး အဖွဲ့အစည်းများ နှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်များအား အသုံးပြုခဲ့ပါသည်။ TBC နှင့် မိတ်ဖက်အဖွဲ့အစည်း ၁၈ ဖွဲ့ တို့သည် သက်ဆိုင် ရာ EAO များနှင့် နီးကပ်စွာ လက်တွဲဆောင် ရွက်ခဲ့ပါသည်။ ကရင် ကျန်းမာရေးနှင့် ကယ်ဆယ် ရေး ဌာန (KDHW) ၏ ကမ္ဘာ့ကပ်ရောဂါ တုံ့ပြန်ကာကွယ်ရေးအတွက် ကနဦး ရန်ပုံငွေမှ ကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမီ ရရှိရေး ရန်ပုံငွေ အနေဖြင့် ရောဂါပိုး ရှိမရှိ စောင့်ကြပ်ကြည့်ရှုရေး စင်တာများနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများရှိ စစ်ဆေးရေး ဂိတ်များအတွက် ရန်ပုံငွေ ထပ်မံ ပံ့ပိုးပေးရန် တွန်းအားတစ်ရပ် ဖြစ်စေခဲ့ပါသည်။ ကရင်နီ CSO Core Group မှ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) နှင့် ပြည်နယ်အစိုးရတို့ကြား ပူးပေါင်းဆောင်ရွက်ရန် ကယားပြည်နယ် လွှတ်တော် ဥက္ကဋ္ဌမှ ဦးစီးကျင်းပသည့် အပါတ်စဉ် ပူးပေါင်းညှိနှိုင်းရေး အစည်းအဝေးများ တွင် ပါဝင် တက်ရောက်ခဲ့ပါသည်။

မိန်းကလေးငယ်များနှင့် အမျိုးသမီးများ၏ ပုဂ္ဂိုလ်ရေး လုံခြုံမှုနှင့် အရှက်သိက္ခာ ထိန်းသိမ်း ပေးနိုင်ရန် ရောဂါပိုး ရှိမရှိ စောင့်ကြပ်ကြည့်ရှုရေး စင်တာ များနှင့် စစ်ဆေးရေး ဂိတ်များတွင် ရေချိုးခန်းနှင့် အိမ်သာများ သီးသန့်တည်ဆောက် ပေးခဲ့ပါ သည်။ ကမ္ဘာ့ကပ်ရောဂါ ကာလအတွင်း ဖြစ်နိုင် ချေရှိသည့် အန္တရာယ် များအား မီးမောင်းထိုးပြရန် တိုင်းရင်းသား အမျိုးသမီး အဖွဲ့အစည်းများ မှ အထူး စီစဉ်ဆောင်ရွက်သည့် လိင်ပိုင်းဆိုင်ရာ နှင့် ကျား-မ အခြေပြု အကြမ်းဖက်မှု (SGBV) ဆိုင်ရာ အသိပညာပေး လှုပ်ရှားမှုများ ဆောင်ရွက်ခဲ့ပါ သည်။ ကပ်ရောဂါ ဖြစ်ပွားနေသည့် ကာလတ လျှောက်တွင် ကျား-မ အခြေပြု အကြမ်းဖက်မှု ကျူးလွန်ခံရပြီး ကြိုးပမ်း ရှင်သန်နေရသူများ အ တွက် ခိုလှုံရာ နှင့် ညွှန်းပို့ပေးသည့် ဝန်ဆောင်မှု လုပ်ငန်းများ ဆက်လက် လည်ပတ် ဆောင်ရွက်လျက် ရှိပါ သည်။

အခြား ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားသည့် ကာလများ အတွင်းက တွေ့ကြုံခဲ့ပြီး ဖြစ်သဖြင့် အကယ်၍ မိမိဘာသာ ရောဂါပိုး ရှိမရှိ စောင့်ကြပ်ကြည့်ရှုခြင်း နေထိုင်ခြင်း၊ နေ့စဉ်ဘဝတွင် ခပ်ခွါခွါနေခြင်းနှင့် အခြား အစီအမံများ သည် အမျိုးသမီးများအတွက် ဖိအား နှင့် အလုပ်တာဝန် ပိုမိုများလာခြင်းကြောင့် ဝန်ပိစေခြင်း အပြင် အမျိုးသမီးများနှင့် ကလေးသူငယ်များအား အိမ်တွင်း အကြမ်းဖက်မှုတို့အား အသိအမှတ်ပြုရန် ပျက်ကွက်ခဲ့ပါက မရည်ရွယ်ဘဲနှင့် အန္တရာယ်ဖြစ်နိုင်ချေ ရှိပါသည်။ အနိမ့်ဆုံး အဆင့် အနေဖြင့် တုံ့ပြန်ကာကွယ်ခြင်းနှင့် စီမံကိန်း ဆောင်ရွက်ချက်များသည် အမျိုးသမီးများ၏ အသံများ အပါအဝင်ဖြစ်စေရန် လိုအပ်ပါသည်။

The Consortium of Dutch NGOs (CDN) နှင့် ဒေသခံ မိတ်ဖက် အဖွဲ့အစည်းများ ဖြစ်သည့် တောင်ငူ သံတောင် Bwe Moh Bwa Karen Baptist Association၊ တောင်ငူ Kehko Kehbah Karen Baptist Association၊ တောင်ငူ Paku Karen Baptist Association နှင့် KMSS တို့သည် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တစ်ကိုယ်ရေ သန့်ရှင်းရေး အသုံးအဆောင် ပစ္စည်းများအား ဖြန့်ဝေပေးခြင်း စစ်ဆေးရေး ဂိတ် များ နှင့် KNU ရောဂါပိုး ရှိမရှိ စောင့်ကြပ်ကြည့် ရှုရေး စင်တာများတွင် ကူညီ ထောက်ပံ့ပေးခြင်း ဖြင့် ကရင်ပြည်နယ် မြောက်ပိုင်းရှိ ကျေးရွာပေါင်း ၁၃ရွာမှ လူပေါင်း ၇၂,၀၀၀ နီးပါး ( အမျိုးသမီး ၅၀ ရာခိုင်နှုန်း) တို့ထံ ရောက်ရှိခဲ့ပါသည်။ CDN အဖွဲ့သည် စီမံချက် အကျိုးခံစားခွင့်ရှိသူများအား နှာခေါင်းစည်း ထုတ်လုပ်မှု သင်တန်းပို့ချပေးခဲ့ပြီး ကျေးရွာ ပေါင်း ၁၀၀ ရှိ အိမ်ထောင်စုပေါင်း ၁၀,၈၉၈ စုအား အဝတ်နှာခေါင်းစည်းပေါင်း ၅၀,၄၅၀ ခု ဝေငှပေးခဲ့ပါသည်။ CDN စီမံချက် သည် အခြားမြို့နယ်များရှိ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအတွက် အထောက်အကူ ဖြစ်စေရန် အတွက် သံတောင်ကြီးမြို့နယ် COVID–19 ကာကွယ် တုံ့ပြန်ရေး ကော်မတီထံ နှာခေါင်း စည်းများ၊ လက်သန့်ဆေးများနှင့် အခြား ကိရိယာ များ ဝေငှပေးနိုင်ရန် အတွက် ကူညီထောက်ပံ့ပေး ခဲ့ပါသည်။ နှာခေါင်းစည်းများနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး အသုံးအဆောင် ပစ္စည်းများ အား KNU အုပ်ချုပ်သည့် စာသင်ကျောင်းနှစ်ကျောင်း တွင် ဝေငှပေး ခဲ့ ပါသည်။



# ရခိုင်

## ကျန်းမာရေး စနစ်များအား ကူညီပံ့ပိုး ပေးခြင်း

ပြည်နယ် ကျန်းမာရေးဦးစီးဌာနအနေဖြင့် မရှိမဖြစ် လိုအပ်သည့် ဝန်ဆောင်မှုများဆက်လက်ဆောင်ရွက်နိုင်ရန် နှင့် အခြေခံ ကျန်းမာရေးဝန်ထမ်းများအား အကာအကွယ်ပေးရန် PPE အစုံ ၄၀၀ အား ပံ့ပိုးပေးခဲ့ပါသည်။

International Rescue Committee (IRC) မှ မြေပုံမြို့ရှိ ရောဂါပိုး ရှိမရှိ စောင့်ကြပ်ကြည့်ရှုရေးစင်တာအတွက် လက်ဆေးစင် ခြောက်စင်၊ အိမ်သာ နှစ်လုံး နှင့် လီတာ ၅၀၀ ဆန့် ရေတိုင်ကီ နှစ်လုံး တပ်ဆင်ပေးခြင်းဖြင့် မြေပုံမြို့ရှိ ကျန်းမာရေး ဝန်ဆောင်မှုများအတွက် ကူညီ ထောက်ပံ့ပေးခဲ့ပါသည်။ အဆိုပါ စင်တာတွင် ၂၀၂၀ခုနှစ် မေလ ကတည်းက ရေ ပြတ်လပ်မှု ဒုက္ခကို ခံစားနေရသဖြင့် IRC အနေဖြင့် ရေပြတ်လပ်မှု ကို ဖြေရှင်းရန်အတွက် ဒေသခံ မီးသတ် ဌာနနှင့် သဘောတူညီမှုရယူပြီး ရေကားဖြင့် ရေသယ်ပို့ပေးရန် အတွက် တစ်လတာ ကုန်ကျစရိတ်ကို IRC မှ ကျခံပေးခဲ့ပါသည်။

## အာဟာရဖွံ့ဖြိုးမှု

LIFT အနေဖြင့် ပေါက်တော မြို့နယ်တွင် ရှိသည့် ယာယီစခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူ များအတွက် မရှိမဖြစ်လိုအပ်သည့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။ ပြင်းထန် အာဟာရချို့တဲ့ ဝေဒနာ ခံစားနေရသည့် ကလေး သူငယ်များအား ပြုစုကုသပေးသည့် ပြင်ပလူနာ များအတွက် ကုထုံး အစီအစဉ် ဌာနများ ဆက်လက် လုပ်ငန်းလည်ပတ်ဆောင်ရွက် လျက်ရှိပြီး ဗိုင်းရပ်စ်ရောဂါပိုး ပြန့်နှံ့မှုမှ ကာကွယ်ရန် လမ်းညွှန်မှု အသစ်များနှင့် ၎င်းတို့လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း တို့အားလိုက် လျောညီထွေ ဖြစ်စေရန် ဆောင်ရွက်ခဲ့ပါသည်။ Save the Childrenသည် ကျန်းမာ ရေး နှင့် အားကစားဝန်ကြီးဌာန၏ COVID–19 ရောဂါကာကွယ်ရေးဆိုင်ရာ အစီအမံများ ကို လိုက်နာ၍ ပေါက်တောစခန်းတွင် လက်မောင်း လုံးပတ်တိုင်းတာခြင်း (ယာယီစခန်းအတွင်းတွင်သာ) ကို ဆက်လက် လုပ်ဆောင်ခဲ့ပြီး ပြင်းထန် အာဟာရချို့တဲ့ ဝေဒနာနှင့် လတ်တလော အာဟာရချို့တဲ့ ဝေဒနာ ခံစားနေရသည့် ကလေးသူငယ်များအား ပြင်ပလူနာကုသသည့် ဌာနများ နှင့် တစ်ဦးချင်း ဆွေးနွေးလမ်းညွှန် အကြံပေးခြင်းတို့ထံသို့ ညွှန်းပို့လုပ်ဆောင်ပေးပါသည်။

## ဆက်သွယ်ပြန်ကြားခြင်း

International Rescue Committee (IRC) သည် လူထု အာဟာရဖွံ့ဖြိုးရေး မြှင့်တင်သူများ၊ လူထု တစ်ကိုယ်ရေ သန့်ရှင်းမှု မြှင့်တင်သူများ နှင့် သင်ကြား လေ့ကျင့်ထားပြီးသား ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများ နှင့် ခိုင်မာစွာတည်ဆောက်ထားသည့် ရပ်ရွာလူထု ချိတ်ဆက်မှုများ နှင့် ကွန်ရက်များ မှ တဆင့် COVID–19 ရောဂါဆိုင်ရာ အသိပညာပေး ဆင့်ပွား ဆွေးနွေးပွဲများအား လူဦးရေ ၄,၅၀၅ ဦး (အမျိုးသမီး ၇၇ ရာခိုင်နှုန်း) ထံရောက်ရှိ စေခဲ့ပါသည်။

IRCသည် မြေပုံနှင့် မင်းပြားမြို့နယ် ရှိ ကျေးရွာပေါင်း ၃၉ ရွာ နှင့် မြေပုံမြို့နယ်ရှိ ကယ်ဆယ်ရေးစခန်း ကိုးခု တွင် COVID–19 ရောဂါ ဆိုင်ရာ အသိပညာပေး လှုပ်ရှားမှုများ ကိုလည်း ဆောင်ရွက် ခဲ့ပါသည်။ Save the Childrenအဖွဲ့သည်လည်း အသံချဲ့စက်များ၊ ကြေငြာဆိုင်းဘုတ်များ၊ လက်ကမ်းစာစောင်များနှင့် မိုဘိုင်းလ် ဖုန်းများမှတဆင့် COVID–19 ဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်းဖြင့်လည်း အသိပညာပေးခဲ့ပါ သည်။

Rakhine Communication Hub နှင့် မိတ်ဖက်အဖွဲ့အစည်းများသည် ရပ်ရွာလူထု လုပ်ငန်းအဖွဲ့နှင့် ဆက်သွယ်၍ လူမှုကွန်ရက်တွင် အသုံးပြုရန် အဓိက ထား၍ ဗွီဒီယိုဖိုင်များ နှင့် အသိပညာပေးသည့် သတင်းစကားများအား အသံဖိုင်များ ထုတ်လုပ်ခဲ့ပါသည်။ အဆိုပါ သတင်းစကားများအား ပြည်တွင်း နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူ များရှိနေသည့် နေရာများ အပါအဝင် ပြည်နယ်အနှံ့အပြားတွင် ဖြန့်ဝေရန် အတွက် ရခိုင်ပြည်နယ်ရှိ ပတ်သက် ဆက်နွယ် သူ များထံ မျှဝေခဲ့ပါသည် ။

LIFT ၏ မိတ်ဖက် ဖြစ်သည့် Koe Koe Tech သည် COVID–19 ကပ်ရောဂါနှင့် စပ်လျဉ်းသည့် သတင်းစကားများအား မေမေ ပလက်ဖောင်းမှ တဆင့် အများပြည်သူထံ ဖြန့်ဝေရန် လှုပ်ရှားမှုများ ဆောင်ရွက်ခဲ့ပါသည်။ မတ်လနှင့် စက်တင်ဘာလအတွင်း COVID–19 ဆိုင်ရာ အကြောင်းအရာများ သည် လူပေါင်း ၁၄,၀၉၇,၉၆၄ ဦး၊ ယင်းတို့အနက်မှ ၆၅ ရခိုင်နှုန်းမှာ အမျိုးသမီးများ ကြပါသည်။ COVID–19 ဆိုင်ရာ နေ့စဉ် နောက် ဆုံးရသတင်း များ အလိုအလျောက် ပို့ပေးသည့် ဝန်ဆောင်မှုမှာ တိုင်းရင်းသား ဘာသာစကား ကိုးမျိုး – မြန်မာ၊ ပိုးကရင်၊ စကော ကရင်၊မွန်၊ ရှမ်း၊ ရခိုင်၊ ကချင်၊ ကယား နှင့် ချင်း ဘာသာစကား တို့ဖြင့် အက်ပလီကေးရှင်းတွင်ရော အလိုအလျောက် တုံ့ပြန်ဖြေကြားပေးသည့် chatbot တွင် ပါ ရရှိနေပြီ ဖြစ်ပါသည်။ Koe Koe Tech မှ ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေး စောင့် ရှောက်မှုပေးသည့် လုပ်သားများအတွက် ထုတ် ပြန်ထားသည့် စာအုပ်ကို ရည်ညွှန်း၍ ရှေ့တန်းမှ လုပ်ကိုင်နေသူများအတွက် COVID–19 ဆိုင်ရာ အွန်လိုင်း သင်ခန်းစာ e–modules များကိုလည်း တီထွင်ဖန်တီးခဲ့ပြီး ဖြစ်ပါသည်။ Koe Koe Tech သည် မေမေ အက်ပလီကေးရှင်း မှ တဆင့် COVID–19 e–module များအား သူနာပြု ဆရာမများနှင့် သားဖွားဆရာမများ အား သင် တန်းပေးသူများ အတွက် ပို့ချပေးနိုင်ရန် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွား ကောင်မတီ နှင့် ပူးပေါင်းညှိနှိုင်းခဲ့ပြီး သင်တန်းဆရာများမှ နိုင်ငံ အနှံ့အပြား ရှိ သူနာပြုများနှင့် သားဖွားဆရာမ များအား ဆက်လက်၍ လက်ဆင့်ကမ်း သင်ကြား ပေးမည် ဖြစ်သည်။

## ရေ၊ ပတ်ဝန်းကျင် နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး (WASH)

Save the Children မှ WASH ဆိုင်ရာ လှုပ်ရှားဆောင်ရွက်သူများနှင့် ပူးပေါင်း ညှိနှိုင်း၍ ပေါက်တောနှင့် စစ်တွေမြို့နယ်များရှိ ပြည်တွင်း နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူ စခန်း လေးခု နှင့် ကျေးရွာ ၃၂ ရွာတို့ရှိ လူပေါင်း ၂၅,၇၄၄ ဦးအတွက် ဆပ်ပြာ ၈၈,၉၈၄ တုံး ပံ့ပိုးပေးခဲ့ပါသည်။ ယင်းတို့ အနက်မှ စခန်း နှစ်ခုတွင် ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူ ၁၆,၀၀၀ ကျော်အတွက် ဆပ်ပြာများ ကြိုတင် ထားရှိပြီး လိုအပ်သည့် အချိန်တွင် အဆင်သင့် ဖြန့်ဝေနိုင်ရန် စီစဉ်ထားပါသည်။

ရခိုင်ပြည်နယ်သို့ ပြန်ပို့ခံကြရသည့် မွတ်စလင်မ် အကျဉ်းသားဟောင်းများအတွက် တည်ထောင်ထားသည့် အုန်းတော စခန်းအနီးရှိ ရောဂါပိုး ရှိမရှိ စောင့်ကြပ် ကြည့်ရှုရေး စင်တာ အတွက်လည်း ကူညီထောက်ပံ့မှု ပေးခဲ့ပါသည်။ ဤစင်တာတွင် လူ ၁၀၅ ဦးအတွက် ရောဂါပိုး ရှိမရှိ စောင့်ကြပ်ကြည့်ရှုခံရသည့် နေထိုင်ရသည့် အခြေအနေများ ပိုမိုကောင်းမွန်စေရန် လက်လှုပ် ရေတုံကင်တစ်ခု နှင့် လက်ဆေးစင်နှစ်ခုကို တပ်ဆင်ပေးခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ (ILO) သည် ရခိုင်ပြည်နယ်ရှိ မြို့နယ်ခြောက်မြို့နယ်တွင် လက်ဆေးစင် ၃၄ ခု တပ်ဆင်ခြင်း၊ အသိပညာပေး ပိုစတာကြီး ၆၄ ခု ထောင်ခြင်း နှင့် အိမ်ထောင်စုသုံး တစ်ကိုယ်ရေ သန့်ရှင်းရေး အသုံးအဆောင် ပစ္စည်း ၄,၄၀၀ ဝေမျှပေး ခြင်းတို့ဖြင့် သက်ကြီးရွယ်အို ၂,၃၀၄ ဦး နှင့် မသန်စွမ်း ၂၈၅ ဦး အပါအဝင် လူပေါင်း ၂၁,၅၅၄ ဦး ( အမျိုးသမီး ၄၉ ရာခိုင်နှုန်း)ထံ ရောက်ရှိခဲ့ပါသည်။

Danish Refugee Council (DRC) နှင့် Norwegian Refugee Council (NRC) တို့သည် စီမံကိန်း ရင်းမြစ်များအား ရခိုင်ပြည်နယ်တွင် ရပ်ရွာလူထုအဆင့် ကာကွယ်ထိန်းချုပ်ရေး၊ ကြိုတင်ပြင် ဆင်ရေး နှင့် တုံ့ပြန်ဆောင်ရွက်ရေး တို့အား ခိုင်မာအားကောင်းစေရန်အတွက် အဓိက ဦး တည်ဆောင်ရွက်ရန် သတ်မှတ်ခဲ့ပါသည်။ ယင်း တို့တွင် WASH ဆိုင်ရာ ကူညီပံ့ပိုးမှု၊ စားနပ် ရိက္ခာမဟုတ်သည့် ပစ္စည်းများ၊ နှာခေါင်းစည်း များနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး အသုံး အဆောင် ပစ္စည်းများနှင့် အသိအမြင်မြှင့်တင်ရေး တို့ ပါဝင်ပါသည် ။ အသိပညာ မြှင့်တင်ရေး နှင့် တစ်ကိုယ်ရေ သန့်ရှင်းမှု မြှင့်တင်ရေး တို့မှတဆင့် လူငယ် ၁,၀၀၀ ကျော် ထံ ရောက်ရှိခဲ့ပါသည်။

IRC သည် မြေပုံမြို့နယ်တွင် ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူ စခန်း ကိုးခုအတွက်

WASH ဆိုင်ရာ လိုအပ်ချက်များအတွက် တုံ့ပြန် ဖြည့်ဆည်းပေး ခဲ့ပြီး ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူ ၂,၇၁၄ ဦး အပါအဝင် အိမ်ထောင်စု ၂,၇၂၃စုမှ လူပေါင်း ၁၁,၇၀၉ ဦး စု အတွက် တစ်ကိုယ်ရေ သန့်ရှင်းရေး အသုံးအဆောင် ပစ္စည်းများ ဖြန့်ဝေပေးခဲ့ပါသည်။

## လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်စေပြီး လုပ်အားခငွေ ပေးချေခြင်း (cash for work )

ကိုရိုနာ ဗိုင်းရပ်စ်ရောဂါပိုးကြောင့် ဖြစ်သည့် လူမှု စီးပွား အကျိုး သက်ရောက်မှုများအား ဖြေရှင်းနေ ရသည့် အကူးအပြောင်း ကာလဖြစ်သည့် ဇွန်လ တွင် Save the Children သည် ပြန်လည် အသုံးပြု၍ရသည့် နှာခေါင်းစည်းများ ထုတ်လုပ် ရန်အတွက် ပေါက်တောရှိ အထည်ချုပ် လုပ်သူ ၃၀ ဦးအတွက် Cash for Work အစီအမံ များ တည်ထောင်ခဲ့ပါသည်။

Danish Refugee Council (DRC) နှင့် Norwe-gian Refugee Council (NRC) တို့သည် နှာခေါင်း စည်းများ ချုပ်ရန်နှင့် မျက်နှာ အကာများ ပြုလုပ် ရန်အတွက် သက်ဆိုင်ရာ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာ (TVET) သင်တန်း ဆင်းများ အား ချိတ်ဆက် ဆောင်ရွက်ခဲ့ပါသည်။ သင်တန်းဆင်းများသည် ယခုအခါတွင် PPE များ ထုတ်လုပ်နေပြီး ၎င်းတို့ ထုတ်လုပ်သည့် ထွက် လာရှိသည့် ထုတ်ကုန်များအပေါ် မူတည်၍ ငွေ ပေးချေခြင်းဖြင့် ကူညီပံ့ပိုးခဲ့ပါသည်။ ပူးပေါင်း အဖွဲ့အစည်းမှ ကျန်းမာရေး နှင့် အားကစား ဝန်ကြီးဌာန၏ စံသတ်မှတ်ချက်များအား ပြည့်မီ သည့် လျှော်ဖွတ်၍ ရသည့် နှာခေါင်းစည်းများ ချုပ်လုပ်ရန်အတွက် ငယ်ရွယ်သည့် အမျိုးသမီး စက်ချုပ်ပညာရှင် ၁၁၇ ဦး (မွတ်စလင်မ် ၈၄ ရာခိုင်နှုန်း) အား နည်းပညာအကူအညီ၊ ပိတ်စ များ နှင့်ပစ္စည်းများနှင့် နေ့စားခများ [၁] ကူညီ ထောက်ပံ့ပေးခဲ့ပြီး ယခုအချိန်အထိ နှာခေါင်း စည်း ၆၂,၀၁၄ ခု ထုတ်လုပ်ခဲ့ပြီး ဖြစ်ပါသည်။ နှာခေါင်းစည်းများအား ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူ စခန်းများရှိ ထိခိုက်လွယ် သည့် အုပ်စုများအား ဦးစားပေးပြီး ရခိုင်ပြည် နယ်ရှိ ရပ်ရွာလူထုများအတွက် ဖြန့်ဝေ ပေးခဲ့ပါ သည်။ ထုတ်လုပ်မှု တိုးတက်လာသည်နှင့်အမျှ စီမံကိန်း မိတ်ဖက်များမှ နှင့် နှာခေါင်းစည်းမှာ ယူ ရန် စိတ်ဝင်စားသည့် လူငယ်များနှင့် အကောင် အထည်ဖော်ရေး မိတ်ဖက်များကြား ချိတ်ဆက် နိုင်ရန် ကူညီပံ့ပိုးပေးမည် ဖြစ်သည်။ ထိုသို့သော နှာခေါင်းစည်းများ လိုအပ်ခြင်းမှ အထူးသဖြင့် အမျိုးသမီး များ အတွက် စီးပွားရေးအခွင့်အလမ်း အချို့ ဖန်တီးပေး ခဲ့ပါသည်။

## အရပ်ဘက် လူမှုအဖွဲ့အစည်းထံ လက်လှမ်းမီ ရောက်ရှိမှု

ရခိုင်ပြည်နယ်ရှိ ခိုင်မာအားကောင်းသည့် အရပ် ဘက် လူမှုအဖွဲ့အစည်းထံ ကူညီထောက်ပံ့မှုများ ရောက်ရှိမှုကို တိုးချဲ့ရန်နှင့် ဖြည့်ဆည်းပေးရန် အတွက် LIFT ၏ ရန်ပုံငွေ ဘုတ်အဖွဲ့မှ မေတ္တာ ဖောင်ဒေးရှင်းမှ စီမံခန့်ခွဲမည့် အသေးစား ရန်ပုံငွေ အထောက်အပံ့ ယန္တရားကို တည်ထောင်နိုင်ရန် ခွင့်ပြုပေးခဲ့ ပါသည်။ ရခိုင်ပြည်နယ်ရှိ ထိခိုက် လွယ် အုပ်စုများနှင့် ပြည်တွင်း နေရပ် စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူ များ အား မိမိကိုယ်ကို ကာ ကွယ်နိုင်ရန်နှင့် COVID–19 ကမ္ဘာ့ကပ်ရောဂါ ဘေး မှ လူမှုစီးပွား အကျိုး သက်ရောက်မှု များမှ ပြန်လည်နာလံထူနိုင်ရန်အတွက် အသေးစားရန် ပုံ ငွေ ထောက်ပံ့မှု ယန္တရားမှတဆင့် အကူ အညီ ပေးရန် ဇူလိုင်လ ၁ ရက်နေ့မှ စတင်ခဲ့ပြီး ရခိုင် အခြေစိုက် အရပ်ဘက် လူမှုအဖွဲ့အစည်းများ နှင့် ၁၈ လကြာ အတူ လက်တွဲ ဆောင်ရွက်မည် ဖြစ် ပါသည်။ မေတ္တာမှ CSO ၁၁ ဖွဲ့ အတွက် အသေး စား ရန်ပုံငွေ အထောက်အပံ့များ မြန်မြန် ဆန် ဆန် ထုတ်ပေးခဲ့ပြီး အောက်တိုဘာ ၂၃ ရက်နေ့ တွင် COVID–19 ကပ်ရောဂါ တုံ့ပြန် ကာကွယ်ရေး လုပ်ငန်း၏ တစိတ်တဒေသ အဖြစ် မေတ္တာက စီမံ ခန့်ခွဲသည့် ရခိုင်ပြည်နယ်ရှိ အသေးစား ရန်ပုံငွေ အထောက်အပံ့ မှ လူပေါင်း ၂၆,၅၉၀ ဦး ( အမျိုး သမီး ၅၃ ရာခိုင်နှုန်း) ထံ ရောက်ရှိခဲ့ပါသည်။ ကူညီထောက်ပံ့မှုမှ မြို့နယ် ရစ် မြို့နယ်ရှိ ရောဂါပိုး ရှိမရှိ စောင့်ကြပ် ကြည့်ရှု ရေး စင်တာ ၁၀ ခု နှင့် မြို့နယ်လေးခုရှိ မွတ်စလင်မ် ယာယီ စခန်းများအပါအဝင် ယာယီစခန်း ၁၂ ခုထံ

၁။ တစ်ရက်လျှင် နှာခေါင်းစည်း အခု ၂၀ ထုတ်လုပ်ပြီးစီးပါက ကျပ်ငွေ ၅,၀၀၀

ရောက်ရှိခဲ့ပါသည်။ သို့ဖြင့် LIFT အနေဖြင့် ၂၀၂၀ခုနှစ် ဩဂုတ်လလယ်မှ အစပြု၍ ရခိုင်ပြည်နယ်တွင် တွေ့ရှိရသည့် ဒေသတွင်း အလျှင်အမြန် ကူးစက်မှု ပေါ်ထွက်လာသည့် လိုအပ်ချက် အသစ်များအား မြန်မြန်ဆန်ဆန် တုံ့ပြန်ကာကွယ်နိုင်စေခဲ့ပါသည်။ အဆိုပါ အသေးစား ရန်ပုံငွေ အထောက်အပံ့များဖြင့် ရခိုင်ပြည်နယ်ရှိ CSO များ မှ အသိပညာ မြှင့်တင်ရေး ဆောင်ရွက်ရန်၊ PPE ဝတ်စုံများ ပံ့ပိုးပေးရန်၊ COVID-19 နှင့် ဆိုင်သည့် သတင်းအချက်အလက်နှင့် ပညာပေးစာစောင် (IEC) များ ဖြန့်ဝေပေးရန် မြို့ပြဒေသများ ရှိ ရောဂါပိုး ရှိမရှိ စောင့်ကြပ်ကြည့်ရှုရေး စင်တာများ၊ ကျေးရွာများနှင့် ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူ စခန်းများအား ကူညီထောက်ပံ့ပေးရန်အတွက် မရှိမဖြစ် လိုအပ်သည့် ကူညီပံ့ပိုးမှုများ ရရှိခဲ့ပါသည်။ ပြည်တွင်း NGO က စီမံခန့်ခွဲပြီး အသေးစား အရပ်ဘက် လူမှုအဖွဲ့အစည်း အုပ်စုများအတွက် ရန်ပုံငွေ ထုတ်ပေးလျက်ရှိသည့် အသေးစား ရန်ပုံငွေ အထောက်အပံ့ ယန္တရား မှ ဒေသခံ ပြည်တွင်းအဖွဲ့အစည်းများ၏ ခိုင်မာ တောင့်တင်းမှု၊ ကြံ့ကြံ့ခံနိုင်မှု၊ စိတ်ပိုင်း ဖြတ်နိုင်မှု နှင့် လက်လှမ်းမီ ရောက်ရှိနိုင်စွမ်းတို့အား မြန်ဆန်စွာ ပြသနိုင်ခဲ့ပါသည်။



## ပြန်လည်သုံးသပ်ခြင်း၊ လေ့လာသင်ယူခြင်းနှင့် ရှေ့သို့ မှန်းမျှော်ခြင်း

**အစိုးရဌာနများ၊ တိုင်းရင်းသား ဝန်ဆောင်မှုပေးသူများနှင့် လက်ဦးမှုရယူပြီး အကြောင်းအရာအလိုက် ရွေးချယ်စရာများကို နီးကပ်စွာ LIFT နှင့် မိတ်ဖက် အဖွဲ့အစည်း များသည် ပူးပေါင်းညှိနှိုင်းခြင်းဖြင့် ရှေ့တန်းမှ တုံ့ပြန် ကာကွယ်ရန်အတွက် ဦးစားပေးများ နှင့် စီမံကိန်းဆောင်ရွက်မှုဆိုင်ရာ နည်းလမ်းများ မြန်ဆန်စွာ ဖော်ထုတ်နိုင်ခဲ့ပါသည်။** LIFT သည် ပြည်ထောင်စု အဆင့် ရှိ ပြည်သူ့ ကျန်းမာရေး ဦးစီးဌာန နှင့် ပြည်နယ်ကျန်းမာရေး ဦးစီးဌာနများ ၊ ပြည်နယ်၊ ကျေးရွာနှင့် ရပ်ကွက် အဆင့်များရှိ လူမှုဝန်ထမ်း ဦးစီးဌာန နှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန တို့နှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ အထူးသဖြင့် LIFT ၏ တုံ့ပြန်ကာကွယ်ရေးလုပ်ငန်းများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မှ ရေးဆွဲခဲ့သည့် ပြည်တွင်းနေရပ် စွန့်ခွာသူများ ယာယီခိုလှုံရာစခန်းများ (IDP စခန်းများ)တွင် COVID-19 (ကူးစက်တတ်သည့် ကိုရိုနာ ဗိုင်းရပ်စ် ရောဂါပိုး မွှား) ထိန်းချုပ်၊ ကုသနိုင်ရေး အတွက် လုပ်ငန်း စီမံချက် နှင့် ကိုက်ညီမှုရှိစေရန် လူမှု ဝန်ထမ်း ဦးစီးဌာနနှင့် လက်တွဲ၍ ဆောင်ရွက် ခဲ့ပါသည်။ မြန်မာနိုင်ငံ အရှေ့မြောက် ဒေသနှင့် အရှေ့တောင်ပိုင်း ဒေသရှိ အစိုးရ အုပ်ချုပ်ရေး လက်လှမ်းမီ ရောက် ရှိခြင်း မရှိသည့် ဒေသများတွင် LIFT ၏ မိတ်ဖက် အဖွဲ့အစည်းများသည် EAO အမျိုးမျိုး အောက်ရှိ တိုင်းရင်းသား ကျန်းမာရေး အဖွဲ့အစည်းများနှင့် အတူ လက်တွဲ လုပ်ကိုင်လျက်ရှိပါသည်။ LIFT အနေဖြင့်လည်း အလှူရှင်အဖွဲ့များ၊ ကျန်းမာရေး ဝန်ဆောင်မှု လက်လှမ်းမီရရှိရေး ရန်ပုံငွေ နှင့် HARP Facility တို့နှင့် တုံ့ပြန်ဆောင်ရွက်မှုများ ချိန်ညှိရန်နှင့် တုံ့ပြန်ဆောင်ရွက်မှုများကြား စုပေါင်း ညှိနှိုင်းဆောင်ရွက်မှု အကျိုးရလဒ် တည် ဆောက်ရန် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခဲ့ ပါသည်။

**SWISSAID ၏ တောင်တန်းဒေသ မြို့နယ် ရန်ပုံငွေ (UTF) အစီအစဉ် မှ ဗိုင်းရပ်စ် ပြန့်နှံ့မှုကို ဟန့်တားနိုင်ရန်အတွက် ပင်မ မြို့နယ် သန္ဓေဝင် ရပ်ရွာလူထု အုပ်စု နှင့် ဒေသခံ ပရဟိတ အုပ်စု ၁၅ ခု များ အား မြန်မြန်ဆန်ဆန် ဆော်ဩစည်းရုံးနိုင်ခဲ့ပါသည်။** CSO များ (UTF ၏ ထောက်ပံ့မှု ရရှိသည့် အဖွဲ့များ) သည် အောက်ခြေအဆင့် အစီအစဉ်များအတွက်လည်း တန်ဖိုးထပ်ဆောင်း ပေးခဲ့ကြပါသည်။ ဒေသခံအဆင့်တွင် အစိုးရ အာဏာပိုင်များတွင် ဘဏ္ဍာရေး နှင့် လူ့စွမ်းအား အရင်းအမြစ် များတွင် အကန့် အသတ်ရှိပါသည်။ အစိုးရ ၏ တုံ့ပြန်ကာကွယ်ရေး လုပ်ငန်းများရှိ လစ်ဟာချက် အချို့ကို ဖြည့်ဆည်းရန် အတွက် အရပ်ဘက် လူမှုအဖွဲ့အစည်း အုပ်စုများသည် ဒေသခံ စီးပွားရေး လုပ်ငန်း များနှင့် ကြွယ်ဝချမ်းသာသူများထံမှ ရန်ပုံငွေ ကောက်ခံရာတွင်လည်း တက်ကြွစွာ ပါဝင်ခဲ့ကြ ပါသည်။

**ဒေသခံများနှင့် ထိတွေ့ဆောင်ရွက်ရေး၊ ညှိနှိုင်းဆောင်ရွက်ရေး နှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများသည် အားလုံးပါဝင်သည့် ရှေ့တန်းမှ တုံ့ပြန်ကာကွယ်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် မရှိမဖြစ် အရေးပါပါသည်။** အကူအညီပေးလျက်ရှိသည့် အုပ်စုများနှင့် နယ်မြေခံ များကြား အပြန်အလှန် ယုံကြည်မှုရှိ သည်ဆိုပါက ရပ်ရွာလူထု ကိုယ်တိုင် ကာကွယ် နိုင်ရန်အတွက် လိုအပ်ချက်များကို လျင်မြန်တိ ကျစွာ သုံးသပ်နိုင်ရန်နှင့် ကူညီ ထောက်ပံ့မှုများ ပေးရန် ဖြစ်နိုင်ပါသည်။ ဖြစ်ရပ်အများအပြားတွင် နိုင်ငံရေးအရ သဘောတူညီချက်များ နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များရှိ အယုံအကြည်မရှိခြင်း သည် မြေပြင်အခြေအနေတွင် လက်တွေ့ကျကျ နှင့် ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်မှု အတွက် အဟန့်အတား တစ်ခု ဖြစ်နေကာ ရှေ့တန်းမှ တုံ့ပြန်ကာကွယ်ရေးလုပ်ငန်းများ၏ စွမ်းဆောင် နိုင်စွမ်းကိုလည်း အကန့် အသတ်ဖြစ်စေပါသည်။ အစိုးရ၊ တပ်မတော်နှင့် EAO များကြား ယာယီ အစီအမံများ နှင့် စပ်လျဉ်း၍ တရားဝင် သဘော တူညီချက် မရှိသဖြင့် ပဋိပက္ခဒဏ် ခံစားရသည့် ဒေသများနှင့် သဘောထားကွဲလွဲမှု ဖြစ်ပွားရာ ဒေသများတွင် တိုင်းရင်းသား ကျန်းမာ ရေး စောင့် ရှောက်မှု ဝန်ဆောင်မှု ပေးသူများအား ကူညီ ထောက်ပံ့ပေးရန်အတွက် ပြည်သူ့ကျန်းမာရေးနှင့် ပဋိပက္ခ လျော့ချရေးဆိုင်ရာ မရှိမဖြစ် အရေး ကြီးသည့် လိုအပ်ချက်များ ရှိနေပါသည်။

**ဤ ကပ်ရောဂါဘေးကြောင့် ပူးပေါင်းဆောင်ရွက်**

**မှု ပုံစံ အသစ်များအတွက် အခွင့်အလမ်းများ ပေါ်ထွက်လာခဲ့ပါသည်။** CSO များသည် ထိခိုက်လွယ်အုပ်စုများ၏ လိုအပ်ချက်များနှင့် ဒေသအာဏာပိုင်များ၏ စီမံချက်များကြား ပေါင်းကူးအဖြစ် ဖန်တီးပေးကာ တက်ကြွစွာ ပါဝင် ဆောင်ရွက်လျက် ရှိပါသည်။ CSO များသည် အခြေအနေကိုလိုက်၍ ကူညီထောက်ပံ့ပေးခြင်း (ဥပမာ ဒေသခံ တိုင်းရင်းသား ဘာသာစကားများ ဖြင့် အသိပညာမြှင့် တင်ပေးခြင်း) ဖြင့် ဝေးလံခေါင်ဖျား နေရာများရှိ ရပ်ရွာလူထုထံ ရောက်ရှိနိုင်ခဲ့ကာ ၎င်းတို့၏ အဖွဲ့ဝင်များ။ အခြားဝန်ဆောင်မှုပေးသူ များ နှင့် ရပ်ရွာလူထုအား ချိတ်ဆက် ပေးခြင်း တို့ဖြင့် ရင်းမြစ်များ ထပ်မံရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်း လှုပ်ရှားဆောင်ရွက်သူ များသည် ၎င်းတို့အနေဖြင့် ဒေသ အာဏာပိုင်များထံမှ ယုံကြည်မှုနှင့် အသိ အမှတ်ပြုမှု ပိုမိုရရှိခဲ့ပြီး ယင်းတို့နှင့် ပူးပေါင်း ဆောင်ရွက်ရာတွင်လည်း မိမိကိုယ်ကို ယုံကြည်မှု ပိုတိုးလာကြောင်း သုံးသပ်ခဲ့ကြပါသည်။

**အသွားအလာ တင်းကြပ်စွာ ကန့်သတ်ထားသည့် ဒေသများတွင် မရှိမဖြစ် လိုအပ်သည့် အကူအညီနှင့် ထောက်ပံ့မှုများ ပေးနိုင်ရန် စေတနာ့ဝန်ထမ်းများ၏ ကွန်ရက်က အရေးပါပါသည်။** ဥပမာအားဖြင့် ရခိုင်ပြည်နယ်ရှိ ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူ စခန်းများတွင် စခန်းအခြေစိုက် ဝန်ထမ်း များနှင့် စေတနာ့ဝန်ထမ်းများ ထားရှိခြင်းဖြင့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ မရှိမဖြစ်အရေးပါသည့် လုပ်ငန်းများ ဆက်လက်လည်ပတ် ဆောင်ရွက်နိုင်မည် ဖြစ်ပြီး ပြင်းထန်အာဟာရချို့တဲ့ ဝေဒနာ ခံစားရသည့် ကလေးသူငယ်များအား ဆက်လက် ကုသပေးနိုင် မည်ဖြစ်ပါသည်။ ပြည်တွင်း နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူ များအတွက် ယာယီ ခိုလှုံရာ စခန်းများတွင် လူငယ်များက ခွန်အား အပြည့်အဝဖြင့် ပါဝင် ပူးပေါင်းခဲ့ကြပါသည်။ ယင်းအချက်မှာ လူငယ်များ အနေဖြင့် ရခိုင်ပြည် နယ်တွင် ၎င်းတို့၏ ရပ်ရွာလူထုများကြား အသိအမြင် မြှင့်တင်ခြင်း လုပ်ငန်းများ နှင့် သက်တူရွယ်တူများအတွက် စိတ်လူမှု စောင့်ရှောက်မှု အကူအညီပေးခြင်း လုပ်ငန်းများတွင် ဦးဆောင်ဦးရွက်ပြုရန် NRC နှင့် ပူးပေါင်းဆောင်ရွက်ခြင်းတွင် အထူးသဖြင့် ပေါ်လွင် ထင်ရှားပါ သည်။

**ထိခိုက်လွယ်အုပ်စုများအနေဖြင့် အကျပ်အတည်းနှင့် ဖိစီးမှုများအား လုံလောက်သည့် ကြံ့ကြံ့ခံနိုင်စွမ်းရှိစေရန်အတွက်မူ အလေးထား ရမည့် လစ်ဟာမှုများ/ ကွာဟချက်များ ရှိနေဆဲဖြစ်သည်။** အထူးသဖြင့် ကျေးလက်ဒေသနှင့် ပဋိပက္ခ ဒဏ်ခံဒေသများအပါအဝင် နိုင်ငံ အနှံ့အပြားရှိ ဒေသအများအပြားတွင် COVID-19 ကပ်ရောဂါကြောင့် အရည်အသွေးပြည့်ဝသည့် အခြေခံ ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးမှု သီးသန့် ဝန်ဆောင်မှုများအား ဆိုးဆိုးရွားရွား ပြောင်းလဲစေခဲ့ပါသည်။ ပြည်သူ့ကျန်းမာရေး စနစ်တွင်းရှိ လူ့စွမ်းအားအရင်းအမြစ်များ နှင့် ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်များ အား COVID-19 လူနာများ အား ကုသပေးရန် အာရုံစိုက်နေချိန်တွင် မရှိမဖြစ်လို အပ်သည့် ကျန်းမာရေးနှင့် အာဟာရ ဖွံ့ဖြိုးမှု ဆိုင်ရာ ဝန်ဆောင်မှုများ အရေးတကြီး လိုအပ်နေသောနေရာ အများအပြားတွင် ရပ်ဆိုင်း ခဲ့ပါသည်။ ဥပမာ အားဖြင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန မှ တာဝန်ရှိသူများ ၏ ပြောကြား ချက် အရ မိခင်နှင့် ကလေး ကျန်းမာရေး ဝန်ဆောင်မှု အမြောက်အမြား ရပ်တန့် သွားသဖြင့် နိုင်ငံအနှံ့အပြား ကာကွယ်ဆေးထိုးသည့် နှုန်းများ အလွန်အမင်း ကျဆင်းသွားခဲ့ပါသည်။

**မြို့နယ်အဆင့်တွင် ကျန်းမာရေး ဦးစီးဌာနများ၏ ရင်းမြစ်များမှာ အလွန် နည်းပါးပြီး အရပ်ဘက်လူမှုအဖွဲ့အစည်း၊ နိုင်ငံတကာ နှင့် ပြည်တွင်း အဖွဲ့အစည်းများ ၏ ကူညီထောက်ပံ့မှုမှာ အလွန် အရေးပါ ခဲ့ပါသည်။** မြန်မာ့ကျန်းမာရေးစနစ်မှာ ဗဟို ဦးစီးချုပ်ကိုင်မှု အလွန်အမင်း များသော်လည်း ကပ်ရောဂါ ကာလတွင် ပြည်နယ်၊ တိုင်းဒေသကြီး နှင့် မြို့နယ်အဆင့်များတွင် မတူ ညီသည့် စည်းမျဉ်းစည်းကမ်းများ နှင့် အစီအမံ များ ရှိနေခဲ့ပါသည်။ သို့သော်ငြားလည်း လူမှုအသိုက်အဝန်း အများအပြားသည့် ၎င်းတို့နည်း ၎င်းတို့ဟန်ဖြင့် ကာကွယ်ရေးနှင့် တားဆီးရေး အစီအမံများ ဥပမာ ၎င်းတို့ ကျေးရွာများအား ပြင်ပလူ မဝင်စေရန် လုံးဝ ပိတ်ဆို့ထားခြင်းတို့ စီမံဆောင်ရွက်ခဲ့ကြပါသည်။

WASH ဆိုင်ရာ လိုအပ်ချက်များ ဖြေရှင်းရန်မှာ ဦးစားပေး ဖြစ်နေဆဲ ဖြစ်ပါသည်။ ပြည်တွင်း ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူ အသစ်များ အတွက် ယာယီခိုလှုံရာ စခန်း အများအပြားတွင် WASH ဆိုင်ရာ အခြေခံ အဆောက်အဦ လက်လှမ်းမီ ရရှိမှု နည်းပါခြင်းကြောင့် ဆပ်ပြာဖြင့် လက် မကြာခဏဆေးရန် အကြံပြုတိုက်တွန်းချက်မှာ အများအပြား အတွက် လက်တွေ့ကျခြင်းမရှိဘဲ ဖြစ်နေပါသေးသည်။ ရံဖန်ရံခါတွင် အသွားအလာ ကန့်သတ်စောင့် ကြည့်ရာ နေရာများ စတင်တည်ထောင်သည့် အချိန်တွင် WASH ဆိုင်ရာ လိုအပ်ချက်များအား ဦးစားပေးခြင်း မရှိခဲ့ကြောင်းလည်း တွေ့ရတတ်ပါသည်။ ဤသည်မှာ နေရာ အများအပြားတွင် LIFT အတွက် COVID–19 မှ ဖန်တီးပေးလိုက်သည့် လတ်တလောနှင့် ကာလတို လိုအပ်ချက်များအား ကျော်လွန်ကာ အကျိုးကျေးဇူးများ ရရှိနိုင်မည့် ဖြစ်သည့် WASH ဆိုင်ရာ အခြေခံ အဆောက်အဦ တည်ဆောက်ရေး ကို ဦးစားပေးရမည်ဟူသော အဓိပ္ပါယ် ဆောင်ပါသည်။

**မရှိမဖြစ် လိုအပ်သည့် ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုများ ရပ်တန့်သွားခြင်းနှင့် COVID–19 နှင့် ဆက်နွယ်နေသည့် လူမှုစီးပွား အကျိုးသက်ရောက်မှု ဆိုးကျိုးများသည် ထိခိုက်လွယ် အုပ်စုများ၏ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အဆင့် အတန်းကို နိမ့်ကျသွားစေမည် ဖြစ်ပါသည်။** ရခိုင်ပြည်နယ်တွင် လွတ်လပ်စွာ သွားလာနိုင်ခြင်း မရှိသူများ နှင့် လက်နက်ကိုင် ပဋိပက္ခများမှ ထိခိုက်ခံစားရသည့် ဒေသများရှိ လူများမှ ကျန်းမာရေး စောင့်ရှောက်မှုအား လက်လှမ်းမီ ရရှိရန် အလွန်အမင်း နည်းပါးနေသေးသည်။ ကပ်ရောဂါကြောင့် အဆိုးရွားဆုံး သက်ရောက်မှု ခံစားရပြီး၊ ခရီးသွားလာခြင်း နှင့် စီးပွားရေး လုပ်ငန်းများအား ကန့်သတ်ခြင်း များကြောင့် အမျိုးသမီးများနှင့် အခြား ထိခိုက်လွယ် အုပ်စုများသည် သက်ရောက်မှုအား အများဆုံး ခံစားကြရပါသည် ။ ယင်းမှ အထူးသဖြင့် အမျိုးသမီးများ နှင့် မိန်းကလေးများ ဖြစ်သည့် ထိခိုက်လွယ်သူများ ရရှိနိုင်မည့် ကာကွယ် စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများ နှင့် ချိတ်ဆက်ပေးခြင်း ၏ အရေးပါမှုကို အလေးထား အာရုံစိုက်ပါသည်။

***မြန်မာနိုင်ငံ၏ လူမှုစီးပွား မတူကွဲပြားမှုများအရ အားလုံးနှင့်သင့်တော်သည့် ချဉ်းကပ်နည်းလမ်းမှာ အပြည့်အဝ ထိရောက်မှု မရှိနိုင်ချေ။*** COVID–19 ကပ်ရောဂါမှာ လူမှုရေး၊ စီးပွားရေး၊ ကျားမ ရေးရာနှင့် စိတ်ပိုင်းဆိုင်ရာ ကြီးမားသည့် သက်ရောက်မှုများ ရှိသည့် ပြည်သူ့ကျန်းမာရေး ဆိုင်ရာ ကပ်ဘေး တစ်ခုထက် ပိုမိုကြီးမားသည့် ကပ်ဘေးကြီးတစ်ခုဖြစ်ပါသည်။ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ LGBTQI၊ မသန်စွမ်းများ၊ ယာယီစခန်းများရှိ ပြည်တွင်း နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူ များ၊ အလုပ်လက်မဲ့များ နှင့် ဆိုးကျိုးသက်ရောက် နိုင်ချေရှိသူများ ၏ မတူညီ သည့် အတွေ့အကြုံများ၊ စိန်ခေါ်မှုများ နှင့် လိုအပ်ချက်များအား နားလည်သဘောပေါက်ရန်၊ ထိုအချက်များအား ထင်ဟပ်စေမည့် တုံ့ပြန်ကာကွယ်ရေး စနစ်များ အကောင်အထည်ဖော်ရန်နှင့် စီမံကိန်း ဆောင်ရွက်ချက်များမှ မည်သူ့ကိုမျှ ထိခိုက်နစ်နာခြင်း မရှိစေရန်တို့အတွက် ဆန်းစစ် ရရှိမှုများကို သတင်း အချက်အလက်များ ခွဲခြမ်း စိတ်ဖြာရန်နှင့် ထိုသူများ၏ လိုအပ်ချက်များ ကို နားလည်သဘောပေါက်နိုင်ရန် လိုအပ်ပါသည်။ ရွှေ့ပြောင်း သွားလာသူများ၊ နေရပ်စွန့်ခွာရသူများ နှင့် နိုင်ငံမဲ့များသည် အထူးသဖြင့် အန္တရာယ် များပြီး ယင်းအုပ်စုများမှာ သတင်းအချက်အလက်၊ ဝန်ဆောင်မှုများ နှင့် ရင်းမြစ်များ လက်လှမ်းမီ ရရှိမှု အခြေအနေ အဆင့်အမျိုးမျိုး ရှိကြပါသည်။

***အကျိုးခံစားခွင့် ရှိသူများ ၏ ဖုန်းနံပါတ်များ နှင့် ဆက်သွယ်ရန် အချက်အလက်များနှင့်ဆိုင်သည့် နောက်ဆုံးရ အချက်အလက်များပါ ဒေတာ ဘေ့စ်ကို ထိန်းသိမ်းထားခြင်း သည် ဆက်သွယ် ပြန်ကြားရေး လမ်းကြောင်းများ ထိန်းသိမ်းရန်၊ သက်ဆိုင်သည့် သတင်း အချက်အလက်ကို မျှဝေရန် အတွက် သာမက အာဟာရ ဆိုင်ရာ အကြံဉာဏ်ပေးခြင်း ကဲ့သို့သော မရှိမဖြစ်လိုအပ်သည့် အဝေးရောက် စနစ်ဖြင့် ကူညီပံ့ပိုးပေးခြင်း တို့ အတွက် အရေးကြီးပါသည်။*** သို့သော်လည်း နေရာဒေသအလိုက် မညီမျှမှုများ ရှိနေဆဲ ဖြစ်ပါသည်။ ပဋိပက္ခဒဏ် ခံစားရသည့် နေရာများတွင် နေထိုင်ကြသည့် ရပ်ရွာလူထုများ နှင့် ကောင်းမွန်

သည့် ဆက်သွယ်ရေး ကွန်ရက်များ (ဥပမာ မိုဘိုင်းလ်နှင့် အင်တာနက် ကွန်ရက်များ) လက်လှမ်းမီရရှိခြင်းမရှိသည့်သူများ သည် COVID–19 အား ၎င်းတို့ကိုယ်ကို မည်သို့ ကာကွယ်ရမည် ဆိုသည့် နှင့် စပ်လျဉ်း၍ လုံလောက်သည့် အချက်အလက်များ လက်လှမ်းမီ ရရှိနိုင်ခြင်း မရှိသည့်အပြင် နီးစပ်မှုရှိသည့်၊ နောက်ကျနေသည့် သတင်းအချက် အလက်များနှင့် ကောလဟာလ များကိုသာ ရရှိကြပါသည်။ အထူးသဖြင့် ပဋိပက္ခ ဒဏ်ခံဒေသများတွင် အင်တာနက်နှင့် ကွန်ရက် ဆက်သွယ်ရေး စနစ်အား ရရှိရန် မဖြစ်နိုင်သည့်အခါ အခြား ဆက်သွယ်ရေး မဟာဗျူဟာ များ ဖော်ဆောင်ရန် လိုအပ်ပါသည်။

**COVID–19 နှင့် ဆက်နွယ်နေသည့် ရေးသားပြောဆိုမှုများနှင့် အတွေ့အကြုံများသည် ပိုးသယ်ဆောင်သူ ဖြစ်နေမည်လားဟူသည့် ကြောက်ရွံ့စိတ်ဖြင့် 'အခြားသူများအပေါ်' ကြောက်ရွံ့စိတ်ကို မြင့်တက်စေသည့် အခြေအနေ ဖြစ်လာစေခဲ့ပါသည်။** ယင်းမှ အခြား ဘာသာဝင်များနှင့် တိုင်းရင်းသား အုပ်စုများ၊ နိုင်ငံခြားသားများနှင့် အခြားနိုင်ငံများ မှ ပြန်လာသူများ အား ကြောက်ရွံ့ခြင်း (သို့) ယုံကြည်မှု မရှိခြင်းတို့ အလွယ်တကူ ပေါင်းစပ် လာစေနိုင်ပါသည်။ မတိကျသည့် စကားလုံး အသုံးအနှုန်းများ (ဥပမာ "ပြည်တော်ပြန်၊နေရပ်ပြန်များ၏ ဗိုင်းရပ်စ်" (သို့) COVID–19 "သံသယရှိသူ"များ)သည် လွဲမှားစွာ ပုံသေကားချပ် သတ်မှတ်ခြင်း (သို့) ဗိုင်းရပ်စ် နှင့် အခြား အကြောင်းအချက်များ အား လွဲမှားစွာ တွဲစပ်စဉ်းစားမှုတို့ကို ဖြစ်နိုင်သဖြင့် စီမံကိန်း ဆောင်ရွက်ချက်များ မှ သတင်းစကားများ (အတိ အကျနှင့် သွယ်ဝိုက်သည့်) နှင့် ဆက်သွယ်မှုအား လုံးတို့အား ကြောက်ရွံ့မှုများ၊ တင်းမာမှုများ (သို့) သံသယများ အား မရည်ရွယ်ဘဲ ပိုမိုဆိုးရွား စေသည့် အန္တရာယ်မှ လျှော့ချရန်အတွက် လုပ်ဆောင်ရန် လိုအပ်ပါသည်။

**COVID–19 ကြောင့် စိန်ခေါ်မှုများ ဖြစ်ပေါ်စေ ခဲ့သော်လည်း LIFT သည် ယင်း၏ စီမံကိန်း လုပ်ငန်းများနှင့် လိုက်လျောညီထွေ ဖြစ်စေရန် နှင့် ပြန်လည် ထူထောင်ရေး ဆိုင်ရာ ကြိုးပမ်း မှုများကို ကူညီပံ့ပိုးပေးရန် အခွင့်အလမ်းများကို ကြိုတင်မျှော်မှန်းခဲ့ပါသည်။** ဒေသခံ စီးပွားရေး လုပ်ငန်းများ၊ အသေးစား စီးပွားရေး လုပ်ငန်းများ နှင့် အသေးစား တန်ဖိုးကွင်းဆက်များ အတွင်း၌ အခွင့်အလမ်းများ ရှိပါသည်။ ဗိုင်းရပ်စ်ပိုး ပြန့်နှံ့မှု ကို ကန့်သတ် ထိန်းချုပ်ရန် နှင့် ထိခိုက် လွယ်မှု အများဆုံးသူများအား ကာကွယ်ပေးရန် အပြင် အသက်မွေးဝမ်းကျောင်းမှုများအတွက် ကူညီပံ့ပိုး ပေးနိုင်မည့် အခွင့်အလမ်းများ ရရှိစေရန် တို့အတွက် 'နေထိုင်မှု ပုံစံအသစ်' နှင့် စပ်လျဉ်းသည့် ကာကွယ်တားဆီးရေးဆိုင်ရာ အစီအမံများအား ကာလရှည်ကြာ လိုက်နာကျင့်သုံးရန် လိုအပ်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူ များအတွက် ယာယီစခန်းများတွင် စက်ချုပ် ခြင်းမှာ နောက်ထပ် မလိုအပ် တော့အောင် ပိုလျှံနေသည့် ဈေးကွက်ဖြစ်နေခဲ့ပြီး ယခုအခါတွင် နှာခေါင်းစည်းလိုအပ်ချက်/ဝယ်လိုအား မြင့်တက်လာသဖြင့် စက်ချုပ် လုပ်ငန်းများ၏ တန်ဖိုး မြင့်တက်လာခဲ့ပါသည်။ အဆိုပါ ပြောင်းလဲလာသည့် လိုအပ်ချက်များသည် ရပ်ရွာလူထု အနေဖြင့် ကိုယ့်အားကိုယ်ကိုး ခြင်းအတွက် အထောက်အကူ ဖြစ်စေမည့် အခွင့် အလမ်း များ အဖြစ် ပြောင်းလဲစေခဲ့ပါသည်။ မရှိ မဖြစ် လိုအပ်သည့် ပစ္စည်းများအတွက် ထောက်ပံ့ရေး ကွင်းဆက်များ အဟန့်အတား ဖြစ်ကာ ပြတ်တောက်သွားသဖြင့် မရှိမဖြစ် လိုအပ်သည့် ပစ္စည်းများအား ဒေသတွင်း၌ ထုတ်လုပ်မှုကို ကူညီပံ့ပိုးပေးရန် အခွင့်အလမ်းများလည်း ရှိလာ ပါသည်။ ဆပ်ပြာကဲ့သို့သော ယခင်ကထက် ပို အရေးကြီးလိုအပ်လာသည့် ပစ္စည်းများ အသုံးပြု နိုင်သဖြင့် ဒေသခံ စီးပွားရေးလုပ်ငန်းများနှင့် စွန့်ဦးတီထွင်မှုကို ပြန်လည်သက်ဝင်စေမည် ဖြစ် ပြီး လူများအနေဖြင့် အကျိုးမဖြစ်ထွန်းသော ရင်ဆိုင်ဖြေရှင်းသည့် မဟာဗျူဟာ များ အသုံးပြုခြင်း ကို ရှောင်ရှားနိုင်မည် ဖြစ်ပါသည်။

**ဒေသတွင်း တန်ဖိုးမြှင့်ကွင်းဆက်များ နှင့် ပတ်ဝန်းကျင် ဂေဟစနစ်နှင့်အညီ လည်ပတ်သည့် စီးပွားရေး လုပ်ငန်း များတွင် ကျစ်လျစ်သော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းမှတဆင့် စားနပ်ရိက္ခာနှင့် အာဟာရ ဖွံ့ဖြိုးမှု ဖူလုံမှုတို့ကို မြှင့်တင်နိုင်ပါသည်။** COVID–19 သည် ဥပမာအားဖြင့် ဒေသတွင်း၊ ရပ်ရွာလူထု အခြေပြု ဘက်စုံ စားနပ်

ရိက္ခာ ထုတ်လုပ်မှု စနစ်များ အား ပြန်လည် သက်ဝင်ရှင်သန်စေခြင်းဖြင့် ရပ်ရွာ လူထု၏ ကြံ့ကြံ့ခံနိုင်စွမ်းအား မည်သို့ ထည့်သွင်း စဉ်းစား ရမည်ဆိုသည်ကို အလေးထား စေခဲ့ပါသည်။ အိမ်တွင်း အစားအသောက် ထုတ်လုပ်မှု စနစ်များ က အများအားဖြင့် စီးပွားရေး အလားအလာ ရှိမှု နည်းပါးသော်လည်း ဖိစီးမှုများ ဖြစ်ပေါ်နေသည့် အခြေအနေများ နှင့် ဈေးကွက် သို့ လက်လှမ်းမီမှု အကန့်အသတ်ရှိသော အချိန် များတွင် စားနပ်ရိက္ခာ အတွက် လက်လှမ်းမီ ရရှိရန် မရှိမလို အပ်သည့် နည်းလမ်း အဖြစ် ဆက်လက် ရှိနေဆဲ ဖြစ်ပါသည်။

***ဒေသတွင်းတွင် ကာလတို ဖြစ်ပြီး အားလုံးပါဝင်သည့် တန်ဖိုးကွင်းဆက်သည် အရည်အသွေးပြည့် မီကာ အာဟာရပြည့်ပြီး ဘေးကင်း စိတ်ချရသည့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးသော/ပံ့ပိုးပေးသော စားနပ်ရိက္ခာ စနစ်များအတွင်း ကြံ့ကြံ့ခံနိုင်စွမ်းကို တည်ဆောက်ပေး နိုင်ပါသည်။*** အဆိုပါ တန်ဖိုး မြှင့်ကွင်းဆက်များ ပေါ်ထွန်းလာစေရန် ကူညီထောက်ပံ့ပေးခြင်းတွင် အခြေခံ အဆောက်အဦ အတွက် ရင်းနှီးမြှုပ်နှံမှု (ဥပမာ သိုလှောင်ရုံ) လိုအပ်နိုင်ပြီး အနာဂတ်တွင် တွေ့ကြုံနိုင်သည့် အကျပ်အတည်း စိန်ခေါ်မှုများ အားကြံ့ကြံ့ခံနိုင်စွမ်းရှိစေရန်နှင့် အစားအသောက် စွန့်ပစ်ပစ္စည်း များ၊ ကာဗွန် ထုတ်လွှတ်မှု တို့ လျှော့ချခြင်းတို့နှင့် ဆက်နွယ်နေသည့် စိန်ခေါ်မှု များအား ဖြေရှင်းရန် အတွက် ပံ့ပိုးပေးနိုင်မည့် ပြန်ပြည့်မြဲစွမ်းအင် ရင်းမြစ်များ ထည့်သွင်း တည်ဆောက်နိုင် ပါ သည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှု များအား ပိုမိုပြည့် စုံစေရန် လူငယ် စွန့်ဦးတီထွင်သူများ အနေဖြင့် လိုအပ်သည့် ကျွမ်းကျင်မှုများ နှင့် လုပ်ကိုင်နိုင် စွမ်းရည်တို့ ရှိစေရန် ကူညီပံ့ပိုး ပေးခြင်းတို့လည်း ထည့်သွင်းနိုင်ပါသည်။



## အာဟာရဖွံ့ဖြိုးမှုအား အလေးထားအာရုံစိုက်ခြင်း

### COVID-19 နှင့် လိုက်လျောညီထွေ ဖြစ်စေမည့် စီမံကိန်း လုပ်ငန်းများအတွက် အာဟာရဖောင်းပေး လမ်းညွှန်မှု

LIFT သည် စားနပ်ရိက္ခာ စနစ်အတွင်း ရှိ အစိုးရဌာနများမှ ပတ်သက်ဆက်နွယ်သူများ၊ ဖွံ့ဖြိုးရေး မိတ်ဖက်များ နှင့် လှူပ်ရှားဆောင်ရွက်သူ များ၊ လူမှု ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုပေးနေသူများ နှင့် မူဝါဒ ရေးဆွဲသူများနှင့် စီမံကိန်းလုပ်ငန်းများဆိုင်ရာ ဆုံးဖြတ်ချက် ချပိုင်ခွင့်ရှိသူများ အပါအဝင် ကဏ္ဍစုံမှ ပတ်သက်ဆက်နွယ်သူများ အတွက် **COVID-19 အခြေအနေအတွင်း အာဟာရ ဖောင်းပေးလမ်း ညွှန်** [၂] ရေးဆွဲရန် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အဖွဲ့(FAO)၊ ကမ္ဘာ့ စားနပ်ရိက္ခာ အစီအစဉ် နှင့် ကုလသမဂ္ဂ ကလေးများ ရန်ပုံ ငွေ အဖွဲ့တို့မှ ကျွမ်းကျင်သူများပါဝင်သည့် နည်းပညာ အုပ်စုငယ်အား ဦးဆောင်ခဲ့ပါသည်။ အဆိုပါ လမ်းညွှန်စာတမ်းတွင် COVID-19 ဆိုင်ရာ အကျိုး သက်ရောက်မှုများ လျော့ချနိုင်ရန် အတွက် ရှိဆဲ အာဟာရဖောင်းပေး အစီအစဉ်များအား အကောင်းဆုံး အသုံးချနိုင်မည့် အရေးပါသည့် အခွင့်အလမ်းများ ကို အလေးပေး ဖော်ပြထားပြီး စိုက်ပျိုးရေး၊ လူမှုကာကွယ် စောင့်ရှောက်ရေး နှင့် ပညာရေး ကဏ္ဍများအတွင်းရှိ အာဟာရ ဖောင်းပေး ကဏ္ဍများ အတွက် အစိုးရ၏ ဦးစားပေးများအား တုံ့ပြန် ဆောင်ရွက်နိုင်ရန် အာဟာရ ဖောင်းပေး စီမံကိန်းများအား မည်သို့ လိုက်လျောညီထွေ ဆောင်ရွက်နိုင်မည် ဆိုသည်ကို လမ်းညွှန်ထားပါသည်။ အာဟာရ ဖွံ့ဖြိုးမှုနှင့် စားနပ် ရိက္ခာ ဖူလုံမှု ဆိုင်ရာ အစီအမံများအပေါ် လိုအပ်သည့် COVID-19 ကပ်ရောဂါ သက်ရောက်မှုများ လျှော့ချရန် အတွက် စီမံကိန်း ဆောင်ရွက်ချက်များအားလုံး၏ အဓိက အစိတ်အပိုင်းမှာ အားလုံးပါဝင်ပြီး COVID-19 ရောဂါ အား တုံ့ပြန်ကာကွယ် ထိန်းချုပ်ရေး သတင်းစကားများဖြင့် တုံ့ပြန်ဆောင်ရွက်သော ထိရောက်သည့် အမူအကျင့် ပြောင်းလဲရေး ဆိုင်ရာ ဆက်သွယ်ပြန်ကြားရေး ချဉ်းကပ်နည်းလမ်း များအား ဖြန့်ဝေခြင်း ဖြစ်ပါသည်။ LIFTသည် မြန်မာနိုင်ငံရှိ အာဟာရ ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်နေသည့် မိတ်ဖက်အဖွဲ့အစည်းများ နှင့် အတူ ကျန်းမာရေး နှင့် အားကစား ဝန်ကြီးဌာန ၊ အမျိုးသား အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာန နှင့် လက်တွဲ၍ အဆိုပါ အရေးကြီး သတင်းစကား များ ဖြန့်ဝေရာတွင် ကူညီထောက်ပံ့ ပေးလျက် ရှိပါသည်။

### ရှိဆဲ အာဟာရ ဖွံ့ဖြိုးမှု မူဘောင်များ အတွက် ဆက်လက် ကူညီထောက်ပံ့ခြင်း

LIFT သည် ၂၀၂၀ ခုနှစ်တွင် COVID-19 ကမ္ဘာ့ကပ်ရောဂါ တုံ့ပြန်ကာကွယ်ရန် အတွက် စီမံကိန်း လုပ်ငန်းများအား အဓိက ဦးစားပေး ဆောင်ရွက် လျက်ရှိသည့် ကဏ္ဍပေါင်းစုံ ပါဝင်သည့် အမျိုးသား အာဟာရဆိုင်ရာ ငါးနှစ်စီမံကိန်း (MS-NPAN) အတွက် ဆက်လက် ပံ့ပိုးကူညီပေးလျက် ရှိပါသည်။ ကပ်ရောဂါ ဖြစ်ပွားနေသည့် ကာလတွင်း (၁) စီမံကိန်းများသည် အာဟာရဆိုင်ရာ ထိခိုက်လွယ် ဆုံးသူများ အတွက် ဦးတည်ရည်ရွယ်ရန် နှင့် (၂) ဤကဏ္ဍသည် အာဟာရဆိုင်ရာ ဖူလုံမှုမရှိသည့် ခက်ခဲရှုတ်ထွေးပြီး အပြန်အလှန် ဆက်နွယ်နေသည့် အကြောင်းရင်းများ ဖြေရှင်းရန် အိမ်ထောင်စု အဆင့်အထိ လွှမ်းခြုံသော စီမံကိန်း ဆောင်ရွက်ချက်များအား ချိန်ညှိရန်၊ စီမံချက်များရေးဆွဲရန်အတွက် ကဏ္ဍပေါင်းစုံ ပါဝင်သည့် တုံ့ပြန်ဆောင်ရွက် ရေး လိုအပ်ချက် မှာ ပိုမို ထင်ရှား လာပါသည်။

### ကလေးငယ်များနှင့် မိခင်များအတွက် မှန်ကန်ပြည့်ဝသည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ လိုအပ်ချက်များ သတင်းစကားများ ဆက်လက်ပေးပို့ရန်အတွက် လုပ်ဆောင်ခြင်း

COVID-19 ကာလအတွင်းတွင် ကလေးသူငယ်များနှင့် မိခင်များအတွက် အာဟာရဖွံ့ဖြိုးမှု ကို စနစ်တကျ ဆက်လက် ထိန်းသိမ်းထားရန်အတွက် အထောက်အကူဖြစ်စေရန် အာဟာရဆိုင်ရာ သတင်းစကား ပေးပို့မှုများ ဆောင်ရွက်ရန် ထပ်မံ လုပ်ဆောင်ရမည့် အလုပ်များ ကျန်ရှိနေဆဲ ဖြစ်ပါသည်။ COVID-19 ရောဂါသည် မိခင်နို့မှတဆင့် ကူးစက် ပြန့်နှံ့သည်ဆိုသော အခြေ အမြစ်မရှိသည့် စိုးရိမ်ကြောက်ရွံ့မှုများ အား ဖြေရှင်းပေးရန် လိုပါသည်။ သို့မဟုတ်ပါက ကလေးသူငယ်၏ အာဟာရ ဖွံ့ဖြိုးမှု အဆင့်အတန်း အတွက် ရေရှည် ဆိုးကျိုးများ ဖြစ်နိုင်သည့် အန္တရာယ် ရှိပါသည်။ ကလေးနို့မှုန့် ထုတ်လုပ်သူများမှ အဆိုပါ စိုးရိမ်မှုများအား အခွင့်အရေးယူ အသုံးချနိုင်ပြီး မိခင်နို့သက်သက် တိုက်ကျွေးမှု မြှင့်တင်ရေး၏အကျိုးရလဒ် များအား ဆုတ်ယုတ်စေနိုင်ပါသည်။

၂။ https://www.lift-fund.org/nutrition-sensitive-guidance

# ယာယီခိုလှုံရာစခန်းများတွင် နေထိုင်သည့် ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူ များ အတွက် စားနပ်ရိက္ခာ ပစ္စည်းများ ထောက်ပံ့ခြင်း

ကျွန်မနာမည် ဒေါ်မူမူပါ။ ကျွန်မက ကရင်ပြည်နယ်မှာရှိတဲ့ အေးလင်းမြရှင် စခန်းနဲ့ မြတ်ပန်းဝတ်မှုန် စခန်းတို့ပါဝင်တဲ့ မြိုင်ကြီးငူ စခန်း က ခေါင်းဆောင် ပါ။ ဒီမှာ ကျေးရွာ ပေါင်း ၃၃ ရွာက ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူ များ နေထိုင်ကြပါတယ်။  ကျွန်မတို့ ၂၀၁၅ ခုနှစ်က ရောက်ခဲ့ပြီး အဲ့ဒီအချိန်က ဒီဒေသက ဆရာတော်က စားနပ်ရိက္ခာတွေ ထောက်ပံ့ပေးခဲ့ပါတယ်။  ဆရာတော် မရှိတော့တဲ့နောက်ပိုင်းမှာ  ဒီစခန်းမှာ ရှိတဲ့သူတွေ အနေနဲ့ အခြေခံ လိုအပ်ချက်တွေ ရရှိဖို့အတွက် အခက်အခဲတွေ စတင် ရင်ဆိုင်ကြရပါတယ်။





စခန်းမှာနေတဲ့သူတွေ အနေနဲ့ စားဝတ်နေရေး အတွက် ရရာ အလုပ်ကို လုပ်ကြရပါတယ်။ သို့ပေမဲ့ ကပ်ရောဂါ ကာလ အတွင်း စခန်း အပြင်သို့ထွက်၍ အလုပ်လုပ်ဖို့ မဖြစ် နိုင် တော့တဲ့အတွက် စားနပ်ရိက္ခာ ရရှိဖို့ ပို၍ ပို၍ ခက်ခဲ လာပါ တယ်။ ကရင်ပြည်နယ် အစိုးရနဲ့ အခြား  လှုပ်ရှား ဆောင်ရွက်သူ တွေက လှူဒါန်းမှုတွေ လုပ်ကြပါတယ်။ ဒါပေမဲ့ မိသားစု တိုင်း ကို ပေးနိုင်ဖို့ အတွက်ကျတော့ ပမာဏ အရမ်း နည်း နေပါတယ်။ ဒါကြောင့်မို့လို့လဲ စခန်းမှာ ရှိတဲ့ ခေါင်းဆောင် တွေက လှူထားတဲ့  ရိက္ခာ တွေကို အတူ ချက်ပြုတ်ပြီး စခန်းမှာ နေတဲ့သူတွေနဲ့အတူ ဝေမျှ စားသောက် ပါတယ်။  အစားအသောက်တွေကို ဝေမျှ စားသောက် နေရတော့ ကျွန်မတို့ လူစုဝေးရတာကတော့ ရှောင်လွှဲ လို့ မရခဲ့ပါဘူး။ ကျွန်မတို့ အနေနဲ့ လူတွေရဲ့ ကျန်းမာ ရေး ကို ဦးစားပေး စဉ်းစားတဲ့အတွက် ချက်ပြုတ်လုပ်ကိုင်တဲ့ အချိန် အတော် ကြာကြာ ယူရပါတယ်။ လူများများ ဆီက အကူအညီလိုသလို စခန်းတစ်ခုလုံးအတွက် ချက်ပြုတ်ဖို့ လည်း ထင်းလိုပါတယ်။ ဒါဟာ လောင်စာဆီ ပြတ်လပ်မှု ကြောင့် ဖြစ်တာပါ။ မတ်လတုန်းက NAG  က စခန်းကိုလာ စာရင်းကောက်ပြီး ရှိတဲ့လူတွေ အားလုံးအတွက် လစဉ် ဆန်လှူပေးပါတယ်။ အရမ်းလိုအပ်နေတဲ့  မေလ မှာ ဆန်ရလို့ ကျွန်မ ဝမ်းသာပါတယ်။  ဆန် ရပြီးတဲ့အခါ ကျွန်မတို့ ချက်ခြင်း သိမ်းဆည်းထား ပါတယ်။ နောက်တစ်နေ့ကျတော့ NAG နဲ့ အစိုးရအရာရှိတွေ စခန်းကို လာပြီး ကိုယ်တိုင်ကိုယ်ကျ လာလှူကြပါတယ်။   ကျွန်မတို့ အနေနဲ့ ဆန်ဝေရာမှ ကျန်းမာ ရေး ဝန်ကြီးဌာနက ညွှန်ကြားထား တဲ့အတိုင်း လူစု လူဝေး မဖြစ်စေရအောင် တစ်အုပ်စုပြီး တစ်အုပ်စု တစ်ဆင့်ချင်း ဝေပေးပါတယ်။ ကျွန်မတို့အနေနဲ့ လူအားလုံးအတွက် ချက်ပြုတ်ပေးစရာ မလိုတော့ သလို လှူဒါန်းမှုတွေလည်း ဆက်ရနေလို့ လူတွေ စိတ်သက်သာရာ ရပြီး ကျေးဇူးတင်နေကြပါတယ်။ အခြား အဖွဲ့အစည်းတွေက အလှူပစ္စည်းတွေ လက်ခံတဲ့အခါ ကျွန်မတို့ အနေနဲ့ ရောဂါကူးစက်မှု ကာကွယ်ရေး အစီအမံတွေနဲ့အညီ ဆောင်ရွက်နေကြတာကို မြင်ရတော့ သူတို့ ကျေနပ်ကြ ပါတယ်။ ဒါကြောင့်မို ကျွန်မတို့ကို သင်ကြားပြသပေးတဲ NAG အဖွဲ့ကိုလည်း ကျေးဇူးတင်ပါတယ်။ ဒုတိယအကြိမ် ကျွန်မတို့ အတွက် လှူဒါန်းပေးတဲ့အခါမှာ ကျွန်မတို့ အနေနဲ့ ဆန်အပြင် ဆီတွေ၊ ပဲတွေ၊ စောင်တွေ၊ ဖျာ တွေနဲ့ တခြား ပစ္စည်းတွေလည်း ရခဲ့ပါတယ်။ အခုဆိုရင် NAG ရဲ့ ကူညီထောက်ပံ့မှုနဲ့ ကျွန်မတို့ စားနပ်ရိက္ခာတွေနဲ့ ကျန်းမာရေးအတွက် မရှိမဖြစ် လိုအပ်တဲ့ ပစ္စည်းတွေ ရပါပြီ။ ကပ်ရောဂါကြောင့် ကျွန်မတို့ အများစု အလုပ်မလုပ်နိုင်တော့တဲ့အတွက် ထပ်ပြီး လှူဒါန်းမယ့် အလှူတွေ ကိုလည်း ကြိုဆို ပါတယ်။ NAG အနေနဲ့ လိုအပ်နေတဲ့လူတွေအတွက် ထပ်ထပ်ပြီး လှူနိုင်မယ်လို့ မျှော်လင့်ပါတယ်။

- ရှေ့တန်းမှ တုံ့ပြန် ကာကွယ်မှု လုပ်ငန်းများ
- **လူမှုကာကွယ်စောင့်ရှောက်ရေး**
- အရပ်ဘက်လူမှုအဖွဲ့အစည်း
- ရွှေ့ပြောင်းသွားလာခြင်း
- ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေခြင်း
- စိုက်ပျိုးရေး

COVID-19 RESPONSE

# လူမှုကာကွယ် စောင့်ရှောက်ရေး

တမျိုးသားလုံး (သို့) ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းများကို ရင်ဆိုင်ဖြေရှင်းရာတွင် ခိုင်မာအားကောင်းသည့် လူမှုကာကွယ် စောင့်ရှောက်ရေး စနစ်များ နှင့် အခြေခံ ဝန်ဆောင်မှုများ ရှိသည့် နိုင်ငံများ သည် အစဉ်အမြဲ ထိခိုက်မှု အနည်းဆုံး နှင့် အမြန်ဆုံး ပြန်လည် ထူထောင်နိုင်မည် ဖြစ်သည်။ COVID–19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်ရာတွင် တကမ္ဘာလုံးတွင် ရှိသည့် နိုင်ငံများ သည် ကမ္ဘာ့ကပ်ရောဂါ အတွင်း ထိခိုက် ခံစားရသည့် မိသားစုများအား ကူညီ ထောက်ပံ့ ပေးရန် ရှိဆဲ လူမှု ကာကွယ် စောင့်ရှောက်ရေး အစီအစဉ်များ (ငွေကြေးထောက်ပံ့မှုများ၊ စားနပ်ရိက္ခာ ထောက်ပံ့မှု အစီအစဉ်များ၊ လူမှုရေး အာမခံ အစီအစဉ်များ နှင့် ကလေး သူငယ် အကျိုးခံစားခွင့်များ) အား လိုက်လျောညီထွေ ဖြစ်စေခြင်း၊ သက်တမ်းတိုးခြင်း နှင့် တိုးချဲ့ခြင်း တို့ အား ဆောင်ရွက်ခဲ့ ပါသည်။ ကမ္ဘာ့လူဦးရေ ၏ ၅၅ ရာခိုင်နှုန်း တို့တွင် လူမှု ကာကယ်စောင့်ရှောက်ရေးတွင် လုံးဝ သို့မဟုတ် မလုံလောက်သဖြင့် လူမှုကာကွယ် စောင့်ရှောက်ရေး အစီအမံအသစ်များ စတင်ရန် လိုအပ်ပါသည်။ ကျရောက်နိုင်ချေ အန္တရာယ် ရှိသည့် လူများ – ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူနှင့် နေရပ်စွန့်ခွာနေရသူများအား ဦးတည်ရည်ရွယ်နိုင်ပြီး စည်းကမ်းသတ်မှတ်ချက် မရှိသော ငွေကြေးထောက်ပံ့မှုသည် ငတ်မွတ်မှုနှင့် ဆင်းရဲ နွမ်းပါးမှု အား ရှောင်ရှားနိုင်ရန်အတွက် အကူအညီပေးနိုင်ပါသည်။ COVID–19 ကပ်ရောဂါကြောင့် ကျား–မ ရေးရာ မညီမျှမှုများ၊ အိမ်တွင်း/ ကျား–မ အခြေပြု အကြမ်းဖက်မှု ဆိုင်ရာ ကျရောက်နိုင်ချေ အန္တရာယ်များ တိုးပွားလာခြင်း၊ ကျန်းမာရေး နှင့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ သတင်းအချက်အလက်များ နှင့် ကျူးလွန်ခံရပြီး ဆက်လက်ရှင်သန်နေရသူများ အတွက် GBV ညွှန်းပို့ခြင်း ဆိုင်ရာ လမ်းညွှန်များ နှင့် သတင်းအချက်အလက်များ အား ထောက်ပံ့ကြေး နှင့် အတူ ဝေမျှ နိုင်ပါသည်။





## တုံ့ပြန်ကာကွယ်မှု နှင့် အကျိုးသက်ရောက်မှု

မြန်မာနိုင်ငံတွင် LIFT ၏ COVID–19 ဆိုင်ရာ တုံ့ပြန်ကာကွယ်မှု ၏ အဓိက အစိတ်အပိုင်းမှာ COVID–19 ၏ နောက်ဆက်တွဲဆိုးကျိုးများကို ရင်ဆိုင်တွေ့ကြုံရသည့် ထိခိုက်လွယ်သူများအတွက် ထောက်ပံ့ငွေများ ကူညီပံ့ပိုးပေးရန် ရန်ပုံငွေ များ အလျင်အမြန် ရရှိနိုင်ရန် ကြိုးပမ်းခဲ့ခြင်းပါသည်။

ကမ္ဘာ့ ကပ်ရောဂါ တုံ့ပြန်ကာကွယ်ရန် အတွက် LIFT ၏ ငွေကြေးပံ့ပိုးမှု အစီအစဉ် တွင် အောက်ပါတို့ ပါဝင်ပါသည်–

- **ကိုယ်ဝန်ဆောင်များ နှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက်နှစ်နှစ်အောက် ကလေးငယ်များ အတွက် မိခင်များအား ငွေကြေးပံ့ပိုးမှု အစီအစဉ် (MCCT)** – မေလ/ဇွန်လ တွင် ထုတ်ပေးခဲ့သည့် ဆောင်ရွက်ဆဲ MCCT အစီအစဉ် အတွက် 'ထောက်ပံ့ငွေ ပံ့ပိုးပေးခြင်း' အစီအစဉ်တွင် ထပ်ဆောင်း ထောက်ပံ့ငွေ အဖြစ် ကိုယ်ဝန်ဆောင် အမျိုးသမီးများ နှင့် အသက် နှစ်နှစ်အောက် ကလေးများ၏ မိခင်များအတွက် တပေါင်း တစည်းတည်းပေးသည့် ထောက်ပံ့ကြေး ကျပ်ငွေ ၃၀,၀၀၀ (ကန်ဒေါ်လာ ၂၁) ပေးအပ်ခြင်း
- **လူမှုရေး ပင်စင်–** မေလ/ဇွန်လ တွင် ထုတ်ပေးခဲ့သည့် ဆောင်ရွက်ဆဲ လူမှုရေး ပင်စင် အတွက် 'ထပ်ဆောင်း ထောက်ပံ့ငွေ' အစီအစဉ် အဖြစ် အသက် ၈၅ နှစ် အထက် သက်ကြီးရွယ်အိုများ အတွက် တပေါင်းတစည်းတည်းပေးသည့် ထောက်ပံ့ကြေး ကျပ်ငွေ ၃၀,၀၀၀ (ကန်ဒေါ်လာ ၂၁) ပေးအပ်ခြင်း
- **ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူ များ** – အိမ်ထောင်စု ၆၄,၇၈၅ စု (လူပေါင်း ၃၂၅,၆၆၄ ဦး) အတွက် တစ်အိမ်ထောင် လျှင် တပေါင်းတစည်းတည်း ပေးသည့် ထောက်ပံ့ကြေး ကျပ်ငွေ ၆၅,၀၀၀ (ကန်ဒေါ်လာ ၄၅)။ ဤအစီအစဉ်မှာ စီစဉ်ရေးဆွဲနေဆဲ ဖြစ်ပြီး နိုဝင်ဘာ/ ဒီဇင်ဘာတွင် ထုတ်ပေးရန် စီစဉ်ထားပါသည်။
- **Cash for work အစီအစဉ်–** ဧရာဝတီတိုင်းဒေသကြီးရှိ လူပေါင်း ၁,၄၃၅ ဦး နီးပါးအား ပျမ်းမျှ ရက် ၇၀ စာ အလုပ်အတွက် ပျမ်းမျှအားဖြင့် တစ်ရက်လျှင် ကျပ်ငွေ ၅,၀၀၀ (ကန်ဒေါ်လာ ၃.၅) ပေးအပ်ခြင်း
- **အရေးပေါ် ထောက်ပံ့ကြေး** – ဝင်ငွေ ဆုံးရှုံးခဲ့ရခြင်းအတွက် အစားထိုးအဖြစ် ရန်ကုန်ရှိ အထည်ချုပ်စက်ရုံ နှစ်ရုံမှ အထည်ချုပ်လုပ်သား ၇၅၃ ဦး အတွက် လစဉ် ဝင်ငွေ နှင့် ညီမျှသည့် တစ်လလျှင် ကျပ်ငွေ ၁၂၀,၀၀၀ (ကန်ဒေါ်လာ ၈၄) ဖြင့် သုံးလစာ အတွက် မေလ/ဇွန်လတို့တွင် ပေးအပ် ခြင်း
- **မြို့ပြဝန်းကျင်ရှိ ရွှေ့ပြောင်းလုပ်သားများ** – ရွှေပြည်သာနှင့် လှိုင်သာယာရှိ အလုပ်အကိုင်များ ဆုံးရှုံးသွားသည့် အထည်ချုပ်လုပ်သား စုစုပေါင်း ၇,၆၅၅ ဦး တို့ အား ၎င်းတို့၏ လတ်တလော လိုအပ်ချက်များ ကာမိစေရန် အတွက် ထောက်ပံ့ကြေး ကျပ် ၅၀,၀၀၀ (ကန်ဒေါ်လာ ၃၅) အား ဧပြီလနှင့် စက်တင်ဘာလကြား ၌ ရရှိခဲ့ကြပါသည်။ ထို့ပြင် ရန်ကုန်ရှိ အမျိုးသမီး လိင် အလုပ်သမ ၅၀၀ ဦး တို့သည် လိင်အလုပ်သမား ကူညီစောင့်ရှောက်ရေးအသင်းမှ တစ်ဆင့် ဖြန့်ဝေပေးသော တပေါင်းတစည်းတည်းပေးသည့် ထောက်ပံ့ကြေး ကျပ်ငွေ ၇၂,၀၀၀ (ကန်ဒေါ်လာ ၅၀) အား ရရှိခဲ့ကြပါသည်။ ရန်ကုန်ရှိ အလုပ်လက်မဲ့ဖြစ်သွားသည့် စက်ရုံအလုပ်သမားများ ၊ သမားရိုးကျ မဟုတ်သော လုပ်ငန်းကဏ္ဍများ မှ အလုပ်သမားများ၊ မသန်စွမ်းများ နှင့် HIV ပိုးရှိသူ ၁,၄၅၈ ဦးအား ကျပ် ၂၄၀,၀၀၀ (ကန်ဒေါ်လာ ၁၆၇) အထိ ထောက်ပံ့ပေးခဲ့သည်။

**မေလ/ဇွန်လတို့တွင် ထောက်ပံ့ကြေးများပေးရန် ရှိဆဲ ဖြန့်ဝေရေး ယန္တရားများအား အသုံးပြုခြင်း ။**
၂၀၂၀ ခုနှစ် မတ်လ မှ စတင်၍ LIFT မှ အမျိုးသမီးများနှင့် သက်ကြီးရွယ်အို များ ထံ လက်လှမ်းမီရောက်ရှိရန်အတွက် ရှိပြီးသား ဖြန့်ဝေရေးပုံစံများ အား အသုံးပြု၍ MCCT နှင့် လူမှုရေး ပင်စင် အကျိုး ခံစားခွင့်ရှိသူများထံ 'ထပ်ဆောင်း ထောက်ပံ့ငွေ' များအား ပေးအပ်ရန် အတွက် လူမှုဝန်ထမ်း ဦးစီးဌာနနှင့် ပူးပေါင်း၍ စီစဉ်ခဲ့ပါသည်။ ဤကြိုးပမ်းမှုအတွက် စုစုပေါင်း ဘတ်ဂျက်မှာ ကန်ဒေါ်လာ ၉သန်း – MCCT အကျိုးခံစားခွင့် ရှိသည့် အိမ်ထောင်စုများအတွက် ကန်ဒေါ်လာ ၄.၉ သန်း နှင့် လူမှုရေး ပင်စင် အကျိုးခံစားခွင့် ရှိသည့် အိမ်ထောင်စုများအတွက် ကန်ဒေါ်လာ ၄.၁ သန်း ဖြစ်ပါသည်။

ထောက်ပံ့ငွေများအား COVID-19 ကာကွယ်ထိန်း ချုပ်ရေးနှင့် လျှော့ချရေး သတင်းအချက်အလက် များ နှင့်အတူ စာအိတ်များတွင် ထည့်ကာ ကိုယ်ဝန် ဆောင် နှင့် အသက် နှစ်နှစ်အောက် ကလေးငယ်ရှိသည့် မိခင် ၂၃၈,၄၁၀ ဦး နှင့် အသက် ၈၅ နှစ်အထက် သက်ကြီးရွယ်အို ၂၀၀,၀၀၀ နီးပါး ခန့်အား ပေးအပ်ခဲ့ပါသည်။ အိမ်ထောင်စုဝင်များကိုပါ ထည့်တွက်ပါက ထောက်ပံ့ကြေး များမှ လူပေါင်း ၁.၈ သန်းနီးပါး ခန့် အကျိုးကျေးဇူး ရရှိခဲ့သည်ဟု ခန့်မှန်း ထားပါသည်။ COVID-19 ကမ္ဘာ့ကပ်ရောဂါ အား တုံ့ပြန်ကာကွယ်ရာတွင် LIFT ၏ ထောက်ပံ့ကြေး ရောက်ရှိမှု နှင့် သက်ရောက်မှုတို့အား ပိုမို သိရှိနား လည်နိုင်ရန် ထောက်ပံ့ကြေး ပေးပြီးနောက် စောင့်ကြည့်စစ်ဆေးခြင်း (Post-distribution monitoring – PDM) ဆိုင်ရာ ယန္တရားများအား ရေးဆွဲခဲ့ပါသည်။




## MCCT ငွေကြေးထောက်ပံ့ခြင်း အစီအစဉ်

လူမှုဝန်ထမ်း ဦးစီးဌာနသည် ၎င်းတို့ MCCT အစီအစဉ် ဆောင်ရွက်နေသည့် ဒေသ ငါးခု ဖြစ်သည့် ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ တို့တွင် ကိုယ်ဝန်ဆောင်နှင့် အသက်နှစ်နှစ်အောက် ကလေးငယ်ရှိသော မိခင်များအတွက် ငွေကြေး ထောက်ပံ့မှုများ ပေးခဲ့ပါသည်။ ၂၀၂၀ခုနှစ် မေလနှင့် ဇွန်လတို့တွင် ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် အသက်နှစ်နှစ်အောက် ကလေးငယ် ရှိသည့် မိခင် ၂၃၈,၄၁၀ ဦး တို့အား တစ်ပေါင်းတည်း ထပ်ဆောင်းပေးသည့် MCCT ပံ့ပိုးငွေ ကျပ် ၃၀,၀၀၀ (ကန်ဒေါ်လာ ၂၁) စီ ပေးအပ်ခဲ့ပါသည်။

ငွေကြေးထောက်ပံ့မှုများ ပေးပြီးနောက်တွင် စက်တင်ဘာလ အစောပိုင်း၌ COVID-19 ၏ အိမ်ထောင်စုများအပေါ် သက်ရောက်မှု များ၊ ၎င်းတို့၏ ရင်ဆိုင်ဖြေရှင်းသည့် ဗျူဟာများ နှင့် ၎င်းတို့ ရရှိခဲ့သည့် ထောက်ပံ့ငွေ များ အား ၎င်းတို့မှ မည်သို့ အသုံးချသည် ဆိုသည်ကို နားလည်နိုင်ရန်အတွက် LIFT-DSW ပူးတွဲအဖွဲ့မှ အိမ်ထောင်စု ၃၉၉ စုအား စစ်တမ်းကောက်ယူခဲ့ပါသည်။ ရခိုင်ပြည်နယ် တွင် COVID-19 ပိုးတွေ့လူနာများ တိုးလာပြီးနောက် ခရီး သွားလာမှု ကန့်သတ်ချက်များနှင့် လုံခြုံရေး အခြေအနေများ ဆိုးရွားလာခြင်းကြောင့် PDM စစ်တမ်း ကောက်ယူရန် မဖြစ်နိုင်ခဲ့ပါ။ စစ်တမ်း ကောက်ယူခဲ့သည့် အိမ်ထောင်စုများမှ COVID-19 ထောက်ပံ့ကြေး ရရှိခဲ့ကြောင်း အစီရင်ခံခဲ့ပြီး အိမ်ထောင်စု တစ်စု မှလွဲ၍ အားလုံးက ထောက်ပံ့ငွေ အပြည့်အဝ ရရှိခဲ့ကြောင်း အစီရင်ခံခဲ့ပါသည်။ ထောက်ပံ့ကြေး ရရှိခဲ့သည့် လူများအနက်မှ ၆၃ ရာခိုင်နှုန်း တို့က ငွေကြေးထောက်ပံ့မှုများမှာ "အသုံးဝင်" သည်ဟု ခံစားရပြီး ၃၇ ရာခိုင်နှုန်းမှာ "အလွန် အသုံးဝင်သည်" ဟု ခံစားကြရကြောင်း တင်ပြခဲ့ကြသည်။

## စိန်ခေါ်မှုများနှင့် ရင်ဆိုင်ဖြေရှင်းသည့် မဟာ ဗျူဟာများ

COVID–19 ကြောင့် အိမ်ထောင်စုများ ရင်ဆိုင်ရသည့် အဓိက စိန်ခေါ်မှု ၃ ခုမှာ ဝင်ငွေ ဆုံးရှုံးခြင်း (၈၇ ရာခိုင်နှုန်း)၊ ဗိုင်းရပ်စ်ပိုး ကူးစက်ခံရမည်ကို စိုးရိမ် ကြောက်ရွံ့ခြင်း (သို့) စိတ်ဖိစီး မှု ဖြစ်ခြင်းနှင့် (၈၆ ရာခိုင်နှုန်း) နှင့် ဈေးသို့ သွားရောက်နိုင်မှု မရှိခြင်း (၃၉ ရာခိုင်နှုန်း) တို့ ဖြစ်ပါသည်။ ဈေးသို့ သွားရောက်နိုင်မှု မရှိခြင်းမှသည် ကျန်းမာရေး စောင့်ရှောက်မှု ပေး သည့် ဌာနများသို့ သွားရောက် နိုင်မှုမရှိခြင်းတို့ ဆက်တိုက် ကပ်ပါလာပါသည်။ ဝင်ငွေ ဆုံးရှုံးခြင်း၊ ဈေးများ (သို့) ကျန်းမာရေး စောင့်ရှောက်မှု ပေးသည့် ဌာနများသို့ သွားရောက် နိုင်မှု မရှိခြင်း တို့မှာ COVID–19 ကူးစက် ပြန့်ပွားမှု တားဆီး ကာကွယ်ရေးအတွက် အရေးပါသည့် ဗျူဟာဖြစ်သည့် အသွားအလာ ကန့်သတ်သည့် ပိတ်ပင်မှု အစီအမံများ၏ အဓိက အကျိုးဆက်များကြောင့် ဖြစ်ပါ သည်။

စစ်တမ်းကောက်ယူခဲ့သည့် အိမ်ထောင်စုများသည် COVID–19 ရောဂါ ကူးစက် ပြန့်ပွားမှုကြောင့် တွေ့ကြုံရသည့် စိန်ခေါ်မှုများအား ဖြေရှင်းရန်အတွက် ရင်ဆိုင်ဖြေရှင်းသည့် နည်း လမ်းမျိုးစုံကို ကျင့်သုံးခဲ့ကြပါသည်။ ဥပမာအား ဖြင့် ဝင်ငွေ ဆုံးရှုံးခဲ့သူများ အနက်မှ ၃၃ ရာခိုင်နှုန်းမှာ အသုံးစရိတ်များ လျှော့ချခြင်းဖြင့် ငွေ ချွေတာခဲ့ပြီး ၂၀ ရာခိုင်နှုန်းတို့က ငွေချေး ယူခဲ့ကြကာ ၁၀ ရာခိုင်နှုန်းမှာ ၎င်းတို့၏ ဆွေမျိုး များအား မှီခိုခဲ့ကြပါသည်။ ငွေချေးသူများနှင့် ဆွေမျိုးများအား မှီခိုသူများအနက်မှ ၃၀ ရာခိုင်နှုန်း မှာ အကြွေးတင်ခြင်း (သို့) လူမှုရေးအရ အကြွေးတင်ခြင်း များ ရှိနေပါသည်။ ထို့ပြင် ၇ ရာခိုင်နှုန်း မှ ပိုင်ဆိုင်မှုများ (သို့) စားနပ်ရိက္ခာများ ရောင်းချ ခဲ့ကြပါသည်။ ယင်းနှစ်မျိုးမှ အိမ်ထောင် စု၏ ရေရှည် ကြံ့ကြံ့ခံနိုင်စွမ်းအတွက် သက်ရောက်မှုများ ရှိနေ ပါသည်။

COVID–19 ရောဂါ ကူးစက်ခံရမည်ကို စိုးရိမ်ကြောက်လန့်နေကြောင်း ပြောကြားခဲ့သည့် အမျိုးသမီး ၈၅ ရာခိုင်နှုန်း တို့က ၎င်းတို့အနေဖြင့် COVID–19 ရောဂါနှင့် သက်ဆိုင်သည့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက် များအား လိုက်နာ ကြသည် ဟု ဆိုပါသည်။ ဈေးသွားရခြင်းအား ကြီးမားသည့် စိန်ခေါ်မှု တစ်ရပ်အဖြစ် ရှုမြင်သည့် အမျိုးသမီးများ အနက်မှ ၄၃ ရာခိုင်နှုန်းတို့က အစားအသောက်များအား သိုလှောင်ထားကြကာ ၊ ၂၂ ရာခိုင်နှုန်းတို့က ကျန်းမာရေး ဆိုင်ရာ လမ်းညွှန်ချက်များအား လိုက်နာခဲ့ကြပြီး ၁၃ ရာခိုင်နှုန်းတို့က ရပ်ရွာလူထု ကိုယ်စား ဈေးဝယ်ပေးရန် ကိုယ်စားလှယ် တစ်ဦး ထားရှိကြောင်း ဖြေဆိုခဲ့ ကြပါသည်။

## COVID–19 ထောက်ပံ့ကြေး ရယူခြင်းနှင့် အသုံးပြုခြင်း

ငွေကြေးထောက်ပံ့မှု ရရှိခဲ့သည့် အမျိုးသမီးများ၏ ၉၁ ရာခိုင်နှုန်းမှာ ယင်းငွေကြေး အား မည်သို့မည်ပုံ အသုံးပြုမည်ဆိုသည်ကို ၎င်းတို့ကိုယ်တိုင် ဆုံးဖြတ် ခဲ့ကြပြီး ၊ ၆ ရာခိုင်နှုန်း သောထောက်ပံ့ကြေး ရရှိသူများက ၎င်းတို့၏ ခင်ပွန်းများနှင့် အတူ ဆုံးဖြတ်ခဲ့ကြသည်ဟု ဆိုပါသည်။

လူအများစုတို့က ထို ထောက်ပံ့ငွေအား အနည်းဆုံးအနေဖြင့် မိသားစုများအတွက် အစားအသောက်များ ဝယ်ယူခဲ့ကြပြီး (၆၁ ရာခိုင်နှုန်း) နှင့် ကျန်းမာရေး စောင့်ရှောက်မှု အတွက် ပေးရန် အသုံးပြုခဲ့ကြပါသည် (၄၆ ရာခိုင်နှုန်း)။ ၁၆ ရာခိုင်နှုန်းက အဝတ်အထည်များ ဝယ်ယူခဲ့ကြပြီး အများစုမှာ မွေးကင်းစ ကလေးငယ်များအတွက် ဝယ်ခြင်း ဖြစ်ပါသည်။ ဤ ရလဒ်များသည် COVID–19 ကာလအတွင်း ထိခိုက်လွယ်သည့် အိမ်ထောင်စုများ၏ စားနပ်ရိက္ခာ ဖူလုံမှု၊ အသက်မွေးဝမ်းကျောင်းမှုနှင့် ကျန်းမာရေး



ဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် အတွက် အထောက်အကူဖြစ်စေရန် ငွေကြေး ထောက်ပံ့ ပေးရခြင်း၏ ရည်ရွယ်ချက်များ နှင့် ကောင်းစွာ လိုက်လျောညီထွေမှု ရှိပါသည်။

## COVID–19 ရောဂါကာကွယ်ရေးနှင့် လျှော့ချရေး ဆိုင်ရာ အစီအမံများ နှင့် စပ်လျဉ်းသည့် အသိအမြင်

အကျိုးခံစားခွင့်ရှိသူ များ အားလုံးသည် COVID–19 ရောဂါကာကွယ် ရေးနှင့် လျှော့ချရေး ဆိုင်ရာ အစီအမံများနှင့် စပ်လျဉ်းသည့် သတင်း အချက်အလက်များ ရရှိကြပါသည်။ စစ်တမ်း အရ လူများ၏ ၉၆ ရာခိုင်နှုန်းတို့ လက်ဆေးခြင်း ဆိုင်ရာ သတင်း အချက်အလက်များ ရရှိခဲ့ပြီး၊ ၉၃ ရာခိုင်နှုန်းတို့က နှာခေါင်းစည်း နှင့် စပ်လျဉ်း၍ သိရှိကြောင်း ဖော်ပြခဲ့ကာ ၈၅ ရာခိုင်နှုန်းတို့က နေ့စဉ်ဘဝတွင် ခပ်ခွါခွါနေခြင်း နှင့် စပ်လျဉ်း၍ သတိပြုနိုင်ခဲ့သည်ဟု ဆိုပါသည်။

## *COVID–19 ရောဂါကာကွယ် တားဆီးရေးနှင့် လျှော့ချရေး ဆိုင်ရာ အစီအမံများနှင့် စပ်လျဉ်း သည့် ဆက်သွယ် ပြန်ကြားရေး လမ်းကြောင်းများ*

COVID–19 ရောဂါကာကွယ်ရေးနှင့် လျှော့ချရေး ဆိုင်ရာ အစီအမံများနှင့် စပ်လျဉ်း၍ သတင်း စကား ပေးပို့နိုင်သည့် အထင်ရှားဆုံး လမ်း ကြောင်းမှာ အခြေအနေမျိုးစုံတွင် လူအများအား ဆက်သွယ်ဆောင်ရွက်နိုင်သည့် လက်ကိုင် အသံ ချက်စက်များမှတဆင့် ကြေညာပေးခြင်း ဖြစ်ပါ သည်။ ၄၇ ရာခိုင်နှုန်းသော သူများ က ရေဒီယို နှင့် ရုပ်မြင်သံကြားတို့တွင် ကျန်းမာရေး စောင့်ရှောက် မှုပေးသည့် ဝန်ထမ်းများမှ ဆွေးနွေးခန်းများ တင် ဆက်ပေးခြင်းဖြင့် COVID–19 ကပ်ရောဂါ အား မည်သို့ ကာကွယ်ရမည်ဆိုသည့် သတင်း အချက်အလက် ရရှိသည့် ရင်းမြစ် ဖြစ်ကြောင်း ဖြေဆိုခဲ့ပါသည်။ အမျိုးသမီး များ၏ ၄၂ ရာခိုင်နှုန်း တို့က ပုံနှိပ်ထားသည့် စာစောင်များဟု ဖော်ပြခဲ့ကြပါသည်။ လက်ကိုင်ဖုန်းများမှာလည်း COVID–19 ဆိုင်ရာ သတင်းအချက်အလက်များ ပံ့ပိုးပေးရန် အတွက် ထိရောက်သည့် နောက်ထပ် နည်းလမ်း တစ်မျိုး ဖြစ်ပါသည်။

## COVID–19 ရောဂါကာကွယ်တား ဆီးရေးနှင့် လျှော့ချရေး ဆိုင်ရာ အစီအမံများအား ဆက်သွယ် ပြန်ကြားပေးသူများ

ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန (MoHS) သည် ယင်း၏ နည်းပညာဆိုင်ရာ အခန်းကဏ္ဍနှင့် နိုင်ငံအနှံ့အပြားတွင် ကျန်းမာရေးဆိုင်ရာ ဝန် ဆောင်မှု များ ပံ့ပိုးပေးရာ၌ ကျယ်ကျယ် ပြန့်ပြန့် ရောက်ရှိနိုင်မှု တို့ကြောင့် နယ်ပယ် ဒေသ လေးခု အနှံ့ COVID–19 ရောဂါကာကွယ် ရေးနှင့် လျှော့ချ ရေး ဆိုင်ရာ အစီအမံများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ ဖြန့်ဝေပေးရာတွင် အသိအမှတ် အပြုအခံရဆုံး အဖွဲ့အစည်း အဖြစ် သတ်မှတ်ခြင်း ခံခဲ့ရ ပါသည်။ လူမှုဝန်ထမ်း ဦးစီးဌာနနှင့် ပေါင်းစပ်လိုက်သည့်အခါ မြန်မာ နိုင်ငံ အစိုးရသည် စစ်တမ်း ကောက်ယူရာတွင် COVID–19 ရောဂါဆိုင်ရာ သတင်းအချက် အလက်များ ရရှိနိုင်သော အဓိကကျသည့် ရင်းမြစ် ဖြစ်လာပါသည်။

ကျိုးကြောင်း ဆီလျော်သည့် သတင်းစကား များ နှင့် အချက်အလက်များ ညှိနှိုင်းပေးပို့နိုင်ခြင်း ၏ အရေးပါမှုကို မီးမောင်းထိုးပြနိုင်သည့် အရပ် ဘက် လူမှု အဖွဲ့အစည်း (CSO) များ နှင့် အစိုးရ မဟုတ်သည့် အဖွဲ့အစည်း (NGO) များ အား လည်း မကြာခဏဆိုသလို COVID–19 ကပ် ရောဂါ ဆိုင်ရာ ဆက်သွယ် ပြန်ကြားပေး သူ များ အဖြစ် သတ်မှတ်ခဲ့ကြပါသည်။ CSO များနှင့် NGO များသည် ဥပမာအားဖြင့် DSW မှ ထောက်ပံ့ကြေး ပေးသည့် စာအိတ်များတွင် ထည့်သွင်း ထားသည့် သတင်းအချက်အလက် များသည် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ ရေး သားပြုစုပြီး အတည်ပြုသည့် သတင်း အချက်အလက် များကို ရည်ညွှန်းကိုး ကားပါသည်။

## အခြား လုပ်ရှားဆောင်ရွက်သူများ၏ ကူညီ ထောက်ပံ့မှု

၃၅ ရာခိုင်နှုန်းသော လူများသည် အခြား ရင်းမြစ်များမှ ကူညီထောက်ပံ့မှုများ ရရှိခဲ့ကြပြီး ၎င်းတို့အနက်မှ ၉၀ ရာခိုင်နှုန်းတို့ အနေဖြင့် စားနပ်ရိက္ခာပစ္စည်းများ အပိုဆောင်း ထောက်ပံ့မှု ရရှိ ခဲ့ကြပြီး ၆၈ ရာခိုင်နှုန်းမှာ အပို ထောက်ပံ့ကြေး ထပ်မံ ရရှိ ခဲ့ကြပါသည်။ ယခုအချိန်အထိ အစိုးရသည် အပို ကူညီ ထောက်ပံ့မှု ပေးသည့် အဓိက ရင်းမြစ် ဖြစ်ပြီး ပုဂ္ဂလိက ရင်းမြစ်များကလည်း အရေး ပါသည့် အခန်းကဏ္ဍတွင် ပါဝင်ကြပါသည်။ ၆၅ ရာခိုင်နှုန်းမှာမူ မည်သည့်အပို ကူညီထောက်ပံ့ မှုများ မရရှိခဲ့ကြပါ။

## အပိုဆောင်း ကူညီထောက်ပံ့မှု လိုအပ်ခြင်း

နေရာ ဒေသ လေးခုအနှံ့အပြားတွင် အမျိုးသမီး ၈၃ ရာခိုင်နှုန်းတို့က COVID-19 အတွက် တစ်ပေါင်းတည်းပေးသည့် ထပ်ဆောင်းငွေ ရရှိပြီးနောက် ကူညီ ထောက်ပံ့မှု ထပ်မံ လိုအပ်ပါသည်ဟု ဖော်ပြခဲ့ပါပြီး ၈၀ ရာခိုင်နှုန်းတို့က ၎င်းတို့အနေ ဖြင့် ထောက်ပံ့ငွေ ပိုမို ထပ်မံလိုအပ်သည်ဟု ဖြေဆိုခဲ့ပြီး ၅၃ ရာခိုင်နှုန်း တို့က စားနပ်ရိက္ခာအကူအညီ တောင်းခံခဲ့ကြပါသည်။ ကူညီထောက်ပံ့မှု ထပ်မံလိုအပ်ကြောင်း ဖြေဆိုခဲ့သူများ၏ သုံးပုံ တစ်ပုံကျော်မှ တစ်ကိုယ်ရေ ရောဂါကာကွယ်ရေး ပစ္စည်းကရိယာများ (PPE) နှင့် ဆေးဝါးများ လိုအပ်ကြောင်း ဖော်ပြခဲ့ပါသည်။



## လူမှုရေး ပင်စင် ထောက်ပံ့မှု

၂၀၂၀ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် အသက် ၈၅ နှစ်အထက် လူပေါင်း ၁၉၇,၅၀၈ ဦး အား ကျပ်ငွေ ၃၀,၀၀၀ (ကန်ဒေါ်လာ ၂၁) စီ အား COVID-19 ကပ်ရောဂါ ဆိုင်ရာ တစ်ပေါင်း တည်း ပေးသည့် ထပ်ဆောင်း ပံ့ပိုးပေးသည့် လူမှုရေး ပင်စင် အဖြစ် ပေးအပ်ခဲ့ပါသည်။ လူမှု ဝန်ထမ်း ဦးစီးဌာနက လက်လှမ်းမီ ရောက်ရှိ နိုင်ခြင်း မရှိသည့် ပဋိပက္ခဒဏ်ခံ ဒေသများ မှအပ မြန်မာနိုင်ငံရှိ အကျိုးခံစားခွင့်ရှိသည့် သက်ကြီး ရွယ်အိုအားလုံးတို့ မှ ထပ်ဆောင်းပံ့ပိုးငွေကို ရရှိခဲ့ကြပါသည်။ ငွေလဲလှယ်နှုန်း အတက်အကျ ကြောင့် LIFT ၏ ပံ့ပိုးငွေ ကန်ဒေါ်လာ ၄.၁ သန်းမှ တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူ စုစုပေါင်း ၁၇၆,၁၃၈ဦး ထံ ရောက်ရှိခဲ့ပြီး ကွာဟငွေဖြင့် လူမှုဝန်ထမ်း ဦးစီးဌာနမှ ကျန်ရှိနေသည့် လူပေါင်း ၂၁,၃၇၀ ဦးအတွက် ထပ်ဆောင်း ထောက်ပံ့ကြေး များ ပေးခဲ့ပါသည်။ LIFT သည် COVID-19 ကပ် ရောဂါ ဒုတိယ လှိုင်းကြောင့် ကွင်းဆင်းလုပ်ငန်း များ ထပ်မံ ဆောင်ရွက်မှုများအား အဟန့်အတား မဖြစ်မီ အိမ်ထောင်စုများအပေါ် ငွေကြေး ထောက်ပံ့မှုများ၏ အကျိုးသက်ရောက်မှုများအား လေ့လာရန်အတွက် ပဲခူးတိုင်း ဒေသကြီး၊ ရန် ကုန်တိုင်း ဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် Hel-pAge နှင့် လူမှုဝန်ထမ်း ဦးစီးဌာန ၏ စစ်တမ်းကောက်ယူရေး အဖွဲ့နှင့် အတူ ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ အဖွဲ့သည် အိမ်ထောင်ဖက်ဆုံးပါးသွားပြီးဖြစ်သည့် အဘိုးခြောက်ဦး၊ အဘွားခြောက်ဦး နှင့် သက်ကြီးရွယ်အို စုံတွဲလေးတွဲပါဝင်သည့် သက်ကြီးရွယ်အို ၂၀ ဦးထံ သွားရောက်မေးမြန်းခဲ့ပါသည်။ သွား ရောက်မှုများအနက် ၁၃ ကြိမ်မြောက်တွင် သက် ကြီးရွယ်အိုများက COVID-19 ထောက်ပံ့ကြေးနှင့် စပ်လျဉ်း၍ သီးသန့် ကိုးကား ပြောကြားခဲ့ပါသည်။ လူမှုရေး ပင်စင် ရရှိသူများအားလုံးအနက် ထိုသို့ သွားရောက် လေ့လာမေးမြန်းခဲ့သည့် ဦးရေမှာ နည်းပါးသော်လည်း ၎င်းသက်ကြီးရွယ်အိုများ၏ အတွေ့အကြုံများသည် အသက် ၈၅ နှစ်အထက် သက်ကြီးရွယ်အိုများ အတွက် COVID-19 ထောက် ပံ့ငွေ က မည်သို့ အကျိုးသက်ရောက်မှု ရှိစေခဲ့ သည် ဆိုသည်နှင့် ထို ထောက်ပံ့ကြေးအား မည်ကဲ့သို့ အသုံးပြုသည် ဆိုသည်တို့နှင့် စပ်လျဉ်း

သည့် အသိအမြင်များ ပေးနိုင်ခဲ့ပါသည်။

## နေ့စဉ်ဘဝအပေါ် COVID–19 ကပ်ရောဂါ၏ သက်ရောက်မှု

လူမှုရေး ပင်စင်ရရှိသူများ က ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့သည် COVID–19 ကပ်ရောဂါ ဆိုင်ရာ သတင်းအချက်အလက်များ ရရှိသည့် အဓိက ရင်းမြစ်များ ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထောက်ပံ့ကြေးနှင့် အတူ ပေးသည့် COVID–19 ကပ်ရောဂါ ဆိုင်ရာ သတင်းအချက်အလက်များ ပါဝင်သည့် လက်ကမ်း စာစောင်များသည်လည်း အရေးပါသည့် သတင်းရင်းမြစ် ဖြစ်ခဲ့ပါသည်။ အချို့က COVID–19 ကပ်ရောဂါကို မကြောက်ဟု ပြောကြားသော်လည်း ၎င်းတို့ အနေဖြင့် နေအိမ်တွင်သာ နေထိုင်ခြင်း နှင့် အပြင်ထွက်သည့်အခါ လူစုလူဝေးများအား ရှောင်ရှားခြင်းတို့ဖြင့် ကူးစက်ခံနိုင်ချေ အန္တရာယ် လျှော့ချရေး လမ်းညွှန်ချက်များအား လိုက်နာလျက် ရှိကြောင်း ပြောကြားခဲ့ပါသည်။ အဘွားတစ်ဦးသည် ကပ်ရောဂါ စတင်ဖြစ်ပွားသည့် အချိန်မှ အစပြု၍ ဘုန်းတော်ကြီး ကျောင်းများသို့ သွားရောက်ခြင်းကို မပြုတော့ပေ။ သက်ကြီးရွယ်အို အများအပြားတို့က ၎င်းတို့ အပြင်ထွက်သည့်အခါ နှာခေါင်းစည်းများ ဝတ်ဆင်ကြောင်းနှင့် အိမ်ပြန်ရောက်ပါက လက်ဆေးကြောင်း၊ အမျိုးသမီးကြီး တစ်ဦးကမူ အပြင်က ပြန်ရောက်သည်နှင့် သူမ၏ အဝတ်များအား လျှော်ဖွတ်ကြောင်း ပြောကြား ခဲ့ပါသည်။ နေအိမ်တွင် နေထိုင်သူအများစုတို့သည် ဥယျာဉ်စိုက်ပျိုးရေး လုပ်ခြင်း (သို့) အိမ်မှုကိစ္စများ ဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ကြပါသည်။ အဘွားနှစ်ဦးက တရားနာခြင်း နှင့် တရားထိုင်ခြင်းတို့ ဆောင်ရွက်ကြောင်း ပြောကြားခဲ့ပြီး သက်ကြီးရွယ်အို စုံတွဲတစ်တွဲသည် အိမ်တွင်နေရင်း သိမှတ်စရာများကို “လေ့လာသင်ယူနေကြောင်း” ပြောကြားခဲ့ပါသည်။ သို့သော်လည်း အချို့သူများ မှာ နေအိမ်တွင် နေထိုင်သည့် အချိန်တွင် စိတ်ခတ်ကျခြင်း၊ စိုးရိမ်ကြောက်ရွံ့ခြင်းနှင့် အထီးကျန်ခြင်း တို့ ခံစားခဲ့ ကြရပါသည်။

## ထောက်ပံ့ငွေ အား အသုံးပြုမှုနှင့် အကျိုးသက်ရောက်မှု

လူမှုရေးပင်စင်ရရှိသူ ကိုးဦးတို့က အနည်းဆုံး ထပ်ဆောင်းထောက်ပံ့ ငွေ အချို့အား လှူဒါန်းရန် အသုံးပြုခဲ့ပြီး အိမ်ထောင်ဖက်မရှိတော့သည့် အဘွားနှစ်ဦးက ထောက်ပံ့ငွေ အချို့ (သို့) အားလုံးအား ၎င်းတို့၏ သားသမီးများနှင့် မြေးမြစ်များအား ပေးအပ်ခဲ့ကြပါသည်။ အချို့က အစားအသောက် များ၊ ဆေးများ အပြင် အဝတ်အထည်များ နှင့် အိမ်သုံးပစ္စည်းများ အတွက် အသုံးပြုခဲ့ကြပါသည်။ အရေးအကြီးဆုံးမှာ ထောက်ပံ့ငွေများသည် လူများ၏ မိမိကိုယ်ကို လေးစားမှု အပေါ် ကောင်းမွန် သည့် အကျိုးသက်ရောက် မှု ရှိပါသည်။ လူမှုရေး ပင်စင်သည် သက်ကြီးရွယ်အို အများအပြားအ တွက် ၎င်းတို့သည် အရေးပါကြောင်းနှင့် ဂရုစိုက်ခြင်း ခံထိုက်ကြောင်း အသိအမှတ် ပြုခြင်းကို ကိုယ်စားပြုပါသည်။ ထို့ပြင် လူမှုရေးပင်စင်၏ ကျေးဇူးကြောင့် အိမ်ထောင်ဖက် ဆုံးပါးသွားပြီးဖြစ်သော အဘိုးအများအပြားတို့သည့် မိမိကိုယ်တိုင် လွတ်လပ်စွာ ရပ်တည်နိုင်သည် ဟူသော ပိုမိုထူးကဲသည့် ခံစားချက် ခံစားရပါ သည်။

ထောက်ပံ့ငွေ ရရှိသူများအားလုံးက ထပ်ဆောင်းပံ့ပိုးငွေ အပါအဝင် လူမှုရေး ပင်စင်များ ရရှိသဖြင့် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့ပါသည်။ “ထောက်ပံ့ ငွေ ပိုရရင် အဘိုး ဝမ်းသာမှာပါ ဒါမှသာ အဘိုး မသေခင် လိုအပ်နေတဲ့သူတွေကို အဘိုးရဲ့ ကိုယ်ပိုင်ငွေနဲ့ ပံ့ပိုးပေးနိုင်မယ်လေ” ဟု ပြောကြားသည့် အဘိုးတစ်ဦး အပါအဝင် အချို့က ပိုမို ရရှိလိုကြောင်း ပြောကြားခဲ့ ကြပါ သည်။

## ဒေါ်ခင်လှကြီး ၏ ဖြစ်ရပ်မှန် ဇာတ်လမ်း –



ရန်ကုန် တိုင်းဒေသကြီးနေ အသက် ၉၆နှစ် အရွယ်ရှိ ဒေါ်ခင်လှကြီးသည် လူမှုရေး ပင်စင်ငွေ အချို့အား ဘုရား တွင် လှူဖွယ်ပစ္စည်း များ လှူဒါန်းရန် အသုံးပြုခဲ့ပါသည်။ သူမ သည် လွတ်လပ်မှုကို နှစ်သက်သူ တစ်ဦး ဖြစ်သဖြင့် သူမ နေထိုင်ရာ လမ်းအတွင်းသို့ ငှက်ရောင်း သူများ လာသည့် အခါတိုင်း သူမ က လှောင်အိမ် တစ်ခုလုံးတွင် ရှိသည့် ငှက်များ ကို ဝယ်ယူပြီး ငှက်များ လွှတ်ပေးလေ့ ရှိပါ သည်။ လမ်းတွင် ပိုက်ဆံတောင်းနေ သည့် မသန်စွမ်း ကလေးငယ် များ အား မြင်တွေ့သည့် အခါတိုင်းလည်း သူမ ၏ လူမှုရေး ပင်စင်ထဲမှ ပေးလေ့ ရှိပါသည်။ ထိုသို့သော အပြုအမူမှာ COVID–19 ထပ်ဆောင်း ပံ့ပိုးငွေများအပါအဝင် ငွေကြေး ထောက်ပံ့မှုများ အား လူမှုရေးကိစ္စများ အတွက် ပြန်လည်ခွဲဝေအသုံးပြုခြင်း တစ်မျိုးအဖြစ် ကိုယ်စားပြုပါသည်။

## ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်း နေထိုင်သူများ အတွက် ငွေကြေး ထောက်ပံ့မှုများ

LIFTသည် ဇွန်လတွင် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့ရှိ ပြည်တွင်း နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူ များအတွက် ငွေကြေးထောက်ပံ့မှုများပေးရန် ကန်ဒေါ်လာ ၃.၂ သန်း ခွင့်ပြုပေးခဲ့ပါသည်။ တစ်ပေါင်းတစ်စည်းတည်းပေးသည့် ထောက်ပံ့ကြေးမှာ ကျပ်ငွေ ၆၅,၀၀၀ (ကန်ဒေါ်လာ ၄၅) ဖြစ်ပြီး COVID ကြောင့်ဖြစ်သည့် ယာယီစခန်းများတွင် နေထိုင်သူ များအနေဖြင့် ကိုဗစ်ကြောင့် ဖြစ်ပေါ်လာသည့် ထိတ်လန့်တုန်လှုပ်မှုများ အား ရင်ဆိုင်ဖြေရှင်းနိုင်ရန် အတွက် အထောက်အကူ ဖြစ်စေရန် ရည်ရွယ်၍ ဒီဇိုင်းရေးဆွဲခဲ့ပါသည်။

ကမ္ဘာ့စားနပ်ရိက္ခာ အဖွဲ့သည် အရွယ်ရောက်ပြီးသူတစ်ဦးအနေဖြင့် ပျမ်းမျှအားဖြင့် တစ်လစာ လိုအပ်သည့် ကယ်လိုရီ လိုအပ်ချက်များ နှင့် အာဟာရဓာတ် လိုအပ်ချက်များ တစ်စိတ်တစ်ပိုင်းအား ပြည့်မီစေရန်အတွက် လုံလောက်သည်ဟု ယူဆသည့် ထောက်ပံ့ငွေ ကျပ် ၁၅,၀၀၀ စီကို ယာယီ စခန်းများတွင် နေထိုင်သည့် ပြည်တွင်း နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူ များအား ပေးအပ်ခဲ့ပါသည်။ LIFT ၏ ငွေကြေးထောက်ပံ့မှုသည် ဤ ကူညီ ထောက်ပံ့မှုအား အားဖြည့်ပေးမည် ဖြစ်ပြီး ရရှိသူများအနေဖြင့် မရှိမဖြစ်လိုအပ်သည့် စားနပ်ရိက္ခာ၊ တစ်ကိုယ်ရေ သန့်ရှင်းမှု၊ ကျန်းမာရေး နှင့် PPE တို့ အတွက် အသုံးပြုနိုင်သည့် ပမာဏ တိုးပွားလာမည် ဖြစ်ပါသည်။

ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူ များအတွက် ငွေကြေးထောက်ပံ့မှုအစီအစဉ်သည် အစိုးရ၏ COVID–19 စီးပွားရေးထိခိုက်မှု သက်သာရေး စီမံချက် (CERP) စီမံချက်၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန (MoSWRR) ၏ IDP စခန်းများနှင့် စစ်ဘေးရှောင် စခန်းများ အတွင်း နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများ အတွက် COVID–19 ရောဂါ ပြန့်ပွားမှု ထိန်း ချုပ်ရေး ကြိုတင်ပြင်ဆင်ရေး စီမံချက် နှင့် MoSWRR ၏ မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့် ရှောက်ရေး အမျိုးသား အဆင့် မဟာဗျူဟာ စီမံချက် တို့နှင့် အညီ ဖြစ်ပြီး စီမံချက်များ အတွက် အထောက်အကူ ပြုပါသည်။

ကူညီထောက်ပံ့မှုသည် အားလုံးပါဝင်မှုရှိပြီး နိုင်ငံအနှံ့အပြားရှိ ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူ များနိုင်သမျှ များများ ပါဝင်နိုင်စေရန် အတွက် ကူညီထောက်ပံ့မှုအား အောက်ပါတို့နှင့် အတူ ပေးအပ်မည် ဖြစ်ပါသည်–

**လူမှုဝန်ထမ်း ဦးစီးဌာန** သည် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်း (အစိုးရ ထိန်းချုပ်သည့် ဒေသများ)၊ ကရင် ပြည်နယ်၊ ရခိုင်ပြည်နယ် နှင့် ချင်းပြည်နယ်များ ရှိ **အိမ်ထောင်စုပေါင်း ၅၄,၇၇၄ စု (၂၇၂,၆၈၃ ဦး) တို့အား ကူညီထောက်ပံ့ရန်**

**ပူးပေါင်းလုပ်ငန်းစဉ်အဖွဲ့ (JST)** မှ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ (အစိုးရ ထိန်းချုပ်သည့် ဒေသများ နှင့် အစိုးရ ထိန်းချုပ်မှု မရှိသည့် ဒေသများ) ရှိ **အိမ်ထောင်စုပေါင်း ၈,၉၉၄ စု (၄၅,၀၀၀ ဦး) တို့အား ကူညီထောက်ပံ့ရန်**

LIFT နှင့် လက်တွဲဆောင်ရွက်ဆဲဖြစ်သည့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းမှ **ရခိုင်ပြည်နယ်တွင်** စာရင်းသွင်းမှတ်ပုံတင်ထားခြင်း မရှိသည့် **အိမ်ထောင်စု ၁၇၃၂ စု (၈,၆၇၉ ဦး)တို့အား ကူညီထောက်ပံ့ရန်**

ဤအခြေအနေများတွင် ငွေကြေးထောက်ပံ့မှုပေးအပ်ရာ၌ လျှော့ပါးစေရေး မဟာဗျူဟာများနှင့် ကောင်းမွန်သည့် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းစနစ် ဒီဇိုင်းရေးဆွဲခြင်း၊ ပတ်သက်ဆက်နွှယ်သူများနှင့် တိုင်ပင်ဆွေးနွေးရာတွင် စိန်ခေါ်မှုများနှင့် ဆုံးရှုံးရနိုင်ချေ အန္တရာယ် များ ကို ဒီဇိုင်းပုံစံ ရေးဆွဲသည့် အဆင့်၌ ထည့်သွင်း စဉ်းစားရန် အရေးကြီးပါသည်။ အောက်တိုဘာလတွင် အဆိုပါ တိုင်ပင်ဆွေးနွေးမှု များ ဆက်လက် ဆောင်ရွက်လျက်ရှိပြီး ငွေကြေး ထောက်ပံ့ပေးရန် မိုဘိုင်းလ်ဖုန်း/ ဒီဂျစ်တယ် နည်းလမ်းများအား ရှာဖွေစူးစမ်းလျက် ရှိပါသည်။ ငွေကြေး ထောက်ပံ့မှု များအား နိုဝင်ဘာ/ ဒီဇင်ဘာတွင် ဆောင်ရွက်ရန် ရည်မှန်း ထားပါသည်။

## ယာယီခိုလှုံရာစခန်းများတွင် နေထိုင်သည့် ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူ များ အတွက် စားနပ်ရိက္ခာ ပစ္စည်းများ ထောက်ပံ့ခြင်း

LIFT၏ ပံ့ပိုး ကူညီ မှုဖြင့်  Save the Children သည် အလုပ်ရှင်များ နိုင်ငံအတွင်းမှ ထွက်ပြေးသဖြင့် နစ်နာကြေး မရရှိဘဲ အလုပ် ပြုတ်သွားခဲ့သည့် အလုပ်သမားများ အား ရှာဖွေ ဖော်ထုတ်၍ ကူညီထောက်ပံ့ပေးရန် ရည်ရွယ်၍  ရန်ကုန်ရှိ ရွှေပြည်သာမြို့နယ် တွင် လူမှုကာကွယ် စောင့်ရှောက်ရေး စီမံကိန်း ဆောင်ရွက်ချက်ကို ဒီဇိုင်းရေးဆွဲခဲ့ပါသည်။ ဤနည်းလမ်းအား အလုပ်သမားများ အား ၎င်းတို့၏ အိမ်ထောင်စု အတွက် စားနပ်ရိက္ခာ၊ နေရာထိုင်ခင်း နှင့် အခြား အခြေခံ လိုအပ်ချက်များ လက်လှမ်းမီ ရရှိနိုင်ရန် အတွက် နှင့် အိမ်ထောင်စုများ အနေဖြင့် မကြုံစဖူး ဝင်ငွေ ဆုံးရှုံးရသဖြင့် အကြွေး အဆမတန် ပိ နေခြင်းမှ ဟန့်တား ကာကွယ် ရန်တို့အတွက်  အထည်ချုပ်ကဏ္ဍတွင် သတ်မှတ်ထားသည့် အနိမ့်ဆုံး လုပ်ခလစာ ကျပ် ၁၂၀,၀၀၀ (ကန်ဒေါ်လာ ၈၄)အား အလုပ်သမားများထံ  ပံ့ပိုးပေးရန် ဒီဇိုင်းရေးဆွဲထားပါသည်။  COVID-19 ကူးစက်မှုအန္တရာယ် ကို လျှော့ချ ရန် နှင့် ထောက်ပံ့ ကြေးပေးရာတွင် ထိရောက်မှု ရှိစေရန် တို့ အတွက် မိုဘိုင်းလ်းဖုန်းမှ တဆင့်ငွေပေး သည့် နည်းလမ်းကို အသုံးပြု ခဲ့ပါသည်။




ဤ ထောက်ပံ့ကူညီမှု၏ ထိရောက်မှုနှင့် အကျိုး သက် ရောက်မှုတို့ကို မှတ်တမ်းတင်ရန် ထောက်ပံ့ ငွေ ထုတ်ပေး ပြီးနောက် စောင့်ကြည့် စစ်ဆေးခြင်း အား ငွေလွှဲပို့ပေးပြီး နောက် ရက်ပေါင်း ၃၀ နီးပါး ကြာမြင့် သည့် အချိန်တွင်  ဆောင်ရွက်ခဲ့ပါသည်။ စစ်တမ်း ကောက်ယူ ရာတွင် အကျိုး ခံစားခွင့် ရှိသူ ၁၀၀ ဦးအား တယ်လီဖုန်းမှ တဆင့် ဆက်သွယ် ဆောင်ရွက်ခဲ့ပါသည်။  ယင်းတို့ အနက်မှ ၇၁ ရာခိုင်နှုန်းမှာ ရွှေ့ပြောင်း လုပ်သားများ ဖြစ်ပြီး ၈၈ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်ပါသည်။ ပျမ်းမျှ အနေဖြင့် ၎င်း တို့၏ အိမ်ထောင်စုများတွင် အိမ်ထောင်စုဝင် ငါးဦး ရှိပြီး ၈၇ ရာခိုင်နှုန်းမှာ ငှားရမ်းထားသည့် အခန်းများ၊ အိမ်များ (သို့) အလုပ်သမား များနေသည့် အဆောင် များတွင် နေထိုင် ကြ ပါသည်။

အကျိုးခံစားခွင့် ရှိသူများ၏ ပျမ်းမျှအသက်မှာ ၂၆ နှစ် ဖြစ်ပါသည်။ အကျိုးခံစားခွင့် ရှိသူများ၏ သုံးပုံတစ်ပုံ မှာ ၎င်းတို့ မိသားစု များအတွက် အဓိက ဝင်ငွေ ရှာဖွေပေးနေသူ များဖြစ်ပြီး ၂၉ ရာခိုင်နှုန်း မှ ၎င်းတို့ကိုယ်ကို အိမ်ထောင်ဦးစီး အဖြစ် သတ်မှတ်ပြီး ထက်ဝက်ကျော် (၅၃ ရာခိုင်နှုန်း) တို့က ထောက်ပံ့ကြေး အား မည်သို့ အသုံးပြုမည်ဆိုသည် ကို ၎င်းတို့ ဆုံးဖြတ်သည် ဟု ဆို ပါသည်။ ထောက်ပံ့ကြေးအား အစားအသောက် ဝယ်ယူရန်အတွက် အဓိကအားဖြင့် အသုံးပြုကြပြီး ၈၅ ရာခိုင်နှုန်းမှ ထောက်ပံ့ ငွေများအား အစားအသောက်အတွက် အသုံးပြုသည်ဟု ဆိုခဲ့ပါသည်။ အခြားသူများက နေအိမ် နှင့် အိမ်ငှားခ (၅၉ ရာခိုင်နှုန်း)၊ ချေးငွေ/အကြွေး ပြန်ဆပ်ခြင်း (၂၄ ရာခိုင်နှုန်း) နှင့် ကျန်းမာရေး စရိတ်များ (၁၅ ရာခိုင်နှုန်း) အတွက် အသုံးပြုကြောင်း ဖော်ပြခဲ့ ပါသည်။ မိသားစု အများစု တို့က ၎င်းတို့၏ အခြေခံ စားနပ်ရိက္ခာလိုအပ်ချက်များ ထိန်းထားနိုင်ရန် ကြိုးပမ်း စီမံခန့်ခွဲလျက်ရှိပြီး PDM ၏ အိမ်ထောင်စု ငတ်မွတ်မှု အတိုင်းအတာ  ဆိုင်ရာ အချက်အလက် များမှ ၈၈ ရာခိုင်နှုန်း မှာ အနည်းငယ်သာ ငတ်မွတ်မှု ရှိပြီး  လုံးဝ ငတ်မွတ်သည့် အိမ်ထောင်စု မရှိကြောင်း ပြသပါသည်။ သို့သော်လည်း ၁၂ ရာခိုင်နှုန်းမှ အတန်အသင့် ငတ်မွတ်လျက် ရှိသည် ဟု အစီရင်ခံခဲ့ပြီး  ထောက်ပံ့ငွေ ရရှိပြီးနောက်ပိုင်းတွင်၌ပင်လျှင် အိမ်ထောင်စု အတွက် လုံလောက်သည့် စားနပ်ရိက္ခာ ဝယ်ယူရန် အတွက်  ရုန်းကန်နေရကြောင်း အစီရင်ခံခဲ့ပါသည်။

စစ်တမ်း ဖြေဆိုသူများ၏ လေးပုံတစ်ပုံက အထည်ချုပ် စက်ရုံများ ပိတ်သိမ်းခဲ့သဖြင့် နောက်ထပ်အလုပ်တစ်ခု ရှာခဲ့ရကြောင်း ဖြေကြားခဲ့သော်လည်း ထိုသူများ၏ ၇၅ ရာခိုင်နှုန်းတို့က အလုပ်သစ်မှ ရသည့်ဝင်ငွေမှာ ၎င်းတို့ ယခင် အလုပ်မှ က ရရှိခဲ့သည် ထက် သိသိသာသာ နည်းပါးသည်ဟု ဆိုပါ သည်။

အကြွေးယူခြင်းမှာ အတော်များများ အသုံးပြုသည့် ရင်ဆိုင်ဖြေရှင်းရေး နည်းလမ်းတစ်ရပ် ဖြစ်ပါသည်ဟု အစီရင်ခံ တင်ပြခဲ့ ပါသည်။  ပေါင်းစပ်ထား သည့် အချက်အလက်များအရ စစ်တမ်းဖြေဆိုသူများ၏ ယေဘူယျ အကြွေးတင်ရှိမှုမှာ ဇန်နဝါရီလနှင့် နှိုင်းယှဉ်ပါက ၅၀ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ပြသနေပါသည်။ အကြွေးတင်သည့် လူ အရေအတွက် တိုးတက်လာသလို ပျမ်းမျှ အကြွေး ပမာဏ မှာလည်း အလားတူ ဖြစ်ပါသည်။ COVID-19 ကပ်ရောဂါ ပထမပိုင်း နှစ်လတွင် ဘဏ်များမှ လွဲ၍ အခြား ပုံစံအမျိုးမျိုးနှင့်ယူသည့် အကြွေးများ တိုးတက်များပြားလာခဲ့ပြီး အထင်ရှားဆုံး ကြီးထွားလာမှုမှာ ငွေတိုးချေးစားသူများထံတွင် အကြွေးတင်ခြင်း (၁၈ ရာခိုင်နှုန်း) ဖြစ်ပါသည်။  ဤသို့ ငွေတိုးချေးစားသူများထံတွင် အကြွေးတင်မှုနှုန်း များပြားပြန့်နှံ့ခြင်းတွင် သာမက ပျမ်းမျှ အကြွေးတင်သည့် ပမာဏတွင်ပါ ကြီးထွားလာမှုမှာ ထိုသူများအတွက် ရေရှည် ဆင်းရဲ မွဲတေမှု စက်ဝန်း၏ စိုးရိမ် ပူပန်စရာ အကောင်းဆုံး အချက်တစ်ချက်များထဲမှ တစ်ချက် အနေဖြင့် ကိုယ်စားပြုပါသည်။

## ပြန်လည်သုံးသပ်ခြင်းနှင့် လေ့လာသင်ယူခြင်း

### MoSWRR ၏ ရှုမြင်သုံးသပ်မှု– COVID–19 ဆိုင်ရာ စီမံကိန်းဆောင်ရွက်ချက်များအတွက် LIFT ၏ ကူညီထောက်ပံ့မှု

LIFT အနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန ၏ ပိုမိုကျယ်ပြန့်သည့် မူဝါဒနှင့် စီမံကိန်းလုပ်ငန်း များအတွက် မည်သည့်အတိုင်းအတာအထိ ကူညီပံ့ပိုးပေးနိုင်ခဲ့သည် (သို့) သတင်းအချက်အလက် ပေးနိုင်ခဲ့သည် ဆိုသည်ကို သုံးသပ်ရန်အတွက် အဓိက သတင်းပေးသည့် ဆွေးနွေးမှုအတွက် ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး အပါအဝင် ဝန်ကြီးဌာနမှ တာဝန် ရှိသူများနှင့် တွေ့ဆုံခဲ့ ပါသည်။

ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ စီမံကိန်း အယူအဆတင်ပြချက်များ သုံးသပ်၍ ဒီဇိုင်း ရေးဆွဲ နေချိန်တွင် **LIFT အနေဖြင့် အခြား အဖွဲ့အစည်း များနှင့် အတူ အခြား နိုင်ငံများမှ ငွေကြေး ထောက်ပံ့ခြင်း၏ လက်တွေ့ကျမှုနှင့် အသုံးတည့် မှု တို့နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်နှင့် အထောက်အထားများအား DSW အတွက် ပံ့ပိုးပေးနိုင်ခဲ့ ပါသည်။** DSW နှင့် ပြည်ထောင်စု ဝန်ကြီးတို့သည် COVID–19 ကပ်ရောဂါ အတွက် မြန်မာနိုင်ငံ ၏ တုံ့ပြန်ကာကွယ်ရေး လုပ်ငန်းများ ဒီဇိုင်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး တို့ အား အထောက်အကူပြုရန် ရင်းမြစ်အများအပြား မှ သတင်း အချက်အလက် ရယူခဲ့ ကြပါသည်။

**MCCT နှင့် လူမှုရေး ပင်စင် တွင် ထပ်မံပံ့ပိုးသည့် ငွေလွှဲထောက်ပံ့မှု များအတွက် LIFT ၏ ကူညီထောက်ပံမှု** သည် အရေးပေါ် အခြေအနေတွင် ငွေကြေးထောက်ပံ့မှုများအား အောင်မြင်စွာ ဖြန့်ဝေပေးနိုင်သည် ဆိုသော ကနဦး အရေးပါသည့် ' အယူအဆ သဘောထား၏ သက်သေ' အဖြစ် ပါဝင်ပါသည်။ DSW သည် အစိုးရ၏ လက်ရှိဆောင်ရွက်ဆဲ MCCT စီမံကိန်း ဆောင် ရွက်မှု နယ်ပယ်များ ပြင်ပမှ မသန်စွမ်းများ၊ အသက် ၈၀ မှ ၈၄ နှစ်ကြား သက်ကြီးရွယ်အိုများ ၊ ကိုယ်ဝန်ဆောင်များနှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များ၏ မိခင်များ အပါအဝင် ထိခိုက်လွယ် အုပ်စုများ အတွက် ဆက်လက်၍ ထောက်ပံ့ငွေ ပေးခြင်းများ လုပ်ငန်းများ ဒီဇိုင်း ရေးဆွဲရန် နှင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် အတွက် ပထမ အကြိမ် ထောက်ပံ့ငွေ ပေးခြင်းမှ အတွေ့အကြုံနှင့် သင်ခန်းစာများကို ရယူအသုံး ပြုခဲ့ပါသည်။

**ဒီဂျစ်တယ် ပလက်ဖောင်းများ အား စာလျှင်စွာ စူးစမ်း ဖော်ထုတ်ခြင်းနှင့် ဆွေးနွေးခြင်းများ မှ** DSW ၏ အကျိုးခံစားခွင့်ရှိသူများအား စာရင်းသွင်းခြင်း နှင့် ဒီဂျစ်တယ် နည်းပညာသုံး၍ ထောက်ပံ့ငွေ ပေးခြင်းတို့အတွက် တိုက်တွန်းအား ပေးခဲ့ပါသည်။ ယင်း အီလက်ထရွန်နစ် ပလက် ဖောင်းများမှ လက်ရှိ ဆောင်ရွက်နေသည့် MCCT အစီအစဉ် ပြင်ပမှ ကိုယ်ဝန်ဆောင် အမျိုးသမီးများ နှင့် မိခင်များ နှင့် ၂၀၂၀ခုနှစ် စက်တင်ဘာလတွင် သက်ကြီးရွယ်အို လူမှုရေး ပင်စင် ရရှိသူများ အတွက် ကူညီထောက်ပံ့မှုများ ပေးရန် အထောက်အကူ ပေးခဲ့ပြီး ကမ္ဘာ့ကပ်ရောဂါ ကာလအတွင်း ထောက်ပံ့ကြေးများ ကိုယ်တိုင် ထုတ်ယူခြင်းနှင့် ဆက်နွယ်နေသည့် အန္တရာယ်များ လျှော့ချပေး ရန်အတွက်လည်း အထောက်အကူ ဖြစ်စေခဲ့ ပါသည်။ စွမ်းဆောင်မှု ကောင်းပြီး ထိရောက် သည့် ငွေလွှဲပို့စနစ် အတွက် သင့်လျော်သည့် ဒီဂျစ်တယ် နည်းပညာနှင့် ထောက်ပံ့ငွေများ လွှဲပို့ မှုစနစ် တည်ထောင်ခြင်းမှာ အရေးပါပါသည်။ စိန်ခေါ်မှုများ ကို ဖြေရှင်းရန် အတွက် အဖွဲ့အစည်း ဆိုင်ရာ စွမ်းဆောင်ရည်များ ခိုင်မာအားကောင်းစေ ရန် အချိန်နှင့် ရင်းမြစ်များ လိုအပ်ပါသည်။ ဒီဂျစ် တယ် နည်းဖြင့် ငွေပေးချေမှုများ နှင့် စောင့်ကြည့် စစ်ဆေးခြင်း ချဉ်းကပ်နည်းလမ်းများ အား ကျင့် သုံးခြင်း နှင့် အတူ အကျိုးခံစားခွင့်ရှိသူဘက်မှ တုံ့ပြန်မှတ်ချက်များ လက်ခံနိုင်ရန်အတွက် ဒီဂျစ် တယ် နည်းပညာ အကောင်အထည်ဖော်ခြင်း သည် စီမံကိန်းရေးဆွဲသူများ အနေဖြင့် စီမံကိန်း အကောင် အထည် ဖော်ရေးတွင် ပိုမိုကောင်းမွန်သည့် ချိန်ညှိမှုများ ပြုလုပ်နိုင်မည် ဖြစ်ပါသည်။

## အနာဂတ်သို့ မှန်းမျှော်ကြည့်ခြင်း

**လူမှုကာကွယ်စောင့်ရှောက်ရေး စီမံကိန်းဆောင်ရွက်ချက် များ ၏ ဒီဇိုင်းများ သည် လက်ရှိ အသုံးပြုနေသည့် ပလက်ဖောင်းများ ပေါ်တွင် တည်ဆောက်ခြင်း၏ အရေးပါပုံကို မီးမောင်း ထိုးပြ ခဲ့ပါသည်။** MCCT နှင့် လူမှုရေး ပင်စင် ရရှိသည့် အိမ်ထောင်စုများအား ဦးတည် ရည်ရွယ်ရန်အတွက် ဆုံးဖြတ်ရခြင်းမှာ အကြောင်းရင်း နှစ်ချက်ပါဝင်ပါသည်။ MCCT နှင့် လူမှုရေး ပင်စင် အကျိုးခံစားခွင့် ရှိသူများသည် အထူးသဖြင့် ၎င်းတို့၏ ကျန်းမာရေး အခြေအနေ အရ COVID–19 ကပ်ရောဂါ ၏ ဆိုးကျိုးများ ကို ခံစားရသူများအနက် ထိခိုက်လွယ်မှု အများဆုံး အုပ်စုများ ဖြစ်နေခြင်း ဖြစ်ပါသည်။ ထိုနည်းတူ အဆိုပါ အုပ်စုများအတွက် ဖြန့်ဝေရေး ပလက်ဖောင်းများ ရှိထားပြီး ဖြစ်နေပြီ ဖြစ်ပါသည်။ ထောက်ပံ့ပေးသည့် 'ထပ်ဆောင်း ပံ့ပိုးငွေ' အား အချိန်တိုအတွင်း အသက်သွင်း ပြီး စတင်အသုံးပြုနိုင်ပြီး ပေးပို့သည့် နည်းလမ်းများမှာလည်း အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက် ရာတွင် ထိရောက်မှုရှိပြီး စွမ်းဆောင်ရည် ပြည့်ဝကြောင်း သက်သေပြနိုင်ခဲ့ပါသည်။ ဥပမာအားဖြင့် ပြည်တွင်းနေရပ်စွန့်ခွာ ပြောင်းရွှေ့ ငွေကြေးထောက်ပံ့မှု အစီအစဉ်သစ်များ၏ ဒီဇိုင်းများ နှင့် နောက်ထပ် လာမည့် အခြား အစီအစဉ်များအတွက် ဆွေးနွေးတိုင်ပင်ရန် နှင့် ဖန်တီးရေးဆွဲရန် ပိုမိုကြာမြင့်သည့် အချိန် လိုမည် ဖြစ်ပါသည်။

***သဘောတူစာချုပ်များ အလျင်အမြန်ချုပ်ဆိုသည့် အစီအမံများသည် DSW နှင့် LIFT (UNOPS) တို့၏ ပြောင်းလွယ်ပြင်လွယ်ရှိမှု လိုအပ်ခဲ့ရာ တည်ဆောက်ထားပြီးသာ ယုံကြည်မှုနှင့် ဆက်ဆံရေး တို့အပေါ် မှတည်နေပါသည်။*** အဖွဲ့အစည်းနှစ်ရပ်လုံး၏ စည်းမျဉ်းစည်းကမ်းများသည် ခက်ခဲရှုပ်ထွေးပြီး ဆွေးနွေး ညှိနှိုင်းရန် အတွက် အချိန်နှင့် ကြိုးပမ်းအားထုတ်မှု အများအပြား လို အပ်သည်ကို တွေ့ကြုံခဲ့ကြပါသည်။ လေးစား လောက်သည့် လိုက်လျောညီထွေမှု ဖြစ်အောင် စီမံခန့်ခွဲနိုင်သော စွမ်းဆောင်ရည် လိုအပ်ပြီး နှစ်ပေါင်းများစွာကတည်းက တည်ဆောက်လာခဲ့ သည့် လုပ်ငန်းပိုင်းနှင့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်လိမ္မာမှု နှင့် ယုံကြည်မှုရှိသည့် ဆက်ဆံရေးနှင့် ကြိုတင် ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

***စီမံကိန်းဆောင်ရွက်ချက် ဒီဇိုင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ စတင် သည့်အချိန်မှစ၍ စနစ်ကျနသည့် ဘဏ္ဍာရေးဆိုင်ရာ နှင့် ဝန်ထမ်းများ ခန့်ထားခြင်း အပါအဝင် စောင့်ကြည့်စစ်ဆေးခြင်းအား အကောင်းဆုံး ထည့်သွင်းစဉ်းစားထားပါသည်။*** LIFT နှင့် DSW တို့သည် ထောက်ပံ့ကြေး 'ထပ်ဆောင်း ပံ့ပိုးမှု' ဒီဇိုင်းရေးဆွဲခြင်းနှင့် ငွေကြေးထောက်ပံ့ပြီးနောက် စောင့်ကြည့်စစ်ဆေးခြင်း အား အကောင်အထည်ဖော်ရန်အတွက် အဆောတ လျင် လုပ်ဆောင်ရသော်လည်း ထိရောက်စွာ ပူးပေါင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ PDM ၏ နည်းပညာဒီဇိုင်း နှင့် DSW မှ Case Manager များ အတွက် အွန်လိုင်း သင်ခန်းစာများရေးဆွဲရန်အတွက် LIFT ၏ နိုင်ငံတကာ နှင့် ပြည်တွင်း စောင့်ကြည့်စစ်ဆေးခြင်း နှင့် အကဲဖြတ် သုံးသပ်ခြင်းဆိုင်ရာ အကြံပေး ပုဂ္ဂိုလ် များ သည် လူမှုဝန်ထမ်း ဦးစီးဌာန ဝန်ထမ်းများနှင့် အနီးကပ် လက်တွဲလုပ်ဆောင်ခဲ့ကြပါသည်။ ဘွဲ့ လွန် အတွက် LIFT တွင် အလုပ်သင် ဆင်းနေသည့် လူမှုဝန်ထမ်း ဦးစီးဌာနမှ ဝန်ထမ်းသည် စစ်တမ်း ကောက်ယူသည့် နည်းလမ်း၊ ကွင်းဆင်း စစ်တမ်း ကောက်ယူ သူများအတွက် သင်တန်း ပေးခြင်း နှင့် အချက်အလက် ကောက်ယူရာတွင် စိစစ်ကြီး ကြပ်ပေးခြင်း သာမက LIFT နှင့် DSW ကြား ဆက်သွယ်ပြန်ကြားရေး ပိုမို အားကောင်းစေရန် အတွက် PDM ဒီဇိုင်းပုံစံ ရေးဆွဲခြင်းဖြင့် ကူညီ ဆောင်ရွက်ပေးခဲ့ပါသည်။ လူမှုရေး ပင်စင်များ အတွက် ထိရောက်မှုရှိပြီး ရေရှည်တည်တံ့သည့် စောင့်ကြည့်



စစ်ဆေးရေး ယန္တရား အား HelpAge International နှင့် လူမှုဝန်ထမ်း ဦးစီးဌာနတို့မှ ရေးဆွဲ အကောင် အထည် ဖော်မည် ဖြစ်သည်။ ပြည်တွင်း နေရပ်စွန့်ခွါ ရွှေ့ပြောင်းနေထိုင်သူ များ အတွက် ငွေကြေးထောက်ပံ့မှု အစီအစဉ် စောင့် ကြည့်ကြီးကြပ်ရေးအတွက် ဒီဇိုင်း ရေးဆွဲ ခြင်း နှင့် အကောင်အထည်ဖော်ရေးတို့သည် စောင့်ကြည့် စစ်ဆေးရန် ကြိုတင်၍ စီမံချက် ရေးဆွဲသည့် အချိန်မှ စ၍ အကျိုးကျေးဇူးရရှိမည် ဖြစ်ပါ သည်။

***COVID–19 နှင့် ပဋိပက္ခတို့သည် ဒီဂျစ်တယ် နည်း ဖြင့် စီမံကိန်း ဆောင်ရွက်ခြင်းအတွက် နောက်ထပ် ကျိုးကြောင်းဆက်စပ်မှု တစ်ခု ထပ်မံ ပံ့ပိုးပေးပါသည်။*** ရခိုင်ပြည်နယ်တွင် COVID–19 ပိုးတွေ့လူနာဦးရေ အများအပြား တိုးတက်လာ ခြင်းနှင့် လုံခြုံရေး အခြေအနေများဆိုးရွားလာ ခြင်းကြောင့် ထိုဒေသမှ အကျိုးခံစားခွင့် ရှိသူများ နှင့် လူကိုယ်တိုင် တွေ့ဆုံ၍ PDM ဆောင်ရွက် ခြင်းကို အဟန့်အတား ဖြစ်စေခဲ့ပါသည်။ အကျိုး ခံစားခွင့်ရှိသူများ၏ တယ်လီဖုန်း နံပါတ်များ မှတ်တမ်းသိမ်းဆည်းထားခြင်း ဖြင့် အနာဂတ် တွင် ဒီဂျစ်တယ် နည်းအရ စောင့်ကြည့်စစ် ဆေး ရာတွင် အကူအညီ ဖြစ်စေပြီး အရေးပေါ် အခြေ အနေ စီမံကိန်းဆောင်ရွက်ချက် များအတွက် ပြောင်းလွယ်ပြင်လွယ်ရှိသည့် PDM ပလက် ဖောင်း တီထွင် အကောင်အထည်ဖော်ခြင်း သည် အစိုးရ အနေ ဖြင့် စောင့်ကြည့်စစ်ဆေးခြင်းကို ပိုမိုထိရောက်စွာ အချိန်နှင့် တပြေးညီ အကောင် အထည်ဖော်နိုင်ရန် အထောက်အကူ ဖြစ်စေမည် ဖြစ်ပါသည်။

***COVID–19 တုံ့ပြန်ကာကွယ်ရေး လုပ်ငန်းများ ထပ်ဆောင်း လုပ်ဆောင်ရွက်ရန် အတွက် MCCT နှင့် လူမှုရေး ပင်စင် ငွေကြေးထောက်ပံ့မှု နှစ်မျိုး လုံး၏ ပမာဏများကို ပြန်လည် စဉ်းစား သုံးသပ် သင့်ပါသည်။*** ငွေကြေးထောက်ပံ့မှု ပမာဏများ မှာ ထိုအချိန်က ရှိသည့် ရင်းမြစ်များ၏ ပမာဏ ပေါ်တွင် တစ်စိတ် တစ်ပိုင်းအား ဖြင့် မူတည်နေ ပါသည်။ ဆောင်ရွက်ဆဲ MCCT အပါ အဝင် ငွေကြေးထောက်ပံ့မှုများအားလုံးသည် လက်ရှိ စားနပ်ရိက္ခာ စျေးနှုန်း များနှင့် COVID–19 ကပ် ရောဂါ ကာလအခြေအနေ တို့ကို စေ့စပ် သေချာ စွာ သုံးသပ်ခြင်း မှတဆင့် အကျိုး ကျေးဇူးရရှိမည် ဖြစ်သည်။ မည်သည့် တိုးမြှင့်ခြင်း မဆို အတွက် ရင်းမြစ် ရှာဖွေ ရယူရန် စည်းရုံး လှုံ့ဆော်သည့် မဟာဗျူဟာများအား ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရန် အမှန်တကယ် လိုအပ်မည် ဖြစ်သည်။

> ***LIFT အနေဖြင့် အခြား အဖွဲ့အစည်း များနှင့် အတူ အခြား နိုင်ငံများမှ ငွေကြေး ထောက်ပံ့ခြင်း၏ လက်တွေ့ကျမှုနှင့် အသုံးတည့်မှု တို့နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်နှင့် အထောက်အထားများအား DSW အတွက် ပံ့ပိုးပေး နိုင်ခဲ့ပါသည်။***

- ရှေ့တန်းမှ တုံ့ပြန် ကာကွယ်မှု လုပ်ငန်းများ
- လူမှုကာကွယ်စောင့်ရှောက်ရေး
- **အရပ်ဘက်လူမှုအဖွဲ့အစည်း**
- ရွှေ့ပြောင်းသွားလာခြင်း
- ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေခြင်း
- စိုက်ပျိုးရေး

# အရပ်ဘက် လူမှုအဖွဲ့အစည်း

အရပ်ဘက် လူမှုအဖွဲ့အစည်း (CSO)များ သည် LIFT ၏ COVID-19 တုံ့ပြန်ကာကွယ်ရေး လုပ်ငန်းများတွင် အဓိက ကျသည့် အခန်းကဏ္ဍမှ ပါဝင်ပါသည်။ CSO များသည် ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းများနှင့် နီးကပ်စွာ ထိတွေ့ ဆက်ဆံမှုကြောင့် လိုအပ်ချက်များအား လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ရန် ကောင်းမွန် သည့် အနေအထားတွင် ရှိနေခဲ့ပြီး ၎င်းတို့ ကိုယ်တိုင် လူမှုအသိုင်းအဝိုင်းများနှင့် အတူရှိနေခဲ့ကာ အာရုံစူးစိုက်မှု ရှိခဲ့ပြီး လုပ်ကိုင်ဆောင်ရွက်ရန် အဆင်သင့် ဖြစ်နေခဲ့သည်ဖြစ်ရာ CSO များတွင် လက်လှမ်းမီ ရယူနိုင်မှု၊ ယုံကြည်မှုနှင့် ဆက်ဆံရေးများ ရှိနေပြီး ဖြစ်ပါသည်။

LIFT ၏ COVID-19 တုံ့ပြန်ကာကွယ်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများအားလုံးနီးပါးသည် ဒေသတွင်း (သို့) ပြည်တွင်း အဖွဲ့ အစည်းများ - ၂၈၅ ဖွဲ့အနက် ၂၆၅ ဖွဲ့ (၉၁%)- ဖြစ်ပါသည်။ အဆိုပါ အဖွဲ့အစည်းများ အများစုသည် နိုင်ငံတကာ နှင့် ပြည်တွင်း အဖွဲ့အစည်းများ၏ မိတ်ဖက် အဖွဲ့အစည်းများ အနေဖြင့် ရန်ပုံငွေ ထောက်ပံ့မှုအား ရယူခဲ့ပါသည် - ဆိုလိုသည်မှာ ၎င်းတို့သည် 'တစ်ဆင့်ခံ ထောက်ပံ့ငွေ' များ ရရှိထားပါသည်။ ကမ္ဘာ့ကပ်ရောဂါ ကာလ ဖြစ်ပွားသည့် ပထမ ခြောက်လအတွင်း COVID -19 တုံ့ပြန်ကာကွယ်ရေး လုပ်ငန်များအတွက် LIFT မှ ကတိကဝတ် ပြုထားသည့် စုစုပေါင်း ကန်ဒေါ်လာ ၂၅.၅ သန်း ၏ ၂၀ ရာခိုင်နှုန်းဖြစ်သည့် ကန်ဒေါ်လာ ၅.၂၇ သန်းသည် အဆိုပါ မိတ်ဖက်အဖွဲ့အစည်းများထံ ရောက်ရှိခဲ့သည်ဟု ခန့်မှန်း ထားပါသည်။

LIFT သည် မြန်မာနိုင်ငံတွင် ကပ်ရောဂါ တုံ့ပြန်ကာကွယ်ရန်အတွက် ယင်း၏ မဟာဗျူဟာမြောက် မိတ်ဖက်ဖြစ်သည့် အရပ်ဘက် လူမှုအဖွဲ့အစည်း ငါးဖွဲ့ [၃] အတွက် ကန်ဒေါ်လာ ၁.၅ သန်းအား ထပ်မံခွဲဝေ သတ်မှတ်ပေးခဲ့ပါသည်။





၃။ ကရုဏာ လူမှုစည်းလုံးညီညွတ်ရေး အဖွဲ့ (KMSS)၊ ကျားမရေးရာ တန်းတူညီမျှရေး ကွန်ရက် (GEN)၊ မြေယာမဏ္ဍိုင်အဖွဲ့ (LCG)၊ ပေါင်းစုလုပ်အား အကူအညီပေးရေး အဖွဲ့ (NAG) နှင့် မေတ္တာ ဖောင်ဒေးရှင်း

# တုံ့ပြန်ကာကွယ်မှု နှင့် အကျိုးသက်ရောက်မှု

LIFT ၏ အရပ်ဘက် လူမှု အဖွဲ့အစည်း မိတ်ဖက်များ၏ ရောက်ရှိမှုမှာ အံ့မခန်း ထူးခြားပါသည်။ ဤ ဒေသခံနှင့် ပြည်တွင်း အဖွဲ့အစည်းများမှ တုံ့ပြန် ကာကွယ်ရေး လုပ်ငန်းကြောင့် အကျိုးခံစားခွင့် ရှိသည့် ပြည်သူ ၂.၂ သန်း ၏ ၇၂ ရာခိုင်နှုန်း ထံရောက်ရှိခဲ့ပြီး LIFT ၏ မဟာဗျူဟာမြောက် မိတ်ဖက် အဖွဲ့အစည်း ငါးဖွဲ့မှ ထိုလူများ၏ ထက်ဝက်နီးပါးထံ ရောက်ရှိခဲ့ပါသည်။

အကျိုးခံစားခွင့်ရှိသူများ ၏ ၅၃ ရာခိုင်နှုန်း မှာ အမျိုးသမီးများ ဖြစ်ပြီး ၁၂ ရာခိုင်နှုန်း မှ အသက် ၆၀ နှစ် နှင့်အထက် ဖြစ်ပြီး ၂ ရာခိုင်နှုန်းမှာ မသန်စွမ်းသူ များ ဖြစ်ပါသည်။ LIFT ၏ COVID–19 တုံ့ပြန်ကာကွယ်ရေး လုပ်ငန်းများ အားလုံးမှ ရောက်ရှိခဲ့သည့် သက်ကြီးရွယ်အို ၂၄၇,၀၉၇ ဦး၏ ၉၁ ရာခိုင်နှုန်း မှာ ဒေသခံ အရပ်ဘက် လူမှုအဖွဲ့အစည်း မိတ်ဖက်များ မှ တဆင့် ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။

ထို့ပြင် COVDI–19 ကာလအတွင်း အရပ်ဘက် လူမှု အဖွဲ့အစည်း မိတ်ဖက်များသည် LIFT မှ ကူညီထောက်ပံ့ပေးခဲ့သည့် မသန်စွမ်းစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းထံ ရောက်ရှိခဲ့ပါသည်။

**ပုံ ၁.၁။ LIFT ၏ COVID–19 တုံ့ပြန်ကာကွယ်ရေး လုပ်ငန်းများမှ ရောက်ရှိခဲ့သည့် အကျိုးခံစားခွင့် ရှိသူများ ၏ အရေအတွက်**



မိတ်ဖက်အဖွဲ့အစည်းများအားလုံးမှ ရောက်ရှိခဲ့သည့် အကျိုးခံစားခွင့် ရှိသူများ **(၁၀၀% – ၂.၈ သန်း)**

CSOများ အားလုံးမှ ရောက်ရှိခဲ့သည့် အကျိုးခံစားခွင့် ရှိသူများ **(၆၃% – ၁.၈ သန်း)**

မဟာဗျူဟာမြောက် မိတ်ဖက် အဖွဲ့အစည်း ၅ ဖွဲ့မှ ရောက်ရှိခဲ့သည့် အကျိုးခံစားခွင့်ရှိသူများ **(၅၂% – ၉၂၈,၀၀၀)**


LIFT ၏ မဟာဗျူဟာမြောက် မိတ်ဖက်အဖွဲ့ ငါးဖွဲ့ဖြစ်သည့် – ကရုဏာ လူမှုစည်းလုံးညီညွတ်ရေး အဖွဲ့ (KMSS)၊ ကျားမရေးရာ တန်းတူညီမျှရေး ကွန်ရက် (GEN)၊ မြေယာမဏ္ဍိုင်အဖွဲ့ (LCG)၊ ပေါင်းစုလုပ်အားအကူအညီပေးရေး အဖွဲ့ (NAG) နှင့် မေတ္တာ ဖောင်ဒေးရှင်း – တို့မှ ဆောင်ရွက်သည့် COVID–19 တုံ့ပြန်ကာကွယ်သည့် အစီအစဉ် တွင် ဦးတည်ချက် သုံးရပ်ရှိပါသည် –

၁) COVID–19 ကပ်ရောဂါအား ထိရောက်စွာ ကာကွယ်တားဆီးရေးနှင့် တုံ့ပြန်ကာကွယ်ရေး ဆိုင်ရာ သတင်းအချက်အလက်နှင့် အသိပညာ လက်လှမ်းမီရရှိမှု ပိုမိုကောင်းမွန်စေခြင်း

၂) မေ့လျော့ဖယ်ကျဉ်ခံထားရသူများ အပါအဝင် ထိခိုက်ခံစားရသည့် ရပ်ရွာလူထုများအား ထိရောက်စွာ ကူညီထောက်ပံ့ရန်အတွက် ပြည်တွင်း ရင်းမြစ် ရရှိအောင်နှင့် CSO များအား စည်းရုံးဆောင်ရွက်ခြင်း နှင့်

၃) ရှေ့တန်းမှ ဦးဆောင်သူများနှင့် ဝန်ဆောင်မှု ပံ့ပိုးပေးသူများ နှင့် ယုံကြည်မှု နှင့် ဆက်ဆံရေး တည်ဆောက်ခြင်း


ပုံ ၁.၂။ ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် အရပ်ဘက် လူမှု အဖွဲ့အစည်း မိတ်ဖက်များမှ ရောက်ရှိခဲ့သည့် အကျိုးခံစားခွင့် ရှိသူများ




အကျိုးခံစားခွင့်ရှိသူ အရေအတွက် စုစုပေါင်း

LIFT ၏ မိတ်ဖက် CSO အများအပြားသည် ကိုဗစ်နိုင်တင်း ကာကွယ်တားဆီးရေးလုပ်ငန်းများ၊ အဆိုပါ လုပ်ငန်းများနှင့် ဆိုင်သော အသိပညာပေး ပိုစတာများ၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ၊ လက်ဆေးခြင်း နှင့် နှာခေါင်းစည်းဝတ်ဆင်ခြင်းတို့၏ အရေးပါမှုကို လော်စပီကာများဖြင့် ကြေညာခြင်းများ နှင့် အိမ်တိုင်ရာရောက် အသိပညာပေးခြင်းများကို အလေးထား ဆောင်ရွက်ခဲ့ကြပါသည်။

ပုံ ၁.၃။ ဒေသခံ CSO များ၏ COVID-19 ကာကွယ်တုံ့ပြန်ရေး လုပ်ငန်းများ



## ပြည်သူများထံ COVID–19 ဆိုင်ရာ သတင်းစကားများ ပေးပို့ခြင်း ဖြင့် လက်လှမ်းမီရောက်ရှိခြင်း

ကျား-မ ရေးရာ တန်းတူညီမျှရေး ကွန်ရက် (GEN) သည် မီဒီယာမှတဆင့် အများပြည်သူ အသိအမြင် မြှင့်တင်ပေးရန် ဟောပြောပွဲ တစ်ခု၊ တိုက်ရိုက်လွှင့် သည့် ဆွေးနွေးပွဲ လေးခု၊ ဗွီဒီယို အင်တာဗျူး ၁၀ ခု၊ ဗွီဒီယို ဇာတ်လမ်းတို နှစ်ခု နှင့် သင်္ကေတသုံး ဗွီဒီယို နှစ်ခု တို့ကို စီစဉ်ဆောင်ရွက် ခဲ့ပါသည်။ ယင်းဗွီဒီယို များအား GEN ၏ အင်တာနက် ဝက်ဘ်ဆိုဒ်၊Facebook နှင့် Youtube တို့တွင် လွှင့်တင်ခဲ့ပါသည်။ အဆိုပါ အွန်လိုင်း လှုပ်ရှားမှုများမှ တဆင့် GEN မှ လူမှုကွန်ရက်တွင် ကြည့်ရှုသူ ၁၄၀,၀၀၀ ထံ ရောက်ရှိခဲ့ပါသည်။

GEN သည် COVID–19 ၏ ကျား–မရေးရာအပေါ် သက်ရောက်မှု ဆိုင်ရာ မူဝါဒ အနှစ်ချုပ်နှင့် ကမ္ဘာ့ကပ်ရောဂါ ကာလအတွင်း အိမ်တွင်း အကြမ်းဖက်မှုနှင့် စပ်လျဉ်းသည့် ပညာပေး ပိုစတာတစ်ခု ရေးသား ပြုစုခဲ့ပါသည်။ ယင်းတို့အား ကချင်၊ ပိုးကရင်၊ စကော ကရင်နှင့် ရှမ်း ဘာသာ စကားများသို့ ဘာသာ ပြန်ဆိုခဲ့ပါသည်။ GEN မှ သတင်းအချက်အလက်ပေးသည့် စာစောင် စောင်ရေ ၈၉,၀၀၀ ကျော် ပုံနှိပ်ခဲ့ပြီး ကရင်၊ ကချင်၊ ရှမ်း နှင့် မန္တလေး မြို့တို့တွင် ဖြန့်ဝေခဲ့ပါသည်။ ထို့နောက် လူမှု ဝန်ထမ်း ဦးစီးဌာနနှင့် ပူးပေါင်း၍ ထိုစာစောင်များအား နောက်ထပ် မြို့နယ် ၃၂ မြို့နယ် သို့ ပို့ဆောင် ဖြန့်ဝေခဲ့ပါသည်။

KMSS သည် သတင်းအချက်အလက်ပေးသည့် စာစောင်များ ထပ်မံ ထုတ်လုပ်ခဲ့ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး ခြောက်ခုတို့ရှိ မြို့နယ် ၂၃ မြို့နယ်မှ ကျေးရွာ ၁၁၈ ရွာတွင် ဖြန့်ဝေခဲ့ပါသည်။ .

LIFT ၏ မိတ်ဖက် အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် အသွားအလာကန့်သတ်စောင့်ကြည့်ရာ နေရာများ နှင့် ယာယီစခန်းများတွင် နေထိုင်သူများ အား COVID–19 ကာကွယ်တား ဆီးရေး သတင်းအချက်အလက် များ ဖြန့်ဝေပေးခဲ့ပါသည် ။ COVID–19 တုံ့ပြန်ကာကွယ်ရေး လုပ်ငန်းများ အတွက် ထပ်မံ ခွဲဝေ ပေးသည့် ရန်ပုံငွေများဖြင့် KMSS မှ သတင်းအချက်အလက်များအား လူ ၁ သန်းကျော် ထံ ရောက်ရှိစေခဲ့ပြီး အစိုးရ ထိန်းချုပ်ခြင်း မရှိသည့် ဒေသများ အပါအဝင် မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်း ဒေသကြီး ၁၄ ခု အနှံ့တွင် ရှိသော မြို့နယ် ၁၆၆ မြို့နယ် သို့ ရောက်ရှိခဲ့ပြီး ယင်းတို့အနက်မှ ၅၅ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်ပါသည်။

မေတ္တာသည် ၎င်း၏ လုပ်ငန်းဆောင်ရွက်ဆဲ ရန်ပုံငွေများဖြင့် COVID–19 တုံ့ပြန်ကာကွယ်ခြင်းမှ ကယားပြည်နယ်၊ ရှမ်းပြည်နယ် တောင်ပိုင်း နှင့် ဧရာဝတီ တိုင်းဒေသကြီးတို့ရှိ မြို့နယ် ၂၂မြို့နယ်မှ ကျေးရွာပေါင်း ၂၈၀ တွင်ရှိသည့် အကျိုးခံစားခွင့်ရှိသူ ၄၀,၀၀၀ ကျော် ထံ ရောက်ရှိခဲ့ပါသည်။ ၎င်းတို့၏ ကူညီထောက်ပံ့မှုမှာ COVID နှင့် ဆိုင်သည့် အသိပညာပေး မြှင့်တင်ခြင်း၊ အကာအကွယ် ပစ္စည်းများ ဖြန့်ဝေပေးခြင်း၊ စေတနာ့ ဝန်ထမ်းများ စုဆောင်းခြင်း၊ ဝန်ထမ်းများ ရပ်ရွာလူထု အခြေပြု အဖွဲ့အစည်းများ နှင့် ကျေးရွာများရှိ ရပ်ရွာတွင်း အသွားအလာကန့်သတ်စောင့်ကြည့်ရာ (ကွာရမ်တင်း) နေရာများ။ အုပ်စုများ အကြား ဆက်သွယ် ပြန်ကြားရေး လမ်းကြောင်းများ ဖန်တီး အကောင်အထည် ဖော်ခြင်း နှင့် ရပ်ရွာအခြေပြု ကွာရမ်တင်းစင်တာ များတွင် ကူညီပံ့ပိုးပေးခြင်း၊ သတင်းအချက် အလက် စီမံခန့်ခွဲမှု နှင့် ရပ်ရွာ လူထု တုံ့ပြန် ကာကွယ်ရေး စီမံချက်များ တွင် အာရုံစိုက် ပါသည်။

## WASH ဆိုင်ရာ အထောက်အပံ့များ

KMSS မှ အရေးကြီးသည့် WASH ဆိုင်ရာ အထောက်အပံ့များ (တစ်ကိုယ်ရေသန့်ရှင်းရေး သုံး ပစ္စည်းများ အပါအဝင်) နှင့် ဝန်ဆောင်မှုများ အား တိုင်းဒေသ ကြီးနှင့် ပြည်ယ် ၁၄ ခုရှိ မြို့နယ်ပေါင်း ၁၆၆ မြို့နယ်တွင် ပေးအပ်ခဲ့ပြီး ရှေ့တန်းမှ ဆောင်ရွက်နေသည့် ကျန်းမာရေး ဝန်ထမ်းများ နှင့် ရှေ့တန်းမှ တုံ့ပြန်ဆောင်ရွက်သူ ၂၆,၄၁၉ ဦး အတွက် တကိုယ်ရည်သုံး ရောဂါ ကာကွယ်ရေး ဝတ်စုံ (နှာခေါင်းစည်းများ၊ လက်အိတ်များ၊ ဝတ်စုံ၊ မျက်နှာအကာ နှင့် ခွဲစိတ်ခန်းသုံး ဝတ်စုံများ စသဖြင့်) တို့ ပံ့ပိုးပေးခဲ့ ပါသည်။

## အသွားအလာကန့်သတ် စောင့်ကြည့်ရာ နေရာများ နှင့် ကျန်းမာရေး ဌာနများသို့ ကူညီထောက်ပံ့ခြင်း

အသွားအလာကန့်သတ်စောင့်ကြည့်ရာ နေရာ အများစုမှာ စေတနာ့ဝန်ထမ်းများ ၏ ကူညီပံ့ပိုး မှု ဖြင့် လည်ပတ်ဆောင်ရွက်နေပြီး ရှိနေသည့် နေရာများတွင် လိုအပ်ချက်များ ဖြည့်ဆည်းပေး ရန်အတွက် လုံလောက်မှု မရှိခဲ့ပါ။ အစိုးရသည် ၎င်း၏ ကူညီထောက်ပံ့မှုကို တိုးချဲ့ခဲ့ပြီး အလှူရှင် များ၊ CSO များ၊ ဘာသာရေး အဖွဲ့များ၊ ရပ်ရွာ လူထုများသည် ကွက်လပ်များ ဖြည့်ရန် အရေး ပါ သည့် အခန်းကဏ္ဍ မှ ပါဝင်ပါသည်။

KMSS၏ ကူညီထောက်ပံ့မှုသည် အစိုးရမှ စီမံ ခန့်ခွဲသည့် စောင့်ကြည့်စစ်ဆေးသည့်နေရာများ အပါအဝင် အသွားအလာကန့်သတ်စောင့်ကြည့် ရာ နေရာ ၄၄ ခု၊ ကက်သလစ် ဘုရားကျောင်းမှ ပံ့ပိုးပေးသည့် နေရာ ၁၃ ခုနှင့် ကချင် လွတ်လပ် ရေး အဖွဲ့ချုပ် (KIO) တို့မှ ပူးတွဲ စီမံခန့်ခွဲသည့် နေရာ ၃ ခု ထံ ရောက်ရှိခဲ့ပါသည်။ အသွားအလာ ကန့်သတ်စောင့်ကြည့်ရာ များသို့ ပံ့ပိုးပေးသည့် ကူညီထောက်ပံ့မှု မှာ တစ်ကိုယ်ရေသုံး ရောဂါ ကာကွယ်ရေး ဝတ်စုံများ၊ လက်ဆေးစင်များ၊ တစ်ကိုယ်ရေ သန့်ရှင်းရေး ပစ္စည်းများ၊ ကုတင် များ၊ အိမ်သာ အသုံးအဆောင်များ၊ ရေချိုးခန်း အသုံးအဆောင်များ၊ ဘီးတပ်ထိုင်ခုံများ နှင့် သတင်းအချက်အလက်၊ ပညာပေးခြင်း နှင့် ပြန်ကြားဆက်သွယ်ရေး စာစောင်များ ပါဝင်ပါ သည်။ ယင်း ကူညီထောက်ပံ့မှုမှ အကျိုးခံစားခွင့်သူ ၁,၈၀၀ ကျော် တို့ အကျိုးရရှိခဲ့ပါသည်။

KMSSသည် အသွားအလာကန့်သတ် စောင့် ကြည့် ရာ နေရာများ အတွက် ပံ့ပိုးပေးခဲ့သည့် ပစ္စည်း များနှင့် ဝန်ဆောင်မှုများ အား အသွားအလာ ကန့်သတ် စောင့်ကြည့်ရာ နေရာ များ ရှိ အမျိုး သမီးများအတွက် ဦးတည်ရည်ရွယ် ခဲ့ပါသည်။ ဥပမာ အမျိုးသမီးများအတွက် လစဉ် သုံး ဂွမ်း ထုတ်များ ပံ့ပိုးပေးခဲ့ခြင်း။ NAG မှလည်း အလားတူ ဆောင်ရွက်ခဲ့ပါသည်။ KMSS မှ CSO အဖွဲ့နှစ်ဖွဲ့ ဖြစ်သည့် ရွှေလွိုင်ကော်နှင့် ဖြူစင် မေတ္တာ တို့ နှင့် ပူးပေါင်း ၍ COVID–19 သံသယ လူနာ ၅၄ ဦး ဖော်ထုတ် တွေ့ရှိခဲ့ပြီး လူနာများ အား ကျန်းမာရေး ဌာနများသို့ ညွှန်းပို့ခဲ့ပါသည်။

NAGသည် ယာယီစခန်းများ/ အသွားအလာ ကန့်သတ်စောင့်ကြည့်ရာ နေရာ ၂၁၂ နေရာရှိ အကျိုးခံစားခွင့်ရှိသူ ၆,၆၂၆ ဦးထံ ကယ်ဆယ်ရေး ပစ္စည်း ၂၂ မျိုး ဖြန့်ဝေပေးခဲ့ပါသည်။ LCG မှ မ ကွေး၊ ရောဝတီ နှင့် ပဲခူး တို့ရှိ ကျန်းမာရေး ဌာန ၂၀ ဌာန နှင့် အစိုးရဌာနများ၊ COVID– 19 တုံ့ပြန် ကာကွယ်ရေး ကော်မတီ များ၊ မိဘမဲ့ ဂေဟာများ နှင့် ဘိုးဘွားရိပ်သာများ အတွက် COVID–19 ကာကွယ်ရေး ပစ္စည်း များ ပံ့ပိုးပေး ခဲ့ပါသည်။ LCG မှလည်း ရောဝတီတိုင်း၊ ပဲခူး၊ ကရင် နှင့် မ ကွေးတို့ရှိ မြို့နယ် ၂၆ မြို့နယ်ရှိ အသွားအလာ ကန့်သတ်စောင့်ကြည့်ရာ နေရာ ၁၆၄ ခုအတွက် လည်း ပံ့ပိုးပေးခဲ့ပါသည်။

## အခြေခံ လိုအပ်ချက်များ ကူညီ ထောက်ပံ့ပေးခြင်း

KMSS မှ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ရောဂါ ပိုး ရှိသူများ၊ မိဘမဲ့များ၊ ဂေဟာတွင် နေထိုင်သည့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ နှင့် မ သန်စွမ်း သူ များ ဖြစ်သည့် ထိခိုက်လွယ်သူ ၃,၂၈၈ ဦး အတွက် အခြေခံ လိုအပ်ချက် များ ကူညီထောက်ပံပေးခဲ့ပါသည်။

မြေယာမဏ္ဍိုင်အဖွဲ့ (LCG) သည် အိမ်ထောင်စု များအတွက် ပစ္စည်းများ ဖြန့်ဝေပေးရန် နေအိမ် တွင် အသွားအလာ ကန့်သတ်ထားသူများ နှင့် အသွားအလာ ကန့်သတ်စောင့်ကြည့်ရာ နေရာ များ နှင့် စစ်ဆေးရေး ဂိတ်များ အတွက် ကူညီ ထောက်ပံ့မှုများ ပေးရန် ဒေသခံ လူမှု အဖွဲ့ အစည်း မိတ်ဖက် ၂၂ ဖွဲ့နှင့် လက်တွဲ ဆောင်ရွက်ခဲ့ ပါသည်။ LCG ၏ ကူညီပံ့ပိုးမှုသည် ပြည်နယ်နှင့် တိုင်း ဒေသကြီး သုံးခုရှိ မြို့နယ် ၄၈ မြို့နယ်မှ ကျေးရွာ ပေါင်း ၇၉၈ ရွာ သို့ ရောက်ရှိ ခဲ့ပါသည်။ အိမ်ထောင်စုများထံ ဖြန့်ဝေပေးခဲ့သည့် ပစ္စည်း များတွင် နှာခေါင်းစည်းများ၊ လက်သန့် ဆေးရည် များ၊ ဆပ်ပြာနှင့် လက်အိတ်များ ပါဝင်ခဲ့ပါသည်။

မိတ်ဖက်အဖွဲ့အစည်းများသည် လူများအတွက် ရောဂါကာကွယ်ရေး ပစ္စည်းများ အိမ်တိုင်ရာရောက် တိုက်ရိုက် ဖြန့်ဝေပေးခြင်း (သို့) ကျေးရွာ အုပ်ချုပ်သူ များ မှ ဖြန့်ဝေပေးရန်အတွက် ပံ့ပိုးပေးခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ အိမ် ထောင်စုတိုင်းအတွက် ပံ့ပိုးပေးရန် ပစ္စည်းအလုံ အလောက် မရှိတော့ သည့်အခါ ကျေးရွာ အုပ် ချုပ်သူများ မှ အလိုအပ်ဆုံးသူများအား ကူညီ ထုတ်ဖော်ပေးခဲ့ပါသည်။

## နှစ်သိမ့်ဆွေးနွေးပေးခြင်း

NAG မှ မွန် ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး နှင့် ကရင် ပြည်နယ် တို့တွင် နှစ်သိမ့်ဆွေးနွေးမှု သင်တန်း၊ အမျိုးသမီး ခေါင်းဆောင်မှု နှင့် COVID–19 ကာကွယ် ရေး ဆိုင်ရာ သင်တန်းများ ပို့ချပေးခဲ့ပါသည်။ သင်တန်းများ အား အွန်လိုင်း ပလက်ဖောင်းများ မှ တဆင့် စီမံချက်ဝန်ထမ်းများ ထံ ပို့ချပေးခဲ့ပြီး ယင်းတို့မှတဆင့် ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီ ကျေးရွာများရှိ အခြား ကိုယ်စားလှယ်များ ပါဝင်သည့် ရပ်ရွာလူထု COVID–19 တုံ့ပြန်ကာကွယ်ရေး ကော်မတီ ထံ ဆင့်ပွား သင်တန်းပို့ချပေးခဲ့ပါသည်။ သင်တန်းများသည် ကျေးရွာပေါင်း ၁,၄၄၇ ရွာမှ ပါဝင်တက်ရောက်သူ ၁၁,၂၁၁ ဦး အမျိုးသမီး ၄၉ ရာခိုင်နှုန်း ထံ ရောက်ရှိခဲ့ ပါသည်။

## ငွေကြေး ကူညီထောက်ပံ့မှု

NAG သည် မတ်လနှင့် စက်တင်ဘာလကြားတွင် ကမ္ဘာ့ကပ်ရောဂါ ကာလအတွင်း ထိခိုက်လွယ်သည့် (သို့) ပိုးကူးစက်ခံရသည့် မိသားစု ဝင်များ ရှိသည့် မိသားစု ၇၃၁ စု (အမျိုးသမီး ၅၅ ရာခိုင်နှုန်း ) အတွက် ငွေကြေးထောက်ပံ့ခဲ့ပါသည်။ ထောက်ပံ့ငွေမှာ ပမာဏ နည်းသော်လည်း နှစ်လတာ အခြေခံ အိမ်ထောင်စု အသုံးစရိတ်များ ကာမိစေရန်အထိ လုံလောက်ပြီး မိသားစု အများစုမှာ စားနပ်ရိက္ခာ (သို့) ကျန်းမာရေး အသုံးစရိတ် အတွက် ထောက်ပံ့ငွေကို အသုံးပြုခဲ့ကြပါသည်။ NAG သည် အကူအညီနှင့် အထောက်အပံ့များ လိုအပ်နေသည့် ထိခိုက်လွယ်မှု အများဆုံး အိမ်ထောင်စုများ ရှာဖွေ ဖော်ထုတ်ရန် အတွက် ရပ်ရွာလူထု အခြေပြု အဖွဲ့အစည်းများ နှင့် ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီများ နှင့် အတူ လက်တွဲ လုပ်ကိုင်ခဲ့ပါသည်။

## စာသင်ကျောင်းများရှိ တစ်ကိုယ်ရေ သန့်ရှင်းရေး

LCGသည် စစ်ကိုင်းတိုင်း ဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး နှင့် ကရင်ပြည်နယ်ရှိ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းများတွင် လက်ဆေးစင်များ တပ်ဆင်ပေးခဲ့ပြီး အပူချိန်တိုင်း ကိရိယာများ၊ နှာခေါင်းစည်းများ နှင့် လက်သန့်ဆေးရည်များ ပံ့ပိုးပေးခဲ့ပါသည်။

## NAG ၏ အသိပညာ မြှင့်တင်ခြင်း နှင့် ငွေကြေးထောက်ပံ့မှု အစီအစဉ်

ကျွန်မနာမည်က ဒေါ်နန်းလှတင် ဖြစ်ပြီး ကျွန်မက နောင်းဘောက် ကျေးရွာမှာ နေထိုင်ပါတယ်။ ကျွန်မက ကျေးရွာမှ အမျိုးသမီးများအတွက် ကျန်းမာရေးဆိုင်ရာ အသိပညာ မြှင့်တင်ပေးရေး ဆောင်ရွက်ရန် ရွေးချယ်ခံရတဲ့ အမျိုးသမီး ခေါင်းဆောင်တွေ ထဲက တစ်ဦးဖြစ်ပါတယ်။ ကျွန်မ ခင်ပွန်းက ထိုင်းနိုင်ငံမှာ အလုပ်လုပ်နေတဲ့အတွက် အဲ့ဒီအချက်က NAG အတွက် နေရပ်ပြန် ရွှေ့ပြောင်းနေထိုင်သူများ ဆိုင်ရာ သတင်း အချက် အလက်တွေ ကောက်ယူပေးဖို့ တွန်းအားတစ်ခု ဖြစ်စေပါတယ်။ ကျွန်မ က NAG ရဲ့ စေတနာ့ ဝန်ထမ်း သတင်းစကားပေးပို့သူ အုပ်စု မှာလည်း ပါဝင်ဆောင်ရွက်လျက် ရှိပြီး အဲ့ဒီ အုပ်စုကနေတဆင့် သတင်းအချက်အလက်တွေနဲ့ ဗဟုသုတတွေ မျှဝေနိုင်ပါတယ်။

ကမ္ဘာ့ကပ်ရောဂါ စတင်တဲ့အချိန်တုန်းက ကျွန်မတို့ရဲ့ ကျေးရွာမှာ ဗိုင်းရပ်စ်နဲ့ ပတ်သက်တဲ့ အသိပညာ လုံးဝ မရှိခဲ့ပါဘူး။ ဒါကြောင့်မို့လို့ NAG က နောင်းဘောက် မှာ ဖြစ်နေတဲ့ အခြေအနေရဲ့ အရေးကြီးပုံနဲ့ လူ အများက လက်ခံယုံကြည်ပြီး သတိထားနိုင်ဖို့ အတွက် အထောက် အကူ ဖြစ်စေတဲ့ ဗွီဒီယိုတွေ၊ ညွှန်ကြားချက်တွေပါတဲ့ အွန်လိုင်း သင်တန်း တွေ ကို ပို့ချပေးခဲ့ပါတယ်။ အဲ့ဒီနောက်ပိုင်းမှာ ကျွန်မတို့ လူစု လူဝေး လုပ်တာတွေ နဲ့ ဘုန်းတော်ကြီးကျောင်း သွားတာမျိုးကို မလုပ် တော့ ပါဘူး။

ကျွန်မ တို့တွေ ကျေးရွာ အုပ်ချုပ်ရေး မှူးနဲ့ ပူးပေါင်းပြီး ထိုင်းနိုင်ငံကနေ ပြန်လာတဲ့ နေရပ်ပြန်တွေနဲ့ နေ့စဉ်ဘဝမှာ ခပ်ခွါခွါနေခြင်း ကို ကျင့်သုံး ခဲ့ကြပါတယ်။ ကျွန်မတို့တွေ ဟာ နေရပ်ပြန်တွေကို ခွဲခြား ဆက်ဆံ ခြင်း မလုပ်အောင် ဟန့်တားဖို့ အသိပညာမြှင့်တင် ပေးတာ တွေလည်း စီမံ ခန့်ခွဲနိုင်ခဲ့ပါတယ်။ ကျွန်မတို့ကို အသိပညာ မြှင့်တင်ပေးတဲ့ သင်တန်းတွေ ပေးတဲ့အတွက် NAG ကို ကျေးဇူးတင်ပါတယ်။




ဒီ့အပြင် NAG က ထိခိုက်လွယ် မိသားစုတွေ အတွက် ထောက်ပံ့ငွေ ပေးမယ်လို့ ကျွန်မတို့ကို အသိပေးခဲ့ပါတယ်။ အဲ့ဒါကြောင့် ကျေးရွာမှာ ရှိတဲ့ အမှန်တကယ် ထိခိုက်နိုင်ချေ အန္တရာယ် အများဆုံး မိသားစုတွေ ထောက်ပံ့ကြေးရစေဖို့ အတွက် ကျေးရွာ အုပ်ချုပ်ရေးမှူးတွေ၊ သက် ကြီး ရွယ်အို တွေ နဲ့ အမျိုးသမီးအုပ်စုတွေနဲ့ အကျိုးရှိတဲ့ ဆွေးနွေးမှုတွေ လုပ်နိုင်ခဲ့တယ်။ NAG က လိုအပ်တဲ့ အချက်အလက်တွေ ကောက်ယူပြီး မကြာခင်မှာ ကျွန်မ အဲ့ဒီ မိသား စုတွေဆီ သွားခဲ့တယ် ။ အထူးသဖြင့် သက်ကြီး ရွယ်အိုတွေက ဝင်ငွေ လုံးဝမရှိလို့ အရင်က ဝယ်ဖို့ မတတ်နိုင်ခဲ့တဲ့ စားနပ်ရိက္ခာ နဲ့ ဆေးလို မျိုး မရှိမဖြစ်တဲ့ ပစ္စည်းတွေ ဝယ်နိုင်တယ် လို့ ဝမ်းမြောက် ပျော်ရွှင်ရတယ်လို့ ပြောခဲ့ပါတယ်။

အလုပ်အကိုင်အခွင့်အလမ်းတွေ နည်းပါးတဲ့ အချိန်မှာ ကျွန်မ အနေနဲ့ NAG ရဲ့ ကူညီထောက်ပံ့မှုအတွက် ကျေးဇူးတင်ပါတယ်။ ကျွန်မရွာထဲမှာ COVID-19 အသိအမြင် မြှင့်တင်ပေးတဲ့ အလုပ်ကို ဆက်လုပ်သွားပါမယ်။ ပြီးတော့ ကပ်ရောဂါ ကာလအတွင်းမှာ NAG နဲ့ တခြား အဖွဲ့အစည်းတွေ သူတို့ရဲ့ ကူညီထောက်ပံ့မှုတွေကို ဆက်လက်ပေးနိုင်ဖို့ ဆုတောင်းပါတယ်။

## ပြန်လည်သုံးသပ်ခြင်း၊ လေ့လာသင်ယူခြင်းနှင့် ရှေ့သို့ မှန်းမျှော်ခြင်း

***ညှိနှိုင်းခြင်း နှင့် ပူးပေါင်း ဆောင်ရွက်ခြင်း တို့သည် အရပ်ဘက် လူမှုအဖွဲ့အစည်း၏ COVID-19 တုံ့ပြန်ကာကွယ် ဆောင်ရွက်ခြင်း၏ အခြေခံ အုတ်မြစ်များ ဖြစ်ကြပါသည်။*** တောင်တန်းဒေသ မြို့နယ် ရန်ပုံငွေ (UTF) အစီအစဉ် တွင် UTF အဓိက မြို့နယ် ၁၅ မြို့နယ် အနက် ၁၁ မြို့နယ်မှ ထောက်ပံ့ငွေ ရယူထားသည့် အရပ်ဘက် လူမှု အဖွဲ့အစည်း မှ ထောက်ပံ့ငွေ ရရှိသူများ သည် မြို့နယ် COVID-19 ကော်မတီများ၊သက်ဆိုင်ရာ အစိုးရ ဌာနများ နှင့် တိုက်ရိုက် ပူးပေါင်းညှိနှိုင်း၍ လက်တွဲဆောင်ရွက်လျက်ရှိပါသည်။ LIFT ၏ မဟာဗျူဟာမြောက် မိတ်ဖက် အဖွဲ့အစည်း များ သည် လွှတ်တော်ကိုယ်စားလှယ်များ နှင့် အထူးသဖြင့် ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ ကျန်းမာရေး နှင့် အားကစား ဝန်ကြီးဌာန၊ လူမှု ဝန်ထမ်း ဦးစီးဌာန၊ ပညာရေး ဦးစီးဌာန၊ ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန နှင့် ကာကွယ်ထိန်းချုပ်ရေး နှင့် အရေးပေါ် တုံ့ပြန်ရေး ကော်မတီ၊ အခြား CSO များ၊ EAO ကျန်းမာရေး စောင့်ရှောက်မှု အဖွဲ့များ၊ ကက်သလစ် ဘုရားကျောင်း အသင်း များ နှင့် အခြား ဘုရားကျောင်း မှ ခေါင်းဆောင် များ နှင့် ပူးပေါင်းညှိနှိုင်း၍ ၎င်းတို့၏ တုံ့ပြန်ကာ ကွယ်ရေး လုပ်ငန်းများ အား အကောင်အထည် ဖော်ခဲ့ပါသည်။ မြို့နယ်အဆင့်တွင် ဒေသခံ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန သည် အထူး သဖြင့် ရခိုင်နှင့် ကယား ပြည်နယ်တို့ကဲ့သို့ ပဋိပက္ခ ဒဏ်ခံရသည့် ဒေသများတွင် COVID-19 တုံ့ပြန်ကာကွယ်ရေး လုပ်ငန်းများ အကောင် အထည်ဖော်ရေး လုပ်ငန်းတွင် အဓိက မိတ်ဖက် အဖွဲ့အစည်း ဖြစ်ခဲ့ပါသည်။

အမျိုးသားအဆင့် အစည်းအဝေး တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီ (MNCW) အဖွဲ့ဝင်ဖြစ်သည့် GEN သည် ၎င်းနှင့် လူမှုဝန်ထမ်း ဦးစီးဌာနတို့ အတူလုပ်ဆောင်သည့် လုပ်ငန်းများမှ အတွေ့အကြုံများ နှင့် လေ့လာခဲ့သည့် သင်ခန်းစာများအားဝေမျှခဲ့ပြီး အနာဂတ်တွင် အမျိုးသမီးများ အကြမ်းဖက်ခံရသည့် ဖြစ်ရပ်များနှင့်ဆိုင်သော တနိုင်ငံလုံးရှိ အချက်အလက်များ အား အများပြည်သူ သိရှိနိုင်ရန် ကြေညာပေးရန်အတွက် လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ထံမှ သဘောတူညီမှု ရရှိခဲ့ပါသည်။ GENသည် လူမှုကွန်ရက် လှုပ်ရှားမှုများ စီစဉ်ဆောင်ရွက်ရန် အကြံပြုချက်များ ပေးခဲ့ပြီး လူမှုဝန်ထမ်း ဦးစီးဌာနက ထို လှုပ်ရှားမှုများတွင် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ LCG ၏ မိတ်ဖက် အဖွဲ့အစည်းဖြစ်သည့် သံတောင်ကြီး အမျိုးသမီးအုပ်စု မှ COVID-19 တုံ့ပြန်ကာကွယ်ရေး လှုပ်ရှားမှုများတွင် အမျိုးသမီးများ ဦးဆောင်မှု တိုးမြှင့် ရန် အာဏာပိုင်များအား တိုက်တွန်းအားပေးခဲ့ ပါသည်။

NAGသည် ကရင်ပြည်နယ်တွင် ၎င်း၏ တုံ့ပြန်ကာကွယ်ရေး အစီအစဉ်များနှင့် ဆက်နွယ်နေသည့် လုပ်ငန်း များအား အစိုးရဌာနများ၏ ပေါင်းစပ် ညှိနှိုင်းရေး အစည်းအဝေးများ တွင် တင်ပြခဲ့ ပြီး NAG ၏ အကောင်အထည်ဖော်ရေး မိုဒယ်လ် ပုံစံ အား အစိုးရ အရာရှိများက နှစ်ခြိုက်သဘောကျ ထောက်ခံကြပါသည်။ မြို့နယ် ရေလုပ်သား ဖွံ့ဖြိုးတိုးတက်ရေး အသင်းများ (TFDA) များ နှင့် ရပ်ရွာလူထု ရေလုပ်သား ဖွံ့ဖြိုးတိုးတက်ရေး အသင်း (CFDA)များမှာ NAG ၏ စီမံကိန်း ဧရိယာ များ ရှိ ထိခိုက်လွယ် မိသားစုများအား အသိပညာ မြှင့်တင်ခြင်း၊ ပစ္စည်းများ ဖြန့်ဝေခြင်း နှင့် ထောက်ပံ့ငွေများ ပံ့ပိုးပေးရာတွင် အလွန် အရေးပါသည့် မိတ်ဖက်များ ဖြစ်ခဲ့ကြပါသည်။

LIFT ၏ မိတ်ဖက် အရပ်ဘက် လူမှုအဖွဲ့အစည်းများ သည် အဖွဲ့အစည်းအချင်းချင်းအကြားနှင့် ၎င်းတို့၏ကွန်ရက်များကြား ပူးပေါင်း ဆောင်ရွက်ရန် နှင့် အဖွဲ့အစည်း တစ်ခုချင်းစီ၏ လုပ်ငန်းများ၏ နောက်ဆုံးအခြေအနေ များ သိရှိနိုင်ရန် အတွက် ပုံမှန် အစည်းအဝေးများ ကျင်းပခဲ့ပါသည်။ COVID-19 တုံ့ပြန်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဒေသခံ CSO အဖွဲ့များ သည် NAG ၏ စီမံကိန်း ဆောင်ရွက်မှုပုံစံ အား အနီးကပ် စောင့်ကြည့်ပြီး ၎င်းတို့၏ လုပ်ငန်း များ နှင့် ချဉ်းကပ်နည်းလမ်းများအား NAG ၏ လုပ်ငန်း စဉ်များနှင့် အလားတူ ပုံစံရေးဆွဲ ဆောင်ရွက် ခဲ့ကြပါသည်။ ဥပမာ အားဖြင့် မုတ္တမပင်လယ်ကွေ့ စီမံချက်ရှိ NAG ၏ တုံ့ပြန်ကာကွယ်ရေး အစီအစဉ် ပေါ်အခြေခံ၍ အကျိုးခံစားခွင့်ရှိသူများ အတွက် ကျပ် ၃၀,၀၀၀ (ကန်ဒေါ်လာ ၂၁) ထပ်ဆောင်း ပေးခြင်းအား အကောင်အထည် ဖော်ခဲ့ပါသည်။

LIFT ၏ မဟာဗျူဟာမြောက် မိတ်ဖက်အဖွဲ့အစည်းများ (KMSS၊ LCG၊ NAG၊ မေတ္တာနှင့် GEN) တို့သည် LIFT နှင့် ၎င်းတို့၏ မဟာဗျူ ဟာမြောက် မိတ်ဖက်များ ကြား ပူးပေါင်း ဆောင်ရွက်မှု ပိုမိုကောင်းမွန် စေရန် COVID–19 ကာကွယ်တုံ့ပြန် မှုဆိုင်ရာ နောက်ဆုံးအခြေအနေ များအား နှစ်ပါတ်တစ်ကြိမ် မျှဝေရန်တို့အတွက် ပုံမှန်တွေ့ဆုံခဲ့ပါသည်။

***မြန်မာနိုင်ငံ ရှိ ကမ္ဘာ့ကပ်ရောဂါကာလအတွင်း အရပ်ဘက် လူမှုအဖွဲ့အစည်းများ ၏ တုံ့ပြန်ကာကွယ်ရေးလုပ်ငန်းများ သည် ဒေသခံများ ဦးဆောင်သည့် တုံ့ပြန်ကာကွယ်ရေး လုပ်ငန်းများ၏ အရေးပါမှုကို အခိုင်အမာ ဖြစ်စေပါသည်။*** စေတနာ့ ဝန်ထမ်း လူငယ်များ၊ လူမှုအသိုက်အဝန်းအုပ်စုများ နှင့် ဒေသခံ ခေါင်းဆောင်များ အပါအဝင် ဒေသခံ လူမှုအဖွဲ့အစည်းများ သည် COVID–19 တုံ့ပြန်ကာကွယ်ရေး လုပ်ငန်းများတွင် ရှေ့တန်းမှ ပါဝင်ခဲ့သူများဖြစ်ပြီး ဆက်လက်၍ ရှေ့တန်းမှ ပါဝင်နေပါသည်။ မြို့နယ်အဆင့် လူမှုအဖွဲ့ အစည်းများအပေါ် ထားရှိသည့် ယုံကြည်မှုနှင့် ၎င်းတို့နှင့် ရပ်ရွာလူထုကြား နီးကပ်သည့် ဆက်ဆံရေးတို့က ရပ်ရွာလူထု အနေဖြင့် မိမိကိုယ်ကို ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မြန်ဆန်ဆန် နားလည် သဘောပေါက်ပြီး အထောက်အကူဖြစ်စေပါ သည်။ အရပ်ဘက် လူမှုအဖွဲ့အစည်း မိတ်ဖက်များ ၏ တုံ့ပြန် ကာကွယ် မှုများ အား အများအားဖြင့် ဝေးလံခေါင်သီသည့် ဒေသများ နှင့် မေ့လျော့ ဖယ်ကြဉ်ခံ အုပ်စုများရှိ လူမှုအသိုက်အဝန်း အမျိုးမျိုးထံသို့ အောင်မြင်စွာ ရောက်ရှိနိုင်ခြင်းက ထပ်မံ၍ ခိုင်မာ အားကောင်းစေခဲ့ပါသည်။

***ရှိဆဲ ကွန်ရက်များ နှင့် ဆက်ဆံရေးများသည် စွမ်းဆောင်နိုင်ပြီး ထိရောက်သည့် တုံ့ပြန်ကာကွယ်ရေး လုပ်ငန်းများအတွက် အထောက်အကူ ဖြစ်စေပါသည်။*** တောင်တန်းဒေသ မြို့နယ် ရန်ပုံငွေ (UTF) [၄] ၏ ပထမအဆင့်တွင် တည်ဆောက်ခဲ့သည့် အခြေခံအုတ်မြစ်များသည် COVID ကာလ မြို့နယ် တုံ့ပြန် ကာကွယ်ရေး စနစ်ရှိ အရေးပါသည့် လုပ်ရှားဆောင်ရွက်သူများ အဖြစ် နေရာယူနိုင်ရန် အထောက်အကူဖြစ် စေခဲ့ပါသည်။ ယင်း အရပ်ဘက် လူမှုအဖွဲ့ အစည်းများသည် ၎င်းတို့၏ လူမှုအသိုက်အဝန်းများ မှ ယုံကြည်စိတ်ချရသည့် သတင်း အချက် အလက်နှင့် ရင်းမြစ်များ ရရှိနိုင်သည့် ဇစ်မြစ်များ အဖြစ် သိရှိ ယုံကြည်ကြသည့် တိုင်းရင်းသား လူမျိုးစုနှင့် ကိုးကွယ်သည့် ဘာသာ နောက်ခံအခြေအနေ အမျိုး စုံမှ ဖြစ်သ ဖြင့် ၎င်းတို့၏ လူမှုအသိုက်အဝန်း များတွင် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြား ပတ်သက်ဆက်နွှယ် သူများနှင့် အတူ ပူးပေါင်း ဆောင်ရွက်နိုင်ပါသည်။ ယင်း ကွန်ရက်များ၏ အဓိက အားသာချက်မှာ ၎င်းတို့အား ပြင်ပမှ ဖွဲ့စည်းရန် စေခိုင်းသည်ထက် CSO များမှ ‘လိုအပ်ချက်အရ’ ဖွဲ့စည်းခဲ့ပြီး ၎င်းတို့၏ လုပ်ငန်း နှင့် ဆက်စပ်နေပြီး စိတ်ဝင်တစား အသုံးပြုခြင်း ဖြစ်ပါသည်။

***အိမ်တွင်းအကြမ်းဖက်မှု နှင့် စပ်လျဉ်း၍ ပညာပေး ခြင်းနှင့် အသိပညာ မြှင့်တင်ပေးခြင်း တို့က အရေးကြီးပါသည်။*** အသွားအလာ ပိတ်ပင်ခြင်းနှင့် နေအိမ်တွင်သာ နေထိုင်ရေး အမိန့်ညွှန်ကြားချက်များ၏ ရလဒ်အဖြစ် နိုင်ငံတဝှန်း အိမ်တွင်းအကြမ်းဖက်မှု နှုန်းများ မြင့်တက် လာခဲ့ပါသည်။ အခရာ အမျိုးသမီး အဖွဲ့ မှ သုတေသန ပညာရှင် ခင်ခင်မရ [၅] မှ ဧပြီလနှင့် မေလတို့အတွင်း အသွားအလာ ပိတ်ပင်ထားချိန်တွင် ဖြစ်ရပ် အစီရင်ခံမှု (အများစုမှာ အိမ်တွင်း အကြမ်းဖက်မှု) များ ၇.၅ ဆအထိ မြင့်တက်သွားခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ ဥပဒေရေးရာ ကုစားရေးအဖွဲ့ (မြန်မာ) မှလည်း ဇန်နဝါရီလနှင့် နှိုင်းယှဉ်ပါက မေလတွင်

---

၄။ တောင်တန်းဒေသ မြို့နယ်ရန်ပုံငွေ (UTF) အား LIFT မှ အသက်မွေး ဝမ်းကျောင်းမှုများ ခိုင်မာအားကောင်း စေရေး လုပ်ငန်းများ အတွက် CSO များ အား အသေးစား ထောက်ပံ့မှုရန်ပုံငွေ များ ပံ့ပိုးပေးခြင်းဖြင့် မြို့နယ်အဆင့် အသက်မွေးဝမ်းကျောင်းမှု စနစ်များ ခိုင်မာအားကောင်းစေရန် ၂၀၁၆ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ UTF သည် SWISSAID (ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် လွှမ်းခြုံသည့်၊ GRET (ချင်းပြည်နယ်တွင် လွှမ်းခြုံသည့်) နှင့် မေတ္တာ (ရှမ်းပြည်နယ် နှင့် ကယားပြည်နယ် ရှိ ရွေးချယ်ထားသည့် မြို့နယ်များ အားလွှမ်းခြုံသည့်) အဖွဲ့ ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် ကုန်တွင် UTF မှ ဒေသခံ CSO များ အနေဖြင့် အသက်မွေးဝမ်းကျောင်း ခိုင်မာအားကောင်းစေမည့် လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် အတွက် နှင့် ဒေသအာဏာပိုင်များ နှင့် ရပ်ရွာလူထု ပတ်သက် ဆက်နွှယ် သူများ နှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် အသိအမှတ်ပြုမှု ရရှိရန် အတွက် ဆောင်ရွက်နိုင်ရန် ထောက်ပံ့မှု ၁၄၃ ခု ထုတ်ပေးခဲ့ပါသည်။

၅။ နေအိမ်တွင်သာ နေထိုင်ခြင်း– COVID–19 နှင့် မြန် မာနိုင်ငံ မြို့ပြဒေသရှိ ကျူးကျော်ရပ်ကွက်များတွင် အိမ်တွင်း အကြမ်းဖက်မှု မြင့်တက်လာခြင်း– ခင်ခင်မရ – နယူး မန်ဒလာ၊ ၂၀၂၀ ခုနှစ် ဇွန်လ

အိမ်တွင်း အကြမ်း ဖက်မှု ခံရသဖြင့် တိုင်ကြား မှုများ နှစ်ဆ တိုး ရရှိခဲ့ပါသည်။ GENမှ ကောက်ယူခဲ့သည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု (VAW) ဖြစ်ရပ်များ အား ဆန်းစစ် အကဲဖြတ်ခြင်း အစီရင်ခံစာ မူကြမ်း အရ (အချက်အလက်များအား ၂၀၂၀ ခုနှစ် ဇန်နဝါရီလ မှ ဇွန်လအထိ ကောက်ယူ ခဲ့ပြီး) VAW ဖြစ်ရပ်များ ဖြစ်သည့် နှုန်းမှာ COVID–19 ကာလအတွင်း ၂.၅ ကြိမ် အထိ တိုးတက်များပြားလာခဲ့ပါသည်။ LIFT ၏ အရပ်ဘက် လူမှုအဖွဲ့အစည်း မိတ်ဖက်များသည် COVID–19 ကမ္ဘာ့ကပ်ရောဂါ ကာလအတွင်း နှင့် ကပ်ရောဂါကာလအလွန်တွင် အိမ်တွင်း အကြမ်းဖက်မှု နှင့် အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုဆိုင်ရာ အများပြည်သူ အသိပညာမြှင့်တင်ပေးခြင်းနှင့် ပညာပေးခြင်း လုပ်ငန်းများအား ဆက်လက် ထိန်းသိမ်း ပြီး ခိုင်မာ အားကောင်းစေရန် အတွက် လုပ်ဆောင်ရန် လိုအပ်ပါသည်။

***COVID–19 တုံ့ပြန်ကာကွယ်ရေး နှင့် ပြန်လည်ထူထောင်ရေးတို့အတွက် စနစ်တစ်ခုလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။*** မြို့နယ်အဆင့် အစိုးရ ဌာနများသည် အစိုးရ နှင့် ဗဟို ဦးစီးချုပ်ကိုင်မှု အမြင့်ဆုံးဖြစ်သည့် ဝန်ကြီးဌာနများ ၏ ဝန်ဆောင်မှုများ ပံ့ပိုးပေးရန် တာဝန်ရှိသော်လည်း ၎င်းတို့ အနေဖြင့် ဒေသန္တရအဆင့် တုံ့ပြန် ကာကွယ်ရေး နှင့် ပြန်လည်ထူထောင်ရေး စီမံချက်များ ရေးဆွဲရန် နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် စွမ်းဆောင်ရည်ဆိုင်ရာ စိန်ခေါ်မှုများ ဆက်လက် ကြုံတွေ့နေရဆဲ ဖြစ်ပါသည်။ CSO များအနေဖြင့် မြို့နယ် အာဏာ ပိုင်များ ထံမှ ရင်းမြစ်များ (သို့) ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကူညီထောက်ပံ့မှုများ လက်လှမ်းမီ ရရှိရန် စိန်ခေါ်မှုများလည်း ရှိနေဆဲ ဖြစ်ပါသည်။ CSO များသည် မြို့နယ်အများစုရှိ ဒေသ အာဏာပိုင် များနှင့် ပူးပေါင်း ဆောင်ရွက်မှုများ ပြုလုပ် နိုင်သော်လည်း အစိုးရ၏ တုံ့ပြန်ကာကွယ်ရေး စီမံချက်များနှင့် လုပ်ငန်းစဉ် များတွင် တရားဝင်လုပ်ကိုင်ပိုင်ခွင့် အာဏာ နည်းပါး/အကန့်အသတ်ရှိ ပါသည်။ သို့သော်လည်း အရပ်ဘက်လူမှုအဖွဲ့အစည်းများ သည် စည်းရုံးလှုံ့ဆော်မှု နှင့် စောင့်ကြည့်စစ်ဆေးခြင်း တို့တွင် အရေးပါသည့် အခန်းကဏ္ဍ မှ ဆက်လက်ရပ်တည်နေပါသည်။ ဥပမာ– ထိခိုက်ခံစားရသည့် ရပ်ရွာလူထုများ ကိုယ်စား အစိုးရ၊ အလှူရှင်များ နှင့် စောင့်ကြည့် စစ်ဆေးခြင်း များမှတဆင့် အသိပေးအရေးဆို ခြင်း၊ အစိုးရ၏ တုံ့ပြန်ကာကွယ်မှုများတွင် အားလုံးပါဝင်စေမှု၊ တိုင်ပင်ဆွေးနွေးမှု နှင့် အရည် အသွေး တို့အား စောင့်ကြည့်စစ်ဆေးခြင်း၊ အစိုးရ ၏ ဝန်ဆောင်မှု ပံ့ပိုးပေးခြင်း မရှိသည့် (သို့) အကန့်အသတ် ရှိသည့် အခြေ အနေ များတွင် အစိုးရ၏ တုံ့ပြန်ကာကွယ်မှုအတွက် အားဖြည့်ပေးခြင်း တို့တွင် ဖြစ်ပါသည်။

၂၀၂၀ ခုနှစ် ရွေးကောက်ပွဲ ကျင်းပပြီးနောက်ပိုင်းတွင် ပြည်နယ် အဆင့် လွှတ်တော်များတွင် ပြည်နယအဆင့် မူဝါဒများ၊ စီမံချက်များ နှင့် ဘတ်ဂျက်များ ရေးဆွဲမည် ဖြစ်သဖြင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့၏ လွှတ် တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်း ဆောင်ရွက် မှုများမှ တဆင့် အခွင့်အလမ်းများ ထွက်ပေါ်လာနိုင်မည် ဖြစ်ပါသည်။ ဥပမာ ကယားပြည်နယ်ရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများ မှ ဒေသ ရှိ အစိုးရ အာဏာပိုင်များ ထက်စာလျှင် လွှတ်တော်ကိုယ်စားလှယ်များ နှင့် ပိုမို ထိတွေ့ ပူးပေါင်းဆောင်ရွက်နိုင်ကြပါသည်။ မြို့နယ်နှင့် ပြည်နယ်အဆင့် အရပ်ဘက် လူမှုအဖွဲ့အစည်း များ၏ ချိတ်ဆက်မှုများ သည် အဓိက အရေးပါသည့် အချက်အဖြစ် ရှိဆဲဖြစ်ပါသည်။ နိုင်ငံတော်အဆင့်နှင့် မြို့နယ်အဆင့်များတွင် အစိုးရ ၏ စီမံကိန်း များနှင့် ပါဝင်ပတ်သက်နိုင်ရန် အခွင့် အလမ်းများ အကန့်အသတ် ရှိသော်လည်း/နည်းပါးသော်လည်း CSO များသည် အနေဖြင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့်တွင် ဩဇာပိုမိုရှိ လာနိုင်ရန် မျှော်မှန်းနိုင်ပါသည်။

ဒေသခံ တိုင်းရင်းသား အာဏာပိုင်များနှင့် ဆက်လက်၍ ကူညီပံ့ပိုးမှု နှင့် ပူးပေါင်းဆောင်ရွက်မှုမှာ အရပ်ဘက် လူမှုအဖွဲ့အစည်း ၏ အဓိက လုပ်ငန်းအချို့ကို ကိုယ်စားပြုပါသည်။ ဥပမာ အရပ်ဘက်လူမှုအဖွဲ့အစည်း သည် ကူးစက်ပြန့်ပွားနိုင်ချေ အန္တရာယ် ရှိပြီး ကမ္ဘာ့ကပ်ရောဂါ ၏ စီးပွားရေးဆိုင်ရာ အကျိုးဆက်များ သက်ရောက်မှု ခံစား ရသည့် ဖယ်ကျဉ်ခံ လူမှုအသိုက်အဝန်းများ ရှိ သည့် အဓိက ဇရိယာများ ဖြစ်သည့် နယ်စပ် ဒေသများ

တွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း (EAO) များ၏ ဩဇာလွှမ်းမိုးမှု ကို အသုံးချနိုင်ရန် ၎င်းတို့နှင့် ပူးပေါင်း ဆောင် ရွက်ပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်းများ သည် အဆိုပါ အုပ်ချုပ်ရေးကဏ္ဍ လုပ်ရှား ဆောင်ရွက်သူများ နှင့် စပ်လျဉ်း၍ အရေးပါသည့် ကူညီထောက်ပံ့မှု၊ စည်းရုံးလှုံ့ဆော်မှုနှင့် စောင့်ကြည့် စစ်ဆေးမှု အခန်းကဏ္ဍ မှ ဆက်လက် ပါဝင်နေပါသည်။

***ဒေသအဆင့် အရေးပေါ် အခြေအနေအတွက် စီမံချက်များနှင့် တုံ့ပြန်ကာကွယ်ရေး အစီအမံ များသည် မြို့နယ်များတွင် နောင်အနာဂတ် ၌ ဖြစ်လာနိုင်သည့် အရေးပေါ်အခြေအနေများ အတွက် ခိုင်မာအား ကောင်းစေရန် နှင့် ကိုင် တွယ်ဖြေရှင်းနိုင်ရန် တည်ဆောက်ထား ရမည် ဖြစ်သည်။*** ယင်းမှာ အစိုးရ ဌာနတွင်း စွမ်းဆောင် ရည် နှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ အတွင်းရှိ စွမ်းဆောင်ရည်တို့ ပါဝင်ပြီး အရေးပေါ် အခြေအနေ နှင့် တုံ့ပြန် ကာကွယ်ရေး စီမံချက်များ ပူးတွဲ ရေးဆွဲခြင်းတို့ ပါဝင်ပါသည်။

***အထူးသဖြင့် ထိခိုက်လွယ် အုပ်စုများအတွက် ဆက်လက် တုံ့ပြန်ကာကွယ်ပေးရန် နှင့် နောက်ပိုင်းတွင် ပြန်လည်ထူထောင်ရန် ရန်ပုံငွေနှင့် ကူညီထောက်ပံ့မှုများ လိုအပ်မည် ဖြစ်သည်။*** အစိုးရသည် တုံ့ပြန်ဆောင်ရွက်ရေး နှင့် ပြန်လည် ထူထောင်ရေး စီမံချက်များ ရေးဆွဲခဲ့သော်လည်း အသုံးပြု နိုင်သည့် ဘဏ္ဍာငွေမှာ လိုအပ်ချက်များ အားလုံးကို လွှမ်းခြုံနိုင်သည့် အခြေအနေမရှိဘဲ ထိခိုက်လွယ်အုပ်စုများ နှင့် ဝေးလံခေါင်ဖျား ဒေသများမှ မေ့လျော့ဖယ်ကျဉ်ခံ လူမှုအသိုက်အဝန်းများ ကျန်ရှိခဲ့နိုင်သည့် အန္တရာယ် ရှိပါသည် ။ သို့ဖြစ်၍ နယ်မြေခံ ပြည်သူများ အနေဖြင့် အရပ် ဘက် လူမှု အဖွဲ့အစည်းများမှ တိုက်ရိုက် တုံ့ပြန်ကာကွယ်ရေး နှင့် ပြန်လည်ထူထောင်ရေး အကူအညီပေးရန် ဆက်လက်တောင်းခံ နေရဦးမည် ဖြစ်ပါသည်။ လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်စေပြီး ငွေသားဖြင့် လုပ်အားခ ရှင်းပေးသည့် cash–for work အစီအစဉ်၊ စားနပ်ရိက္ခာ ပံ့ပိုးပေးခြင်း၊ စားနပ်ရိက္ခာ ဖူလုံမှု (အိမ်ခြံဥယျာဉ် စိုက်ပျိုးခြင်း) နှင့် အွန်လိုင်း သင်ခန်းစာများ (အပ်ချုပ်ခြင်း၊ သွားရည်စာများ ပြုလုပ်ခြင်း နှင့် မုန့်ဖုတ်ခြင်း စသဖြင့်) တို့မှတဆင့် အလုပ်အကိုင် အခွင့် အလမ်းများ ဖန်တီးပေးရန် အရေးတကြီး လိုအပ်ပါသည်။ ကူညီထောက်ပံ့ပေးခြင်းနှင့် ဆိုင်သည့် ဦးစားပေးများ ရွေးချယ်ခြင်းမှာ မြန်မာနိုင်ငံတွင် ကမ္ဘာ့ကပ် ရောဂါ အခြေအနေ မည်သို့ ဖြစ်ပေါ်တိုးတက်လာသည် ဆိုသည့် အခြေအနေပေါ်တွင် မူတည်ပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်း အနေဖြင့် ပြောင်းလဲနေသည့် အခြေအနေ အလိုက် တုံ့ပြန်ဆောင်ရွက်နိုင်ပြီး လိုက်လျော ညီထွေ ဖြစ်စေနိုင်မည့် ရန်ပုံငွေ နှင့် ကူညီထောက်ပံ့မှုများ လိုအပ်မည် ဖြစ်သည်။

***LIFT နှင့် LIFT ၏ အလှူရှင်များသည် အရပ်ဘက် လူမှု အဖွဲ့အစည်း ၏ တုံ့ပြန်ကာကွယ် ရေး လုပ်ငန်းများ အတွက် 'ဆောင်ရွက်ချက်/ လုပ်ဆောင်ချက် ဆိုင်ရာ မိတ်ဖက်များ' အဖြစ် ဆက်လက် အရေးပါနေဆဲ ဖြစ်ခြင်း။*** LIFT နှင့် အလှူရှင်များသည် ပြည်တွင်းနှင့် မြို့နယ်အဆင့် အရပ်ဘက် လူမှု အဖွဲ့အစည်း အုပ်စုများ ထက် စာလျှင် နိုင်ငံတော်အဆင့် အစိုးရထံ လက်လှမ်းမီ ရောက်ရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ များစွာ ပိုရှိပါသည်။ တချိန်တည်းမှာပင် LIFTတွင် အသိအမြင် ရှိပြီး ဒေသအဆင့် တွင် အခြေ တည်ဖြစ်သည့် မိတ်ဖက်အဖွဲ့အစည်း ကောင်း များစွာလည်း ရှိပါသည်။ LIFT သည် ယင်းတို့ အား ' ဆောင်ရွက်ချက်/ လုပ်ဆောင်ချက် ဆိုင်ရာ မိတ်ဖက်များ' အဖြစ် တစ်ပေါင်းတည်း ပေါင်း စည်းစည်းရုံးနိုင်ရန် ဤအခွင့်အလမ်းအား အကောင်းဆုံး အသုံးချ ရမည် ဖြစ်ပါသည်။

- ရှေ့တန်းမှ တုံ့ပြန် ကာကွယ်မှု လုပ်ငန်းများ
- လူမှုကာကွယ်စောင့်ရှောက်ရေး
- အရပ်ဘက်လူမှုအဖွဲ့အစည်း
- **ရွှေ့ပြောင်းသွားလာခြင်း**
- ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေခြင်း
- စိုက်ပျိုးရေး

# ရွှေ့ပြောင်းသွားလာသူများ ဆိုင်ရာ တုံ့ပြန်ကာကွယ်မှု အစီအစဉ်

LIFT သည် ပြည်တွင်းနှင့်နိုင်ငံတကာ ရွှေ့ပြောင်းသွားလာသူများအတွက် COVID –19 ကပ်ဘေး ကျရောက်သော ကာလအတွင်း စက်တင်ဘာလအလယ်မှ စတင်၍ တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူ ၁.၄သန်း (အမျိုးသမီး ၆၀%) အား ကူညီပံ့ပိုးပေးရန် စီမံချက် (၁၀)ခုတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် အကြီးမားဆုံး စီမံကိန်း ဆိုင်ရာ တုံ့ပြန်ကာကွယ်ရေးလုပ်ငန်းများဖြင့် ဖြည့်ဆည်းပံ့ပိုးပေးပါသည်။ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများသည် ကမ္ဘာ့ကပ်ရောဂါ စတင်ကျရောက်သည့် အချိန်မှစ၍ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများ၊ သတင်းအချက်အလက်များ နှင့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ ကူညီပံ့ပိုးမှုများ ပေးအပ်ခြင်းတို့ဖြင့် တုံ့ပြန်ကာကွယ်ရေး လုပ်ငန်းများတွင် ရှေ့တန်းမှလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

ထိခိုက်လွယ်သူများအတွက် ကာကွယ်တားဆီးရေးဆိုင်ရာ သတင်းအချက်အလက်များ၊ တကိုယ်ရည် ကာကွယ်ရေး ပစ္စည်း ကိရိယာများ၊ အစားအသောက် ထောက်ပံ့မှု၊ ငွေ ကြေး ထောက်ပံ့မှု၊ ခိုလှုံရာ၊ သယ်ယူပို့ဆောင် ပေးမှု၊ ဥပဒေဆိုင်ရာ ကူညီ ပံ့ပိုးပေးမှုနှင့် စိတ်ပိုင်းဆိုင်ရာ ဆွေးနွေး လမ်းညွှန် ပေးမှု တို့အား ထောက်ပံ့ပေးခြင်းအပါအဝင် စီမံချက်လုပ်ငန်းများအား မြန်မာနိုင်ငံရှိ ပြည်နယ် နှင့် တိုင်းဒေသကြီး (၁၂) ခုတွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ ပါသည်။ မြန်မာ နိုင်ငံတဝှမ်းလုံးနှင့် ဆိုက်ရောက်နိုင်ငံများရှိ သန်းပေါင်းများစွာသောသူများထံ တိုက်ရိုက် ရောက် ရှိနိုင်သည့် ရေဒီယိုနှင့် လူမှုကွန်ရက်မီဒီယာ တို့အား COVID –19 ကာကွယ်တားဆီးခြင်းဆိုင်ရာ သတင်းအချက် အလက် များ ဖြန့်ဝေရန်နှင့် ပိုမိုကျယ်ပြန့်သည့် ပရိသတ်များ ထံ တုံ့ပြန်ဆောင်ရွက်မှု ပေးရန် တို့အတွက် အမြင့် ဆုံးသော အကျိုးရလဒ် ရရှိအောင် အသုံးပြုခဲ့ပါသည်။



## တုံ့ပြန်ကာကွယ်မှု နှင့် အကျိုးသက်ရောက်မှု

**ဇယား ၁.၁။ LIFT ၏ COVID-19 တုံ့ပြန်ကာကွယ်ရေး လုပ်ငန်းများမှ ရောက်ရှိခဲ့သည့် အကျိုးခံစားခွင့် ရှိသူများ၏ အရေအတွက်**

| လုပ်ငန်းဆောင်ရွက်မှု | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| COVID -19 ဆိုင်ရာအသိအမြင်မြှင့်တင်ရန် ကွင်းဆင်းဆောင်ရွက်မှု | ၈၃,၁၀၉ | ၉၂,၆၆၁ | ၁၇၅,၇၇၀ |
| ငွေ ကြေး ထောက်ပံ့မှုများ | ၁,၅၁၉ | ၈,၆၀၁ | ၁၀,၁၂၀ |
| လက်သန့်ဆေးရည်/ ဆပ်ပြာ/ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ဆိုင်ရာ အသုံးအဆောင် ပစ္စည်းကိရိယာ များဖြန့်ဝေ ပေးမှု | ၇၂,၇၉၁ | ၁၈၆,၅၀၆ | ၂၅၉,၂၉၇ |
| သတင်းအချက်အလက်နှင့် အသိပညာပေး စာစောင်များ ဖြန့်ဝေမှု | ၁၇၀,၉၄၄ | ၂၀၈,၄၈၃ | ၃၇၉,၄၂၇ |
| နှာခေါင်းစည်းများဖြန့်ဝေမှု | ၄၂,၄၁၄ | ၁၄၂,၆၀၅ | ၁၈၅,၀၁၉ |
| အသွားအလာ ကန့်သတ် စောင့်ကြည့်ရာ နေရာများ / ပတ်သက်ဆက်နွယ်သူ များထံ ပစ္စည်းများ ဖြန့်ဝေမှု | ၁၁,၂၆၀ | ၁၀,၃၅၇ | ၂၁,၆၁၇ |
| စားသောက်ကုန် မဟုတ်သည့် ပစ္စည်းများ ဖြန့်ဝေမှု | ၄၅,၅၇၇ | ၂၅,၀၀၂ | ၇၀,၅၇၉ |
| တစ်ကိုယ်ရေကာကွယ်ရေး ဝတ်စုံ (PPE) နှင့် တစ်ကိုယ်ရေနှင့် ပတ်ဝန်း ကျင် သန့်ရှင်း ရေး ဆိုင်ရာ ပစ္စည်းကိရိယာများ ဖြန့်ဝေမှု | ၃၆,၀၈၄ | ၇၆,၄၈၆ | ၁၁၂,၅၇၀ |
| ဝင်ငွေတိုး လုပ်ငန်းများ | ၁၂,၃၉၆ | ၁၀,၈၂၀ | ၂၃,၂၁၆ |
| ဥပဒေ ရေးရာ ဝန်ဆောင်မှုများ | ၆,၂၁၂ | ၅,၅၂၈ | ၁၁,၇၄၀ |
| နှစ်သိမ့်ဆွေးနွေးပေးသည့် ဝန်ဆောင်မှုများ | ၄,၄၅၄ | ၃,၀၄၄ | ၇,၄၉၈ |
| ယာယီအိမ်ယာများ ဖြည့်ဆည်းပံ့ပိုးပေးမှု | ၀ | ၆၉ | ၆၉ |
| လူကုန်ကူးခံရခြင်းမှ လွတ်မြောက်လာပြီး ကြိုးပမ်း ရှင်သန် နေထိုင်သူများ အတွက် အမျိုးသမီးသုံး တစ်ကိုယ်ရေ သန့်ရှင်းရေးသုံး ပစ္စည်းများ (Dignity Kits)များ | ၀ | ၆၀ | ၆၀ |
| ကျန်းမာရေးဝန်ထမ်းများ/စေတနာ့ဝန်ထမ်းများအတွက် ကူညီထောက်ပံ့မှု | ၇၉၅ | ၆၇၁ | ၁,၄၆၆ |
| အစားအသောက်ဖြန့်ဝေမှုနှင့် အာဟာရဆိုင်ရာကူညီထောက်ပံ့မှု | ၂၆,၀၇၅ | ၃၀,၆၇၉ | ၅၆,၇၅၄ |
| ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် ကူညီ ထောက်ပံ့မှု | ၇၈ | ၂၄၁ | ၃၁၉ |
| ကပ်ရောဂါ ကာလအတွင်း အမျိုးသမီးများအတွက် ကူညီ ထောက်ပံ့မှု | ၀ | ၉၅ | ၉၅ |
| WASH ဆိုင်ရာ အထောက်အပံ့များ ကူညီထောက်ပံ့မှု | ၁၆,၅၈၁ | ၁၆,၅၁၄ | ၃၃,၀၉၅ |
| ဝန်ဆောင်မှု အမျိုးမျိုး | ၄၃,၀၄၆ | ၃၂,၇၄၀ | ၇၅,၇၈၆ |
| အခြားဝန်ဆောင်မှုများ | ၁၉၄ | ၁၃၉ | ၃၃၃ |
| စုစုပေါင်း | ၅၇၃,၅၃၀ | ၈၅၀,၃၀၀ | ၁,၄၂၃,၈၃၀ |

## ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် ရပ်ရွာလူထု ပူးပေါင်းဆောင်ရွက်ခြင်းသည် နေရပ်ပြန် ရွှေ့ပြောင်း သွားလာသူများအား ကာကွယ် စောင့်ရှောက်ပေးရာတွင် မရှိမဖြစ် အရေးပါခဲ့ပါသည်။

ရွှေ့ပြောင်းသွားလာသူ **၁၄၀,၉၇၀** ဦးထံ ရောက်ရှိခဲ့ပါသည်။

**ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင်** အလုပ်အကိုင် ဆုံးရှုံးမှုကြောင့် နေရပ်ပြန်လာသည့် သိန်းပေါင်း များစွာသော မြန်မာရွှေ့ပြောင်း သွားလာသူများအတွက် ရွှေ့ပြောင်း သွားလာခြင်း ဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း (IOM) သည် မေတ္တာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ ဆောင်ရွက်ရာတွင် COVID–19 ဆိုင်ရာ သတင်း အချက်အလက် များအား ရွှေ့ပြောင်းသွားလာသူများ၏ လူမှုအသိုက် အဝန်းများမှ အကျိုးခံစားခွင့်ရှိသူ ၁၄၀,၉၇၀ ဦး (အမျိုးသမီး ၅၃%) ထံ အချိန်နှင့် တပြေး ညီ အတိအကျ ရောက်ရှိခဲ့ပါသည်။ IOM သည် စိတ်ကျန်းမာရေးနှင့် နှစ်သိမ့်ဆွေးနွေး ကူညီ ပံ့ပိုးမှု ဆိုင်ရာ သတင်းအချက်အလက်များအားလည်း နေရပ်ပြန် ရွှေ့ပြောင်း သွားလာသူ ၆,၀၃၀ ဦး (အမျိုးသမီး ၄၁ %) ထံ ဖြန့်ဝေပေးခဲ့ပါသည်။

**၉၄၉,၁၇၂** ဦးအတွက် ကျရောက်နိုင်ချေရှိသည့် အန္တရာယ်များဆိုင်ရာ ဆက်သွယ်ပြန်ကြားပေးမှု

**အရှေ့တောင်ပိုင်းဒေသ၊ ရှမ်းပြည်နယ် ချင်းပြည်နယ်နှင့် အပူပိုင်းဇုန်တွင် IOM** နှင့် ၎င်း၏ အရပ်ဘက် လူမှုအဖွဲ့အစည်း မိတ်ဖက် များသည် လူဦးရေ ၉၄၉,၁၇၂ ဦး (အမျိုးသမီး ၅၃%) အတွက် COVID– 19 နှင့် ပတ်သက် ၍ ကြုံတွေ့နိုင်ချေရှိသည့် အန္တရာယ်များ၊ အခက်အခဲများဆိုင်ရာ ဆက်သွယ် ပြန်ကြားရေး နှင့် ရပ်ရွာလူထု ပူးပေါင်းပါဝင် ရေးဆိုင်ရာ လုပ်ငန်းများအား အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ ပါသည်။ ယင်းတို့ တွင် နေရပ်ပြန် ရွှေ့ပြောင်း သွားလာသူများအနေဖြင့် အတွက် စိုးရိမ်ကြောင့်ကြမှု များ မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းရမည်ဆိုသည်နှင့် လူမှုအသိုက်အဝန်းများ၏ ခွဲခြားနှိမ်ချဆက်ဆံခြင်း များ လျှော့ချရန် ကြိုးပမ်းအားထုတ်မှုများနှင့် သက်ဆိုင်သည့် သတင်းစကားများ ပေးပို့ခြင်း ပါဝင်ခဲ့ ပါသည်။ သတင်းစကားများအား လက်လှမ်းမီရယူနိုင်မှု တိုးမြှင့်စေရန်အတွက် တိုင်းရင်းသား ဘာသာ စကား အမျိုးမျိုးသို့ ဘာသာပြန်ဆိုခဲ့ပါသည်။

**ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင်** COVID –19 နှင့် ပတ်သက်၍ ကျရောက်နိုင်ချေရှိသည့် အန္တရာယ် များဆိုင်ရာ ဆက်သွယ် ပြန်ကြားရေး လုပ်ငန်းများသည် ရွှေ့ပြောင်းသွားလာသည့် သူများအား စေလွှတ်သည့် လူမှုအသိုက် အဝန်း များ မှ ခန့်မှန်းချေ လူဦးရေ ၁၆၂,၅၈၈ဦး (အမျိုးသမီး ၅၁%) ထံ ရောက်ရှိခဲ့ပါသည်။

သတင်းမီဒီယာမှ တဆင့် စည်းရုံးလှုံ့ဆော်ခြင်း နှင့် အကျိုးသက်ရောက် နိုင်သည့် ဆွေးနွေးခြင်း

**လွန်ခဲ့သည့် လပေါင်းများစွာအတွင်း နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများမှ COVID –19 ရောဂါပိုး ပြန့်နှံ့မှုနှင့် ဆက်နွယ်နေသည့် အများပြည်သူများ၏ မှားယွင်းစွာ လက်ခံထားသည့် သဘောထား အမြင်များနှင့် ခွဲခြား နှိမ့်ချမှုများမှာ စိုးရိမ်စရာကောင်းအောင်မြင့်တက်လာကြောင်း တွေ့ရှိခဲ့ပါသည်။** IOM သည် ဒီမိုကရက်တစ်မြန်မာ့အသံ (DVB) နှင့်ပူးပေါင်းကာ ကမ္ဘာကပ် ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း ရွှေ့ပြောင်း သွားလာသူများ တွေ့ကြုံနေရသည့် စိန်ခေါ်မှုများအား နားလည် သဘော ပေါက်မှုကို တိုးမြှင့်ရန်၊ စာနာနားလည်မှု တိုးပွားစေရန်နှင့် နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများနှင့် ပတ်သက်သည့် ခွဲခြားဆက်ဆံသော သတင်းစကားများအား တုံ့ပြန်ဆောင်ရွက်ရန် တို့အတွက် သတင်းမီဒီယာမှ တဆင့် စည်းရုံးလှုံ့ဆော်မှုများအား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ သတင်းမီဒီယာမှ တဆင့် စည်းရုံးလှုံ့ဆော်မှုသည် ဖြစ်ရပ်များအား တင်ပြသည့် ဗီဒီယို ဇာတ်လမ်းတို များနှင့် COVID –19 သက်ရောက်မှုများနှင့်အတူ ရွှေ့ပြောင်းသွားလာသူများနှင့် ရွှေ့ပြောင်းသွားလာ မှုဆိုင်ရာ လှုပ်ရှား ဆောင်ရွက်သူများ အနေဖြင့် မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းခဲ့သည်ဆိုသည် တို့နှင့် ပတ်သက်သော တွေ့ဆုံ မေးမြန်းမှုများကို အဓိကထားတင်ပြခဲ့ပြီး လူမှုကွန်ရက် မီဒီယာများမှ တဆင့် ပရိသတ်များမှ တိုက်ရိုက် မေးခွန်းများ မေးမြန်းနိုင်သည့် ဆွေးနွေးပွဲများဖြင့်လည်း ဆောင်ရွက်ခဲ့ပါသည်။ COVID –19 ဖြစ်ပွားနေသည့် အခြေအနေတွင် နေရပ်ပြန့်ရွှေ့ပြောင်းသွားလာသူများ၏ စိန်ခေါ်မှုများ အား ကျော်လွှားခြင်း ခေါင်းစဉ်ဖြင့် ပထမဦးဆုံး ပြောဆိုဆွေးနွေးပွဲတွင် IOM အရပ်ဘက်လူမှု အဖွဲ့ အစည်း များနှင့် ဌာနဆိုင်ရာ ပါဝင် ဆွေးနွေးသူများသည် ရွှေ့ပြောင်းသွားလာသူများမှ မြန်မာနိုင်ငံသို့ ပြန်လာ ရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများနှင့် ခွဲခြားနှိမ်ချခြင်းတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြ သည်။ ထိုဆွေးနွေးပွဲကို IOM နှင့် DVB ဖေ့စ်ဘုတ်စာမျက်နှာများမှ တဆင့် မျှဝေခဲ့ရာ အများအပြား ကြည့်ရှုခဲ့ ကြသည် သာမက DVB ရုပ်မြင်သံကြားတွင်လည်း အကြိမ်ကြိမ် ထုတ်လွှင့်ပြသခဲ့သည့်အခါ တွင်လည်း ကြည့်ရှုသူ များပြားခဲ့ပါသည်။

"ဤအစီအစဉ်ကို နားထောင်ခဲ့ပြီးသည့် နောက်ပိုင်း ကျွန်တော့် အနေနဲ့ အကြံပြုချက်တွေကို လိုက်နာခဲ့ပါတယ်။ COVID –19 ရောဂါ ဖြစ်ပွားတာမို့ အခုဆိုရင် နှာခေါင်းစည်းဝတ်ဖို့နှင့် လက်တွေ ပုံမှန်ဆေးကြောဖို့ တို့ကို သတိထား လုပ်ဆောင်နေပါသည်။"

**BBC Media Action ၏ ရေကြည်ရာ စီမံချက်သည် အဓိကကျသည့် သတင်းမီဒီယာ ပလက်ဖောင်းအားလုံး (လူမှုကွန်ရက် မီဒီယာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြား) မှတဆင့် အချိန်နှင့် တပြေးညီ တိကျသော သတင်း အချက်အလက်များအား မြန်မာနိုင်ငံသို့ ပြန်လာသည့် ရွှေ့ပြောင်းသွားလာသူများထံ ရောက်ရှိစေခဲ့ ပါသည်။** ရေကြည်ရာအဖွဲ့သည် အခြေအနေနှင့် ကိုက်ညီအောင် ပြင်ဆင်ခဲ့ပြီး COVID –19 အကြောင်း အရာများဖြင့် တင်ဆက်ထားသည့် နာမည်ကျော် ရေကြည်ရာ ရေဒီယိုအစီအစဉ်အား ပြန်လည် ထုတ်လွှင့်ခြင်းဖြင့် ၎င်းတို့၏ လက်ရှိထုတ်လုပ်မှု ပုံစံဖြစ်သည့် ရုပ်မြင်သံကြားမှသည် ရေဒီယိုသို့ ပြောင်းလဲ ခဲ့ပါသည်။ အစီအစဉ်၏ အပိုင်းအသစ် (၁၄)ခုအား မြန်မာ့အသံ သောတရှင် (၃.၂သန်း) ပတ္တမြား FM (သောတရှင် ၂.၈သန်း) နှင့် ထိုင်းနိုင်ငံရှိ MAP ရေဒီယိုတို့တွင် တစ်ပတ်လျှင် (၂)ကြိမ်နှုန်းဖြင့် ထုတ်လွှင့် ခဲ့ပါသည်။ နားဆင်သူသောတရှင်အချို့အား တွေ့ဆုံမေးမြန်းခဲ့ရာ နှာခေါင်းစည်းများ ဝတ်ဆင်ခြင်း၊ မကြာခဏ လက်ဆေးခြင်း၊ နေ့စဉ်ဘဝတွင် ခပ်ခွာခွာနေခြင်း နှင့် အခြားကာကွယ်တားဆီးရေး ဆိုင်ရာအစီအမံများအပါအဝင် အစီအစဉ်၏ နာမည်ကျော် ဇာတ်ဆောင် ဦးဦးပိုက်ဆံမှ အကြံပြုခဲ့သည့် COVID –19 ကာကွယ်တားဆီးခြင်း ဆိုင်ရာ အလေ့အကျင့် များအား လိုက်နာကြောင်း အစီရင်ခံတင်ပြ ခဲ့ပါသည်။ "အစီအစဉ်ကို နားထောင်ခဲ့ပြီးတဲ့ နောက်ပိုင်း ကျွန်တော့် အနေနဲ့ အကြံပြုချက်တွေကို လိုက်နာခဲ့ပါတယ်။ COVID –19 ရောဂါ ဖြစ်ပွားနေတာကြောင့်မို့ အခုချိန်မှာ နှာခေါင်းစည်းဝတ်ဖို့ နဲ့ လက် ပုံမှန် ဆေးဖို့ အတွက် သတိထား လုပ်ဆောင်ဖြစ်ပါတယ်။"

ရေကြည်ရာ ဖေ့စ်ဘုတ်စာမျက်နှာတွင်လည်း စောင့်ကြည့်သူ ပရိသတ် (၁)သန်းအတွက် COVID –19 နှင့်ဆက်နွယ်နေသည့် အသိပေးချက်ပို့စ်ပေါင်း (၁၄၆)ခုအား မျှဝေခဲ့ပါသည်။ ဖေ့စ်ဘုတ် စာမျက်နှာမှ တုံ့ပြန်မှုပေါင်း ၅၆၈,၂၇၀ ခုအား လက်ခံရရှိခဲ့ပြီး နိုင်ငံပေါင်း (၁၀)နိုင်ငံ ကျော်တွင် ရောက်ရှိနေသည့် ပရိသတ် များထံ ရောက်ရှိခဲ့ပါသည်။ လူမှုကွန်ရက်မီဒီယာတွင် လွှင့်တင်သည့် အကြောင်းအရာများအား မြန်မာနိုင်ငံတွင် COVID –19 ဖြစ်ပွားမှုဆိုင်ရာ အဆင့်အမျိုးမျိုး– ကာကွယ်တားဆီးရေးဆိုင်ရာ သတင်းအချက်အလက်များအား ကြေညာခြင်း၊ ကျရောက်နိုင်ချေရှိသည့် အန္တရာယ်အား စီမံခန့်ခွဲခြင်း၊ အသွားအလာကန့်သတ်စောင့်ကြည့်ခြင်း နှင့် ရွှေ့ပြောင်းသွားလာသည့် အလုပ်သမားများနှင့် ယင်းတို့၏ မိသားစုများအပေါ် သက်ရောက်မှု– တို့အား တုံ့ပြန် ဆောင်ရွက်ရန်အတွက် အဆင့်လိုက်ပြု လုပ်ခဲ့ပါသည်။ နာမည်ကျော်ကြားသူများ မှ COVID–19 ဆိုင်ရာ အကြံပြုချက် များနှင့် သတင်းအချက်အလက်များအား ပေးသည့် ဗီဒီယိုများ မှာ လူကြိုက်များကြောင်းတွေ့ရှိရပြီး လွှင့်တင်ခဲ့သည့် ပို့စ်များအား ကြည့်ရှုမှု အကြိမ် ၁၆.၉ သန်းအထိ ရှိပါသည်။ ရွှေ့ပြောင်းသွားလာသူများနှင့် အခြားအလုပ်သမားများထံမှ COVID–19 နှင့် ဆက်နွယ်နေသည့် ကူညီထောက်ပံ့မှုအတွက် တိုက်ရိုက် မေတ္တာရပ်ခံတောင်းဆိုမှု အများအပြားအား ဖေ့စ်ဘုတ် မက်ဆင်ဂျာမှ တဆင့် လက်ခံရရှိခဲ့ပြီး သက်ဆိုင်ရာ ဝန်ဆောင်မှုပေးအပ်သူများထံ လွှဲပြောင်းညွှန်းပို့မှုများ ပြုလုပ်ခဲ့ပါသည်။ ဥပမာအားဖြင့် လူတစ်ဦးမှ " ကျွန်တော်က မလေးရှားမှာ အလုပ်လုပ်ကိုင်ဖို့အတွက် အလုပ်ခန့် စာချုပ်ကို လက်မှတ်ထိုးခဲ့ပါတယ်။ အလုပ်အကိုင် ရှာဖွေရေး အေဂျင်စီကို ၁၆ သိန်းပေးထားတယ်။ ကျွန်တော် စောင့်နေခဲ့တာခြောက်လ ရှိပါပြီ။ ကျွန်တော် ဘာဆက်လုပ်သင့်လဲ" ဟု ရေးသားခဲ့ပါသည်။ BBC Media Action သည် ထိုကဲ့သို့သော ပြဿနာအား ဖြေရှင်းပေးနိုင်သည့် မြန်မာပြည်ပ အလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်းရှင်များ အဖွဲ့ချုပ်နှင့် ဆက်သွယ်ပေးခြင်းဖြင့် ပံ့ပိုး ဆောင်ရွက်ပေးခဲ့ပါသည်။

တုံ့ပြန်မှုပေါင်း **၅၆၈,၇၂၀** အား လက်ခံရရှိ ခဲ့ပါသည်။

**အမျိုးသမီးအဖွဲ့များ ကွန်ရက် (WON) သည် လှိုင်သာယာနှင့် ဒဂုံမြို့သစ် မြို့နယ်များတွင် အရပ်ဘက်လူမှု အဖွဲ့အစည်း မိတ်ဖက်များမှ စီမံခန့်ခွဲသည့် ရွှေ့ပြောင်း လုပ်သားများ ထောက်ပံ့ ကူညီရေး ဗဟိုဌာန (၄)ခုအား ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ ပါသည်။** COVID–19 ကပ်ရောဂါစတင်သည့် အချိန်တွင် ဗဟိုဌာနများ အပြည့်အဝ လည်ပတ်နေပြီ ဖြစ်သောကြောင့် အထူးသဖြင့် ကံကောင်းသော အချိန်ကာလ ဖြစ်ခဲ့ပြီး ကပ်ဆိုက်မှုကြောင့် ဆိုးကျိုးများ ထိခိုက်ခံစားရသည့် ရွှေ့ပြောင်းလုပ်သားများထံ မရှိမဖြစ် လိုအပ်သော ကူညီ ထောက်ပံ့မှု ပေးအပ်ရန် အဆင်သင့်ဖြစ်နေခဲ့ပါသည်။ အလုပ်အကိုင်များ ဆုံးရှုံးခဲ့ပြီး/ သို့ ကျား၊မ အခြေပြုသည့် အကြမ်းဖက်မှုအား တွေ့ကြုံခံစားခဲ့ရသည့် ရွှေ့ပြောင်းလုပ်သား အမျိုးသမီး (၆၉)ဦးအား အရေးပေါ် နားခိုရာနေရာများ ပေးအပ်ခဲ့ပါသည်။ ၎င်းတို့အတွက် နေထိုင်စရာနေရာ အပြင် အစားအသောက်များ၊ ကျားမ အခြေပြု သည့် အကြမ်းဖက်မှုအပေါ် ဆွေးနွေး လမ်းညွှန်မှုပေးခြင်း၊ အလုပ်သမား အခွင့်အရေးများဆိုင်ရာ အသိပညာ မြှင့်တင်ခြင်းနှင့် အလုပ်အကိုင် ရှာဖွေပေးသည့် ဝန်ဆောင်မှုများအား စီစဉ်ဆောင်ရွက် ပေးခဲ့ပါသည်။ အမျိုးသမီး ၁၅ဦး သည် ယင်းတို့၏ ယခင်လုပ်ကိုင်ခဲ့သည့် အလုပ်များ ဆုံးရှုံးပြီးသည့် နောက်ပိုင်း၌ အလုပ်အကိုင် အသစ်များအား ရှာဖွေနိုင်ခဲ့ပါသည်။

ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေး ဗဟိုဌာန (၄)ခု

# ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မိတ်ဖက် အဖွဲ့အစည်းများသည် ရှေ့တန်း ကာကွယ် တုံ့ပြန်ရေး ပံ့ပိုးမှုး အများအပြား ပေးအပ်ခဲ့ပါသည်။

| | |
|---|---|
| နေရပ်ပြန်ရွှေ့ပြောင်းသွားလာသူများ ၇,၄၁၁ဦး အတွက်တိုက်ရိုက် ကူညီထောက်ပံ့ငွေပေးမှု | **IOM သည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် နေရပ်ပြန်ရွှေ့ပြောင်းသွားလာသူ ၇,၄၁၁ဦး ထံ ပြန်လာစဉ်၊ ခရီးတစ်ထောက်နားစဉ် နှင့် သီးသန့်ခွဲခြားထားခြင်းခံရသည့် အချိန်အတွင်း ခရီးစရိတ်များ၊ အစား အသောက်၊ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ပစ္စည်းများ၊ မွေ့ရာအိပ်ရာခင်းနှင့် အခြား ကူညီ ပံ့ပိုးပေးမှုများ ပေးအပ်ခဲ့ပါသည်။** အဆိုပါ လုပ်ငန်းများသည် ပြန်လည်ထူထောင်ရေး ဦးစီးဌာန၏ ဂေဟာ များတွင် နေထိုင်နေကြသော လူကုန်ကူးခံရခြင်းမှ လွတ်မြောက်ပြီး ရှန်းကန် ရှင်သန်နေသူများ၊ အသွား အလာ ကန့်သတ် စောင့်ကြည့် နေသည့် အချိန်အတွင်း ၌ အစားအသောက် အတွက် ငွေကြေး မတတ်နိုင် သူ များ ကိုယ်ဝန်ဆောင် အမျိုးသမီးများ နှင့် ကလေး သူငယ်များ ကဲ့သို့သော ထိခိုက်လွယ်မှု အမြင့်ဆုံး ၌ရှိသော နေရပ်ပြန် ရွှေ့ပြောင်း သွားလာသူများအား ဦးတည်ရည်ရွယ်ခဲ့ပါသည်။ အဓိက ပတ်သက် ဆက်နွှယ်သူများ နှင့် အနီးကပ်ပူးပေါင်း ပါဝင် လုပ်ကိုင် ဆောင်ရွက်ခြင်းဖြင့် အစိုးရနှင့် အစိုးရ မဟုတ်သူများ ထိန်းချုပ်ထား သည့် ဒေသ(၂)ခု စလုံးရှိ ရွှေ့ပြောင်း သွားလာ သူများထံ ရောက်ရှိ စေခဲ့ ပါသည်။ |
| အကျိုးခံစားခွင့်ရှိသူ ၄,၅၅၇ ဦး | **မရှိမဖြစ်လိုအပ်သည့် ဆေးဝါးများနှင့် ကိုယ်ဝန် ဆောင် မိခင်များအတွက် ဖြည့်စွက် အာဟာရများ ပါဝင်သည့် ကာကွယ်စောင့်ရှောက် ရေး ဆိုင်ရာ လုပ်ငန်းများအား အကျိုးခံစား ခွင့်ရှိသူ ၄,၅၇၇ဦး (အမျိုးသမီး ၃၄%) ထံသို့တိုးချဲ့ခဲ့ပါသည်။** အစိုးရနှစ်ရပ်အကြား စီစဉ်ဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံမှ နေရပ်ပြန်ပို့ပေးခဲ့သည့် လူကုန်ကူးခံရခြင်းမှ လွတ်မြောက်ကာ ကြိုးပမ်းရှင်သန်နေသူ (၇၅)ဦးထံ အစားအသောက်နှင့် ခရီးစရိတ် ကုန်ကျမှုများအတွက် ကူညီ ထောက်ပံ့ မှုကိုလည်း ပေးအပ်ခဲ့ ပါသည်။ |
| ရွှေ့ပြောင်းသွားလာသူ **၁၀၃,၅၆၁ ဦးထံ** ရောဂါ ကူးစက်မှု ကာကွယ် တားဆီးခြင်းနှင့် တုံ့ပြန် ဆောင်ရွက်ခြင်းဆိုင်ရာ ကူညီပံ့ပိုးမှု | IOM သည် နိုင်ငံတွင်း အခြား နေရာ ဒေသများတွင် အသွားအလာ ကန့်သတ် စောင့်ကြည့်ရာ စခန်းများနှင့် လူမှု အသိုင်းအဝိုင်း များ၌ နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများနှင့် ၎င်းတို့ မိသားစုဝင် ၁၀၃,၅၆၁ ဦးထံ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ ပစ္စည်းကိရိယာများဖြန့်ဖြူးခြင်းနှင့် အစားအသောက် ကူညီထောက်ပံ့မှု အပါအဝင် ရောဂါ ကူးစက်မှု ကာကွယ်တားဆီးခြင်းနှင့် တုံ့ပြန် ဆောင်ရွက်ခြင်း ကူညီပံ့ပိုး မှုအား ပေးအပ်ခဲ့ ပါသည်။ |
| ထိခိုက်လွယ်သည့် ရွှေ့ပြောင်းသွားလာသူ **၁၅၀ဦး**အတွက် အကာအကွယ်ပေးသည့် ပစ္စည်းကိရိယာများနှင့် တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ ပစ္စည်းများ | **IOM သည် မြဝတီကဲ့သို့သော အဓိက ဝင်ပေါက်များ၌ နေရပ်ပြန် ရွှေ့ပြောင်းသွားလာ သူများ ပြန်လာသည်နှင့် အရေးပေါ်လိုအပ်သော ကူညီပံ့ပိုးမှု အများအပြား ပေးအပ်ခဲ့ပါသည်။** ပြန်လည်ရောက်ရှိ လာသည့် ရွှေ့ပြောင်းသွားလာသူ ၁၆,၃၁၁ ဦး (အမျိုးသမီး ၃၂%) အား သီးသန့်ခွဲခြားစောင့် ကြည့်သည့် နေရာ များအတွက် တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ပစ္စည်းများ၊ မွေ့ယာ၊ အိပ်ရာခင်းများ၊ အစား အသောက်များ၊ ရေနှင့် WASH ဆိုင်ရာ ကူညီပံ့ပိုးမှုတို့အား ပံ့ပိုး ပေး ခဲ့ပါသည်။ IOM သည် ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ မေတ္တာ ရပ်ခံမှု အပေါ် မူတည်၍ မန္တလေးရှိ ခိုလှုံရာ ဂေဟာ၌ တစ်ကိုယ်ရေ ကာကွယ် ရေး ပစ္စည်းနှင့် တစ်ကိုယ်ရေနှင့် ပတ်ဝန်း ကျင် သန့်ရှင်းရေး ပစ္စည်း များအား ထိခိုက်လွယ်သည့် ရွှေ့ပြောင်း သွားလာသူများနှင့် လူကုန်ကူးခံရခြင်းမှ လွတ်မြောက်လာ ခဲ့ပြီး ကြိုးပမ်းရှင်သန်နေရသူ (၁၅၀) ဦးအတွက် စီစဉ်ပေးခဲ့ပါသည်။ |
| ရောဝတီတိုင်းဒေသကြီးသို့ ပြန်လာသည့် တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူ ၈,၈၃၇ ဦး | **IOM သည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၌ အလုပ်အကိုင်ဆုံးရှုံးပြီးနောက် ရန်ကုန်မြို့မှ ပြန်လာသည့် ရွှေ့ပြောင်းသွားလာသူ များရှိသည့် ဘိုကလေး၊ မော်လမြိုင်ကျွန်းနှင့် လပွတ္တာမြို့နယ်တို့တွင် ရပ်ရွာ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်အတွက် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှု တစ်ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။** တိုက်ရိုက် အကျိုး ခံစားခွင့် ရှိသူ စုစုပေါင်း ၈,၈၃၇ ဦး (အမျိုးသမီး ၄၃%) ထံ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ ဖြည့်တင်းရေး ပစ္စည်းများ၊ တစ်ကိုယ်ရေကာကွယ်ရေး ပစ္စည်းကိရိယာ၊ အသုံးအဆောင် ပစ္စည်းများနှင့် အသိပညာပေးမြှင့်တင်မှုဆိုင်ရာ စာစောင်များဖြင့် တိုက်ရိုက် ကူညီပံ့ပိုးမှုများ ရောက်ရှိခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီးအစိုးရမှလည်း IOM အား ပုသိမ်မြို့၊ ဟင်္သာတနှင့် မအူပင်မြို့သီးသန့် နယ်များရှိ ခွဲခြားစောင့်ကြည့်သည့် ဌာနများမှ နေရပ်ပြန် ရွှေ့ပြောင်းလုပ်သားများအတွက် တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်း ရေးဆိုင်ရာ ဖြည့်တင်းရေး ပစ္စည်းများ၊ WASH ဆိုင်ရာ ကူညီထောက်ပံ့မှု၊ အစားအသောက် မဟုတ်သည့် ပစ္စည်းများနှင့် သောက်သုံးရေတို့အား ဖြည့်ဆည်းပေးခြင်း အတွက် ကူညီပံ့ပိုးပေးရန် တိုက်ရိုက် မေတ္တာရပ်ခံခဲ့ပါသည်။ ပထမအကြိမ်ကူညီပံ့ပိုးမှုမှ ရွှေ့ပြောင်း သွားလာသူ ၈၀၀ဦး (အမျိုး သမီး ၃၀%) အား တိုက်ရိုက်ကူညီပံ့ပိုးပေးခဲ့ပြီး နောက်ထပ် (၁,၀၀၀) ဦးအား ဆက်လက်ကူညီ ပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။ |

MAP ရေဒီယို၏ သောတရှင် ၂၁,၀၀၀ ဦးထံ ထုတ်လွှင့်မှု

**ILO သည် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အလုပ်သမားအဖွဲ့အစည်းများမှ စီမံခန့်ခွဲ နေသည့် ရွှေ့ပြောင်း လုပ်သားများ ထောက်ပံ့ကူညီရေး ဗဟိုဌာန (၆)ခုအား ကော့သောင်း၊ တီးကီး၊ ဘုရား (၃)ဆူတောင်ကြား၊ မြဝတီ နှင့် တာချီလိတ်ရှိ ထိုင်းနိုင်ငံ နယ်စပ်အဓိကနယ်စပ် စစ် ဆေးရေး ဂိတ်များတွင် ပထမဦးဆုံးတုံ့ပြန်ဆောင်ရွက်သူများ အဖြစ်လုပ်ကိုင် ဆောင်ရွက်ရန် ကူညီပံ့ပိုးပေးခဲ့ပါသည်။** ၎င်းတို့သည် မတ်လကုန်ပိုင်းလောက်မှ စတင်၍ စုစုပေါင်း နေရပ်ပြန်ရွှေ့ပြောင်းလုပ်သား ၁၀၂,၁၈၇ ဦး (အမျိုးသမီး ၄၃%) ထံ နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များ၊ ဆပ်ပြာများ၊ အမျိုးသမီးလစဉ်သုံးပစ္စည်းများ၊ အစားအသောက်၊ ရေ၊ ဆွေးနွေးလမ်းညွှန်ခြင်းနှင့် ဥပဒေရေးရာအကူအညီများ ပေးအပ်ခြင်းတို့ဖြင့် သိန်းပေါင်းများစွာသော နေရပ်ပြန် ရွှေ့ပြောင်း သွားလာသူများ အား ကူညီပံ့ပိုးပေးရန်အတွက် ဒေသခံအာဏာပိုင် များနှင့် နီးကပ်စွာ လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။ အသွား အလာကန့်သတ်စောင့်ကြည့်ရာ နေရာများ အား ရွှေ့ပြောင်း လုပ်သားများ၏ မူရင်း ဇာတိ ဒေသများတွင် တည် ထောင်ခဲ့ရာ၊ သီးသန့်ခွဲခြား စောင့်ကြည့်နေသည့် အသွားအလာ ကန့်သတ်ကာလအတွင်း ရွှေ့ပြောင်း သွားလာ သူများအား ပိုမို ကူညီပံ့ပိုးပေးရန်အတွက် ပဲခူး၊ စစ်ကိုင်းနှင့် မကွေးတို့တွင်ပါ ရွှေ့ပြောင်းလုပ်သား ကူညီထောက်ပံ့ ရေး ဗဟိုဌာနများ (MCs)ကို ထပ်မံ တိုးချဲ့ခဲ့ပါသည်။ လိုအပ်သည့် နေရာများ၌ MC များသည် မူရင်းနေရပ် များသို့ ပြန်ရန်အတွက် အပြန်ယာဉ်စီးခများ ကူညီ ထောက်ပံ့ပေးခဲ့ပြီး ၊ အသွားအလာ ကန့်သတ်စောင့်ကြည့်ခံ နေရချိန်အတွင်း ကိုယ်ဝန်ဆောင် အမျိုးသမီး များအား အာဟာရ ပြည့်ဝသည့် အစားအသောက်များ အပါအဝင် အထူးကူညီထောက်ပံ့မှုများ ပေးအပ်ခဲ့ ပါသည်။ ထို့အပြင် ကွင်းဆင်းဆောင်ရွက်ခြင်းဖြင့်COVID –19 ကာကွယ် တားဆီးခြင်းနှင့် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ သတင်း အချက် အလက်များ ပါဝင်သည့် အတွက် စာစောင်များကို ခန့်မှန်းခြေ ရွှေ့ပြောင်းသွားလာသူ ၃၀,၀၀၀ ထံ ဖြန့်ဝေခဲ့ရုံသာမက ထိုင်းနိုင်ငံရှိ MAP ရေဒီယိုသောတရှင် ၂၁,၀၀၀ ဦး ထံရေဒီယို ထုတ်လွှင့်မှုတို့မှတဆင့် ရောက်ရှိခဲ့ပါသည်။

ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူ ၆,၁၀၆ ဦး အတွက် အစားအသောက်ခွဲတမ်းများ (ဆန်နှင့် ပဲပုတ်စေ့ ၄၅ ကီလိုဂရမ် အိမ်များ)

**ILO သည် ပဋိပက္ခဒဏ်ခံရသည့် လူမှုအသိုင်းအဝိုင်းများ၌ ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင် သူများ / နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်းလုပ်သားများအား ကူညီပံ့ပိုး ပေးခဲ့ပါသည်။** ရှမ်းပြည်နယ် ဒုက္ခသည်များဆိုင်ရာကော်မတီမှ အရေးပေါ်မေတ္တာရပ်ခံမှုအား တုန့်ပြန်သော အားဖြင့် ILO သည် ရှမ်းပြည်နယ်နှင့် ထိုင်းနယ်စပ်ရှိ အသိအမှတ်ပြု ထားခြင်းမရှိသော စခန်း(၆) ခုတွင် နေထိုင်သည့် ပြည်တွင်း နေရပ်စွန့်ခွာ ရွှေ့ပြောင်း နေထိုင်သူ နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်းလုပ်သား ၆,၁၀၁ ဦးထံ အစားအသောက်ခွဲတမ်းများ ( ၄၅ကီလိုဂရမ် ရှိသော ဆန်နှင့် ပဲပုတ်စေ့ အိတ်များ) အား ထောက်ပံ့ပေး ခဲ့ပါသည်။ အဆိုပါစခန်းများတွင် နေထိုင်သူများသည် ပုံမှန် အားဖြင့် နယ်စပ်ဖြတ်ကျော်၍ ထိုင်းနိုင်ငံတွင် နေ့စား အလုပ်သမား များအဖြစ် အလုပ် လုပ်ကိုင်ပြီး ရပ်တည် နေကြသော်လည်း နယ်စပ် ပိတ်လိုက်ပြီးသည့်နောက်ပိုင်း ထိုကဲ့သို့လုပ်ကိုင်နိုင်ခြင်းမရှိသောကြောင့် ၎င်းတို့ ကိုယ်တိုင် စားသောက်ရန် နှင့် မိသားစုအား ကျွေးမွေးနိုင်ခြင်း မရှိတော့ပါ။ စခန်းကော်မတီများနှင့် အတူလုပ်ကိုင် ဆောင်ရွက်ပြီး လိုအပ်ချက်များ ဆန်းစစ် အကဲဖြတ်မှု တစ်ရပ်အား ပြုလုပ်ခဲ့ကာ ဆန်နှင့် ပဲပုတ်စေ့များအား ဖြန့်ဝေပေးခဲ့ပါသည်။ ထို့အပြင် ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေး ဌာနသည် ကရင် အမျိုးသား အစည်းအရုံး (KNU) ထိန်းချုပ်ထားသည့် ဘားအံရှိ နေရပ်ပြန်ရွှေ့ပြောင်း သွားလာသူ ၆၅၀ ဦးထံ ကူညီပံ့ပိုးမှု ပေးအပ်ခဲ့ ပါသည်။

ခန့်မှန်းခြေ အလုပ်သမား ၁၁၀,၀၀၀ ဦးအတွက် အသိအမြင်မြှင့်တင်ရေး သတင်းအချက် အလက်များ

**ActionAid သည် ရန်ကုန်မြို့၌ ၎င်း၏ CSO နှင့် အလုပ်သမားသမဂ္ဂမိတ်ဖက်အဖွဲ့အစည်းများ၏ ရောက်ရှိမှုအား တွန်းအားပေးခြင်းဖြင့် ၎င်း၏ ကာကွယ်တားဆီးရေးလုပ်ငန်း များမှ COVID –19 အသိပညာ မြှင့်တင်ပေး သည့် သတင်းအချက် အလက်များ ကို ခန့်မှန်းခြေ အလုပ်သမား ၁၁၀,၀၀၀ ဦး (အမျိုးသမီး ၇၉%)ထံ ဖြန့်ဝေ ပေးခဲ့ပါသည်။** လက်သန့် ဆေးရည်၊ လက်အိတ်နှင့် နှာခေါင်းစည်းများအား ခန့်မှန်းခြေအလုပ်သမား

၁၀,၀၀၀ ဦး (အမျိုးသမီး ၉၀%) ထံသို့ ဖြန့်ဝေပေးခဲ့ပြီး၊ အလုပ်လက်မဲ့ဖြစ်နေသည့် ရွှေ့ပြောင်းလုပ်သား ၁,၀၀၀ ဦး (အမျိုးသမီး ၈၆%) တို့ထံ အစားအသောက်ထောက်ပံ့မှုအား ပေးအပ်ခဲ့ပါသည်။ ထို့အပြင် ပူးပေါင်း ထားသည့် အဖွဲ့အစည်းမှ လူထု အခြေပြု အသွားအလာကန့်သတ်စောင့်ကြည့်ရာ နေရာများ နှင့် ဖျားနာကုဆေးခန်းများအား ကျန်းမာရေး ဦးစီးဌာန စီမံခန့်ခွဲရာတွင် ကူညီပံ့ပိုးခြင်းအတွက် အကူအညီပေး ရန်အတွက် လှိုင်သာယာတွင် သင်တန်းများ စီစဉ်ပို့ချ ခဲ့ပြီး စေတနာ့ဝန်ထမ်းအုပ်စု တစ်ခုအား ဖွဲ့စည်းပေးခဲ့ပါသည်။ စုစုပေါင်းစေတနာ့ ဝန်ထမ်း ၃၃၃ဦး အား COVID –19 နှင့် ဆက်နွယ်နေသည့် အခြေခံကျန်းမာရေး ပညာပေး သင်ခန်းစာများ လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ အဆိုပါစေတနာ့ ဝန်ထမ်းများသည် ၎င်းတို့၏ တုံ့ပြန်ကာကွယ်ရေး အစီအစဉ်များအား အကောင်အထည် ဖော်ရန် အတွက် အာဏာပိုင်များအား တက်ကြွစွာ ကူညီပံ့ပိုးပေးခဲ့သည်။ ဗိုင်းရပ်စ်ပိုး၏နောက်ဆက်တွဲအဖြစ် အနာဂတ်၌ ဖြစ်ပေါ်လာနိုင်သည့် ကပ်ရောဂါ လှိုင်းများ တွင် မြို့နယ်အတွက် ကူညီပံ့ပိုးပေးရန် ဆက်လက် လုပ်ဆောင်သွားမည်ဟုလည်း ဆုံးဖြတ်ခဲ့ပါသည်။



အလုပ်သမား ၁၂၅,၄၇၆ ဦးထံ သတင်းအချက်အလက်များနှင့် တစ်ကိုယ်ရေနှင့် ပတ် ဝန်းကျင်သန့်ရှင်းရေး ဆိုင်ရာ ပစ္စည်း ကိရိယာ များဖြန့်ဝေခဲ့ခြင်း

**CAREကလည်း ရန်ကုန်မြို့ရှိ မြို့ဝန်းကျင် ဒေသများတွင် အမျိုးသမီးရွှေ့ပြောင်း သွားလာ သူများအတွက် ရှေ့တန်းမှနေ၍ ကာကွယ်စောင့်ရှောက်မှုကို ကူညီပံ့ပိုးပေးခဲ့ပါသည်။** CARE သည်၎င်း၏ CSO မိတ်ဖက်အဖွဲ့အစည်းများ ဖြစ်သည့် Business Kind Myanmar နှင့် Legal Clinic တို့နှင့် ပူးပေါင်း၍ သတင်း အချက်အလက်များနှင့် တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ ပစ္စည်းကိရိယာ များအား လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ်များရှိ အထည်ချုပ်စက်ရုံ (၁၁၂)ရုံမှ အလုပ်သမား ၁၂၅,၄၇၆ ဦး (အမျိုးသမီး ၈၇%)၊ ရပ်ကွက် (၁၁) ရပ်ကွက်ရှိ ရပ်ကွက်နေသူ ၇၃,၇၀၀ ဦး အဆောင် (၃၀)ရှိ အလုပ်သမား ၁,၉၈၉ ဦး (အမျိုးသမီး ၆၈%) တို့ထံ ဖြန့်ဝေပေးခဲ့ သည်သာမက အစိုးရရုံး (၂၅)ရုံး၊ မြို့နယ်တရားရုံး (၁၀)ရုံး အလုပ်သမားသမဂ္ဂများနှင့် ဖျားနာကု အခမဲ့ ဆေးခန်း များတွင်လည်း ဖြန့်ဝေပေးခဲ့ပါသည်။ CARE သည် ၎င်း၏ အလျင်အမြန်ကောက်ယူ ခဲ့သည့် ဆန်းစစ် လေ့လာမှုပေါ် အခြေခံ၍ အဆိုပါ ဦးတည်ရည်ရွယ်သည့် အုပ်စုအမျိုးမျိုးတို့၏ အုပ်စုတစ်စု ချင်းစီ အတွက် အံဝင်ခွင်ကျ စီမံထားသည့် COVID –19 တုန့်ပြန်ဆောင်ရွက်သည့် ပစ္စည်းကိရိယာ များကို အကောင် အထည် ဖော် အသုံးပြု ခဲ့ပါသည်။

ရပ်ကွက်အုပ်ချုပ်ရေးရုံးများမှ တဆင့်အကျိုးခံစားခွင့်ရှိသူ လူပေါင်း ၂၀,၀၀၀ ထံ သတင်းအချက်အလက်များ ပေးအပ်ခဲ့ပါသည်။

**People In Need (PIN) စီမံချက်မှလည်း ရွှေပြည်သာမြို့နယ်ရှိ ဦးတည်ရည်ရွယ်သည့် ရပ်ကွက်(၈)ရပ်ကွက်ရှိ ရွှေ့ပြောင်းသွားလာသူများနှင့် ၎င်းတို့၏ အိမ်ထောင်စုများအတွက် COVID–19 ကာကွယ် တားဆီး ရေး လုပ်ငန်းများ အတွက် ဘက်စုံခြုံငုံသည့် အစီအစဉ် တစ်ရပ်အား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ ပါသည်**။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတင်းအချက်အလက်များပါဝင်သည့် လက်ကမ်း စာစောင်များအား ရပ်ကွက်အုပ်ချုပ်ရေးရုံးများနှင့် အသွားအလာကန့်သတ်စောင့်ကြည့်ရာ နေရာများမှ တဆင့် အကျိုးခံစားခွင့်ရှိသူ ၂၀,၀၀၀ ဦးထံပေးအပ်ခဲ့ပါသည်။ (လက်သန့်ဆေးရည်နှင့် ဆပ်ပြာများအား အိမ်ထောင်စု များထံ (သို့) အသွားအလာကန့်သတ်စောင့်ကြည့်ရာ နေရာများ ၌ တိုက်ရိုက်ပေးအပ် ခဲ့ကာ အကျိုးခံစားခွင့်ရှိသူ ၄၀,၂၀၁ ဦး (အမျိုးသမီး ၄၈%) ထံ ရောက်ရှိခဲ့ပါသည်။ COVID –19 ကာကွယ် တားဆီးခြင်းနှင့် ကူညီပံ့ပိုးမှုတို့နှင့် ပတ်သက်၍ ရပ်ရွာလူထု အသိအမြင်ပေးခြင်းအား ထပ်မံမြှင့်တင်ရန် အတွက် PIN သည် ကြော်ငြာဆိုင်းဘုတ်ကြီး (၄၉)ခုအား စိုက်ထူခဲ့ပြီး ဗီနိုင်း ပိုစတာ (၁၆၀)ခုအား ဖြန့်ဝေပေး ခဲ့ပါသည်။ သတင်းအချက်အလက်များအား အသံချဲ့စက် များမှ တဆင့်ကြေညာပေးခဲ့သဖြင့် ရွှေ့ပြောင်း သွားလာ သူနှင့် ဒေသခံရပ်ရွာလူထု အဖွဲ့ဝင် ခန့်မှန်းခြေ ၇၈,၀၀၀ ဦးထံသို့ ရောက်ရှိခဲ့ပါသည်။

ရွှေ့ပြောင်းသွားလာသည့် လူမှုအသိုင်းအဝိုင်းများရှိ အကျိုးခံစားခွင့်ရှိသူ ၆၃,၉၂၈ ဦးအား ကူညီထောက်ပံ့မှု များပေးအပ်ခဲ့ပါသည်။

**အမျိုးသမီးအဖွဲ့များ ကွန်ရက်သည် COVID –19 ကပ်ဆိုက်နေသည့်ကာလအတွင်း ရွှေ့ပြောင်း လုပ်သားများထံ သတင်းအချက်အလက်များ၊ ဆပ်ပြာ၊ လက်သန့်ဆေးရည်နှင့် နှာခေါင်းစည်း များအား ဖြန့်ဝေရန်အတွက် စည်းရုံး လှုံ့ဆော်မှု တစ်ရပ်အား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက် စည်းရုံးခဲ့ပါသည်။** မြို့နယ်ကျန်းမာရေးနှင့် လူမှုဖူလုံရေး အာဏာပိုင်များနှင့် အနီးကပ်လုပ်ကိုင် ဆောင်ရွက်ခြင်း ဖြင့် ရွှေ့ပြောင်း သွားလာသည့် လူမှုအသိုင်းအဝိုင်းများရှိ အကျိုးခံစားခွင့် ရှိသူ ၆၃,၉၂၈ ဦး (အမျိုးသမီး ၇၉%) ထံ ကူညီထောက်ပံ့မှုများ ပေးအပ်ခဲ့ ပါသည်။ စနစ်တကျ လက်ဆေးနည်းလမ်းများ ဆိုင်ရာ သင်ကြားပြသပေးခြင်း အပါအဝင် မရှိမဖြစ်လိုအပ်သည့် သတင်းအချက်အလက် များနှင့် ပစ္စည်းကိရိယာများ ဖြန့်ဝေရန် အတွက် တစ်အိမ် တက်ဆင်းကြိုးပမ်းအားထုတ်မှုများကိုလည်း ပြုလုပ်ခဲ့ ကြပါသည်။

လှိုင်သာယာမြို့နယ်တွင် အိမ်ထောင်စု ၃၆,၀၆၄ စုအတွက် အစားအသောက် ကူညီထောက်ပံ့မှု

**COVID–19 ကမ္ဘာ့ကပ်ရောဂါ ကျရောက်နေသည့် ကာလအတွင်း ဝင်ငွေလျော့ကျခြင်းကြောင့် စားနပ်ရိက္ခာ ဖူလုံမှုမရှိ သည်မှာလည်း ရွှေ့ပြောင်းသွားလာသူများ၏ အိမ်ထောင်စုများ အတွက် အဓိက စိန်ခေါ်မှု တစ်ရပ် ဖြစ်လာခဲ့ပါသည်။** အကယ်၍ ထိန်းချုပ်ခဲ့ခြင်း မရှိပါက မြို့ပြဝန်းကျင်ဒေသများရှိ အိမ်ထောင်စုများသည် ၎င်းတို့၏ အာဟာရ လိုအပ်ချက်များ အတွက် ဖြည့်ဆည်းနိုင်ရန် ၎င်းတို့၏ သက်မွေးဝမ်း ကျောင်းမှုများအပေါ် ရေရှည် သက်ရောက်မှု ရှိနိုင်သည့် မတန်တဆ အကြွေးယူခြင်း ကဲ့သို့သော အန္တရာယ်ရှိသည့် ကိုင်တွယ် ဖြေရှင်း နည်းလမ်း များကို အားကိုး အားထား ပြုကောင်း ပြုမည် ဖြစ်ပါသည်။ တုံ့ပြန် ဆောင်ရွက်သည့်အနေဖြင့် ဒေင်နှင့် ၎င်း၏ မိတ်ဖက် အဖွဲ့အစည်းဖြစ်သည့် ဂရုဏာ ကောင်းကင် လူမှုရေးအသင်း (New Hope) တို့သည် ရွှေ့ပြောင်း သွားလာသူ ကလေး သူငယ် များနှင့် အရွယ်ရောက်ပြီးသူများအတွက် အသင့်အစားအစာများ၊ ပဲနီလေး ဟင်းချိုနှင့် အားဖြည့်ဆန် တို့အား ချက်ပြုတ်ပြီး ဝေငှပေးခဲ့သဖြင့် လှိုင်သာယာမြို့နယ်ရှိ အိမ်ထောင်စု စုစုပေါင်း ၃၆,၀၆၄ စု (အမျိုးသမီး ၄၅%) ထံသို့ အာဟာရပြည့်ဝသည့် အစား အသောက်များသည် ရောက်ရှိခဲ့ပါသည်။

## အလုပ်အကိုင်ဆုံးရှုံးခဲ့သည့် အလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်း များဖန်တီးပေးခဲ့ခြင်း

**ရန်ကုန်တိုင်းဒေသကြီး COVID -19 ကော်မတီonf ရွှေပြည်သာမြို့နယ် World Jin အထည်ချုပ်စက်ရုံ မှ အလုပ်ဖြုတ်ခြင်းခံခဲ့ရသည့် အလုပ်သမား (၅၀)ဦးတို့အား အသွားအလာကန့်သတ်စောင့်ကြည့် ရာ နေရာများ သို့ ဖြန့်ဝေပေးသည့် နှာခေါင်း စည်းများ နှင့် လက်သန့်ဆေးရည်များကို ထုတ် လုပ်နိုင်ရန် အတွက် လေ့ကျင့် သင်ကြားပေးရန် အလုပ်ရုံ ဆွေးနွေးပွဲ ၁ခု အား စီစဉ် ဆောင်ရွက် ခဲ့ပါသည်။ တစ်ကိုယ်ရေကာကွယ်ရေးပစ္စည်းကိရိယာ (နှာခေါင်းစည်းများ၊ မျက်နှာအကာ၊ ပိုး သတ်ဆေး ရည်များနှင့် အဖျားတိုင်းကိရိယာ များ) စုစုပေါင်း ၃၉,၉၂၀ ခုအား မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၅)ခု စလုံးမှ အလုပ်အကိုင်နှင့် အလုပ် သမားရှာဖွေရေး ရုံးများ ရှိ ဝန်ဆောင်မှုပေး သူများ နှင့် သက်မွေးဝမ်း ကျောင်း ဆိုင်ရာ သင်တန်း ကျောင်းများ ထံသို့ ပေးပို့ခဲ့ပါသည်။** မြန်မာနိုင်ငံ ဆိုင်ရာ အလုပ်သမား သမဂ္ဂများ အဖွဲ့ချုပ်မှလည်း ပြည်တွင်းရွှေ့ပြောင်း သွားလာသူ သိန်းပေါင်းများစွာ နေထိုင် အလုပ် လုပ် ကိုင်နေသည့် လှိုင်သာယာ ဝန်းကျင်ရှိ ကျရောက် နိုင်သည့် အန္တရာယ် မြင့်မားသည့် ဒေသများတွင် ပိုးသတ်ဆေးပက် ဖြန်းခြင်းအား စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ ရွှေ့ ပြောင်း လုပ်သား ထောက်ပံ့ကူညီပေးရေးဗဟို ဌာန (၅)ခုသည် COVID -19 ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း ရွှေ့ပြောင်းသွားလာသူများထံ ပေးသည့် ၎င်းတို့ ၏ ဝန်ဆောင်မှုများအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်လက်မှတ် ရေးထိုးထားသည့် အသိအမှတ်ပြုသည့် လက် မှတ်အား လက်ခံရရှိခဲ့ပါသည်။

**အရပ်ဘက် လူမှုအဖွဲ့အစည်းများ နှင့် ချိတ်ဆက်မှုများရှိသဖြင့် အမျိုးသမီး အဖွဲ့များ ကွန်ရက် မှ ဒေသခံ အမျိုးသမီး အုပ်စုများ အနေဖြင့် ၎င်းတို့ကိုယ်တိုင် ဆပ်ပြာ နှင့် လက်သန့်ဆေးရည်များ ထုတ်လုပ် ဖြန့်ဖြူးနိုင်စေရန် ကူညီပံ့ပိုးပေးခဲ့ပါသည်။** ဥပမာအားဖြင့် ညောင်ရွာရှိ လမ်းပြကြယ်စင် အမျိုးသမီး အုပ်စုများ အား အဆိုပါ ထုတ်ကုန်များ ပြုလုပ်သည့် နည်းလမ်းများ သင်ကြားပြသပြီးနောက် အုပ်စုဝင်များ သည် အမှာစာများရရှိခဲ့ပြီး ကပ်ရောဂါကာလအတွင်း ကိုယ့်အားကိုယ်ကိုးနိုင်ခဲ့ပါသည်။ အလားတူပင် ညောင်ရွာ ကျေးရွာတွင် Guiding Star အမျိုးသမီး အုပ်စုသည် လက်သန့် ဆေးရည်ဗူးများ ထုတ်လုပ်ပြီး အခြား အဖွဲ့အစည်းများကို ရန်ကုန်ရှိ ရွှေ့ပြောင်းလုပ်သား အသိုင်းအဝိုင်းတွင် ဖြန့်ဝေပေးရန်အတွက် ရောင်းချနိုင်ခဲ့ပါသည်။

**CARE သည် ၎င်း၏ ပုဂ္ဂလိကကဏ္ဍနှင့် ခိုင်မာသည့် ဆက်ဆံရေးအား အရှိန်အဟုန်မြှင့်တင်ခြင်းဖြင့် NGO များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ အထည်ချုပ်စက်ရုံ (၁၄)ရုံ ထံ အမှာစာများ ရယူပေးခြင်းမှ တဆင့်ပြန်လည် အသုံးပြုနိုင်သည့် ထုတ်လုပ်မှုစရိတ် နည်းပါးသော နှာခေါင်းစည်း အခုရေ ၃.၃ သန်းကျော် ထုတ်လုပ်ကာ စီးပွားရေး အကျိုးဆောင်ခဲ့ခြင်းကြောင့် ကမ္ဘာ့ကပ်ရောဂါကာလအတွင်း စက်ရုံအလုပ် သမား ၇၉၅ဦး အား လုပ်ခလစာ ရသည့် အလုပ် အား ထိန်းသိမ်းထားနိုင်ခဲ့ပါသည်။** NGO နှင့် CSO များအတွက် နှာခေါင်းစည်းပုံစံများ၊ နည်းပညာဆိုင်ရာ သတင်းအချက်အလက်များနှင့် ကုန်ကျစရိတ်များ တွက်ချက်ထားသည့် စာရွက်စာတမ်းများ ပြုစု ဖြန့်ဝေပေးခြင်းဖြင့် နှာခေါင်းစည်း ထုတ်လုပ်ခြင်း မှ ဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ကူညီထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

**CARE သည် အထည်ချုပ်များရှိ အလုပ်မရှိတော့သော အထည်ချုပ်အလုပ်သမား (၄၀၀) ဝန်းကျင်ခန့်အား အလုပ်အကိုင်အခွင့်အလမ်းပိုမိုကောင်းစေရန်အတွက် ကျွမ်းကျင်မှုမြှင့်တင်သည့် သင်တန်းပို့ချပေးရန် ဥရောပသမဂ္ဂ၏ မြန်ကူ ရန်ပုံငွေနှင့် ပူးပေါင်း ကြိုးပမ်းအားထုတ်ခဲ့ပါသည်။** လုပ်ငန်းအတွေ့အကြုံ (၆)လထက် လျော့နည်းသည့် အတွေ့အကြုံသာရှိသည့် အလုပ်လက်မဲ့ဖြစ် နေ သူများသည် အလုပ်အသစ်များ ရှာဖွေရာတွင် အခက်အခဲများ ပိုမို ရှိနေရာ ၎င်းတို့အား ဤ အစီအစဉ်၌ ဦးစားပေးသွားမည် ဖြစ်ပါသည်။ အလုပ်သမား (၂၁)ဦး ပါဝင်သည့် အုပ်စုငယ်လေးများအား လေ့ကျင့် သင်ကြားပေးသွားမည် ဖြစ်ပြီး ထို့နောက် အလုပ်အကိုင်များရှာဖွေရန်အတွက် ကူညီပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။ သင်တန်း ကာလအတွင်း ဥရောပသမဂ္ဂ၏ မြန်ကူ ရန်ပုံငွေမှ အလုပ်သမားများအား မြန်မာကျပ်ငွေ ၇၅,၀၀၀ (ကန်ဒေါ်လာ ၅၂ဒေါ်လာ) ပေးအပ်ပြီး သွားလာရေး အတွက် စီစဉ်ဆောင်ရွက်ပေးကာ အဆောင် များအတွက် ပေးသွားစဉ် အတွင်း CARE မှ နေ့လည်စာကျွေးမွေးမည် ဖြစ်ပြီး သင်တန်း ထောက်ပံ့ကြေးပေးမည် ဖြစ်ကာ ၎င်း၏ ကျွမ်း ကျင်မှုများ သင်တန်းသင်ရိုးအား လိုက်ဖက် အောင်ပြင်ဆင်ပြီး အနည်းငယ်တိုတောင်းသည့် ပုံစံဖြင့် ပို့ချ သွားမည် ဖြစ်

ပါသည်။

**Eden သည် လူကုန်ကူးခြင်းမှ လွတ်မြောက်ပြီး နောက် ကြိုးပမ်းရှင်သန် နေရသူများအတွက် လက်ဝက်ရတနာပြုလုပ်ရောင်းချခြင်းကို လုပ်ဆောင်နေခြင်းထက် ပြန်လည်အသုံးပြုနိုင်သော နှာခေါင်းစည်းများ ချုပ်လုပ်ခြင်းနှင့် ဆပ်ပြာရည် ထုတ်လုပ်ခြင်း ဆီသို့ပြောင်းလဲခဲ့ပြီး ဆုံးရှုံးသွားသည့် ဝင်ငွေအား အစားထိုးရန် လုပ်ဆောင်ခဲ့သည်။** ဤလုပ်ငန်းမှ စီစဉ်ပေးသည့် ဝင်ငွေရရှိအောင် လုပ်ဆောင်ခြင်းဖြင့် အထည်ချုပ်စက်ရုံများမှ အလုပ်ပြုတ်ခဲ့သူများ အပါအဝင် ရန်ကုန်နှင့် မန္တလေးမှ အမျိုးသမီးရွှေ့ပြောင်းလုပ်သား ၆၄၈ ဦးအား ကူညီပေးခဲ့ပါသည်။ မြို့ပြဝန်းကျင်ရှိရပ်ရာလူထုအကြား ရောဂါကူးစက်မှုအား ကာကွယ်တားဆီးရန် အတွက် ထုတ်လုပ် ခဲ့သည့် ဆပ်ပြာရည်နှင့် ပြန်လည် အသုံးပြုနိုင်သော နှာခေါင်းစည်းများအား ရွှေ့ပြောင်းသွားလာ သူ ၇၇,၄၀၀ ဦး (အမျိုးသမီး ၅၄%) ထံ ဖြန့်ဖြူး ပေးခဲ့ ပါသည်။ အဆိုပါဒေသများတွင် လက်ဆေးသည့် သတင်း အချက်အလက်များဆိုင်ရာ စည်းရုံးလှုံ့ဆော်မှု တစ်ခုအား အကောင်အထည် ဖော်ခဲ့သဖြင့် စနစ်တကျ လက်ဆေးသည့် နည်းစနစ် များနှင့် ပတ်သက်သည့် သတင်း အချက်အလက် များနှင့် အတူ ရွှေ့ပြောင်းသွားလာသူ ၁၇,၃၀၀ ဦး ( အမျိုးသမီး၅၄%) ထံရောက် ရှိခဲ့ပါ သည်။

## သုတေသန

ILO သည် မြန်မာဘာသာဖြင့်ပြန်ဆိုထား သော COVID –19 ကပ်ရောဂါကာလ အတွင်း အာဆီယံ ရွှေ့ပြောင်းလုပ်သား များ၏ အတွေ့အကြုံများ ခေါင်းစဉ်ဖြင့် ဆန်းစစ် လေ့လာမှုအစီရင်ခံအား ထုတ် ဝေခဲ့ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့် မျှဝေခဲ့ပါသည်။ ILO တွင် ဥပဒေရေးရာ ကုစားရေးအဖွဲ့ (မြန်မာ) နှင့်အတူဆောင် ရွက်ခဲ့သည့် COVID –19 ဆိုင်ရာ ကန့် သတ်ချက်များကြောင့် အထူးသဖြင့် ဆိုး ရွားထိခိုက် စေခဲ့သည့် အလုပ်အကိုင် ကဏ္ဍအတွက် ပိုမို ကောင်းမွန်သည့် အလုပ်သမားရေးရာနှင့် လူမှုရေးရာ ကာ ကွယ်စောင့်ရှောက်မှုတို့ များစွာ လိုအပ် နေကြောင်း မီးမောင်းထိုးပြသည့် အိမ် အကူ အလုပ်သမားများအပေါ် COVID –19 သက်ရောက်မှုဆိုင်ရာ လေ့လာမှုမှာ ပြီးစီးလုနီးပြီ ဖြစ်ပါသည်။

IOM သည် COVID–19 အား တုံ့ပြန်ဆောင်ရွက်ရန်အတွက်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့သော နေရပ် ပြန်ပြည်တွင်း နှင့် နိုင်ငံတကာ ရွှေ့ပြောင်းသွားလာသူ ၂,၃၁၁ဦးထံမှ ကောက်ယူခဲ့သည့် ဆန်းစစ် လေ့လာမှုအား အစိုးရထံ မျှဝေခဲ့ပြီး ဧရာဝတီ၊ ချင်း၊ ကချင်၊ အပူပိုင်းဇုန်နှင့် အရှေ့ တောင်ပိုင်းဒေသများအတွက် မြေမျက် နှာသွင်ပြင်အလိုက် အလေးထား ဆောင် ရွက်မည့် မူဝါဒအနှစ်ချုပ်များ အဖြစ် ထုတ်ဝေသွားမည်ဖြစ်ပါသည်။ ယင်းတို့ အား အဆိုပါ ဒေသများရှိ ရွှေ့ပြောင်းသွား လာသည့် လူမှုအသိုင်းအဝိုင်း များအတွက် ပြန်လည် ထူထောင်ရေးကြိုးပမ်း အားထုတ်မှုများတွင် မူဝါဒ ရေးဆွဲခြင်း များအဖြစ် အသုံးပြုသွားမည် ဖြစ်ပါသည်။

တုန့်ပြန်ဆောင်ရွက်သည့် လုပ်ငန်းများတွင် အစိုးရဘက်မှ ပုဂ္ဂိုလ်များ နှင့် လွန်ခဲ့သည့် (၆)လ အတွင်း အနီးကပ် ပူးပေါင်းဆောင်ရွက်မှုအပေါ် မူတည်၍ COVID –19 ရောဂါကာလအတွင်း မူဝါဒ ဆိုင်ရာ အားပေးထောက်ခံမှု၌ ပူးပေါင်း ဆောင်ရွက်ရန် IOM နှင့် ၎င်း၏ မိတ်ဖက် အဖွဲ့ အစည်းများအတွက် အားကောင်းသည့် အရှိန်အဟုန် ရှိနေပြီ ဖြစ်နေပါ သည်။

# ပြန်လည်အသုံးပြုနိုင်သည့် နှာခေါင်းစည်းများထုတ်လုပ်ရန်နှင့် ရွှေ့ပြောင်းသွားလာ သူ အမျိုးသမီးများ၏ အလုပ်အကိုင်အကာအကွယ် ပေးရန်တို့အတွက် အထည်ချုပ် စက်ရုံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနသည် နှာခေါင်းစည်းအား အများပြည်သူ နှင့် သက်ဆိုင် သည့် နေရာများ အားလုံးတွင် ဝတ်ဆင်ရန်အတွက် ၂၀၂၀ ခုနှစ်မတ်လတွင် ကြေညာချက် ထုတ်ပြန်ခဲ့ပါသည်။ သို့သော်လည်း ဆေးဘက်ဆိုင်ရာ နှာခေါင်းစည်းများ (N.95 နှင့် ခွဲစိတ်ခန်းသုံး နှာခေါင်းစည်း များ) အား အများပြည်သူအတွက် အကြံပြုထောက်ခံခဲ့ခြင်း မရှိပါ။ မျှားမကြာမီ စက်ရုံများသည် အမှာစာများ ဖျက်သိမ်းခဲ့ခြင်းနှင့် အလုပ်သမားများအား အလုပ်မှ အနားပေးရန်ရှိခြင်းတို့အတွက် တိုင်တန်းရန် စတင်ခဲ့ပါသည်။ သို့သော် လည်း တချိန်တည်း မှာပင် NGO များနှင့် နိုင်ငံတကာအဖွဲ့ အစည်းများ သည် ၎င်းတို့၏ ဝန်ထမ်းများအတွက် နှင့် ဖြန့်ဝေရန် တို့အတွက် အရည်အသွေး ကောင်းမွန်ပြီး ဈေးနှုန်းသင့်တင့်သော နှာခေါင်းစည်းများရရှိရန် မေတ္တာ ရပ်ခံခြင်းများ ရှိခဲ့ပါသည်။

CARE သည် ၎င်း၏ အထည်ချုပ် လုပ်ငန်းပိုင်းဆိုင်ရာ နည်းပညာဆိုင်ရာ ကျွမ်းကျင် မှုကြောင့် အလုပ်သမားများ၊ စက်ရုံများနှင့် NGO များ အပါအဝင် သုံးထပ်ကွမ်း အကျိုး ရှိစေရန်အတွက် ကူညီပံ့ပိုးပေးရန် အကောင်းဆုံးနေရာတွင် ရောက်ရှိနေကြောင်း သဘောပေါက်ခဲ့ပါသည်။ CARE မှ ဝန်ထမ်းများသည် စက်ရုံများအား ပံ့ပိုးပေးနိုင်ရန် နှာခေါင်းစည်းများ ထုတ်လုပ်သည့်ပုံစံ၊ နည်းပညာ ဆိုင်ရာ အချက်အလက်၊ နမူနာပုံစံများနှင့် ချုပ်လုပ်ပုံနည်းအဆင့်ဆင့်တို့ ကိုပြသသည့် ဗွီဒီယိုတို့ကို ဖန်တီး ခဲ့ပါသည်။ နှာခေါင်းစည်းများအား အရေ အတွက်အများအပြား ထုတ်လုပ်နိုင်သည့် အကြောင်းကို ဖေ့စ်ဘုတ်တွင် ကြော်ငြာတင်ခဲ့ပြီး NGO များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ စာရင်း၌ ပါရှိသော အဖွဲ့အစည်းများထံ သို့လည်း ပေးပို့ခဲ့ပါသည်။



CARE သည် စီမံကိန်းအတွက် နှာခေါင်းစည်းများအား အတိုင်းအတာ

တစ်ခုအထိ ထုတ်လုပ်ရန်အတွက် ဆန္ဒရှိနေသည့် စက်ရုံများကို ရှာဖွေ ဖော်ထုတ်ခဲ့ပြီး စက်ရုံများနှင့် NGO များအကြား ညှိနှိုင်းအကျိုးဆောင် ပေးခဲ့ပါသည်။ ယင်းတွင် NGO များကိုယ်စား အမှာစာများပေးခြင်းနှင့် နေ့စဉ်ထုတ်လုပ်သည့်နှုန်း၊ နှာခေါင်းစည်းအရေအတွက်နှင့် ထုတ်ပိုးမှုတို့ကို စောင့်ကြည့်စစ်ဆေးခြင်းတို့ ပါဝင်ခဲ့ပါသည်။

ယနေ့အထိဆိုလျှင် CARE ၏ အောင်မြင်မှု သင်တန်းကျောင်းသည် NGO နှင့် နိုင်ငံတကာအဖွဲ့အစည်း (၁၄)ဖွဲ့တို့အတွက် ပြန်လည်အသုံး ပြုနိုင်သော အဝတ်နှာခေါင်းစည်း ၃,၃၂၈,၂၈၇ ခုအား ထုတ်လုပ်ခဲ့ပြီး ဖြစ်ပါသည်။ အလုပ်သမားများအတွက် တစ်ကိုယ်ရေ အကာအကွယ် ပေးနိုင်သည့် ကျန်းမာရေးနှင့်ညီသော အဝတ်နှာခေါင်းစည်း ၄၅၂,၇၃၅ ခုကိုချုပ်လုပ်ပေးရန် CARE ကိုယ်တိုင် မှာယူခဲ့ပါသည်။ အဆိုပါ စက်ရုံအမှာစာများသည် COVID –19 ကမ္ဘာကပ်ရောဂါ ကျရောက်နေသည့် ကာလအတွင်း အထည်ချုပ်စက်ရုံ (၁၄)ရုံမှ စက်ရုံ အလုပ်သမား ၇၅၉ ဦးအား ဆက်လက်အလုပ်ခန့်ထားနိုင်ရန် အတွက် တိုက်ရိုက်ကူညီပံ့ပိုးပေးခဲ့ပါသည်။

## ငွေကြေးကူညီပံ့ပိုးမှု

ActionAid သည် အလုပ်အကိုင်ဆုံးရှုံး ခဲ့ကြသည့် အားနည်း ထိခိုက်လွယ်သော အလုပ်သမား ၁,၄၅၈ ဦးထံ Wave Money မှတဆင့် ငွေလွှဲပေး ပို့ခြင်းနှင့် လူကိုယ် တိုင်အား တိုက်ရိုက်ပေးခြင်း တို့ဖြင့် ငွေကြေးထောက်ပံ့ ပေးခဲ့ပါသည်။ ကနဦး ရွေးချယ်သင့်သည့်သူများအား ဆန်းစစ် မှုကို CSO မိတ်ဖက်အဖွဲ့ အစည်းများ၊ ရပ်ကွက်အုပ်ချုပ် ရေးမှူးများ နှင့် မြန်မာ နိုင်ငံ အထည်ချုပ် လုပ်ငန်း ရှင်များ အသင်းတို့၏ ကူညီပံ့ပိုးမှုဖြင့် လုပ်ဆောင် ခဲ့ပါသည်။ အလုပ်သမားများ အနက် အစိုးရနှင့် အစိုးရမဟုတ်သည့် လှူပ်ရှား ဆောင်ရွက်သူများ ထံ မှ ကူညီပံ့ပိုးပေး သည့် ငွေကြေးထောက်ပံ့မှု မြန်မာကျပ်ငွေ ၂၄၀,၀၀၀ (ကန်ဒေါ်လာ ၁၆၇ ဒေါ်လာ) အား မည်သည့်ပုံစံနှင့်မျှ မရရှိခဲ့သည့် အားနည်းထိခိုက် လွယ်မှု အရှိဆုံးသော အလုပ် သမား ၃,၃၀၀ ဦးအား ပေးအပ်ရန် ဆုံးဖြတ်သတ် မှတ်ခဲ့ပါသည်။ ယင်းတွင် အလုပ်လက်မဲ့စက်ရုံ အလုပ်သမားများ (၆၃%)၊ သမားရိုးကျ မဟုတ်သော လုပ် ငန်း ကဏ္ဍများ မှ အလုပ်သမားများ (၂၁%)၊ မသန်စွမ်းသူများ (၉%)နှင့် HIV ဝေဒ နာရှင်များ (၇%) ပါဝင်ခဲ့ပါသည်။ ငွေကြေး ထောက်ပံ့ မှု သည် ကပ်ရောဂါကျရောက် နေသည့် ကာလ အတွင်း အလွန်အရေး ပါသည့် လိုအပ်ချက် များနှင့် ပတ်သက်၍ ၎င်းတို့၏ကိုယ်ပိုင်ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက် မိသားစုများထံ ကူညီ ထောက်ပံ့ပေးရာတွင် အလျင်မြန် ဆုံးနှင့် အထိရောက်ဆုံးသော နည်းလမ်း တစ်ခုဖြစ်သည် ကိုသက်သေပြခဲ့ပါသည်။ ကျေနပ်အားရဖွယ်ကောင်းသည့် သတင်း အချက်အလက်တစ်ခုမှာ ၈၀ ရာခိုင် နှုန်းအား အစား အသောက် ဝယ်ခြင်းနှင့် နေအိမ် အတွက် အသုံးစရိတ်များ ပေးခြင်း တို့အတွက် အသုံးပြုကြောင်း ငွေကြေးထောက်ပံ့မှုပေးလျက်ရှိသည့် မိတ်ဖက်အဖွဲ့ များထံမှ သိရှိရခြင်း ဖြစ် ပါသည်။

Business Kind Myanmar သည် အထည်ချုပ် ကဏ္ဍတွင် အလုပ်အကိုင် ဆုံးရှုံးခဲ့သည့် ရွှေ့ပြောင်း အလုပ်သမား များအား ချက်ခြင်းကူညီ ပံ့ပိုးနိုင်ရန်အတွက် ငွေကြေးထောက်ပံ့သည့် အစီ အစဉ်များအား အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ စုစုပေါင်း အလုပ် သမား ၇၆၅၅ ဦးသည် (အမျိုးသမီး ၈၆ %) သည် Wave Money နှင့် လူကိုယ်တိုင် တိုက်ရိုက် ပေးခြင်းတို့မှ တဆင့် အဆောင်ခပေးရန်နှင့် စား သောက်ရန်တို့ အတွက် မြန်မာကျပ်ငွေ ၅၀,၀၀၀ (ကန်ဒေါ်လာ ၃၅ ဒေါ်လာ) ပမာဏ အထိ လက်ခံရရှိခဲ့ပါသည်။ CARE သည် လုပ်ငန်းခွင် များ ပိတ်သိမ်း ခြင်းကြောင့် ဝင်ငွေများဆုံးရှုံးရပြီး အစိုး ရ အထောက်အပံ့ ရရှိရန် အတွက် လည်း အဟန့်အတားပြုခံရခြင်း၊ ခွဲခြား ဆက်ဆံ ခံရ ခြင်း နှင့် ပြစ်မှုကျူးလွန်သူအဖြစ် ဆက်ဆံခြင်းတို့ ကြုံတွေ့ရသည့် လိင် လုပ်သားများကို ငွေကြေး ပံ့ပိုးပေးရန် စီစဉ်ဆောင်ရွက်ခဲ့ပြီး မိမိကိုယ်မိမိ ကာ ကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ သတင်း အချက် အလက်များ အတွက် CSO များ နှင့် လည်း ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ အစီအစဉ် ၏ သတ်မှတ်ချက်များနှင့် ကိုက်ညီသည် အမျိုး သမီး လိင်လုပ်သား (၅၀၀) ဦးအား ရွေးချယ် ဖော်ထုတ်ခဲ့ပြီး Wave Money မှတဆင့် မြန်မာ ကျပ်ငွေ ၇၂,၀၀၀ (ကန်ဒေါ်လာ ၅၀ ဒေါ်လာ) အား ငွေကြေးထောက်ပံ့မှု အဖြစ် ပေးအပ်ခဲ့ပါသည်။

## ဥပဒေရေးရာကူညီပံ့ပိုးမှု

COVID –19 အကျိုးဆက်အနေဖြင့် အထည်ချုပ်ကဏ္ဍတွင် အလုပ်သမား အမြောက်အများ အလုပ်မှ ထုတ်ပယ်ခြင်း ခံရသဖြင့် ရန်ကုန်မြို့ပြ ဝန်းကျင်ဒေသ များရှိ အလုပ်သမားများအတွက် နစ်နာ ကြေးများ တောင်းခံရန် ဥပဒေရေးရာ အကူအညီပေးသည့် ဝန်ဆောင်မှုများ အများအပြား လိုအပ် နေပါသည်။ ActionAid သည် အလုပ်သမားနှင့် အလုပ် ရှင် အငြင်းပွားမှု များအား သမဂ္ဂ အနေ နှင့်ရော တစ်ဦးချင်းအနေနှင့်ပါ ဖြေရှင်း ရန်တို့အတွက် ဥပဒေရေးရာ ကူညီထောက်ပံ့မှုပေးရန် စီစဉ်ဆောင်ရွက်ပေးခဲ့ ပါသည်။ ဝန်ဆောင်မှု များအား ဥပဒေရေး ရာကုစားရေးအဖွဲ့ (မြန်မာ)၊ ပြည်သူ့အတွက်တို့မျိုးဆက်နှင့် အလုပ်သမားသမဂ္ဂများ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ တို့မှ ပေးအပ်ခဲ့သဖြင့် တိုင်ကြားသူ ၆၇၀ ဦး (အမျိုးသမီး ၈၉%) အား အကူ အညီပေးနိုင်ခဲ့ပါသည်။ ထို့အပြင် ဥပဒေရေးရာ ကုစားရေးအဖွဲ့ (မြန်မာ) မှ ၎င်း တို့၏ ၂၄နာရီ အရေးပေါ်ဖုန်းလိုင်း ဝန် ဆောင်မှုများမှ တဆင့် ခေါ်ဆိုသူ ၄၉၅ ဦး အား ဥပဒေရေးရာ ဆွေးနွေးလမ်းညွှန်မှုပေးအပ်ခဲ့ပါသည်။ တိုင်ပင်သည့် အကြောင်းအရာများတွင် လုပ်ခလစာ ပေးချေမှုမရှိခြင်း၊ အလုပ်မှ ထုတ်ပယ်ခြင်းများအတွက် နစ်နာကြေးများ၊ သဘောတူ စာချုပ်ဆိုင်ရာ အငြင်းပွားမှုများ၊ ဥပဒေ အရနှင့်ထုတ်ရန် သတိပေးချက်များနှင့် ကျား၊မ အခြေပြုသည့် အကြမ်းဖက်မှုတို့ ပါဝင်ခဲ့ပါသည်။ ယခုအထိ မြန်မာကျပ်ငွေ ၃၃ သန်း (ကန်ဒေါ်လာ ၂၅,၆၀၀) အား နစ်နာကြေးငွေ အဖြစ် ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

PINသည် ရွှေပြည်သာမြို့နယ်ရှိ ရွှေ့ပြောင်း အလုပ်သမားများကို အလုပ် သမားအား ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်း တို့နှင့်ဆိုင်သည့် ဥပဒေရေးရာ အထောက်အကူ ပေးခြင်း တို့ ဆောင်ရွက်ပေးခဲ့သည်။ အလုပ်သမား အခွင့်အရေး လှုပ်ရှားသူများအဖွဲ့နှင့် သွေးစည်း ညီညွတ်သော သမဂ္ဂ များအဖွဲ့ချုပ်မြန်မာတို့မှ ပေးအပ်နေ သည့် အဆိုပါ ဝန်ဆောင်မှုများအတွက် အကူအညီ တောင်းခံမှုများမှာ လျှင်မြန်စွာ တိုးတက် များပြားလာခဲ့ပါသည်။ ဖြစ်ရပ်များအား အနီးကပ်စီမံခန့်ခွဲရန်နှင့် ရလဒ်များအား လေ့လာ ကောက်ယူရန် တို့အတွက် ဒီဂျစ်တယ်နည်း ပညာဖြင့် မှတ်တမ်းတင်သည့် စနစ်အား အကောင် အထည်ဖော်တည်ဆောက်ခဲ့ပါသည်။ ယခုအချိန်အထိ ရွှေ့ပြောင်း အလုပ်သမားများ အား ငွေကြေးဆိုင်ရာ ကုစားမှုများ အတွက် ကျပ်ငွေ ၅၇၈,၇၇၀,၀၅၀ ( ကန်ဒေါ်လာ ၄၃၆,၀၀၀) အား အပ်နှင်း ခဲ့ပြီး ဖြစ်ပါသည်။



## စိတ်ပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှု

PIN နှင့် Helvetas တို့သည် အလုပ်သမား များအား စိတ်ဖိစီးမှု များလာခြင်းကို ကိုင်တွယ် ဖြေရှင်းရာတွင် ကူညီပံ့ပိုးပေးရန်အတွက် စိတ် ပိုင်းနှင့် လူမှုရေးဆိုင်ရာ ဆွေးနွေးလမ်းညွှန်မှု ပေးသည့် ဝန်ဆောင် မှုကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ဇူလိုင် လကုန်တွင် အလုပ်သမား ၆၃၉ ဦး (အမျိုးသမီး ၇၁%) အား အလုပ်သမား စင်တာများနှင့် “Call Me Today” ဟုအမည် ပေးထားသည့် အရေးပေါ်တယ်လီဖုန်းလိုင်းဝန်ဆောင်မှုများမှ တဆင့် ဆွေးနွေးလမ်းညွှန်မှု များ ပြုလုပ်ပေးခဲ့ပါသည်။ တယ်လီဖုန်း ခေါ်ဆိုမှုများ၏ အများစုမှာ အလုပ်အကိုင် ဆုံးရှုံးခြင်း၊ စိတ်ပိုင်းဆိုင်ရာ ကူညီပံ့ပိုးပေးမှု မရှိခြင်း နှင့် နာမကျန်းဖြစ်မည်ကို စိုးရိမ်ကြောက်ရွံ့ခြင်းတို့နှင့် ဆက်နွယ်နေခဲ့ပါသည်။ ဝန်ဆောင်မှုများ ထပ်မံ၍ လိုအပ်သည့် နေရာများတွင် အခြားဝန်ဆောင်မှုများ အတွက် သတင်း အချက်အလက် များအားပြုလုပ်ခဲ့ပါသည်။ ဝန်ဆောင်မှုအား အသုံး ပြုပြီးသည့် နောက်ပိုင်းတွင် အလုပ်မှအနားပေးခြင်းခံထားရသည့် စက်ရုံ အလုပ်သမားတစ်ဦးမှ “ ကျွန်တော့် ပြဿနာတွေကို တစ်ယောက်ယောက်က နားထောင်ပေးတာကြောင့် ကျွန်တော် လက်မလျှော့ဘဲ ပြန်ပြီးအား တက်လာခဲ့ပါတယ်” ဟုပြောကြားခဲ့ပါသည်။

## ညှိနှိုင်းဆောင်ရွက်မှု

IOM သည် တစ်နိုင်ငံလုံးရှိ ရွှေ့ပြောင်း သွားလာမှုနှင့် ဆက်နွယ်နေသည့် COVID–19 တုံ့ပြန်ဆောင်ရွက်သည့် လုပ် ငန်းများတွင် ပါဝင် ဆောင်ရွက်နေသည့် လူပ်ရှားဆောင်ရွက်သူများအကြားတွင် ထိရောက်မှုရှိသော ညှိနှိုင်း ဆောင်ရွက် မှုအတွက် ပံ့ပိုး ကူညီပေးရန် နေရပ်ပြန် ရွှေ့ပြောင်း သွားလာသူများ ဆိုင်ရာ ကုလ သမဂ္ဂ ပေါင်းစည်းဗဟို အဖွဲ့ (UN Core Group on Returning Migrants) အား ၂၀၂၀ခုနှစ်ဧပြီလတွင် တည်ထောင်ခဲ့ပါသည်။ အဖွဲ့က အဓိကထား ဆောင်ရွက် မှုတွင် ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်းသည့် အခြေအနေဆိုင်ရာ သတင်းအချက် အလက်များ ကောက် ယူခြင်း၊ မျှဝေခြင်း နှင့် COVID –19 ကမ္ဘာကပ် ရောဂါကြောင့် ထိခိုက်ခံစားရသည့် နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများအား ကူညီပံ့ပိုးမှုအား ထောက်ပံ့ပေးခြင်း အထူးသဖြင့် ပြည် နယ်/တိုင်း ဒေသကြီး အစိုးရဘက်မှ မေတ္တာရပ်ခံမှုများကို စီမံခန့်ခွဲခြင်းတို့ ပါ ဝင်ပါသည်။ နိုင်ငံတော်အဆင့် လုပ်ထုံး လုပ်နည်း အား မကွေးတိုင်းဒေသကြီး (IOM)၊ ကချင်ပြည်နယ် (IOM)၊ ရှမ်းပြည်နယ် (UNICEF)၊ မွန်ပြည်နယ် (IOM)၊ ကရင်ပြည်နယ် (UNHCR) နှင့် ပဲခူးတိုင်း ဒေသကြီး (IOM )တို့ အပါအဝင် ပြည်နယ်/တိုင်းဒေသကြီးအဆင့် တွင် တာဝန်ပေး အပ် ထားသည့် အဓိက တာဝန်ခံ ပုဂ္ဂိုလ်များမှ ပြည့်စုံအောင် ဆောင်ရွက်ခဲ့ပါသည်။



## ပြန်လည်သုံးသပ်ခြင်းများ

LIFT သည် ပြည်တွင်းနှင့် နိုင်ငံတကာရွှေ့ပြောင်းသွားလာသူများအတွက် အချိန်နှင့် တပြေးညီ ထိရောက်မှု ရှိသော COVID –19 တုံ့ပြန်ဆောင် ရွက်မှုအား အကောင်အထည်ဖော် ဆောင်ရွက် ရန်အတွက် အဓိကပတ်သက်ဆက်နွယ် သူများ နှင့် ၎င်း၏ခိုင်မာ အားကောင်းသည့် မိတ်ဖက် ပြုမှုများအား အရှိန်အဟုန် မြှင့်တင်ခဲ့ပါသည်။ အစီအစဉ်သည် ညှိနှိုင်း ဆောင်ရွက်ခြင်းနှင့် အကောင် အထည်ဖော် ဆောင်ရွက်ခြင်းတို့အတွက် နည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှုနှင့် ရင်းမြစ် များအား ချက်ခြင်း ယူဆောင် လာနိုင်ခဲ့ပါသည်။ COVID –19 ကမ္ဘာကပ်ရောဂါ ဖြစ်ပွား နေသည့် ကာလအတွင်း ရွှေ့ပြောင်းသွားလာသူ များထံ LIFT ၏ ကူညီပံ့ပိုးမှုများ ရောက်ရှိစေရန်အတွက် ပင်မအားထားရာဖြစ်သည့် ရပ်ထဲရွာထဲတွင် ဆောင်ရွက်နေသည့် CSO များ၊ အလုပ်သမားအဖွဲ့အစည်းများနှင့် အတူ တုံ့ပြန်ကာကွယ်ရေး လုပ်ငန်းများကို အလိုအပ်ဆုံးသူများအတွက် အလိုအပ်ဆုံး အချိန်တွင် ပေးအပ်နိုင်ရန် ဆောင်ရွက် ပေးနိုင်ခဲ့သည်။

## ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် စွမ်းဆောင်ရည် တည်ဆောက်ခြင်း

မေတ္တာ၏ COVID–19 တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့သည် ကချင် COVID –19 ကာကွယ်တားဆီးရေးကော်မတီနှင့်အတူ ထိရောက်မှုရှိသော ပတ်သက်ဆက်နွယ်သူ အမျိုးမျိုးပါဝင်သည့် ရပ်ဝန်းတစ်ခု အားတည်ဆောက်ခဲ့ပါသည်။ ဤရပ်ဝန်းတွင် အစိုးရ ဦးစီးဌာနများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ NGO များနှင့် ပြည်တွင်းစီးပွားရေးအဖွဲ့များ ပါဝင်ခဲ့ပြီး ဒေသဆိုင်ရာ အစိုးရအာဏာပိုင်များနှင့် မျှဝေထားသည့် တုံ့ပြန်ဆောင်ရွက်ရေး ဆိုင်ရာ အစီအစဉ် ရေးဆွဲအကောင် အထည်ဖော်ခြင်းမှတဆင့် COVID –19 တုံ့ပြန်ကာကွယ်မှုအား စနစ်တကျနှင့် မဟာဗျူဟာမြောက်စီမံခန့်ခွဲရန်အတွက် အသုံးပြုခဲ့ကာ CSO များအကြား ညှိနှိုင်း ဆောင်ရွက်ခဲ့ ပါသည်။ မေတ္တာသည် COVID –19 နှင့် ဆက်နွယ်နေသည့် နောက်ဆုံးရသတင်းအချက်အလက်များကို မျှဝေရန်နှင့် ၎င်းတို့၏ သက်ဆိုင်ရာဒေသများရှိ လုပ်ငန်းအစီအစဉ်များအား ပြန်လည် ချိန်ညှိရန်တို့အတွက် CSO များနှင့် အွန်လိုင်း အစည်းအဝေး များအား အပတ်စဉ် သောကြာနေ့တိုင်း ကျင်းပ ပြုလုပ်ခဲ့ပါသည်။ မေတ္တာ၏ NGO များ၊ CSO များနှင့် IDP စခန်းကော်မတီများနှင့် ရေရှည်တည်ဆောက်ထားသည့် ဆက်ဆံရေးသည် ကချင်ပြည်နယ်အထူးသဖြင့် အစိုးရ အုပ်ချုပ်ရေး လက်လှမ်းမီရောက်ရှိခြင်းမရှိသည့် ဒေသများတွင် အောင်အောင်မြင်မြင် နှင့်အကျိုးရှိသည့် COVID –19 တုံ့ပြန် ကာကွယ်ရေး ဆိုင်ရာ လုပ်ငန်းများအတွက် ပံ့ပိုးပေးခဲ့ ပါသည်။

ကမ္ဘာကပ်ရောဂါ ကာလအတွင်း စီမံချက်အကောင်အထည်ဖော်ရာတွင် စိန်ခေါ်မှုများရှိ နေသော်လည်း ရွှေ့ပြောင်းသွားလာသူများထံ ကယ်ဆယ်ရေး ပစ္စည်းများ ဖြန့်ဝေရာတွင် CSO များ တိုက်ရိုက်ပါဝင်ဆောင်ရွက်မှုသည် ၎င်းတို့၏ ကိုယ်ပိုင်အတွေ့အကြုံနှင့် အစိုးရအရာရှိများနှင့် CSO များအကြား ဆက်ဆံရေး(၂)ခုစလုံးအတွက် ကောင်းကျိုး ဖြစ်ထွန်းစေခဲ့ပါသည်။ COVID–19 ကပ်ရောဂါ ကာလအတွင်း CSO များသည် ကယ်ဆယ်ကူညီရေး ပစ္စည်းများ ဖြန့်ဝေပေးရာတွင် ထိရောက်စွာ စွမ်းဆောင်နိုင်ခဲ့သဖြင့် ဒေသအာဏာပိုင် များ အမြင်တွင်လည်း CSO များ၏ ပုံရိပ် ကောင်းမွန်လာကာ အာဏာပိုင်များသည် CSO များထံမှ အကူအညီများ စတင် တောင်း ခံလာကြောင်းကို IOMက သတိပြုမိခဲ့ပါသည်။ IOM ဝန်ထမ်းများသည် မြစ်ဝကျွန်းပေါ် မိတ်ဖက် CSO အဖွဲ့အစည်း များအား COVID–19 တုံ့ပြန်ကာကွယ်ရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် နည်းပညာအသစ်များကို အဝေးရောက်စနစ်ဖြင့် လေ့ကျင့်ပေးပြီး နေရပ်ပြန်ရွှေ့ပြောင်း နေထိုင်သူများအပေါ် COVID–19 ကပ်ရောဂါ၏ သက်ရောက်မှုများအား အလျင် အမြန်ဆန်းစစ်ရာတွင် အထောက်အကူ ဖြစ်စေ ရန် ဒီဂျစ်တယ် နည်းလမ်းများ (တက်ဘလက်ကွန်ပျူတာများ နှင့် စမတ်ဖုန်းများ) မှတဆင့် အချက်အလက်များ ကောက်ယူနိုင်ရန် စွမ်းဆောင်ရည်မြှင့်တင်ပေးခဲ့ပါသည်။

ILO သည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အနီးကပ်ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး လှူပ်ရှားဆောင်ရွက်မှုများနှင့် အလုပ်သမား ဝန်ကြီးဌာနအာဏာပိုင်များမှ အကူအညီနှင့် ပံ့ပိုးမှုတို့ အတွက် မေတ္တာရပ်ခံခြင်းများအား တုံ့ပြန်ဆောင်ရွက်ခြင်း ဆိုင်ရာ လစဉ်အစီရင်ခံစာ များ ပေးပို့ခဲ့ပါသည်။ LIFT ၏ CSO

မိတ်ဖက်များ၏ တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းအပေါ် အစိုးရ ဌာနများ ၏အမြင့်ဆုံး အဆင့်များမှ အသိအမှတ်ပြုခဲ့ပြီး ၎င်းတို့၏ COVID–19 တုံ့ပြန် ကာကွယ်သည့် လုပ်ငန်းများအတွက် နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ်လက်မှတ်ရေးထိုးထားသည့် အသိအမှတ်ပြု လက်မှတ် ထုတ်ပေးခဲ့ပါသည်။ အထူးသဖြင့် MoLIP မှလည်း ကပ်ရောဂါကျ ရောက်နေသည့် ကာလအတွင်း CSO များနှင့် အတူတကွ လုပ်ကိုင်ဆောင်ရွက်ရခြင်း၏ အကျိုး ကျေးဇူးများကို ကောင်းစွာ အသိအမှတ်ပြုမှု များ ပြသခဲ့ပြီး အလုပ်သမားဦးစီးဌာနနှင့် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနတို့ မှ ဆောင်ရွက်နေသည့် စစ်တမ်း များအတွက် အချက်အလက်များ ကောက်ယူရာတွင် ရွှေ့ပြောင်းလုပ်သား ကူညီ ပံ့ပိုး ရေး ဗဟိုဌာနများနှင့် ပူးပေါင်း ဆောင်ရွက် ရန် အတွက် သဘောတူ ညီခဲ့ပါသည်။ ယင်းမှာ အနာ ဂတ်တွင် အစိုးရအနေဖြင့် တီးတိန်တွင် CSO များ၊ အလုပ်သမား အဖွဲ့အစည်းများနှင့် အတူ လက်တွဲ၍ တီးတိန်တွင် ရွှေ့ပြောင်း သွားလာသူ များအတွက် ဝန်ဆောင်မှုများ တိုး မြှင့်ပေးရန်အ တွက် စိတ်အားထက်သန်မှု ရှိသည်ကို ပြသသည့် မျှော်လင့်ချက် ရောင်ခြည်တစ်ခု ဖြစ်ပါသည်။

IOM သည် နေရပ်ပြန်ရွှေ့ပြောင်းသွားလာသူများ ဆိုင်ရာ ကုလသမဂ္ဂပေါင်းစည်း ဗဟိုအဖွဲ့အား COVID –19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း အစပျိုးခဲ့ပြီး ဥက္ကဋ္ဌအဖြစ်ဆောင် ရွက်ပေးလျက်ရှိပါသည်။ IOM အနေဖြင့် ဤ ယန္တရားမှ တဆင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် IOM ၏ ကျွမ်းကျင်မှု ကဏ္ဍများဖြစ်သည့် အရေး ပေါ် တုံ့ပြန်ဆောင်ရွက်မှုနှင့် ကပ်ဘေး ကာလ အလွန် ဆောင်ရွက်မှုများ၊ ရွှေ့ပြောင်းသွား လာ သူများ၏ ကျန်းမာရေး၊ လုပ်သားရွှေ့ပြောင်းမှု နှင့် လူသား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ရွှေ့ပြောင်း သွားလာ သူများအား ကာကွယ်စောင့် ရှောက်ရေးနှင့် လူကုန်ကူးမှုကြီးကြပ်ရေးနှင့် နယ်စပ် ဒေသ စီမံခန့်ခွဲခြင်းစသည် တို့အား ဖော်ဆောင် လာနိုင်ပါသည်။ ထိုမှတဆင့် ဘက်စုံ ပူးပေါင်း ညှိနှိုင်းဆောင်ရွက်သည့် ထိရောက်သော တုံ့ပြန် ကာကွယ်ရေးလုပ်ငန်းများ မြှင့်တင်ပေးရန် လမ်း ညွှန်ပေးသည့် အခန်းကဏ္ဍမှ တာဝန်ယူ ဆောင် ရွက်ရာတွင် အထောက်အကူဖြစ်စေခဲ့ပါသည်။ ထို့ အပြင် ပြည်ထောင်စုအဆင့် အစိုးရဘက်မှ တာဝန်ရှိသူများ (အထူးသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် ကျန်း မာရေးနှင့် အားကစားဝန်ကြီးဌာန)ထံ IOM ၏ COVID–19 တုံ့ပြန် ဆောင်ရွက်သည့် လုပ်ငန်း များအပေါ် ပုံမှန်အစီရင်ခံတင်ပြခြင်းသည် နည်း ပညာဆိုင်ရာ လမ်းညွှန်မှု ပေးခြင်းကိုလည်း

*MoLIP မှလည်း ကပ်ရောဂါကျ ရောက်နေသည့် ကာလ အတွင်း CSO များနှင့် အတူတကွ လုပ်ကိုင်ဆောင်ရွက် ရခြင်း၏ အကျိုး ကျေးဇူးများကို ကောင်းစွာ အသိအမှတ် ပြုမှု များ ပြသခဲ့ပြီး အလုပ်သမားဦးစီးဌာနနှင့် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနတို့ မှ ဆောင်ရွက်နေသည့် စစ်တမ်း များအတွက် အချက်အလက်များ ကောက်ယူရာတွင် ရွှေ့ပြောင်းလုပ်သား ကူညီပံ့ပိုးရေး ဗဟိုဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် သဘောတူညီခဲ့ပါသည်။*

ဆောင်ရွက်နိုင် စေခဲ့ပါသည်။

## မူဝါဒဆိုင်ရာပူးပေါင်းဆောင်ရွက်မှု

အမျိုးသမီးအဖွဲ့များ ကွန်ရက်သည် အစိုးရအာဏာ ပိုင်များနှင့် လွှတ်တော်အမတ်များနှင့် တိုက်ရိုက်ပူးပေါင်း ဆောင်ရွက်နိုင်ခဲ့ပြီး ရန်ကုန် ရှိ စီမံချက် ဒေသများတွင် ရွှေ့ပြောင်းသွားလာသည့် အကျိုးခံစားခွင့် ရှိသူများထံ လက်သန့်ဆေးရည်နှင့် ဆပ်ပြာရည်များ ဖြန့်ဝေပေးရန်အတွက် ၎င်းတို့နှင့် မိတ်ဖက်ပြုခဲ့ပါသည်။ ဤသည်မှ အစိုးရအာဏာပိုင်များနှင့် လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ပိုမိုကျယ်ပြန့်သည့် စီမံချက် လုပ်ငန်းများနှင့် စပ်လျဉ်းသည့် နားလည်သဘော ပေါက်မှုအား တည်ဆောက်ရန်နှင့် မြို့ပြဝန်းကျင် လူမှုအသိုက်အဝန်းများအား အကျိုးသက်ရောက်မှုရှိသည့် အဓိက အရေးပါသည့် အလုပ်သမားနှင့် ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အားပေးထောက်ခံရန် တို့အတွက် အခွင့်အလမ်း များပေးအပ်ခဲ့ပါသည်။

BBC Media Action သည် ရေဒီယိုနှင့် လူမှုကွန်ရက်မီဒီယာတို့မှတဆင့် မူဝါဒချမှတ်သူများအား ရွှေ့ပြောင်း သွားလာသူများနှင့် အခြား အားနည်းထိခိုက်လွယ်သူများထံ တိုက်ရိုက်ချိတ်ဆက်နိုင်ခြင်း မှတဆင့် မူဝါဒ ချမှတ်သူများ အပေါ် အထောက်အကူဖြစ်စေရန်အတွက် လုပ်ဆောင်နိုင်ခဲ့ပါသည်။ အထူးသဖြင့် ဖေ့စ်ဘုတ်မှ တိုက်ရိုက်ထုတ်လွှင့်သည့် တွေ့ဆုံ မေးမြန်းခြင်းအား အသုံးပြုခြင်းမှတဆင့် ပရိသတ်များသည် အစိုးရအာဏာပိုင်များအား တိုက်ရိုက်မေးခွန်းများ မေးမြန်းနိုင်ခဲ့ပါသည်။ ဤသို့ လူမှုကွန်ရက်မီဒီယာ အသုံးပြုခြင်းသည် မူဝါဒချမှတ်သူများအား အလုပ်သမားများကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများနှင့် စိန်ခေါ်မှုများနှင့် တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်စေခဲ့ပြီး မူဝါဒချမှတ် သူများဘက်မှ တာဝန်ယူမှု၊ တာဝန်ခံမှု နည်းလမ်းများဖြင့် ရေရှည်တွင်သက်ရောက်မှုရှိနိုင်မည် ဖြစ်ပါသည်။

BBC Media Action ၏ လေ့ကျင့်သင်ကြားသည့် လုပ်ငန်းများ၏ တစိတ်တဒေသအနေဖြင့် မီဒီယာ မိတ်ဖက် အဖွဲ့အစည်းများသည် ကမ္ဘာ့ကပ်ရောဂါကျရောက်နေသည့် ကာလအတွင်း ရွှေ့ပြောင်းသွားလာခြင်းနှင့် ပတ်သက်သည့် အဖြစ်အပျက် (၁၉)ခုအား ထုတ်လုပ်ခဲ့ပါသည်။ Dawei Watch မှထုတ်လုပ်သည့် ဗီဒီယိုအစီအစဉ် တစ်ခုအား အထူးသဖြင့် ဩဇာလွှမ်းမိုးမှုရှိသော အစီအစဉ်အဖြစ် အသိအမှတ်ပြုခြင်း ခံရပါသည်။ အစီအစဉ်သည် ထိုင်းနိုင်ငံ တောင်ပိုင်းတွင် အလုပ်လုပ်ကိုင်နေသည့် ထောင်ပေါင်းများစွာသော ရွှေ့ပြောင်း အလုပ်သမားများ၏ ပြဿနာ များနှင့် COVID –19 ကြောင့် ရနောင်း–ကော့သောင်း နယ်စပ်ဖြတ်ကျော်သည့် လမ်း ကြောင်းမှ နေရပ်သို့ ပြန်လာရမည့် သူများ အကြောင်းကို မီးမောင်းထိုးပြခဲ့ပါသည်။ အစိုးရ ၏ မူဝါဒအရ ရွှေ့ပြောင်းသွားလာသူများအား မြဝတီစစ်ဆေး ရေး ဂိတ်တစ်နေရာတည်းမှသာ ပြန်ခွင့်ပြုထား သဖြင့် ၎င်းတို့အနေဖြင့် ထိုလမ်း ကြောင်းမှ ပြန်လာနိုင်ရန် အဟန့်အတားများ တွေ့ကြုံခဲ့ ပါသည်။ သို့သော်လည်း သတိပြုမိ လောက်သည့် အထိထူးခြားသည်မှာ ဇာတ်လမ်း အစီအစဉ်အား ထုတ်လွှင့်ပြီး များမကြာမီတွင် ရွှေ့ပြောင်း သွား လာသူများ ကော့သောင်းမှ တဆင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက် ခွင့်ပြုရန် မူဝါဒပြောင်းလဲခဲ့ပါသည်။

## လေ့လာသင်ယူမှု

အသွားအလာ ကန့်သတ်စောင့်ကြည့်ရာ နေရာများ တွင် အခွင့်အရေးအခြေခံသည့် နည်းလမ်းနှင့် ကျားမအလေးပေးထားသည့်နည်းလမ်းများနှင့် စီမံဆောင်ရွက်နေမှုအား အားကောင်းစေရန်အ တွက် လမ်းညွှန်ချက်များနှင့် ကာကွယ် စောင့်ရှောက်သည့် ယန္တရားများလိုအပ်ပါသည်။

LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများ (အခြားလုပ်ရှား ဆောင်ရွက်သူများသည်လည်း) အသွားအလာကန့်သတ်စောင့်ကြည့်ရာ နေရာများတွင် ရွှေ့ပြောင်း သွားလာ သူများ၏ လိုအပ်ချက်များကို မြန်နိုင်သမျှ အမြန်ဆုံး တုံ့ပြန် ဆောင်ရွက်ရန် အတွက် ရည်ရွယ်ခဲ့ပါသည်။ သို့သော်လည်း နေရပ်ပြန်ရွှေ့ပြောင်း သွားလာသူအမျိုးသမီးနှင့် အမျိုးသားများ၏ အခွင့်အရေးများအား အလေးထားရန်နှင့် ကာကွယ် စောင့်ရှောက်ရာတွင် ကျရောက်နိုင်ချေရှိသည့် အန္တရာယ်များနှင့် အားနည်းထိခိုက်လွယ်မှုများအား အနည်းဆုံး ဖြစ်စေရန် အတွက် ခိုင်မာသည့် မူဘောင်တရပ်မရှိ သေးသည့်အချိန်၌ ချက်ခြင်းကူညီ ထောက်ပံ့မှုပေးအပ်ရန် အရေးကြီးကြောင်း အသိအမှတ်ပြုရန် မှာ အရေးကြီးပါသည်။ အချို့သောနည်းပညာ ဆိုင်ရာ လမ်းညွှန်ချက်များအား အထူးသဖြင့် UN Women မှ ရေးဆွဲအကောင်အထည်ဖော်ကာ မျှဝေပေးခဲ့သော်လည်း အဆိုပါလမ်းညွှန်ချက်အား သက်ဆိုင်ရာ အစိုးရအာဏာပိုင်များမှ လက်ခံသည့် (သို့) သတ်မှတ်ပြဌာန်းသည့် အတိုင်းအတာမှာ အကန့်အသတ်ရှိနေသည်မှာ ပေါ်လွင်ခဲ့ပါသည်။ မြန်မာနိုင်ငံရှိ နေရာဒေသအားလုံး၌ စီမံခန့်ခွဲရာတွင် အခွင့်အရေး အခြေခံပြီး ကျား-မရေးရာ အလေးထားသည့် ချဉ်းကပ်နည်းလမ်းဖြင့် အကောင်အထည်ဖော်နိုင်ရန် အတွက် အသွားအလာ ကန့်သတ်စောင့်ကြည့်ရာ နေရာများတွင် ကူညီပံ့ပိုးပေးရန်အတွက် ဦးတည်ထားသည့် ပိုမိုကျစ်လစ်ခိုင်မာသော ချဉ်းကပ်နည်းလမ်းတစ်ရပ် လိုအပ်လျက် ရှိပါသည်။

ရွှေ့ပြောင်းသွားလာသူများနှင့် ၎င်းတို့၏ မိသားစုများအပေါ် COVID -19 ကမ္ဘာကပ်ရောဂါ၏ စိတ်ပိုင်းဆိုင်ရာ အကျိုး သက်ရောက်မှု များအား ဖြေရှင်းပေးခြင်းမှာ အလွန်အမင်းအရေးကြီးပါသည်။ ရွှေ့ပြောင်းသွားလာသူ အရေအတွက် တော်တော်များများက သေချာရေရာမှုရှိသည့် ၎င်းတို့၏ စီးပွားရေးအခြေအနေနှင့် ရွှေ့ပြောင်းသွားလာသူများအား ဗိုင်းရပ်စ်ပိုးမွှားများ ဖြန့်နေသူများ သဖွယ် ခွဲခြားနှိမ့်ချ ဆက်ဆံခြင်း တို့ ကြောင့် COVID -19 ကပ်ရောဂါကာလအတွင်း စိတ်ဖိစီးမှုမြင့် တက်လာကြောင်း ရင်ဖွင့်ခဲ့ကြ ပါသည်။

အချို့သော ရွှေ့ပြောင်းသွားလာ သူများသည် ပြန်လာ သည့်လမ်းကြောင်းအတွင်း ခွဲခြားဆက်ဆံခံရခြင်း (သို့) စိတ်ပိုင်းဆိုင်ရာ အနိုင်ထက်ပြုခြင်း တို့အား ခံခဲ့ရသည်ဟု အစီ ရင်ခံတင်ပြခဲ့ပြီး အသွားအလာ ကန့်သတ် စောင့်ကြည့်ရာ နေရာများတွင် မိမိ ကိုယ်မိမိ သတ်သေသည့် ဖြစ်ရပ်များပင် ရှိခဲ့ပါ သည်။ သို့ဖြစ်ရာ အထူးသဖြင့် ကမ္ဘာကပ်ရောဂါ ကြောင့် လူမှုစီးပွား အပေါ် ဆိုးကျိုးသက်ရောက် မှုများမှာ ပိုမိုပြန့် နှံ့လာပြီး ရှည်ကြာလာခဲ့သဖြင့် ရွှေ့ပြောင်းသွား လာသူ များအတွက် ကာလလတ် COVID -19 တုံ့ပြန်ဆောင်ရွက်မှု၏ တစိတ်တပိုင်းအနေဖြင့် စိတ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများအား တိုးမြှင့်ရန် မှာ အလွန်အရေးကြီးပါသည်။ယင်းတွင် ရေ့တန်း မှ နေ၍ စိတ်ပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှု ထောက်ပံ့ ပေးသည့် ဒေသခံလူပ်ရှားဆောင်ရွက် သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သာမက အထူး သဖြင့် အားနည်း ထိခိုက်လွယ်သည့် ရွှေ့ပြောင်း သွားလာသူအုပ်စုများ ( ဥပမာ ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ လူကုန်ကူးခံ ရပြီး ကြိုးပမ်းရှင်သန်နေရသူများ အစရှိသဖြင့်) အတွက် ပိုမိုအထူးပြုထားသည့် စောင့်ရှောက်မှု များ တိုးချဲ့ခြင်း တို့ ပါဝင်ပါသည်။ ရန်ကုန်မြို့တွင် ပြည်တွင်း ရွှေ့ပြောင်း သွားလာသူ များကို စိတ်ပိုင်း ဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ ကူညီ ပံ့ပိုးပေး ခြင်းမှာ ရိုးရှင်းသော်လည်း အရေးကြီး သည့် လေ့လာသင် ယူမှု တစ်ခုမှာ အကျိုးခံစားခွင့် ရှိသူအများအပြားသည် အုပ်စုလိုက်ဆွေးနွေးလမ်းညွှန်မှုများမှတဆင့် ကူညီပံ့ပိုးမှုများအား လက် လှမ်းမီရယူရန် ပို၍ စိတ်သက်တောင့်သက်သာ ရှိကြောင်း တွေ့ရှိရခြင်း ဖြစ်သည်။ ထို့အပြင် စိတ်ပိုင်းဆိုင်ရာ နှ စ် သိ မ့် ဆွေး နွေး လ မ်း ညွှ န် မှု ပေး သ ည့် ဝန်ဆောင်မှု များ၊ ပိုမို ကျယ်ပြန့်သည့် ပံပိုးကူညီရေး အစီ အစဉ်များနှင့် ချိတ်ဆက်ခြင်း သည် အားနည်း ထိခိုက်လွယ်သည့် ရွှေ့ပြောင်း သွားလာသူများ အား ပိုမို၍ ပြည့်စုံသည့် ကူညီ ထောက်ပံ့မှုပေး အပ်ခြင်းအတွက် အလေ့အကျင့်ကောင်း တစ်ရပ် ဖြစ်လာကြောင်းကို တွေ့ရှိခဲ့ပါသည်။ ဥပမာ အားဖြင့် နှစ်သိမ့် ဆွေးနွေးလမ်းညွှန်မှုခံယူ နေသည့် အကျိုးခံစား ခွင့်ရှိသူအများအပြားသည် အလုပ်မှ အနား ပေးခြင်းခံ ရပြီးနောက် အလုပ် အသစ် ရှာဖွေရာ တွင် ၎င်းတို့အား အကူအညီ ပေးသည့် အခြားဝန် ဆောင်မှုများ (ဥပမာ သက် မွေးမှုလုပ်ငန်း ဆိုင်ရာ ဆွေးနွေး လမ်းညွှန်း ပေးခြင်း၊ လူမှုဆက်ဆံရေး သင်တန်း နှင့် အသက် မွေးမှုဆိုင်ရာ သင်တန်း:) တက်ရောက် နိုင်ရန် ညွှန်းပို့ခြင်း များအား လက်ခံရန်အတွက် အဆင်သင့်ရှိနေခဲ့ပါသည်။

## ရှေ့သို့ မှန်းမျှော်ခြင်း

သိန်းပေါင်းများစွာသော ရွှေ့ပြောင်းသွားလာသူများသည် အလုပ်အကိုင်နှင့် ဝင်ငွေဆုံးရှုံးမှုတို့ကြောင့် နေရပ်သို့ ပြန်လာခဲ့ကြရာ ရွှေ့ပြောင်းသွား လာသူများမှ ပေးပို့သည့် ငွေအား လက်ခံရရှိကြ သည့် သန်းပေါင်းများစွာသော အိမ်ထောင်စုများ သည် လွှဲပို့သည့် ငွေပမာဏ လက်ခံရရှိမှုမှာ သိသိသာသာ နည်းပါးလာခဲ့ပါသည်။ ကမ္ဘာကပ်ရောဂါကာလအတွင်း ၎င်းတို့၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းနှင့် ကျန်းမာရေးအတွက် ကာကွယ်စောင့်ရှောက်ရန် သတင်းအချက် အလက်များနှင့် ပစ္စည်းကိရိယာများ ထောက်ပံ့ ပေးခြင်းတို့ အပြင် ရွှေ့ပြောင်းသွားလာသူများနှင့် ၎င်းတို့၏ လူမှုအသိုက်အဝန်းများအား ငွေရေး ကြေးရေးအရ ပြန်လည်နာလန်ထူအောင် အကူ အညီ ပေးရန် အတွက် အသက်မွေးဝမ်း ကျောင်းမှု ကူညီထောက်ပံ့ပေးခြင်း၊ အလုပ်သမားအခွင့် အရေးများနှင့် လူမှုရေးဆိုင်ရာ ကာကွယ် စောင့် ရှောက်မှုတို့ကို တိုးမြှင့် ဆောင်ရွက်ရမည် ဖြစ်ပါ သည်။

မြန်မာနိုင်ငံတွင် COVID –19 ကြောင့် အထည်ချုပ် ကဏ္ဍတွင် အလုပ်လုပ်ကိုင်နေသည့် ရွှေ့ပြောင်း သွားလာသူ အမျိုးသမီးများ အလုပ်အကိုင် အများ အပြား ဆုံးရှုံးမှု နှင့် မြန်မာနိုင်ငံမှ ရွှေ့ပြောင်း အလုပ်သမား သန်းပေါင်းများစွာအား အလုပ်ပေး ထားသည့် အိမ်နီးချင်းနိုင်ငံများ၏ စီးပွားရေး ကျဆင်းလာနေခြင်း အပါအဝင် အပြင်းထန်ဆုံး သောလူမှုစီးပွားရေး ရိုက်ခတ်မှုများ ကျရောက် လာတော့မည် ဆိုသည်မှာ အထင်အရှားပင် ဖြစ်ပါသည်။ စီမံကိန်း တုံ့ပြန်ဆောင်ရွက်မှု များသည် ပြည်တွင်းအလုပ်သမား ဈေးကွက် အတွင်း သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်များ ရရှိစေရန် ၎င်းတို့အား ကူညီ ပံ့ပိုးပေး ခြင်းဖြင့် ပြည်တွင်းနှင့်နိုင်ငံတကာ နေရပ်ပြန်ရွှေ့ပြောင်းသွားလာသူများ ကြုံတွေ့နေသည့် ရှည် ကြာမည်ဖြစ်ပြီး အလွန်နက်ရှိုင်းလာသည့် စီးပွား ရေး ခက်ခဲမှုများ ပိုမို၍ ကျယ်ပြန့်စွာ ဖြေရှင်းရန် လိုအပ်မည်ဖြစ်ပါသည်။

တပြိုင်နက်တည်းမှာပင် ILO နှင့် IOMတို့ ကောက်ယူခဲ့သည့် သုတေသနသည် နေရပ်ပြန်နိုင်ငံတကာ ရွှေ့ပြောင်း သွားလာသူများအနေဖြင့် ကနဦးက တည်းပင် ၎င်းတို့၏နေရပ်၌ လုံလောက်သည့် အလုပ်အကိုင်အခွင့်အလမ်းများ မရှိသဖြင့် နိုင်ငံ ရပ်ခြားသို့ သွားရောက်ခဲ့သည်ဖြစ်ရာ ၎င်းတို့၏ ထက်ဝက်ကျော်သည် နိုင်ငံရပ်ခြားသို့ ပြန်လည် ရွှေ့ပြောင်းသွားလာရန် စီစဉ်နေကြောင်း ပြသခဲ့ ပါသည်။ နယ်စပ်များ ပိတ်ခြင်းကြောင့် ပုံမှန် လမ်းကြောင်းမှ သွားရောက်နိုင်မှု ရပ်ဆိုင်းခြင်း၊ ၎င်းတို့၏ အိမ်ထောင်စု များတွင် ပို၍ပို၍ ငွေရေး ကြေးရေး ချို့တဲ့လာခြင်း တို့နှင့်အတူ ရွှေ့ပြောင်း သွားလာသူများသည် အထူးသဖြင့် မသမာသော သူများမှ ခေါင်းပုံဖြတ်အမြတ် ထုတ်ခြင်းများ ခံရနိုင်သည့် အန္တရာယ်များရှိနေပါသည်။ ယင်းသို့ဖြင့် ရွှေ့ပြောင်း



သွားလာသည့် လူမှုအသိုက် အဝန်းများကို အလွဲသုံးစားပြုလုပ်ခြင်းမှကာကွယ် စောင့်ရှောက်ရန်အတွက် လုံခြုံစိတ်ချ ရသည့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ သတင်းအချက်အ လက်များနှင့် ဝန်ဆောင်မှု များအား ယခင်က ထက်ထောက်ပံ့ပေးခြင်းမှာ ပိုမို အရေးပါလှပါ သည်။

ရွှေ့ပြောင်းသွားလာသူများအနေဖြင့် COVID –19 တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ အစီအမံများအား ၎င်းတို့၏ အသက်မွေး ဝမ်းကျောင်းမှုအပေါ် ကမ္ဘာကပ် ရောဂါ၏ သက်ရောက်မှုမှ ပြန်လည်ကောင်းမွန်လာစေရန်အတွက် မည်ကဲ့သို့ကြိုးပမ်းရမည်ဆိုသည်နှင့် ပတ်သက်သော ယူဆချက်များထက် ခိုင်မာသည့် အထောက်အထားနှင့် ရွှေ့ပြောင်း သွားလာသူများ ကိုယ်တိုင်၏ သဘောထားများဖြင့် သတင်းအချက်အလက်များ ပေးအပ်ရန် လိုအပ်ပါသည်။ LIFT ၏ အစီအစဉ် အောက်မှ ပြုလုပ်ခဲ့သည့် ဆန်းစစ်အကဲဖြတ်မှုများ သည် မြန်မာနိုင်ငံရှိ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ပုံစံများ၊ COVID –19 ၏ ရေရှည်သက်ရောက်မှု အပေါ် ပိုမို၍ စေ့စေ့စပ်စပ်အချက်အလက်များ ကောက်ယူခြင်း ဆိုင်ရာကြိုးပမ်းအားထုတ်မှုများ နှင့် အတူ အားဖြည့်ပေးရန် လိုအပ်မည်ဖြစ်သော အခြေခံ အကြောင်းရင်းကဲ့သို့သော ကိစ္စရပ်များကို ဖော်ထုတ်ပေးပါသည် ။ အဆိုပါအထောက်အထား များသည် တိုက်ရိုက်စီမံကိန်း ဆောင်ရွက်ချက်များ တိုးတက်စေရန်အတွက်သာမက အစိုးရ၏ လုပ်သား ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ စီမံအုပ် ချုပ်မှု မူဝါဒများ တိုးတက်ကောင်းမွန်လာခြင်း အပေါ် အစိုးရနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက် ရန် လိုအပ်မည့် အချက်အလက်များကိုလည်း ပေးအပ်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဤစိန်ခေါ်မှုကာလအတွင်း ပိုမို၍ သမာသမတ်ရှိပြီး သာတူညီမျှဖြစ်သော လူ့အဖွဲ့အစည်းတစ်ရပ် ဖော်ဆောင်လာနိုင်ရန်အတွက် ရွှေ့ပြောင်းသွားလာသူများနှင့် အခြားအားနည်း ထိခိုက်လွယ်သည့် အလုပ်သမားများအတွက် အခြေခံ အလုပ်သမား အခွင့်အရေးများ ကာကွယ် စောင့်ရှောက်ခြင်းကို တိုးချဲ့လုပ်ဆောင်ရန် လိုအပ်ပါသည်။ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်စေသည့် စီးပွားရေးတိုးတက်မှုရှိစေသည့် လမ်းကြောင်း ဖော်ဆောင်နိုင်မည် ဖြစ်သည် ။ COVID –19 ကပ်ရောဂါကာလအတွင်းနှင့် ကာလ အလွန် အချိန်များတွင်လည်း မြန်မာနိုင်ငံရှိ ပြည်သူအားလုံးအတွက် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် အားလုံးပါဝင်လွှမ်းခြုံသည့် လူမှု ကာကွယ်စောင့်ရှောက်မှု ဆိုင်ရာ အခွင့်အလမ်းများ ပေးအပ်သည့် လုပ်သားဈေးကွက် အပေါ် အခိုင်အမာ အခြေတည်ရန် လိုအပ်ပေသည်။





- ရှေ့တန်းမှ တုံ့ပြန် ကာကွယ်မှု လုပ်ငန်းများ
- လူမှုကာကွယ်စောင့်ရှောက်ရေး
- အရပ်ဘက်လူမှုအဖွဲ့အစည်း
- ရွှေ့ပြောင်းသွားလာခြင်း
- **ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေခြင်း**
- စိုက်ပျိုးရေး

COVID-19 RESPONSE

# ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေခြင်း

အသေးစား ငွေရေးကြေးရေး ကဏ္ဍအပေါ် COVID -19 ၏ သက်ရောက်မှုများရှိနေသည်ဖြစ်ရာ မြန်မာနိုင်ငံတဝှမ်းရှိ အသေးစားငွေရေးကြေးရေးဝန်ဆောင်မှုအား ရယူအသုံးပြုနေသူများသည် ၎င်းတို့အားထားနေရသည့် ငွေရေးကြေးရေး ဆိုင်ရာ ဝန်ဆောင်မှုများ သိသိသာသာ လျော့နည်းကျဆင်း မှုအား တွေ့ကြုံခဲ့ရပါသည်။ ကဏ္ဍအပေါ်သိသာထင်ရှားမှု အရှိဆုံးမှာ အသေးစားငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်း (MFI) များတွင် ငွေဖြစ်လွယ်မှု (သို့) ရရှိနိုင် သည့် ချေးငွေ အရင်းအနှီး လျော့နည်းကျဆင်း လာမှု ဖြစ်ပါသည်။

### *ငွေပြန်လည်ပေးဆပ်မှုများ ရုတ်ချည်းလျော့ကျလာခြင်း...*

COVID -19 ပထမလှိုင်းတွင် ထိန်းချုပ်သည့် စီမံဆောင်ရွက်မှုများမှ ၂၀၂၀ ခုနှစ်ဧပြီလ/ မေလတွင် ဒေသတွင်း ဈေးများ၊ သယ်ယူပို့ ဆောင်ရေးများနှင့် စက်ရုံများ ပိတ်ထားစေခဲ့ခြင်းကြောင့် MFI ဝန်ဆောင်မှုရယူ အသုံးပြုသူများအား တိုက်ရိုက် ရိုက်ခတ်ခဲ့ပါသည်။ နေအိမ်၌သာနေထိုင်ရန် ညွှန်ကြားသည့် စီမံဆောင်ရွက်မှုများကြောင့် အသေးစား စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်နေသည့် အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှုရယူသူများမှာ ဝင်ငွေမရှိတော့သည့် အနေအထားကို ရောက်ရှိခဲ့ကြသည်။ စက်ရုံများပိတ်ခဲ့ပြီး ကျေးလက်ဒေသသို့ ငွေလွှဲပေးပို့ခြင်းများလည်း သိသာစွာကျဆင်းသွား ခဲ့ပါသည်။ ဝန်ဆောင်မှုရယူသူများသည် ၎င်းတို့၏ချေးငွေများအား ပုံမှန်ပြန်လည်ပေးဆပ် နိုင်ခြင်း မရှိတော့ဘဲ MFI လုပ်ငန်းများအား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန (MoPFI) အောက်ရှိ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန (FRD) မှ မေလလယ်အထိ ရပ်ဆိုင်းစေခဲ့ပါသည်။ MFI မိတ်ဖက်များသည် ထိုသို့ အပြင်မထွက်ရသည့် ကာလအတွင်း ချေးငွေပြန် zလည်ပေးဆပ်မှုများ တွင် ခန့်မှန်းချေ ကန်ဒေါ်လာ ၁၁၅သန်း ခန့် လွဲချော်ခဲ့ရသည်ဟု LIFT က ခန့်မှန်း ခဲ့ပါသည်။

### *....အကြွေးရယူနိုင်မှု လျော့ကျခြင်းဆီသို့ ဦးတည်ခဲ့ပါသည်။*

အကျိုးဆက်မှာ အားနည်းထိခိုက်လွယ်သည့် ဝန်ဆောင်မှုရယူသုံးစွဲ သူများထံပေးအပ်သည့် ငွေရေးကြေးရေး ဆိုင်ရာ ဝန်ဆောင်မှုများ၏ အရည်အသွေး လျော့ကျခဲ့ပါသည်။ MFI များသည် မုတ်သုန်သီးနှံစိုက်ပျိုးရာသီအတွက် ဒုတိယအကြီးဆုံး ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုပေးအပ်သူ များ ဖြစ်ပြီး မုတ်သုန်ရာသီအလွန် ကျေးလက်ဒေသ များထံ အကြီးဆုံး ငွေရေးကြေးရေး ပေးအပ်သူ ဖြစ်ပါသည်။ MFI များ၏ ငွေဖြစ်လွယ်မှုကို မဖြေရှင်းနိုင်ခဲ့ပါက ကျေးလက်စီးပွားရေးသည် မုတ်သုန်ရာသီအလွန်ကာလတွင် ဝင်ငွေပိုင်းတွင် အနုတ်လက္ခဏာပြခြင်းကို ကြုံတွေ့နိုင်ရပေမည်။

### *မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တုံ့ပြန်ဆောင်ရွက်သည်မှာ...*

မတ်လတွင် ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားသည်ဟု ကြေညာခဲ့သည့် အချိန်၌ မြန်မာနိုင်ငံတော် ဗဟိုဘဏ် (CBM) သည် ၎င်း၏ဘဏ်အတိုးနှုန်း၊ အပ်ငွေ အတိုးနှုန်းနှင့် ချေးငွေအတိုးနှုန်းများကို ထိန်းညှိသည့် ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ပါသည်။ LIFT သည် CBM ၏ အဆိုပါ ဆောင်ရွက်ချက်များ၏ ရည်ရွယ်ချက်ကို သဘောတူညီခဲ့သော်လည်း LIFT ၏ MFI များအတွက် အရင်းအနှီးဖော်ဆောင်ပေးမှု အစီအစဉ်မှတဆင့် MFI ကဏ္ဍတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုမှာ ရည်ရွယ် မထားဘဲ လျော့ကျသွားခဲ့ပါသည်။ ယင်းကြောင့် ဝန်ဆောင်မှုရယူသုံးစွဲ သူများထံ ထပ်မံ၍ ချေးငွေပေးအပ်ရန်အတွက် MFI များ၏စွမ်းဆောင် ရည်အပေါ် သက်ရောက်ခဲ့သည်။

### *....နှင့် LIFT ၏တုံ့ပြန်ဆောင်ရွက်မှု*

LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု အစီအစဉ်သည် မူဝါဒချမှတ်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် အသေးစားငွေရေးကြေးရေး ကဏ္ဍထံ ချေးငွေအရင်းအနှီးများ ပေးအပ်ရန်အတွက် အဆင့်အမျိုးမျိုး၌ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ခဲ့ပါသည်။

## တုံ့ပြန်ကာကွယ်မှု နှင့် အကျိုးသက်ရောက်မှု

### ကြံ့ကြံ့ခံနိုင်စွမ်းရှိရေး၊ ပြန်လည်ထူထောင်ရေး နှင့် စီးပွားရေးတိုးတက်မှုတို့အတွက် ချေးငွေများ ထပ်မံ၍ ဖြည့်သွင်းခြင်း

ကြံ့ကြံ့ခံနိုင်စွမ်းရှိရေး၊ ပြန်လည်ထူထောင်ရေး နှင့် စီးပွားရေးတိုးတက်မှုရှိစေရန်အတွက် ကျေးလက်စီးပွားရေး အတွင်းသို့ ထပ်မံ၍ ချေးငွေများ ဖြည့်သွင်းခြင်းသည် ကမ္ဘာ့ကပ်ရောဂါ အားတုံ့ပြန်ကာကွယ်ရေးတွင် အလွန်အရေးပါခဲ့ပါသည်။LIFT သည် အသေးစားငွေရေးကြေးရေး ကဏ္ဍတွင် ကမ္ဘာ့ကပ်ရောဂါ၏ အကျိုးသက် ရောက်မှုအား လျှော့ချရန် အတွက် တုံ့ပြန်ခြင်း အဖြစ် ကန်ဒေါ်လာ ၅.၅ သန်းအား လုပ်ငန်းလည် ပတ်ရန် အတွက် ထည့်ဝင်ခဲ့ ပါသည်။ ဤကန်ဒေါ် လာ ၅.၅ သန်း မှသည် ကန်ဒေါ်လာ ၆၇.၁၃ သန်းအား ချေးငွေအရင်းအနှီးအနေဖြင့် အသုံးပြု နိုင်ခဲ့ပါသည်။ အကြောင်းမှာ LIFT ၏ MFI များ အတွက် အရင်းအနှီးဖော်ဆောင်ပေးမှု အစီ အစဉ် နှင့်အတူ မိတ်ဖက်အဖွဲ့အစည်း TCX နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် MFI ကဏ္ဍအတွင်း နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုတွင် မြှင့်တင်ပေးနိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ဇွန်လတွင် LIFT ၏ မိတ်ဖက်အဖွဲ့အစည်း MFI (၇)ဖွဲ့သည် COVID –19 အား အရေးပေါ် တုန့်ပြန်ကာကွယ်ရန် အတွက် ဤရန်ပုံငွေ ထောက်ပံ့မှု အသစ်ဖြင့် ချေးငွေများကို လက်လှမ်း မီ ရယူနိုင်ခဲ့ပါသည်။

ဤလုပ်ဆောင်မှုသည် အစိုးရ ၏ COVID –19 **စီး ပွား ရေး ထိ ခို က် မှု သ က် သာ ရေး စီ မံ ချ က် (CERP)၏ အပိုဒ်၂.၁.၁ (ခ)**တွင် ပါရှိသည့် အသေးစား ချေးငွေ လုပ်ငန်းများအနေဖြင့် အတိုးနှုန်း သက်သာသည့် ချေးငွေများ ရရှိစေရန် ဟူသော အချက်နှင့်လည်း ကိုက်ညီမှုရှိကာ ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

### LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု မိတ်ဖက်အဖွဲ့အစည်းများ၏ တုံ့ပြန်ဆောင်ရွက်သည်မှာ

***MFI များသည် မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ ကူညီရေးအသင်း ၏ ကူညီ ပံ့ပိုးမှုနှင့်အတူ ကပ်ရောဂါကာလ အတွင်း စီမံခန့် ခွဲမှုအတွက် မဟာဗျူဟာများနှင့် တုံ့ပြန်ကာကွယ် ရေးဆိုင်ရာ အစီအစဉ်များအား အလျင်အမြန်ရေးဆွဲအကောင်အထည် ဖော်ခဲ့ ပါသည်။*** မြန်မာနိုင်ငံ တွင် COVID –19 ပထမ ဦးဆုံး သက်ရောက်ခဲ့သည့် မတ်လလယ်မှ စတင်သည် အချိန်ကတည်းကပင် LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု မိတ်ဖက် အဖွဲ့အစည်းများအားလုံးသည် တာဝန် ယူမှုရှိ သော ချေးငွေထုတ်ပေးသည့်ကဏ္ဍတွင် ဦး ဆောင်သူအဖြစ် ဆောင်ရွက်ခဲ့သည်။ အဓိကအား ဖြင့် ကပ်ရောဂါ ကာလအတွင်း ဝန်ဆောင်မှုရယူ အသုံးပြုသူများအား ကူညီပံ့ပိုးပေးရန်၊ ၎င်းတို့၏ ငွေကြေးဆိုင်ရာ တည်ငြိမ်မှုအတွက် အခြေအနေ ကို ထိန်းသိမ်းထားပေးရန်နှင့် ဝန်ဆောင်မှုရယူ အသုံးပြုသူများ ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည် ကောင်းမွန်ရန်အတွက် ငွေအရင်းအနှီးစီးဆင်းလည်ပတ်မှုကို ထပ်မံပံ့ပိုး ပေးရန် ဖြစ်ပါသည်။ LIFT၏ MFI များသည် ချေးငွေ ကောက်ခံသည့် မူဝါဒများနှင့် အတိုးနှုန်း တို့အား ဆိုင်းငံ့ခဲ့ပြီး ချေးငွေထုတ်ပေးခြင်းနှင့် အပ်နှံငွေ လက်ခံခြင်း တို့အတွက် လုပ်ထုံး လုပ်နည်းများ အား ပြင်ဆင်မွမ်းမံခဲ့ပါသည်။ ဇူလိုင်လတွင် ချေးငွေ ပြန်ဆပ်နိုင်သည့် စွမ်းဆောင်နိုင်မှုကို ဝန် ဆောင်မှုရယူ အသုံးပြု သူများက ကောင်းစွာ နား လည်သဘောပေါက် လာသဖြင့် ပြောင်းလဲထား သည့် အစီအစဉ်အား ထပ်မံ၍သုံးသပ်ခဲ့ပါသည်။ ဩဂုတ်လကုန်တွင် LIFT မှ ကူညီပံ့ပိုးပေးထား သည့် MFI (၂၂) ဖွဲ့ အနက်မှ အဖွဲ့(၂၀)သည် အမေ ရိကန် ဒေါ်လာ ၄၇.၆ သန်းတန်ဖိုးရှိသည့် ချေးငွေ ပေါင်း ၃၈၃,၁၈၈ ခုနီးပါးအား ရွှေ့ဆိုင်းနိုင်ရန် အစီအစဉ် ပြန်လည်ရေးဆွဲခဲ့သည်ဟု အစီရင်ခံ တင်ပြခဲ့ ပါသည်။

***ဤကာလအတွင်း LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများသည် အိမ်ထောင်စု ၂.၉၄ သန်းထံ ကန်ဒေါ်လာ ၃၀၅.၇ သန်း ပေးအပ်ခဲ့ပါသည်။*** LIFT ၏ MFI (၁၀)ဖွဲ့သည် ၎င်းတို့၏ စီမံကိန်းလုပ်ငန်းဆောင်ရွက်သည့် ဒေသများတွင် အစိုးရ ငွေကြေးထောက်ပံ့မှု အစီအစဉ်များထဲမှ တစ်ခုဖြစ်သော ငွေဗိုက်အစီအစဉ်အား ကူညီ ပံ့ပိုး ပေးခဲ့ပါသည်။

***COVID –19 သက်ရောက်မှုအား တုံ့ပြန်ကာကွယ်ရာတွင် UNCDF သည် ချေးငွေထပ်တိုးပေးခြင်းမှတဆင့် ပြည်တွင်း MFI (၂) ဖွဲ့၏ ငွေဖြစ်လွယ်မှု လိုအပ်ချက်များအား ကူညီပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။*** LIFT ၏ တဆင့်ခံ မိတ်ဖက် MFI အဖွဲ့လည်းဖြစ်ပြီး လက်ရှိဈေးကွက်ဖွံ့ဖြိုးတိုးတက်မှု အထောက်အပံ့များ လက်ခံရရှိသည့် အဖွဲ့အစည်းဖြစ်သော ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် အသက်မွေး ဝမ်းကျောင်း ဖောင်ဒေးရှင်း (ECLOF) အတွက် ချေးငွေတစ်ရပ်နှင့် အတိုးပေးချေမှုကို UNCDFမှ ရွှေ့ဆိုင်းပေးခဲ့ပါသည်။ ECLOF ၏ ဇွန်လအတွက် ပြန်လည် ပေးဆပ်ရမည့် ငွေများအား ရွှေ့ဆိုင်းပေးခဲ့ပြီး ထပ်မံ၍ မြန်မာကျပ်ငွေ သန်း(၁၅၀) (ကန်ဒေါ်လာ ၉၈,၀၀၀) ချေးငွေအား ပေးအပ်ခဲ့ပါသည်။ UNCDF သည် ECLOF အတွက် ရင်းနှီးမတည်ငွေ ထပ်မံရရှိနိုင်ရန် FRD ထံမှ Fast track loan ချေးငွေ ခွင့်ပြုမှု ရရှိနိုင်ရန် ထောက်ခံပေးလျက်ရှိပါသည်။

***ဝံလက် ဒေသဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း၏ အသေးစား ငွေရေးကြေးရေးလုပ်ငန်းသည် ရခိုင်ပြည်နယ်စစ်တွေတွင် ဝံလက်မှ ငွေကြေးထောက်ပံ့မှုရရှိသည့် ရက်ကန်းလုပ်ငန်း လုပ်ကိုင်သူ အမျိုးသမီး ၂၆၉ ဦးအတွက် ချေးငွေသက်တမ်းကို တိုးပေးခဲ့ ပါသည်။*** COVID –19 သည် မြန်မာနိုင်ငံအခြားဒေသများရှိ ရက်ကန်းဈေးကွက်များအား အလဲအကွဲဖြစ်စေခဲ့ရာ ရလဒ်အနေဖြင့် ရက်ကန်းရက်သူများသည် ၎င်းတို့၏ ချေးငွေများအား ပြန်လည် ပေးဆပ်နိုင်ခြင်း မရှိသည့်အတွက် မြန်မာကျပ်ငွေ ၄၄,၂၃၄,၀၀၀ (ကန်ဒေါ်လာ ၃၂,၇၆၆) မှာ ဆုံးရှုံးရနိုင်ချေ ရှိနေပါသည်။ ဝံလက်သည် ဈေးကွက်များ ပြန်လည်နာလန် ထူလာခဲ့သည့် ဇူလိုင်လတွင် ပြန်လည်စတင်ရမည့် ကြွေးဆပ်ငွေများ၊ ပြန်လည်ပေးဆပ် ရမည့် စည်းကမ်းချက်များ ကို ပြင်ဆင်ခဲ့ပါသည်။

***VisionFund သည်ဝန်ဆောင်မှုရယူ အသုံးပြုသူများ၏ စီးပွားရေးဆိုင်ရာ လိုအပ်ချက်များကို*** တုံ့ပြန် ဆောင်ရွက်ရန်အတွက် သတ်မှတ်ချိန်များအား တစ်လမှ သုံးလ အထိ ရွှေ့ဆိုင်းရန် ခွင့်ပြုပေးခဲ့ပြီး ချေးငွေ အားလုံးအတွက် ဒဏ်ငွေများကင်းလွတ်ခွင့်ပြုခြင်း၊ စုငွေများ ထုတ်ယူရန်တစ်လ ကြိုတင် အကြောင်းကြားရ မည်ဆိုသည့် အချက် အား ဖယ်ရှားပေးခဲ့ခြင်းတို့ကြောင့် ဝန်ဆောင်မှုရ ယူ အသုံးပြု သူများအနေဖြင့် ၎င်းတို့၏ စုဆောင်း ငွေ များ အား အလွယ်တကူ ပြန်လည်ထုတ်ယူနိုင် ခဲ့ပါသည်။ ဤဆောင်ရွက်မှုသည် CERP ၄.၁.၃ (က) တွင်ပါရှိသည့် " အိမ်ထောင်စုများ အပေါ်ပေး ဆပ်ရမည့် တာဝန်ဝန်ထုပ်ဝန်ပိုးအား သက်သာ စေခြင်းအား" ဖြည့်ဆည်းပေးခဲ့ပါသည်။

***LIFT ၏ MFI များသည် ကမ္ဘာကပ်ရောဂါကျရောက် နေသည့် ကာလအတွင်း ဝန်ဆောင်မှုရယူ***

***သူများ ၏ စီးပွားရေးလုပ်ငန်းများကို ကူညီပံ့ပိုးရန် အထူး ဝန်ဆောင်မှုများအား ကမ်းလှမ်းခဲ့ပါသည်။*** ဥပမာ အားဖြင့် ဇွန်လတွင် VisionFund သည် ပြန်လည် ထူထောင်ရေး ချေးငွေ အမျိုးအစားအသစ် ဖြစ်သည့် ဘေးအန္တရာယ်မှ ပြန်လည်ထူထောင်ရန် Offset Loan ချေးငွေ အမျိုးအစားအား စတင်မိတ် ဆက်ပေးခဲ့ပါသည်။

***ကမ္ဘာကပ်ရောဂါကျ ရောက်နေသည့် ကာလအတွင်း စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းများနှင့် အိမ်ထောင်စု များအပေါ် ငွေကြေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုး သက်သာစေရန်အတွက် ရိုးမဘဏ်သည် လယ်ယာသုံး စက်ကိရိယာများအား အရစ်ကျစနစ်ဝယ်ယူသည့် အစီအစဉ်***တွင် ၎င်း၏ ဝန်ဆောင်မှု ရယူအသုံးပြုသူများအား သတ်မှတ်ပေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရမည့် သက်တမ်းမှ (၆)လရွှေ့ဆိုင်းပေးသည့် အစီအစဉ်ကို ဧပြီလတွင် မိတ်ဆက်ပေးခဲ့ပါသည်။

***ဩဘာမျိုးစေ့စီမံကိန်းမှ သွင်းအားစုပေးသွင်းမှု လျော့နည်းနိုင်သည့် ဖြစ်နိုင်ချေအား ဖြေရှင်းရန်အတွက် ပထမမျိုးစေ့ကုမ္ပဏီမှ ထုတ်လုပ်သည့် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ မျိုးစေ့များအပါအဝင် သွင်းအားစုများ***အား ဩဘာ၏ လက်လီကိုယ်စားလှယ် ကွန်ရက်များမှတဆင့် လက်လီရောင်းချသူများထံ လျှော့ဈေးများဖြင့် ရောင်းချပေးခဲ့ပါသည် ။ ဩဘာသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဆွေးနွေးတိုင်ပင်၍ ရှားပါးပြတ်လပ်မှုကို ရှာဖွေဖော်ထုတ် ခဲ့ပြီး ပဲခူးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့တွင် ပဲတီစိမ်းမျိုးစေ့နှင့် အခြားသွင်းအားစုများနှင့် မကွေးတိုင်းဒေသကြီးတွင် နှမ်းမျိုးစေ့တို့ကို လျှော့ဈေးဖြင့် ပံ့ပိုးပေးခဲ့ပါသည်။ ဤဆောင်ရွက်မှုသည် ***အစိုးရ၏ COVID –19 စီးပွားရေးကုစားမှု အစီအစဉ် CERP ၏ ၂.၁.၇ (ခ.၁)*** တွင်ပါရှိသည့် MOALI မှ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် တနိုင်ငံလုံး စားနပ် ရိက္ခာဖူလုံစေရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများအား လုပ်ကွက်ငယ်တောင်သူများ ထံ ရောက်ရှိပံ့ပိုးပေးခြင်း (က) မျိုးစေ့ထုတ်လုပ် ခြင်းနှင့် (ခ) စိုက်ပျိုးသွင်းအားစု များအား လွယ် တကူလက်လှမ်းမီ ရယူနိုင်မှု” တို့အား ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဩဂုတ်လလယ်တွင် ရခိုင်ပြည်နယ်မှ စတင်ခဲ့ပြီး ရန်ကုန်သို့ အလျင်အမြန် ပြန့်နှံ့လာခဲ့သည့် COVID –19 ဒုတိယလှိုင်းအတွင်း MFI များ အား သက်ရောက်မှု ရှိခဲ့သည့် ချေးငွေပြန်လည်ပေးဆပ်ခြင်းများကို ကောက်ခံရာတွင် ထပ်မံ၍ အဟန့်အတား ဖြစ်စေခဲ့ရာ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့နှင့်အတူ ကိုင်တွယ်ဖြေရှင်းခဲ့ပါသည်။



## မူဝါဒရေးရာ ပံ့ပိုးမှု

LIFT နှင့် မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ကူညီရေးအသင်း (MMFA) တို့သည် ကမ္ဘာကပ် ရောဂါစတင်သည့် အချိန်မှစ၍ မူဝါဒချမှတ်သူများ၊ MFI ကဏ္ဍများ၊ အသက်မွေးဝမ်းကျောင်း မှုနှင့် စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ ကိစ္စရပ်များ နှင့် စပ်လျဉ်း၍ ဆွေးနွေး ညှိနှိုင်းခဲ့ပါသည်။

LIFT သည် ဆက်လက်၍လည်း ဗဟိုဘဏ်နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ မူဝါဒချမှတ်သူများနှင့် အောက်ပါကဏ္ဍများ တွင် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်–

- MFI များအား မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများ အဖြစ်ကြေညာခဲ့ခြင်းကြောင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများ ပြန်လည်စတင်နိုင်ခဲ့ပါသည်။ MFI များသည် မေလ (၁)ရက်နေ့တွင် လုပ်ငန်းလည်ပတ်ဆောင်ရွက် မှုများအား ပြန်လည် လုပ်ကိုင်ခဲ့ပါသည်။
- လက်တွေ့ကျသည့် အချိန်ဇယားများအတွင်း၌ MFI များမှ အရင်းအနှီးဖြည့်သွင်းခြင်းများအား လက်လှမ်းမီ ရယူနိုင်ရန် လုပ်ဆောင်စေခြင်း
- တုံ့ပြန်ကာကွယ်မှုများအား ညှိနှိုင်းဆောင်ရွက်ရန်အတွက် အဓိကကျင်းပမည့် ဆွေးနွေးပွဲများ (ဖိုရမ်များ) ဖော်ဆောင်ခြင်းနှင့် တွန်းအားပေးခြင်း
- အခြေအနေများနှင့် လိုက်လျောညီထွေရှိအောင် ပြင်ဆင်ထားသည့် ချေးငွေဝန်ဆောင်မှုများအား အတည်ပြု ခြင်း
- သီးနှံအစီအစဉ်ရေးဆွဲသည့် အဓိကလဖြစ်သည့် မေလအတွင်း စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်အတွက် မုတ်သုန်ရာသီ ငွေကြေးထောက်ပံ့မှု များ ရယူခြင်း
- အာမခံမထားသော/ အာမခံထက်ချေးငွေတန်ဖိုးမြင့်သော ချေးငွေများအတွက် အတိုးနှုန်းအား ၁၄.၅% သို့ လျှော့ချမည့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ညွှန်ကြားချက်အား ရုပ်သိမ်းခြင်းနှင့် MFI များထံ ချေးငွေပေးသည့် နိုင်ငံတကာ ချေးငွေများ အတွက် ယခင် နှုန်းထား ၁၆%သို့ ခွင့်ပြုပေးခြင်း

- အသေးစားငွေရေးကြေးရေးလုပ်ငန်းများထံ ချေးပေးသည့် နိုင်ငံတကာချေးငွေများအတွက် Fast track လုပ်ငန်းစဉ်အား (၃)လ (သို့) ၎င်းထက်ပိုကြာသည့် အချိန် မဟုတ်တော့ဘဲ (၂)ပတ်အတွင်း ပြီးစီးအောင် ဆောင်ရွက်စေခြင်း
- MFI များအား ၎င်းတို့၏ ငွေချေးခြင်းများကို တိုးမြှင့်ရန်အတွက် ခွင့်ပြုပေးရန် MFI များ၏ အကြွေးနှင့် ပိုင်ဆိုင်မှု အချိုးအား ၄:၁ မှ ၅:၁ သို့တိုးမြှင့်ခြင်း
- လက်ရှိချေးငွေနေမှုကို တိုးမြှင့်ရန်အတွက် လိုအပ်သည့် ငွေဖြစ်လွယ်မှု အချိုးအား ၂၅% မှ ၂၀% သို့ ဖြေလျှော့ ပေးလိုက်ခြင်း
- ချေးငွေအမျိုးအစား ခွဲခြားသတ်မှတ်ခြင်းများအား အလွယ်တကူနားလည်အောင်ရှင်းလင်းခြင်း

ရလဒ်အနေဖြင့် ဧပြီလ(၂၇)ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည့် COVID –19 စီးပွားရေး ထိခိုက်မှုသက်သာရေးစီမံချက် (CERP) တွင် အသေး စား ငွေရေး ကြေးရေး လုပ်ငန်းများ အတွက် အစိုးရအသုံးစရိတ်များမှ ကုန်ကျစရိတ်နည်းပါး သည့် ရန်ပုံငွေများအား လက်လှမ်းမီရယူနိုင်ရန် အလေးထား ဆောင်ရွက်မှုများ ပါဝင်ခဲ့ပါသည်။ ယင်းအား CERP အောက်ရှိ ၂.၃.၁ (က) တွင် “လက်ရှိတွင် ကြန့်ကြာမှုများ ကြုံတွေ့နေ ရသော ကောင်းမွန်သော ဂုဏ်သတင်းရှိသည့် ပုဂ္ဂလိက ပိုင် လုပ်ငန်းကြီးများ၏ ရင်းနှီးမြှုပ်နှံမှုများအား ပွင့်လင်းမြင်သာစွာနှင့် မြန်ဆန်စွာ ခွင့်ပြုနိုင်ရေး လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်ရန်” ဟူ ၍ ထည့်သွင်းခဲ့ပါသည်”။

ယင်းကိစ္စရပ်သည် MFI များအတွက် အရေးပါလှသည်။ အကြောင်းမှာ မုတ်သုန်ရာသီ ကျေးလက်စီးပွားရေးကာလအတွင်း ချေးငွေများ အချိန်မီထုတ်ပေးရန် ဖြစ်သည်။ အစိုးရသည် မေလတွင် COVID –19 ကာလအတွင်း မရှိမဖြစ် လိုအပ်သော စီးပွားရေးလုပ်ငန်းများနှင့် COVID –19 ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး လမ်းညွှန်ချက် များဆိုင်ရာ ကြေညာချက်များအား ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ အစီအမံများအား လေးစားလိုက်နာ ဆောင်ရွက်ပြီး ပုံမှန် လုပ်ငန်းလည်ပတ်ဆောင်ရွက်ရန်အတွက် MFI များကို ခွင့်ပြုပေးခဲ့ပါ သည်။ ယင်း တိုးတက်ဖြစ်ထွန်းမှုများသည် LIFT နှင့် မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများ ကူညီရေးအသင်းတို့၏ အားပေးထောက်ခံမှုနှင့် မူဝါဒဆိုင်ရာ ထောက်ခံ အကြံပြု

ချက်များနှင့် အညီဖြစ်ခဲ့ပါသည်။

COVID –19 ကာကွယ်တားဆီးရေးဆိုင်ရာ အစီအမံများအရ အသေးစားငွေကြေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း ထိန်းသိမ်းရေး အာဏာပိုင်ထံမှ အတည်ပြုချက် ရယူသည့် လုပ်ငန်းစဉ်အား ရပ်ဆိုင်းခဲ့ပါသည်။ UNCDF ၏ မိတ်ဖက်အဖွဲ့ အစည်းများမှ အဖွဲ့အစည်းတစ်ခုဖြစ်သည့် MIFIDA သည် ကချင်ပြည်နယ်သို့ လုပ်ငန်းတိုးချဲ့ရန်အတွက် ခွင့်ပြုချက်ကို စောင့်ဆိုင်းလျက် ရှိပါသည်။ UNCDF အနေဖြင့် ကချင်ပြည်နယ်တွင် လုပ်ငန်းတိုးချဲ့ခြင်း အား အမြန်ပြီးမြောက် စေရန်အတွက် ငွေရေး ကြေးရေး ကြီးကြပ် စစ်ဆေးရေးဦးစီးဌာနထံ အသိပေးအရေးဆိုရန် ဆက်လက်ဆောင်ရွက်ပြီး ကြိုတင် ပြင်ဆင်မှုများကိုလည်း ဆောင်ရွက်နေရာ ခွင့်ပြုချက်အားရယူနိုင်သည် နှင့် တပြိုင်နက် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများ လျင်မြန်စွာ စတင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

LIFT က ကူညီပံ့ပိုးပေးသည့် MFI များသည် ၎င်းတို့၏ သက်ဆိုင်ရာ ဒေသများတွင် အစိုးရ ဌာနများနှင့် နီးကပ်စွာ လုပ်ကိုင် ဆောင်ရွက်ခဲ့ ပါသည် ။ ဥပမာ– ကရင်ပြည်နယ်ရှိ BRAC MFI သည် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်းဆောင် ရွက်ခဲ့ပြီး ဘားအံ မြို့နယ်တွင် COVID –19 ကာ ကွယ်တားဆီးသည့် ပစ္စည်းများအား အခြား အစိုး ရ ဌာနများ၊ အထွေထွေ ရောဂါကုဆေးရုံ၊ ဒေသန္တရကြက်ခြေနီနှင့် အသွားအလာကန့်သတ်စောင့်ကြည့်ရာ နေရာများထံ ဖြန့်ဝေ ပေးခဲ့ကာ လက်ဆေးသည့် နည်းစနစ်များ၊ နေ့စဉ်ဘဝတွင် ခပ်ခွာခွာနေခြင်းနှင့် တစ်ကိုယ်ရေကာကွယ်ရေး ပစ္စည်းကိရိယာများအား မှန်ကန်စွာ အသုံးပြုခြင်းကဲ့ သို့သော ကာကွယ်စောင့်ရှောက် အသိပညာပေးသည့် လုပ်ငန်းများအား ဆောင်ရွက်ခဲ့ပါသည်။

MFI များသည် အသေးစားငွေရေးကြေးရေးဆိုင်ရာ အသင်းအဖွဲ့များမှ တဆင့် COVID –19 နှင့် ဆက် နွယ် နေသည့် မူဝါဒ ရေး ရာ ပြန်လည်သုံးသပ်မှုများ တွင် တက်ကြွစွာပါဝင် ဆောင်ရွက်ခဲ့ကြပြီး ရောဂါကူးစက်မှု ကာကွယ် တားဆီးသည့် အစီအမံ များအား အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အစိုးရအား ကူညီပံ့ပိုးပေးခဲ့ ပါသည်။ MFI များသည် COVID –19 ကာကွယ်တားဆီးရေး ဆိုင်ရာ အစိုးရ၏ ညွှန်ကြားချက်၊ မူဝါဒနှင့် လမ်း ညွှန်ချက်များအား လိုက်နာ၍ ဝန်ထမ်းအလှည့်ကျ အစီအစဉ်များ၊ နှာခေါင်းစည်းများ ဝတ်ဆင်ခြင်း၊ မကြာခဏလက်ဆေးခြင်းနှင့် ခန္ဓာကိုယ်အပူချိန် စစ်ဆေးခြင်းများ အပါအဝင် ဌာနဆိုင်ရာ လမ်း ညွှန်ချက်များကို ရေးဆွဲအကောင်အထည် ဖော်ခဲ့ပါသည်။

ရိုးမဘဏ်၏ မိတ်ဖက် အဖွဲ့အစည်းများသည် ကျေးလက်ကျေးရွာများတွင် လက်ရှိဝန်ဆောင်မှုရယူ နေသူများ အတွက် ပိုမိုသေးငယ်သည့် အုပ်စု များခွဲခြင်း ၊ တဦးနှင့်တဦး ခပ်ခွာခွာနေခြင်း၊ နှာခေါင်းစည်း/ မျက်နှာကာ များအား အသုံးပြုခြင်းကဲ့သို့သော လိုအပ်သည့် ကြိုတင်ကာကွယ်မှုများအား ဇူလိုင်လတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ကမ္ဘာကပ် ရောဂါကာလအတွင်း ဘေးကင်းလုံခြုံစွာ နေထိုင်ရမည့်အချက်များနှင့် ပတ်သက်၍ ရပ်ရွာလူထုအသိပညာခြင်းများ ဆောင်ရွက်ခဲ့သည်။ ရိုးမဘဏ် သည် ဝန်ဆောင်မှု ရယူသူ များ အား လူကိုယ်တိုင် တွေ့ဆုံရန်မလိုဘဲ အလုံးစုံ ဒီဂျစ်တယ် နည်းစနစ် အသုံးပြု၍ ဆောင်ရွက်နိုင်ရန် ဗဟိုဘဏ် နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

# ပြန်လည်သုံးသပ်ခြင်းနှင့် လေ့လာသင်ယူခြင်း

## ဒီဂျစ်တယ်နည်းပညာအသုံးပြုခြင်းသည် MFI များအတွက် အနာဂတ်ဖြစ်ပါသည်။

ကျေးလက် ဒေသ နှင့် ဝေးလံခေါင်ဖျားနေရာများ ရှိ လူမှုအသိုင်းအဝိုင်းများထံ လွယ်ကူ ပြီး လုံခြုံ စိတ်ချစွာရောက် ရှိရန်၊ လုပ်ငန်း လည် ပတ်သည့် စရိတ်များလျှော့ချရန်နှင့် အဝေးမှနေ၍ စောင့် ကြည့် စစ်ဆေးခြင်းပြုလုပ်နိုင်ရန်တို့အတွက် ဒီ ဂျစ်တယ် မဟာဗျူဟာသည် အလွန်အရေးပါ သည့် လိုအပ်ချက် တစ်ရပ်ဖြစ် ဖြစ်ကြောင်း ကမ္ဘာ ကပ်ရောဂါ မှ ပြသခဲ့သည်။ LIFT သည် ရိုးမဘဏ် နှင့်အတူ ဒီဂျစ်တယ် ငွေရေးကြေးရေး ဆိုင်ရာ ဝန်ဆောင်မှု များအား ၂၀၁၈ ခုနှစ်မှ စတင်၍ ရှေ့ပြေး စမ်းသပ်ဆောင်ရွက် နေပြီး လက်ရှိဝန် ဆောင်မှုရယူနေသူများအား ဗဟိုဘဏ်၏ ခွင့်ပြု ချက်ဖြင့် ဒီဂျစ်တယ်နည်းပညာ အသုံးပြုခြင်းကို စတင်မိတ်ဆက်ပေးခဲ့သည်။ လက်ရှိအချိန်တွင် LIFT၏ နိုင်ငံတကာ MFI (၃) ဖွဲ့သည်သာ ၎င်း တို့ ၏ လုပ်ငန်း လည်ပတ်ဆောင်ရွက်မှု၏ အစိတ် အပိုင်းများအဖြစ် ဒီဂျစ်တယ် ပလက်ဖောင်းများ အား အသုံးပြုနေပါသည်။ မြန်မာနိုင်ငံ ၏ အသေး စား ငွေရေးကြေးရေး ကဏ္ဍတွင် ဒီဂျစ်တယ် ပလက်ဖောင်းများအတွက်အကောင်အထည်ဖော် ရန်အတွက် ရင်းနှီးမြှုပ်နှံမှုများ ထပ်မံ၍ လိုအပ် မည် ဖြစ်ပါသည်။

မြန်မာသြဘာသည် ကမ္ဘာကပ်ရောဂါကျရောက် နေသည့် ကာလအတွင်း စိန်ခေါ်မှုများ အား တုံ့ပြန်ဖြေရှင်းရန်အတွက် ကြွေးမြီဆုံးရှုံးနိုင်ချေ စီမံခန့်ခွဲခြင်း ဆိုင်ရာ ကောင်းမွန်သည့်လုပ်ထုံး လုပ်နည်းများနှင့် စနစ်များအပါအဝင် ၎င်းတို့၏ လုပ်ငန်းလည်ပတ်သည့် ပုံစံ၌ဒီဂျစ်တယ် နည်း ပညာ အပြည့်အဝ အသုံးပြု ဆောင်ရွက်ရန် အတွက် ရှေ့ပြေးစမ်းသပ်မှုပြုလုပ်နေပါသည်။ ကြုံတွေ့ခဲ့သည့် စိန်ခေါ်မှုများအား တုံ့ပြန် ကာ ကွယ်ရာတွင် VisionFund Myanmar သည် ကမ္ဘာကပ်ရောဂါ ကျရောက်နေသည့် ကာလ အတွင်း ရခိုင်ပြည်နယ်ရှိ ဝန်ဆောင်မှုရယူသူများ ထံ ရောက်ရှိမှုရန်အတွက် စိန်ခေါ်မှုများကို ကြုံတွေ့ခဲ့ရာ ၎င်း၏ကွင်းဆင်း ဆောင်ရွက်သည့် အက်ပလီကေးရှင်း (Digital Field App) ၊(Cloud–based) အဓိက အသုံးပြုသည့် ဘဏ်လုပ်ငန်း စနစ်အပါအဝင် ဆန်းသစ်တီထွင် ထားသည့် ဒီ ဂျစ်တယ်နည်းလမ်း များအား အသုံးပြုခဲ့သည်။ ထိုမှတဆင့် ကွင်းဆင်းဆောင်ရွက်သည့် ဝန်ထမ်း များအား အဝေးမှ စောင့်ကြည့် စစ်ဆေးကာ ကူညီထောက်ပံ့လျက်ရှိပါသည်။ ရခိုင်ပြည်နယ်ရှိ အားနည်းထိခိုက်လွယ်သည့် ဝန်ဆောင်မှု ရယူနေ သူ များထံ အလျင်အမြန် ရောက်ရှိနိုင်ရန်အတွက် အရေးပါသည့် ဒီဂျစ်တယ် မဟာဗျူဟာ အကောင်အထည်ဖော်ခြင်းကို လုပ်ဆောင်ခဲ့ ပါသည်။ VisionFund မှလည်း ရန်ကုန်မြို့တွင် ချေးငွေပြန် လည်ပေးဆပ်ခြင်း များအား MPT Money မှ တဆင့် ပေးဆပ်ခြင်းအတွက် ရှေ့ပြေး စမ်းသပ်မှုများ စတင် လုပ်ဆောင်ခဲ့ပါသည်။ ရှေ့ပြေးစမ်း သပ်မှုမှ ဝန်ဆောင်မှုရယူသုံးစွဲသူ ၄၆၅ ဦးသည် MPT Money မှတဆင့် ၎င်းတို့၏ ချေးငွေ ပြန်ဆပ်မှုများအား အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး အဆိုပါ ဝန်ဆောင်မှု ရယူ သုံးစွဲသူများ၏ ၈၀% မှာ အပြုသဘောဆောင် သည့် အတွေ့အကြုံရှိခဲ့ သည်ဟု အစီရင်ခံတင်ပြ ခဲ့ပါသည်။ ဝန်ဆောင်မှုရ ယူ အသုံးပြုသူများ၏ ၆၀%သည် Mobile Money အသုံးပြုခြင်းမှာ ၎င်း တို့အတွက် ပထမဆုံးအတွေ့ အကြုံဖြစ်ရာ ဝန်ဆောင်မှုရယူ သုံးစွဲသူများထံ ဒီဂျစ်တယ် ငွေရေးကြေးရေးအား မိတ်ဆက်ပေး ခြင်းအတွက် အလားအလာကောင်းကို ပြသနေ ပါသည်။ သြဘာမျိုးစေ့ စီမံကိန်း၏ FarmForce® [၆] ဆော့ဖ် ဝဲအား တောင်ယာရှိသည့် နေရာ၏ အမည်၊ တည်နေရာနှင့် တွဲကာ သတင်းအချက် အလက် များ မှတ်သားခြင်း (geotag) တို့အား သိမ်းဆည်း ထားရန်၊ ရာသီအလိုက်သီးနှံများ အတွက် စိုက်ပျိုးရေးဆိုင်ရာ စည်းရုံးဆွေးနွေးမှု များ

၆။ ၂၀၁၂ ခုနှစ်တွင် ကင်ညာနိုင်ငံ နိုင်ရိုဘီ၌ စတင်အသုံးပြုခဲ့ သည့် Farmforce သည် ၎င်းတို့၏ ထုတ်ကုန်များသည် မည်သည့် နေရာမှ စတင်ခဲ့သည်နှင့် မည်ကဲ့သို့ စိုက်ပျိုးခဲ့ သည်တို့အား နားလည်သဘောပေါက်စေရန်ပြည်တွင်း နှင့် ကမ္ဘာ့ စိုက်ပျိုး စီးပွားရေးလုပ်ငန်းများအား ကူညီထောက်ပံ့ ပေးပါသည်။ Farmforce သည် စိုက်ပျိုးရေးဆိုင်ရာ “ပထမတစ်မိုင်” အတွက် ဒီဂျစ်တယ်နည်းစနစ် အတိအကျအားဖြင့် လုပ်ကွက်ငယ် တောင်သူများ စိုက်ပျိုးသည့် အစီအစဉ် စီမံခန့်ခွဲရန် အတွက် တိုး ချဲ့ရန်အတွက် (cloud) စနစ် အခြေခံ သည့် မိုဘိုင်းလ် ပလက်ဖောင်း တစ်ခု ဖြစ်ပါသည်။

အကောင်အထည် ဖော်ရန်၊ တောင်ယာ လုပ်ငန်းများအား ခြေရာကောက်ရန်၊ ကုန်ပစ္စည်း စာရင်းအား စီမံခန့်ခွဲရန်နှင့် မျိုးစေ့အသုတ်လိုက် အားသယ်ယူပို့ဆောင်စဉ်နှင့် သိုလှောင်သိမ်း ဆည်းထားစဉ်တို့၌ စောင့်ကြည့်ရန် တို့အတွက် အသုံးပြုလျက်ရှိပါသည်။ COVID –19 ကပ်ရောဂါ ကျရောက်နေသည့် ကာလအတွင်း FarmForceR အသုံးပြုခြင်းဖြင့် မြေပြင်၌ လုပ်ဆောင်နေ သည့် လုပ်ငန်း များကို ရန်ကုန်အခြေစိုက်အဖွဲ့မှ ကြည့်စစ်ဆေးနိုင်ခဲ့ပြီး အလွန်အသုံးဝင်ကြောင်း သက်သေပြခဲ့ပါသည်။

မတ်လနှင့် ဇူလိုင်လအတွင်း ပြုလုပ်ခဲ့သည့် LIFT ၏ MFI များအတွက် ရင်းနှီးမြှုပ်နှံမှုများ ဖော်ဆောင်ပေးခြင်း အစီအစဉ် ဆန်းစစ်အကဲဖြတ်ခြင်း တွင် COVID –19 ကမ္ဘာကပ်ရောဂါသည် ကျေးလက်ဒေသနှင့် ဝေးလံခေါင်ဖျား ဒေသများသို့ ရောက်ရှိရန် ဒီဂျစ်တယ် နည်းပညာ အသုံးပြုရေးအတွက် အသေးစား ငွေရေးကြေးရေး ကဏ္ဍ၏ ရေရှည် မဟာဗျူဟာများအား အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ကြောင်း ဖော်ပြခဲ့ပါသည်။ အထူးသဖြင့် ကျေးလက်အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများသည် ကမ္ဘာကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် ၎င်းတို့၏ အကျဘက် သို့ရောက်နေသည့် စီးပွားရေးများ ပြန်လည်ကောင်းမွန်လာစေရန် ငွေရေးကြေးရေး ဝန်ဆောင်မှု များလိုအပ်လာမည့် အချိန်တွင်၎င်းတို့၏ လက်ရှိ ရွေးချယ်စရာရှိသည် များတွင် ထပ်မံထည့်သွင်းရန် ဖြစ်သည်။ ထို့ပြင် အနာဂတ်တွင် ဖြေးဖြေး နှင့် မှန်မှန် တိုးတက်လာ မှုအား ထိန်းသိမ်း ထားရန် တို့အတွက် မြန်မာ နိုင်ငံရှိ MFI များသည် ရေရှည်တည်တံ့မည့် အရင်းအနှီးရရှိမှုများ အလျင်အမြန် လိုအပ်သည် ကို အကြံပြု ထောက်ခံတင်ပြခဲ့ပါသည်။ ၂၀၂၁ ခုနှစ်တနှစ်တည်း အတွက် ဤကဏ္ဍတွင် ခန့်မှန်းချေ ငွေကြေးထောက်ပံ့မှုအတွက် လိုအပ်သည်မှာ ကန်ဒေါ်လာ ၄၇၀.၉သန်း[၇] ဖြစ်ပါသည်။ ဤကဏ္ဍအတွင်း အနာဂတ်တွင် လိုအပ်သည့် ရန်ပုံငွေ ထောက်ပံ့မှုအား ထောက်ပံ့မှုအသစ်နှင့် လက်ရှိ အကြွေးအား သက်တမ်းတိုးပေးခြင်း/ ငွေကြေးအားဖြင့် ပြန်လည် ထောက်ပံ့ခြင်း ဟူ၍ အပိုင်း (၂)ရပ် ခွဲခြားထားပါသည်။ ၂၀၂၀ ခုနှစ် မတ်လ မှ ၂၀၂၁ ခုနှစ်မတ်လ အတွက် ရန်ပုံငွေထောက်ပံ့မှုအသစ်အနေဖြင့် ကန်ဒေါ်လာ ၃၀၈.၅ သန်းရရှိရန် မျှော်မှန်းထားပြီး MFIကဏ္ဍရှိ ခန့်မှန်းချေ လိုအပ်ချက်များ၏ ၆၆% ကို ကိုယ်စားပြုမည် ဖြစ်ပါသည်။ (၃)နှစ် အတွက် ပျမ်းမျှချေးငွေအနေ အထားအား ထည့်သွင်းသုံးသပ်ပါက နှစ်စဉ် ပြန်လည်ပေးဆပ်ရန် ကျန်နေသည့် ကြွေးအား သက်တမ်းတိုးရန်မှာ လက်ရှိရှိနေသည့် အကြွေး၏ သုံးပုံတစ်ပုံနှင့် ညီမျှသည်ဟု ခန့်မှန်းထားရာ ၂၀၂၀ ခုနှစ် မတ်လမှ ၂၀၂၁ ခုနှစ်မတ်လ အတွက် ကန်ဒေါ်လာ ၁၆၂.၄ သန်းပမာဏ အထိရှိပါသည်။ လေ့လာမှုအရ ကနဦးတွင် ငွေထုတ်ချေးပေးသည့် အဖွဲ့များမှ ငွေချေးသူတစ်ဦးအတွက် ကာလတိုတွက်ချေကိုက်စေရန် အနည်းဆုံး ငွေပမာဏ ထုတ်ချေးပေးပြီး အချိန်ကာလ တစ်ခုသို့ ရောက်သည့်အခါ ငွေချေးသူ အများအပြားထံ သို့ ချေးပေးခြင်း ဖြစ်လာစေရန်မှာ MFI ရန်ပုံငွေ ထောက်ပံ့မှုအတွက် အခြားရွေးချယ်စရာတခု အနေဖြင့် စုစည်းထားသည့် ချေးငွေ တည်ဆောက်ပုံအား စဉ်းစားရန် အကြံပြုထားပါသည်။

စည်းမျဉ်းစည်းကမ်းကြီးကြပ်သူများမှ အာဏာပိုင်များထံသို့ ဆက်သွယ်ဆောင်ရွက်မှုများသည် ရှင်းလင်းပြတ်သားရမည် ဖြစ်ပါသည်။ MFI များသည် ဝန်ဆောင်မှု ရယူသုံးစွဲသူများထံ ချေးငွေ ပြန်လည်ပေးဆပ်မှုများနှင့် ထုတ်ချေးမှုများ အပေါ် စည်းမျဉ်း စည်းကမ်း ထိန်းသိမ်းသူများနှင့် ဒေသ ဆိုင်ရာ အာဏာပိုင်များအကြား အမိန့်နှင့် ညွှန် ကြားချက် ထုတ်ပြန်ခြင်းများမှာ တသမတ်တည်း မဟုတ်သောကြောင့် အခက်အခဲများ ဖြစ်ခဲ့သည် ဟု တင်ပြခဲ့ပါသည်။ ဧပြီလ COVID –19 ပထမ လှိုင်းကာလအတွင်း ပဲခူး၊ မန္တလေး၊ စစ်ကိုင်းနှင့် မကွေးရှိ MFI များသည် တိုင်းဒေသကြီး အမိန့် ကြေညာချက် များနှင့် ပြည်ထောင်စု အဆင့် လမ်းညွှန်မှုများအကြား ကွဲပြားနေသည့်အတွက် ကြောင့် စိန်ခေါ်မှုများကို ထပ်ဆင့်ကြုံတွေ့ခဲ့ကြ ရပါသည်။

---

၇။ အမေရိကန်ဒေါ်လာ/ မြန်မာကျပ်တန်ဖိုးကို မြန်မာကျပ် ငွေ ၁,၄၁၀လျှင် အမေရိကန် (၁) ဒေါ်လာဟု ယူဆခဲ့ပြီး ရေးသားဖော်ပြမှုများအတွက် တသမတ်တည်းနှုန်းထားဖြင့် ဖော်ပြခဲ့ပါသည်။

## ဒေါ်မွေးမွေးသည် COVID-19 ကပ်ရောဂါ ကျရောက်နေသည့် ကာလအတွင်း သူမ၏ စီးပွားရေးလုပ်ငန်းလည်ပတ်မှုကို ပုံစံ ပြောင်းလဲလိုက်ပါသည်။




ဒေါ်မွေးမွေးသည် တစ်ဦးတည်း ရပ်တည်နေသည့် မိခင်တစ်ဦးဖြစ်ကာ ကိုးနှစ်အရွယ်သမီးငယ်နှင့်အတူ ကလေးသူငယ် (၁၁)ဦးကို ကျွေးမွေးစောင့်ရှောက်ထားပါသည်။ သူမသည် အသက် ၆၉ နှစ်အရွယ် ဖခင်အား ကြည့်ရှု စောင့်ရှောက်နေသူ ဖြစ် ပြီး အသားအရည် ထိန်းသိမ်းသည့် ပစ္စည်းများ ဖြန့်ချီသည့် စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်နေသူ တစ်ဦးလည်း ဖြစ်ပါသည်။ သူမသည် မော်လမြိုင်ရှိ VisionFund မြန်မာ၏ အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှုအား ရယူ အသုံးပြုနေသူ တစ်ဦးဖြစ်ပါသည်။ သူမ၏ စီးပွားရေးလုပ်ငန်းအား ၂၀၁၇ ခုနှစ်တွင် စတင်ခဲ့ပြီး VisionFundထံမှ ချေးငွေ (၃)ခုကို ရယူခဲ့ပါသည်။ VisionFund သည် မမွေးမွေးအား စီးပွားရေးဆိုင်ရာတွင် လမ်းညွှန်ပြပေးခဲ့သည်။ မမွေးမွေး၏ စီးပွားရေးလုပ်ငန်းမှာ တစတစ်ဖြင့် တိုးတက်ခဲ့သည်။ သူမ၏ လက်ရှိ ချေးငွေမှာ ကန်ဒေါ်လာ ၇,၂၃၀ ဖြစ်ပါသည်။ COVID-19 ကမ္ဘာ့ကပ် ရောဂါ ကျရောက်နေသည့်ကာလအတွင်း သူမ ကုန်ပစ္စည်းများ၏ ဝယ်လိုအားမှာ သိသိသာသာ ကျဆင်းခဲ့ပါသည်။ သူမ၏ အလှကုန်ပစ္စည်းလစဉ် အရောင်းမှာ ၃၀ % ကျဆင်းခဲ့ပြီး စီးပွားရေးလုပ်ငန်း တိုးချဲ့ ရန် သူမ၏ အစီအစဉ်အား ဆိုင်းငံ့ထားခဲ့ရပါသည်။

ထို့အတွက်ကြောင့် ဒေါ်မွေးမွေးသည် တရုတ်ပြည် ရှိ အဆက်အသွယ် ထံ မှ N-95 နှင့် သုံးလွှာ နှာခေါင်းစည်းများ မှာယူပြီး သူမ စီးပွားရေး လုပ်ငန်း၏ ဦးတည်သည့်ပုံစံအား လျင်မြန်စွာ ပြောင်းလဲခဲ့ပါသည်။ ယခုအခါတွင် နေ့စဉ် နှာခေါင်းစည်း အရောင်းမှာ ကန်ဒေါ်လာ (၇၀)ကျော် ရှိပါသည်။ ကုန်ထုတ်လုပ်သူများနှင့် တိုက်ရိုက်ချိတ်ဆက်နိုင်ရန် စူးစမ်းလျက် ရှိပါသည်။ သို့မှသာ ဝယ်ယူသည့် ဈေးနှုန်းအား လျှော့ချနိုင်မည်ဖြစ်ပြီး သူမအတွက် အမြတ်အစွန်း ပိုမို ရရှိနိုင်မည် ဖြစ်သည်။

***သူမ စီးပွားရေး လုပ်ငန်း၏ ဦးတည်သည့်ပုံစံအား လျင်မြန်စွာ ပြောင်းလဲခဲ့ပါသည်။ ယခုအခါတွင် နေ့စဉ် နှာခေါင်းစည်း အရောင်းမှာ ကန်ဒေါ်လာ (၇၀)ကျော် ရှိပါသည်။***

## ၂၀၂၀ ခုနှစ် မတ်လမှ စက်တင်ဘာလအထိ အသေးစားငွေရေးကြေးရေး ကဏ္ဍနှင့် ဆက်နွယ်နေသည့် အစိုးရ၏ ညွှန်ကြားချက်များနှင့် အမိန့်များ

| | | |
|---|---|---|
| ၂၀၂၀ ခုနှစ်၊ မတ်လ (၁၂)ရက် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် ( ညွှန်ကြားချက်အမှတ် ၁/၂၀၂၀) | မြန်မာနိုင်ငံတော် ဗဟိုဘဏ် (CBM) သည် ချေးငွေများအပေါ် တောင်းခံနိုင်သည့် အတိုးနှုန်းအား လျှော့ချခြင်း |
| ၂၀၂၀ ခုနှစ်၊ ဧပြီလ (၆)ရက် | အသေးစားငွေရေးကြေးရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီ ( ညွှန်ကြားချက်အမှတ် ၂/၂၀၂၀) | COVID-19 ကပ်ရောဂါ ကာလအတွင်း အသေးစား ငွေရေး ကြေးရေး လုပ်ငန်းများမှ လိုက်နာ ဆောင်ရွက် ရန်အချက်များ |
| ၂၀၂၀ ခုနှစ်၊ ဧပြီလ (၉)ရက် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် ( ညွှန်ကြားချက်အမှတ် ၇/၂၀၂၀) | ငွေကြေးလွယ်ကူမှုအချိုး တွက်ချက်သည့် ပုံစံအား ယာယီ ပြင်ဆင် သတ်မှတ်ခြင်း။ |
| ၂၀၂၀ ခုနှစ်၊ ဧပြီလ (၂၇)ရက် | ပြည်ထောင်စုအစိုးရအဖွဲ့ | COVID-19 စီးပွားရေး ထိခိုက်မှု သက်သာရေး စီမံချက် (ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ) |
| ၂၀၂၀ ခုနှစ်၊ ဧပြီလ (၂၈)ရက် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် ( ညွှန်ကြားချက်အမှတ် ၈/၂၀၂၀) | အတိုးနှုန်းအား အနိမ့်ဆုံး (၅%)အထိ လျှော့ချခြင်း (မြန်မာကျပ်ငွေအပ်နှံမှု)၊ အမြင့်ဆုံး ၁၀% (အာမခံပစ္စည်းဖြင့် မြန်မာကျပ်ငွေဖြင့် ချေးသည့် ချေးငွေများ)၊ အမြင့်ဆုံး ၁၄% (အာမခံ ပစ္စည်းရယူခြင်းမပြုဘဲ/ အာမခံထက် ချေးငွေ တန်ဖိုး မြင့်မားသော မြန်မာကျပ်ဖြင့် ထုတ်ချေးသည့် ချေးငွေများ) |
| ၂၀၂၀ ခုနှစ်၊ ဧပြီလ (၂၉)ရက် | အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ | ချေးငွေအတန်းအစား ခွဲခြားခြင်းနှင့် ချေးငွေဆုံးရှုံးမှု လျာထား ချက် (၁% အထိ လျှော့ပေးခြင်း)ကို ကျင့်သုံးရန် ထုတ်ပြန် သည့်စာ |
| ၂၀၂၀ ခုနှစ်၊ မေလ (၃)ရက် | အလုပ်သမားလူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန | ကိုဗစ်ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း ငွေရေးကြေးရေး ဆိုင်ရာ ဝန်ဆောင်မှုများ အပါအဝင် ဆက်လက် လုပ်ငန်း လည်ပတ်ရန် လိုအပ်သည့် စီးပွားရေးလုပ်ငန်း (၂၁)ခုအား အစိုးရမှ ကြေညာခြင်း |
| ၂၀၂၀ ခုနှစ်၊ မေလ (၇)ရက် | အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ (MBSC) | အသေးစား ငွေရေးကြေးရေးကုမ္ပဏီများနှင့် အာမခံ ကုမ္ပဏီ များအား COVID-19 ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း လမ်းညွှန်ချက်များနှင့် ညွှန်ကြားချက်များအား လိုက်နာ ဆောင်ရွက်ရန် FRD မှ ညွှန်ကြားခြင်း |
| ၂၀၂၀ ခုနှစ်၊ မေလ (၉)ရက်နေ့ ဝန်းကျင် | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု ဝန်ကြီးဌာန | လယ်သမားများအတွက် လျှော့ပေါ့သည့် အတိုးနှုန်းဖြင့် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ၂၀၁၉ ခုနှစ် ချေးငွေများအတွက် ပြန်လည် ပေးဆပ်ရမည့် နောက်ဆုံးရက်အား တိုးပေးခြင်း |
| ၂၀၂၀ ခုနှစ်၊ ဇွန်လ (၁၄)ရက် | အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ (၂/၂၀၂၀-၄) | FRD မှ အသေးစားငွေရေးကြေးရေး ကုမ္ပဏီများအား ချေးငွေ ကောက်ခံခြင်းအား လျှော့ပေါ့ရန် ညွှန်ကြားခြင်း။ |
| ၂၀၂၀ ခုနှစ်၊ ဇွန်လ (၁၉)ရက် | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု ဝန်ကြီးဌာန | COVID-19ကုစားမှုချေးငွေ (လယ်သမားများအတွက် မိုးစပါး အတွက် ထပ်ဆောင်းချေးငွေ တဧကလျှင် ၅၀,၀၀၀ ကျပ်) ထုတ်ချေးပေးခြင်း |
| ၂၀၂၀ ခုနှစ်၊ ဇွန်လ (၂၃)ရက် | အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ ( ညွှန်ကြားချက်အမှတ် ၃/၂၀၂၀) | အစိုးရသည် CERPမှ တဆင့် အသေးစား ငွေရေးကြေးရေး ကုမ္ပဏီ များအတွက် (၃)နှစ် စီးပွားရေးချေးငွေအား ထုတ်ချေး ပေးခြင်း |

| | | |
|---|---|---|
| ၂၀၂၀ ခုနှစ်၊ ဇွန်လ (၂၃)ရက် | အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ ( ညွှန်ကြားချက်အမှတ် ၄/၂၀၂၀) | အစိုးရသည် CERPအစီအစဉ်ဖြင့် လက်ဖက်ရည်ဆိုင်များနှင့် စားသောက် ဆိုင်များသို့ အထူးသက်သာသော အတိုးနှုန်းဖြင့် တစ်နှစ် ချေးငွေများ အား ချေးပေးသွားမည် ဖြစ်ပါသည်။ |
| ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ (၉)ရက် | ဗဟိုဘဏ် (စာအမှတ် ၁၃/၂၀၂၀) | ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများက ချေးငွေများအပေါ် အတိုးတွက်ချက်ရာ၌ လိုက်နာရမည့် အခြေခံမှုများ သတ်မှတ်ခြင်း |
| ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ (၂)ရက် | အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ (MBSC) ၏ စာ | ချေးငွေအတန်းအစားခွဲခြားခြင်းနှင့် ချေးငွေဆုံးရှုံးမှု လျာထားချက် သတ်မှတ်ချက်အား ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလအထိ (၂ လ သတ်တမ်းတိုး)သည့်စာ |
| ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (MADB) | CERP နှင့်အညီ တောင်သူများထံ အဆင်ပြေ လွယ်ကူစွာ ချေးငွေများ ထုတ်ပေးရန်အတွက် Mobile Payment အသုံးပြုနေသည့် MADB ၏ စိုက်ပျိုး စရိတ် ချေးငွေ အစီအစဉ် သည် ခရိုင်/ မြို့နယ်ရုံးခွဲ (၂၂) ခုတွင် စတင် ဆောင်ရွက်မည့် ဖြစ်ကြောင်း အသိပေးကြေညာချက် |
| ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက် | အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ (MBSC) | MBSC သည် အသေးစားငွေရေးကြေးရေး ကုမ္ပဏီများအား (ကမ္ဘာ့ကပ် ရောဂါ ကျရောက်နေသည့် ကာလအတွင်း) ချေးငွေပြန်လည် ပေးဆပ်မှုနှင့် အတိုးများအား အတင်းအကျပ် တောင်းခံခြင်း မပြုရန် ညွှန်ကြားခဲ့ပြီး ပေးဆပ်ရမည့် အချိန်ဇယားအား ပြန်လည် အစီအစဉ် ရေးဆွဲရန် တိုက်တွန်းခဲ့ ပါသည်။ |

## မိတ်ဖက်အဖွဲ့အစည်းများ၏ ထုတ်ဝေမှုများ

| | | |
|---|---|---|
| ၂၀၂၀ ခုနှစ်၊ ဧပြီလ | IFPRI ထုတ်ဝေမှု | စားနပ်ရိက္ခာဖူလုံမှု၊ ကြံ့ကြံ့ခံနိုင်စွမ်းရှိမှုနှင့် စီးပွားရေး ပြန်လည် ကောင်းမွန်လာခြင်း တို့အတွက် ကူညီပံ့ပိုးပေးရန် COVID-19 စီးပွားရေးကပ်ဆိုက်နေသည့် ကာလအတွင်း မြန်မာနိုင်ငံ၏ အသေးစား ငွေရေးကြေးရေး ကဏ္ဍအား တည်တံ့ခိုင်မြဲစေခြင်း |
| ၂၀၂၀ ခုနှစ်၊ ဇွန်လ | Early Dawn | ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19ကမ္ဘာ့ကပ်ရောဂါ ကာလ တွင် Early Dawn အသေးစား ငွေရေးကြေးရေး လုပ်ငန်းသည် ကန်ဒေါ်လာ ၇.၅ သန်းနှင့် ညီမျှသည့် ချေးငွေအား လက်ခံ ရရှိ ခဲ့ခြင်း |
| ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ (၁၅)ရက် | World Vision Myanmar | VisionFund Myanmar သည် World Vision Myanmar နှင့် ပူးပေါင်းကာ အိမ်ထောင်စု လိုအပ်ချက်ဆိုင်ရာ အလျှင်အမြန် ဆန်းစစ် အကဲဖြတ်မှု ဆောင်ရွက်ရန် လုပ်ဆောင်ခဲ့ခြင်း |
| ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက် | Early Dawn | Early Dawn အသေးစား ငွေရေးကြေးရေး လုပ်ငန်းသည် ကိုယ်ဝန်ဆောင် ထောက်ပံ့ရေး ငွေဗိုက် အစီအစဉ် တွင် ပါဝင် ဆောင်ရွက်ခဲ့ ပါသည်။ |

- ရှေ့တန်းမှ တုံ့ပြန် ကာကွယ်မှု လုပ်ငန်းများ
- လူမှုကာကွယ်စောင့်ရှောက်ရေး
- အရပ်ဘက်လူမှုအဖွဲ့အစည်း
- ရွှေ့ပြောင်းသွားလာခြင်း
- ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေခြင်း
- **စိုက်ပျိုးရေး**

COVID-19 RESPONSE

# စိုက်ပျိုးရေး

## တုံ့ပြန်ကာကွယ်မှု နှင့် အကျိုးသက်ရောက်မှု

LIFT ၏ COVID-19 နှင့် ပတ်သက်၍ စိုက်ပျိုးရေးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုတွင် အောက်ပါတို့ ပါဝင်ခဲ့ ပါသည်။

- ကျေးလက်စီးပွားရေးအပေါ် COVID-19 ၏ အကျိုးသက်ရောက်မှုအား သုတေသနပြုလုပ်ခြင်း
- ပြည်သူ့ဆောက်လုပ်ငန်း လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်စေပြီး လုပ်အားခ ပေးသည့် အစီအစဉ်
- နိုင်ငံတကာ အဖွဲ့အစည်းများမှ ငွေကြေးထောက်ပံ့မှုအတွက် ဈေးကွက် ချိတ်ဆက်မှုအား ကူညီထောက်ပံ့ပေးခြင်း

### ကျေးလက်စီးပွားရေးအပေါ် COVID-19 ၏ အကျိုးသက်ရောက်မှုအား သုတေသနပြုလုပ်ခြင်း

LIFT သည် အခြား အဖွဲ့အစည်းများနှင့် အနီးကပ် လုပ်ကိုင် ဆောင်ရွက်ခြင်းဖြင့် ကျေးလက်စီးပွားရေးနှင့် စိုက်ပျိုးရေးကဏ္ဍ အတွင်းရှိ လူများအပေါ် COVID-19 အကျိုးသက်ရောက်မှု၏ အချက်အလက်နှင့် အတွင်းသဘောထားများ ရရှိနိုင်မှုကို တိုးမြှင့်ရန်အတွက် ရည်ရွယ်ခဲ့ပါသည်။ နည်းစနစ် အားဖြင့် ခိုင်မာမှု ရှိသည့် လက်တွေ့ မျက်မြင်ကို အခြေခံသော သုတေသနသည် မဟာဗျူဟာကျသည့် မူဝါဒနှင့် ထိရောက်မှုရှိသော စီမံကိန်း လုပ်ငန်းများအား သတင်း အချက်အလက်ပေးရန်နှင့် အစိုးရ၏ COVID-19 စီးပွားရေး ထိခိုက်မှု သက်သာရေး စီမံချက် (CERP) နှင့် ပိုမို၍ ချိန်ညှိနိုင်ရန် တို့အတွက် အကူအညီ ပေးပါသည်။ အခြား ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများမှ မြန်မာနိုင်ငံတွင် အားနည်းထိခိုက် လွယ်မှု အရှိဆုံးသူများအား အကူအညီ ပေးရာတွင် ၎င်းတို့၏ ဦးစားပေးများ သတ်မှတ်ရန်နှင့် ရင်းမြစ်များအတွက် အစီအစဉ် ရေးဆွဲရန် တို့အတွက် LIFT ရန်ပုံငွေ ထောက်ပံ့ပေးခဲ့သည့် သုတေသနမှ ကူညီပံ့ပိုးပေးနိုင်မည် ဖြစ်ပါသည်။





## မြစ်ဝကျွန်းပေါ်ဒေသတွင် အလျင်အမြန် ပြုလုပ်သည့် ဈေးကွက် ဆန်းစစ် အကဲဖြတ်မှု အစီရင်ခံစာ – ဧရာဝတီ မြစ်ဝကျွန်းပေါ်ရှိ လုပ်ကွက် ငယ် တောင်သူများနှင့် စားနပ် ရိက္ခာစနစ်များအပေါ် COVID–19 ၏ အကျိုးသက်ရောက်မှုအား နားလည် သဘောပေါက်ခြင်း [၈]

၂၀၂၀ ခုနှစ်၊ ဧပြီလမှ မေလအထိ Mercy Corps (MC) နှင့် Welthungerhilfe (WHH) တို့သည် Village Link (VL) နှင့် ပူးပေါင်း၍ မြစ်ဝကျွန်း ပေါ် ဒေသတွင် စိုက်ပျိုးရေး တန်ဖိုးမြှင့် ကွင်းဆက် မှ အဓိက လုပ်ရှားဆောင်ရွက်သူများအပေါ် COVID အကျိုး သက်ရောက်မှုနှင့် ပတ်သက်၍ ပူးတွဲ ဈေးကွက် ဆန်းစစ် အကဲဖြတ်မှုအား ကောက်ယူ ခဲ့ပါသည်။ ဆန်းစစ်အကဲဖြတ်မှုအရ သွင်းအားစု များ ရှားပါး ပြတ်လပ်မှုနှင့် ဈေးနှုန်း များ ရုတ်ချည်း အပြောင်းအလဲ ဖြစ်နိုင်ချေ၊ စိုက်ပျိုးရေး ထုတ်ကုန်များ အတွက် လျော့ကျလာသည့် ဈေးကွက် အတွင်းရှိ အရောင်းဆိုင်များ အလုပ်သမား ဈေးကွက်တွင် ပြောင်းလဲမှုများနှင့် လျော့ကျလာသည့် နယ်ကျော် ကုန်သွယ်မှုတို့ကို ညွှန်ပြခဲ့ပါသည်။ ဤအချက်များ အားလုံးသည် စားနပ်ရိက္ခာ ထုတ်လုပ်မှု၊ စားနပ်ရိက္ခာနှင့် အာဟာရ ဖူလုံမှုတို့သာမက ဝင်ငွေများအပေါ် တွင် လည်း သက်ရောက် နိုင်မည် ဖြစ်ပါသည်။ အဆိုပါ သက်ရောက်မှုအား လျှော့ချရန်အတွက် အား နည်းထိခိုက် လွယ်ဆုံးသူများအတွက် ရည်ရွယ် သည့် ငွေကြေးထောက်ပံ့မှုများသည် ဧရာဝတီ မြစ်ဝကျွန်းပေါ် ဒေသနှင့် မြန်မာနိုင်ငံ တွင် အနှံ့ အပြား၌ ဆောင်ရွက်နိုင်သည့် COVID–19 တုံ့ပြန် ကာကွယ်မှု ဆိုင်ရာ ဒီဇိုင်းပုံစံ နှင့် အကောင် အထည်ဖော် ဆောင်ရွက်ခြင်းတို့ အတွက် လမ်းညွှန်ပေးနိုင်ပေလိမ့်မည်။

## ကျေးလက်ဒေသစီးပွားရေးအပေါ် COVID–19 အကျိုးသက်ရောက်မှု ဆိုင်ရာ စစ်တမ်းနှင့် မူဝါဒ ပူးပေါင်း ဆောင်ရွက်မှု

နိုင်ငံတကာ စားနပ်ရိက္ခာ မူဝါဒပိုင်းဆိုင်ရာ သုတေသနအဖွဲ့ (IFPRI) သည် မီချီဂန် ပြည်နယ် တက္ကသိုလ် နှင့်အတူ အသက်မွေးဝမ်းကျောင်း မှု နှင့် စားနပ်ရိက္ခာနှင့် အာဟာရ ဖူလုံရေးအပါ အဝင် စိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်မှု နှင့် ကျေးလက်စီးပွားရေးအပေါ် COVID–19 အကျိုး သက်ရောက်မှုများ အတွက် အသိအမြင်များ ပံ့ပိုး ပေးရာတွင် ဦးဆောင် လမ်းပြပေးခဲ့ပါသည်။ USAID နှင့် LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးသည့် သုတေသနသည် ဇွန်လတွင် စတင်ခဲ့သည့် တယ် လီဖုန်းဖြင့် ပြုလုပ်သော စစ်တမ်းများနှင့် ပေါင်း စပ်ထားသည့် တဆင့်ခံ အချက်အလက်များကို အသုံးပြုပြီး ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလအထိ ဆက်လက် လုပ်ဆောင် သွားမည် ဖြစ်ပါသည်။ IFPRI သုတေသနသည် အွန်လိုင်းမှ ပြုလုပ်သည့် ရှင်းလင်းတင်ပြ မေးမြန်းမှုများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် စီးပွားရေး ကုစားမှုလုပ်ငန်း ဆောင်ရွက်မှုအဖွဲ့တို့ နှင့် မျှဝေခဲ့သည့် ရေးသား ထားသည့် မူဝါဒ အနှစ်ချုပ်တို့မှတဆင့် အစိုးရနှင့် ဖွံ့ဖြိုးရေး မိတ် ဖက်အဖွဲ့အစည်းများ၏ စီမံကိန်း လုပ်ငန်းနှင့် မူ ဝါဒတို့အတွက် သတင်း အချက်အလက်များ ပေး ခဲ့ပြီး ဖြစ်ပါသည်။ IFPRI သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီမံ ကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် မကြာခဏ ပါဝင် ဆွေးနွေးသည့် အွန်လိုင်း Webinar ၄ ခု အား ပံ့ပိုး ကူညီပေးခဲ့ပါသည်။ စီမံချက်၏ အစိတ် အပိုင်း အဖြစ် ထုတ်လုပ် ဖြန့်ဝေထားသည့် မူဝါဒ ဆိုင်ရာ စာတမ်းနှင့် မူဝါဒဆိုင်ရာမှတ်စု (၂၉)ခု၏ ရှာဖွေ တွေ့ရှိချက်များနှင့် သဘောထား ထင်မြင် ချက်များကို MoALI အရာရှိများနှင့် ဆွေးနွေးတိုင် ပင်ပါသည်။


---

၈။ https://www.mercycorps.org/sites/default/files/2020-06/Delta-Rapid-Market-Assessment-COVID-19.pdf

IFPRI အချက်အလက်များအရ အလုပ်အကိုင် ဆုံးရှုံးမှုများနှင့် မကြာသေးမီက မီးဖွားခဲ့ခြင်းကဲ့ သို့သော ဝင်ငွေ ထိခိုက်သည့် ပြဿနာများ၏ အဓိကရလဒ်အရ ကျေးလက်နှင့် မြို့ပြအိမ်ထောင် စုများအကြား ဝင်ငွေပေါ် မှီတည်နေသည့် ဆင်းရဲ နွမ်းပါးမှုအပေါ် ပြင်းထန်သည့် အကျိုးသက် ရောက်မှု ရှိသည်ဟု ကောက်ချက်ချခဲ့ပါသည်။ ဥပမာ လူဦးရေ ၂၀% သည် ဇွန်လတွင် ဝင်ငွေ မရှိ ခဲ့သည့်အတွက် ဇန်နဝါရီနှင့် ဇွန်လအတွင်း ဆင်းရဲနွမ်းပါးမှုမှာ စုစုပေါင်း ၂၇% တိုးတက်လာ ခဲ့ ပါသည်။ စိုက်ပျိုးရိက္ခာကဏ္ဍတွင် အဆိုးရွားဆုံး ထိခိုက်ခဲ့ကြသူများမှာ ဝင်ငွေနည်းပါးသည့် ကျေး လက်နှင့် မြို့ပြမှ မိသားစုများနှင့် လုပ်ကွက်ငယ် တောင်သူများ ဖြစ်ပါသည်။

IFPRI ၏ ထွက်ရှိလာသော စစ်တမ်းအချက်အ လက်များအရ စစ်တမ်း ကောက်ယူခဲ့သူများ၏ ၃၄% သည် စက်တင်ဘာလတွင် ဝင်ငွေလုံးဝမရှိခဲ့ သည် ဖြစ်ရာ ပျမ်းမျှ ဝင်ငွေသည် တနေ့လျှင် အကြမ်းဖျဉ်း အားဖြင့် ကန်ဒေါ်လာ ၁ ဒေါ်လာ လောက်သာ ရှိခဲ့ကြောင်း အံ့သြဖွယ်ရာ တွေ့ရှိရ သည်။ COVID-19 အကျိုးသက်ရောက်မှုသည် ဤမျှ ဆင်းရဲနွမ်းပါးစေသည့် အနေအထားဖြင့် ရှေ့လာမည့် အချိန် အတိုင်းအတာ တစ်ခုအထိ တိုင်အောင် အဖန်တလဲလဲ ဖြစ်နေဦးမည် ဖြစ်ပါ သည်။

## ပုံ ၃ – အိမ်ထောင်စုများအပေါ် COVID-19 ၏ အကြီးမား သော အကျိုးသက်ရောက်မှုအား တုံ့ပြန် ကာကွယ်သူများအား ဆန်းစစ်အကဲဖြတ်မှုများ (အိမ်ထောင်စု ၂,၀၁၇ စု)




လေ့လာမှုတွင် ပါဝင်ခဲ့သူများသည် ကိုဗစ်–၁၉၏ အဆိုးရွားဆုံး ရိုက်ခတ်မှု (၃)ခု ကို ညွှန်းပြခဲ့ကြသည်။

ကျေးလက် မြို့ပြ

ရင်းမြစ် – RUFSS အချက်အလက်များမှ စာရေးသူ၏ ခန့်မှန်းချက်များ

***အဆိုပါ အကျပ်အတည်း ဖိစီးမှုများအား အိမ်ထောင်စုများ ကိုင်တွယ် ဖြေရှင်းသည့် မဟာဗျူဟာများမှာ ကွဲပြားခြားနားပါသည်။*** အိမ်ထောင်စုများ၏ ၄၈% သည် ငွေချေးခဲ့ကြပြီး ၃၁ % မှာ စုဆောင်းငွေအား အသုံးပြုခဲ့ကြကာ အခြားသူများသည် အစားအသောက် အတွက် အသုံးစရိတ်များ နှင့် အစား အသောက် မဟုတ်သည့် ပစ္စည်းများအတွက် အသုံးစရိတ်များကို လျှော့ချ ခြင်း (သို့) ပိုင်ဆိုင်မှုများကို ရောင်းချခြင်းတို့ ပြုလုပ်ခဲ့ပါသည်။ ပိုမိုဆင်းရဲသည့် အိမ်ထောင်စုများ၏ တစ်ဝက်ကျော်သည့် ချေးငွေများ ယူခဲ့ကြပြီး ၂၀% အထိမှာ အစားအသောက် အတွက် အသုံးစရိတ်များ လျှော့ချခဲ့ကာ တူညီသည့် ရာခိုင်နှုန်းမှာ အစားအသောက်ကို လျှော့ခဲ့ ပြီး ကျန်းမာရေးနှင့်ညီညွတ်သော အစားအ သောက် စားသုံးမှုမှာ ၂၀၂၀ ခုနှစ်၊ ဇွန်လတွင် လျော့ကျခဲ့ပါသည်။ တချိန်တည်းမှာပင် ပို၍ အခြေအနေကောင်းသော အိမ်ထောင်စုများသည် COVID–19 ကာလ အခြေအနေ နှင့် နေသားတကျ ဖြစ်စေရန် စုဆောင်း ထားသည်များ အား အသုံးပြုခဲ့ကြပြီး အစားအသောက် မဟုတ်သည့် အသုံးစရိတ်များအား လျှော့ချခဲ့ပါသည်။ သို့သော် လည်း ငွေချေးယူခြင်းနှင့် ပိုင်ဆိုင်မှုများ ယုတ် လျော့သွားခြင်းသည် COVID–19 မှ ပြန်လည် နာလန်ထူရန် အတွက် ကျေးလက်နှင့်မြို့ပြဒေသ များရှိ မိသားစုများ၏ ကာလတိုနှင့် ရေရှည် လုပ် ကိုင်နိုင်စွမ်း အပေါ် စိုးရိမ်ရသော ဂယက် ရိုက်ခတ်မှုများ ရှိပါသည်။

***ဝင်ငွေနှင့် အလုပ်အကိုင် ဆုံးရှုံးမှုများသည် ရန်ကုန်နှင့် အပူပိုင်းဇုန်ရှိ မိခင် သုံးပုံတစ်ပုံအတွက် အစားအသောက် အမျိုးမျိုး လုံလောက်စွာ မစားသုံးနိုင်မှု***ကို ဖြစ်စေခဲ့ရာ အားနည်း ထိခိုက် လွယ်သည့် ကလေးသူငယ်များ၏ ရေရှည်ကြီး ထွားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အား ထိခိုက်စေမည် ဖြစ်ပေသည်။ မွေးကင်းစ ကလေးသူငယ်များ ရှိသည့် ဝင်ငွေနည်းပါးသည့် မိသားစုများတွင် အထူးသဖြင့် ဘဝအစ ရက်ပေါင်း ၁,၀၀၀ အတွင်း အာဟာရ ဖွံ့ဖြိုးရန် ကြိုးပမ်းအားထုတ်မှုများအား အဟန့်အတားဖြစ်စေသည့် စားနပ်ရိက္ခာ နှင့် အာဟာရ မဖူလုံမှု အန္တရာယ်များ ရှိနေပါသည်။ အစားအစာ အမည်စုံလင်စွာ စားသုံးမှုတွင် (၆)လအတွင်း မီးဖွားထားသည့် မိခင်များ၏ စားသုံး မှုမှာ ကိုယ်ဝန်ဆောင် မိခင်များ၏ စားသုံးမှုထက် စိုးရိမ်ဖွယ်ရာ လျော့နည်းနေခဲ့ပါသည်။ ကျေးလက်နေ မိသားစုများမှာ ပိုမို၍ ဆင်းရဲသော် ငြားလည်း မိခင်များအကြား စားနပ်ရိက္ခာမဖူလုံ မှုနှင့် အမည်စုံစွာ မစားသုံးနိုင်ခြင်းကို မြို့ပြဒေသ များတွင် ပိုမို၍ တွေ့မြင်နေရပါသည်။ ခြုံငုံကြည့် လျှင် စီးပွားရေး သောက ဖိစီးမှု နှင့် ဝင်ငွေ ဆုံးရှုံးမှုများသည် အချိန်ကြာလာသည်နှင့်အမျှ အာဟာရဆိုင်ရာ အဆင့်အတန်းအတွက် သိသာ ထင်ရှားသည့် ဂယက်ရိုက်ခတ်မှုများနှင့်အတူ အစား အသောက် မဖူလုံမှုနှင့် အမည်စုံလင်စွာ မစားသုံးနိုင်ခြင်းတို့နှင့် အနီးကပ် ချိတ်ဆက်နေ ပါသည်။

> ***အစားအသောက် အတွက် အသုံးစရိတ်များ လျှော့ချခဲ့ကာ တူညီသည့် ရာခိုင်နှုန်းမှာ အစားအသောက်ကို လျှော့ခဲ့ပြီး ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက် စားသုံးမှုမှာ ၂၀၂၀ ခုနှစ်၊ ဇွန်လတွင် လျော့ကျခဲ့ပါသည်။***

## MoALI နှင့်အတူ ဆောင်ရွက်သည့် ပြည်သူ့ ဆောက်လုပ်ငန်း လုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်စေပြီး လုပ်အားခ ပေးသည့် အစီအစဉ်

ဤအခြေအနေတွင် ဧရာဝတီတိုင်းဒေသကြီး၌ COVID–19 အကျိုးသက်ရောက်မှုများအား လျော့ချခြင်းနှင့် ပြန်လည် ထူထောင်ခြင်းဆိုင်ရာ အစီအမံအနေဖြင့် LIFT နှင့် MoALI တို့သည် ဆန်စပါး မျိုးစေ့ ကဏ္ဍတွင် အလုပ်အကိုင် အခွင့် အလမ်းများအတွက် ကူညီ ထောက်ပံ့ပေးရန် လုပ်ဆောင်ခဲ့သည်။ ယင်းမှာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်စေပြီး လုပ်အားခ ပေးသည့် Cash–for–work ရွှေ့ပြေးစမ်းသပ်သည့် စီမံချက်အား အကောင်အထည် ဖော်ရန် သဘောတူညီ ခဲ့ခြင်း ဖြစ်ပါသည်။ စီမံချက်သည် နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများ၊ အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုများနှင့် မြေယာမဲ့/ စိုက်ပျိုးရေး အလုပ်သမားများ အပါအဝင် အားနည်းထိခိုက်လွယ်ဆုံးသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ အပြင် လယ်ယာ စိုက်ပျိုးထုတ်လုပ် မှုအပေါ် COVID–19 ၏ ဆိုးကျိုးများ လျော့ချရန် အတွက် အရည်အသွေး မြင့်မားသည့် ပထမ မျိုးဆက် မျိုးစေ့များ တဖြည်းဖြည်းချင်း ထောက်ပံ့မှုအား သေချာစွာ လုပ်ဆောင်သွားမည် ဖြစ်ပါသည်။ LIFT ၏ မိတ်ဖက် အဖွဲ့အစည်း Welthungerhilfe (WWH) သည် စိုက်ပျိုးရေး ဦးစီး ဌာန၊ စိုက်ပျိုးရေး သုတေသန ဌာနတို့၏ မျိုးစေ့ စိုက်ခင်း (၆)ခင်းနှင့် ပဏာမ ရွေးချယ်ထားသည့် မျိုးစေ့ထုတ်လုပ်မှု (၂)ခုတို့နှင့် ပူးပေါင်း ကာ အကျိုးတူလယ်ယာစနစ်ဖြင့် စိုက်ပျိုးမည့် စီမံ ချက်ကို အကောင်အထည်ဖော် လုပ်ဆောင်မည် ဖြစ်ပါသည်။ ရွှေ့ပြေးစမ်းသပ်မှုသည် CERP ၏ ဦးစားပေးမှု တစ်ခုဖြစ်သည့် လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်စေပြီး လုပ်အားခ ပေးသည့် အစီအစဉ် များတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက် စေပြီး MoALI နှင့် အခြားအစိုးရဘက်မှ ပတ်သက် ဆက်နွှယ်သူများကို အဖွဲ့အစည်း ဆိုင်ရာ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက် စေရန်အတွက် အထောက်အကူ ဖြစ်စေ နိုင်မည် ဖြစ်ပါသည်။ လေ့လာ သင်ယူခဲ့သည့် သင်ခန်းစာများသည် MoALI နှင့် ဖြစ်နိုင်ပါက စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန တို့ ၏ ဆုံးဖြတ်ချက်ချမှတ်မှု များတွင် အထောက်အကူဖြစ်စေမည် ဖြစ်သည်။ အထူးသဖြင့် COVID–19 သက်ရောက်မှုမှ လျော့ချရန်အတွက် တုံ့ပြန်ဆောင်ရွက်ရာတွင် ငွေကြေး ထောက်ပံ့မှု ချဲ့ထွင်ခြင်းနှင့် ကျေးလက် စီးပွားရေးအား ကာလလတ် နှင့် ရေရှည် ပြန်လည် ကောင်းမွန်အောင် ဆောင်ရွက်ခြင်းတို့တွင် ဖြစ်သည်။



## ဈေးကွက်ချိတ်ဆက်မှု မှတဆင့် ပုံမှန် အခြေအနေသို့ ရောက်ရှိစေရန် ပြန်လည်ထူထောင်ခြင်း

MoALI သည် ပုံမှန် အခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ပိုမိုရှည်ကြာသည့် ကာလတစ်ခုအထိ ကူညီပံ့ပိုးပေးရန်အတွက် ဈေးကွက် ချိတ်ဆက်မှု အားကောင်း လာစေမည့် ၎င်းတို့၏ ကာလလတ် အစီအစဉ်များတွင် LIFT ၏ ကူညီထောက်ပံ့မှုများအား တောင်းခံခဲ့ပါသည်။ ဤကူညီထောက်ပံ့မှုတွင် စီမံကိန်းဦးစီးဌာန (DoP) ကို ပံ့ပိုးကူညီမှု ပါဝင်မည် ဖြစ်သည်။ ယင်းဖြင့် နိုင်ငံတကာ ငွေရေးကြေးရေး အဖွဲ့အစည်းများထံမှ ငွေကြေး ထောက်ပံ့မှု ရယူနိုင်ရန်အတွက် MoALI မှ အဆိုပြုလွှာ အကောင်အထည်ဖော် ရေးဆွဲရာတွင် နည်းပညာအထောက်အပံ့ ဖြစ်စေမည် ဖြစ်သည်။ လုပ်ငန်းများအတွက် လုပ်ငန်း လမ်းညွှန်များ ရေးဆွဲခဲ့ပြီး MoALIက အတည်ပြုခဲ့သည်။ LIFT သည် MoALIမှ အဆိုပြုလွှာအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လက်တွဲ လုပ်ကိုင် ဆောင်ရွက်ရန်အတွက် နိုင်ငံတကာ ကုမ္ပဏီတခုကို ဆက်သွယ်ခေါ်ယူရန် ဆောင်ရွက် သွားမည် ဖြစ်ပါသည်။ MoALI သည် COVID–19 အလွန်ကာလတွင် စိုက်ပျိုးရေးကဏ္ဍမှုလ အခြေအနေသို့ ပြန်လည် ရောက်ရှိအောင် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုများ အတွက် ငွေကြေး ထောက်ပံ့မှု ရရှိနိုင်ရန်၊ မြန်မာ့စိုက်ပျိုးရေးကဏ္ဍ၏ စွမ်းဆောင်ရည် ခိုင်မာအားကောင်းစေရန်နှင့် ပြည် တွင်း နှင့် ဒေသတွင်း ဈေးကွက် (၂)ခုစလုံး၌ ပိုမို၍ ထိရောက်စွာ ယှဉ်ပြိုင်နိုင်ရန် တို့အတွက် ကမ္ဘာ့ဘဏ်၊ ADB နှင့်/သို့ IFAD တို့ကဲ့သို့သော နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဆွေးနွေးရာတွင် အဆိုပြုလွှာအား အသုံးပြုရန် ရည်ရွယ်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် အကျိုးကျေးဇူးများ သိသိသာသာ ဖြစ်ထွန်းနိုင်မည့် ကုန်ပစ္စည်းများ၏ တန်ဖိုးမြှင့် ကွင်းဆက်တလျှောက် ထိရောက်သည့် ရောင်း ဝယ်ဖောက်ကားမှုများမှာ ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်း ရှိစေရန်အတွက် လိုအပ်သည်ဟု MoALI က ယုံကြည်ထားပါသည်။

ဝန်ကြီးအဆင့် ဦးဆောင်ကော်မတီမှ ကြီးကြပ်ကွပ်ကဲသည့် အဆိုပြုလွှာ ရေးဆွဲခြင်းတွင် အောက်ပါတို့ အပါအဝင် ဆန်းစစ်ခြင်း နှင့် ရေးဆွဲဖော်ထုတ်ခြင်း ဆိုင်ရာ အဆင့်(၄)ဆင့် ပါဝင်မည် ဖြစ်ပါသည်။

- ဦးတည်ရည်ရွယ်သည့် ကုန်ပစ္စည်း တန်ဖိုးကွင်းဆက်များအား လေ့လာသုံးသပ်ခြင်း နှင့် ရှာဖွေဖော်ထုတ်ခြင်း
- တန်ဖိုးမြှင့်ကွင်းဆက် တလျှောက် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေး ကဲ့သို့သော သွင်းအားစုနှင့် ထုတ်ကုန် ဆိုင်ရာ အကန့်အသတ်များ သာမက သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ဥပဒေမူဘောင်များအား ရှာဖွေ ဖော်ထုတ်ခြင်း
- အဆိုပါ အကန့်အသတ်များကို ဖြေရှင်းရန် လုပ်ရှားဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အမျိုးမျိုးအား ရှာဖွေ ဖော်ထုတ်ခြင်း
- သင့်တော်သည့် လှုပ်ရှား ဆောင်ရွက်မှုများနှင့် မဟာဗျူဟာများအား ထိရောက်စွာ အကောင်အထည်ဖော်ရန် ဘတ်ဂျက် ရေးဆွဲခြင်း

# ပြန်လည်သုံးသပ်ခြင်း နှင့် လေ့လာသင်ယူခြင်း

## MoALI ၏ ရှုမြင်သုံးသပ်မှု ။ ။ COVID–19 ဆိုင်ရာ စီမံကိန်း လုပ်ငန်းများအား LIFT ၏ ကူညီ ထောက်ပံ့ပေးမှု

LIFT ၏ စီမံကိန်း လုပ်ငန်းများသည် MoALI ၏ COVID–19 ကာကွယ်ရေး အစီအစဉ်အား မည်ကဲ့သို့ ပံ့ပိုးကူညီခဲ့သည်ကို အဓိက သတင်းပေးသူများနှင့် ဆွေးနွေး မေးမြန်းခဲ့သည့် အဖွဲ့က ခွဲခြမ်း စိတ်ဖြာ စိစစ်ခဲ့ပါသည်။ MoALI မှ အရာ ရှိများသည် သတင်းအချက်အလက်များ၏ မတူကွဲပြားခြားနားမှု၊ အချိန်နှင့် တပြေးညီရှိမှုနှင့် ယုံကြည်ရသည့် ရင်းမြစ်များမှ ဖြစ်ခြင်း ၏ အရေးပါမှုကို ထုတ်ဖော်ပြောကြားခဲ့ပါသည်။ LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးသည့် စစ်တမ်း များသည် ပြည်နယ်များနှင့် တိုင်းဒေသကြီးများ တွင် လက်ရှိ အခြေအနေနှင့် ပတ်သက်၍ နောက်ဆုံးရ သတင်းအချက်အလက်များကို ပံ့ပိုး ပေးခဲ့ သည်။ အဆိုပါ ဆန်းစစ်အကဲဖြတ်မှုများနှင့် LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးသည့် အခြား လေ့လာ မှုများနှင့်အတူ ကဏ္ဍပေါင်းစုံ ပါဝင်သည့် အမျိုးသား အာဟာရ ဆိုင်ရာ (၅)နှစ် စီမံကိန်း (MS–NPAN) ၏ အာဟာရဇောင်းပေး စိုက်ပျိုးရေးဆိုင်ရာ အစိတ်အပိုင်းများအတွက် အကျိုးခံစားခွင့်ရှိသူ များအား ရှာဖွေ ဖော်ထုတ်ခြင်းနှင့် လုပ်ငန်းအစီအ စဉ်များ ရေးဆွဲရာတွင် အသုံးဝင်သည့် သတင်းအ ချက်အလက်များ ပံ့ပိုးပေးခဲ့ပါသည်။ ရှေ့လုပ်ငန်း စဉ် အနေဖြင့် MoALI သည် အားနည်းထိခိုက်လွယ်သူများနှင့် ကျေးလက်နေ ဆင်းရဲနွမ်းပါးသူ များအတွက် အာဟာရမပြည့်ဝ ချို့တဲ့မှုကို လျှော့ချရန်နှင့် စားနပ်ရိက္ခာဖူလုံမှု တိုးတက်ကောင်းမွန်စေရန် တို့အတွက် ငွေကုန်ရကျိုးနပ်သည့် ထိရောက်သော စီမံကိန်းဆောင်ရွက်ချက်များအား ဆန်းစစ် အကဲဖြတ်မှု တစ်ရပ် ပြုလုပ်ပေးစေလိုပြီး စီမံကိန်း လုပ်ငန်းဆိုင်ရာ နှင့် မူဝါဒဆိုင်ရာ ထောက်ခံ အကြံပြုချက်များ ပေးစေ လိုကြောင်း တင်ပြခဲ့သည်။

အချိန်နှင့် တပြေးညီဖြစ်သည့် သတင်းအချက်အလက်များသည် MoALI နှင့် အခြားအစိုးရ အဖွဲ့အစည်းများအား ရှားပါးသည့် ရင်းမြစ်များ၏ ထိရောက်မှုကို မြှင့်တင်ပေးသည့် မဟာဗျူဟာမြောက် တုံ့ပြန် ကာကွယ်မှုများ ပြုလုပ်နိုင်ရန် အတွက် အထောက်အကူ ပေးပါသည်။ MoALI အရာရှိများသည် အချိန်နှင့် တပြေးညီ သတင်းရင်းမြစ် မျိုးစုံ မှ ဝင်ရောက်လာသည့် သတင်းများနှင့်အတူ COVID–19 အား တုံ့ပြန်ကာကွယ်သည့် စီမံကိန်း လုပ်ငန်းနှင့် မူဝါဒအတွက် အထောက်အထား အမျိုးမျိုး နှင့် ရှုဒေါင့် အမျိုးမျိုး မှ အကဲဖြတ်နိုင်ပါသည်။ အထောက်အထားပေါ်ထွက်လာမှုကို ကူညီ ပံ့ပိုးပေးနေသည့် ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများနှင့် အခြား ပတ်သက် ဆက်နွှယ်နေသူများအကြား ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ညှိနှိုင်း ဆောင်ရွက် ခြင်း တို့မှာ မရှိမဖြစ် လိုအပ်ပါသည်။ အစီအစဉ်ရေးဆွဲသူများနှင့် မူဝါဒချမှတ်သူများထံ ရောက်ရှိစေရန် အတွက် အထောက်အထား ဖြန့်ဝေရေး မဟာဗျူဟာ အား စနစ်တကျ ရေးဆွဲ စီစဉ်ထားရန်လည်း အရေးကြီးပါသည်။ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကဏ္ဍ ညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့၏ ပူးတွဲ ပံ့ပိုး ကူညီသည့်အဖွဲ့များ (USAID နှင့် FAO) သည် ကဏ္ဍ တစ်ခုလုံးတွင် ပြုလုပ်သည့် လေ့လာမှုများ၊ စစ်တမ်းများမှ ရှာဖွေတွေ့ရှိချက် များနှင့် သုံးသပ်ချက်များအား ပေါင်းစပ်စုစည်း ရန်နှင့် MoALI နှင့် ဆက်သွယ် ဆောင်ရွက်ရန် တို့အတွက် ပတ်သက် ဆက်နွှယ်သူများအားလုံး နှင့် အနီးကပ် လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။

## ရှေ့သို့ မှန်းမျှော်ခြင်း.

COVID–19 သည် စိုက်ပျိုးရေးနှင့် ကျေးလက်စီးပွားရေးအပေါ် ဆိုးရွား ပြင်းထန်သည့် သက်ရောက်မှု ရှိခဲ့ပြီး အစိုးရသည် ၎င်း အကျပ် အတည်းမှ ကာလတို၊ကာလလတ်၊ ကာလရှည် ပြန်လည် ထူထောင်ခြင်းများအား တိုးချဲ့ရန်အတွက် ထပ်မံ၍ အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ်မည် ဖြစ်ပါသည်။ IFPRI စစ်တမ်းမှ ရှာဖွေ တွေ့ရှိချက်များသည် လက်ရှိ အခြေအနေအတွက် ချိန်ထိုးသုံးသပ်နိုင်မည့် အချက်များ ပေးခဲ့ကာ အားနည်း ထိခိုက် လွယ်သည့် အိမ်ထောင်စုများထံ အစားအသောက်နှင့် ငွေကြေး ကူညီထောက်ပံ့မှုအား စောင့်ကြည့်စစ်ဆေးခြင်း၊ MCCT စီမံကိန်းအား ဆန်းစစ် အကဲဖြတ်ခြင်းနှင့် တိုးချဲ့ခြင်း၊ ရွှေ့ပြောင်း သွားလာသူများ အတွက် အလုပ်အကိုင်များ ဖန်တီးခြင်းနှင့် ကူညီထောက်ပံ့ခြင်း၊ မြင့်တက်လာနေသည့် ဆင်း ရဲ နွမ်းပါးမှုကို ကိုင်တွယ် ဖြေရှင်းရန် နည်းလမ်း တစ်ခုအနေဖြင့် ချေးငွေများ၏ အကျိုးသက် ရောက်မှုအား ဆန်းစစ်လေ့လာခြင်းနှင့် အထူး သဖြင့် မီးဖွားပြီး သည့် နောက်ပိုင်း အမျိုးသမီးများ အနေဖြင့် ရင်းမြစ်များအား လက်လှမ်းမီ ရယူ နိုင်မှုတိုးမြှင့်ပေးခြင်း တို့ပါဝင်သည့် ဆောင်ရွက် ရမည့် လုပ်ဆောင်ချက် များအား ညွှန်ပြခဲ့ပါသည်။

စားနပ်ရိက္ခာ နှင့် ငွေကြေးထောက်ပံ့မှုတို့၏ ထိရောက်မှု နှင့် ဖြန့်ဝေပြီးနောက်ပိုင်း စောင့်ကြည့် စစ်ဆေးခြင်း သည် မရှိမဖြစ် အရေးကြီးပါသည်။ အစိုးရသည် အားနည်းထိခိုက်လွယ်သည့် အိမ်ထောင်စုများထံ စားနပ်ရိက္ခာ များအား ပစ္စည်း အနေဖြင့် ထောက်ပံ့မှု ကဲ့သို့သော အခြေခံ ကူညီထောက်ပံ့မှုများ ပံ့ပိုးပေးရန် အရေးပေါ် အစီအမံများစွာ စတင် လုပ်ဆောင်ခဲ့ပါသည်။ စားနပ်ရိက္ခာ ဖူလုံမှုမရှိသည့် လူအများထံ ရောက်ရှိမှုနှင့် အခြေခံ စားနပ်ရိက္ခာ ဖူလုံစေရန် ထိန်းသိမ်းထားနိုင် မှုတို့တွင် ဤကူညီ ထောက်ပံ့မှု၏ ထိရောက်မှုကို ဆန်းစစ် အကဲဖြတ် ရမည် ဖြစ်သည်။ ယင်းမှ ပွင့်လင်းမြင်သာပြီး မျှတမှုရှိသည့် ဦးတည်ချက်နှင့် ရွေးချယ်မှု ဆိုင်ရာ ဆုံးဖြတ်ရန် မှုများ၊ ထိရောက်ပြီး စွမ်းဆောင်နိုင်မှုရှိသည့် ဖြန့်ဝေမှုဆိုင်ရာ ယန္တရားများနှင့် ဖြန့်ဝေပြီးနောက်ပိုင်း စောင့်ကြည့် စစ်ဆေးသည့် ယန္တရားတို့အား ပိုမိုကောင်းမွန်စေရန်အတွက် ဖြစ်သည်။ ၎င်းတို့အား ကူညီပံ့ပိုးမှုနှင့် ထိရောက်မှုကို အကဲဖြတ်ရန်အတွက် ဖြန့်ဝေခြင်း မပြုမီကပင် ပြင်ဆင် ထားရှိထားရန် လိုအပ်ပါသည်။

ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် (၂)နှစ်အောက် ကလေးများအတွက် ငွေကြေး ထောက်ပံ့ပေးခြင်း (MCCT) အစီအစဉ်တွင် ယခုလက်ရှိအချိန်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး (၅)ခုရှိ ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် အသက်(၂)နှစ် အောက် ကလေးငယ်များ၏ မိခင်များ အကျုံးဝင်ပါသည်။ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလတွင် ဆောင်ရွက်ဆဲ MCCT အစီအစဉ်တွင် အကျုံးဝင်ခြင်း မရှိသေးသည့် မိခင်များအား ကိုယ်တိုင် လာရောက်ရန် မလိုအပ်ဘဲ အဝေးမှ စာရင်းပေးသွင်းခြင်းမှတဆင့် တပေါင်းတစည်းတည်း ပေးသည့် ပံ့ပိုးငွေ မြန်မာကျပ်ငွေ ၃၀,၀၀၀ (ကန်ဒေါ်လာ ၂၁ ဒေါ်လာ) အား ပေးအပ်ခဲ့ပါသည်။ ဤငွေကြေး ထောက်ပံ့ မှု၏ ကြိုးပမ်း အားထုတ်မှုများအား အကဲဖြတ်ရန် လိုအပ် ပြီး COVID–19 ကပ်ရောဂါ ပြန့်နှံ့ နေသည့် အချိန်၌ တယ်လီဖုန်းဖြင့် စစ်တမ်း ကောက်ယူခြင်းသည် ထိုသို့ လုပ်ဆောင်ရန် အတွက် ဖြစ်နိုင်ချေရှိသည့် နည်းလမ်းတစ်ခု ဖြစ်နိုင်ပါသည်။ အစိုးရမှလည်း ပုံမှန် MCCT အစီအစဉ်အား နှစ်ရှည်အစီအစဉ်ဖြင့် တစ်ဆင့် ချင်း အရှိန်အဟုန်မြှင့်တင်ရန် ရည်ရွယ်သင့်ပြီး DSW မှ စီမံခန့်ခွဲနေသည့် MCCT တွင် လက်ရှိ၌ စာရင်း ပေးသွင်းထားခြင်း မရှိသေးသည့် မိခင် များအား ဆက်လက်ကူညီပံ့ပိုးပေးသင့်ပါသည်။ ထိုလုပ်ဆောင်မှုကို DSW နှင့် MoHS တို့ ပူးပေါင်း ဆောင်ရွက်သည့် အဝေးမှ လုပ်ဆောင်သည့် ပလက်ဖောင်းမှတဆင့် အာဟာရ ဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး သတင်း စကားပြောကြားမှု ကဏ္ဍ၏ အစိတ်အပိုင်း တစ်ခု အနေဖြင့် လုပ်ဆောင်နိုင်ပါသည်။ သို့သော်လည်း အထူး သဖြင့် လက်ရှိ လူမှုကာကွယ်ရေး စီမံကိန်း လုပ် ငန်းတွင် ဘ ဏ္ဍာ ရေး အ ထော က် အ ပံ့ လျော့ ချ ခဲ့သည့်အတွက် ဘဏ္ဍာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ အကန့်အသတ်များမှာ သိသာ ထင်ရှားသည့် စိန်ခေါ်မှု ဖြစ်ပါသည်။

စီးပွားရေး ပြန်လည်ထူထောင်သည့် အစီအစဉ်များသည် ဘ၀အစရက်ပေါင်း ၁,၀၀၀ ကာလ အပါအဝင် အမျိုးသမီးများအား ရင်းမြစ်များ လက်လှမ်းမီ ရယူနိုင်မှုကို မြှင့်တင်ပေးခြင်းကို အလေးထား အာရုံစိုက် သင့်ပါသည်။ မြို့ပြရှိ လုပ်ငန်း ကျွမ်းကျင်မှု မရှိသေးသည့် အလုပ်သမား အိမ်ထောင်စုများနှင့် စိုက်ပျိုးရေးကဏ္ဍရှိ ကျေးလက်နေ ဆင်းရဲ နွမ်းပါးသော အိမ်ထောင်စုများမှ အမျိုးသမီးများသည် COVID–19 ၏ ဆိုးကျိုးသက်ရောက်မှုများအား အဆမတန် ခံစားနေကြရပြီး ကလေးမွေးဖွားခြင်းသည် အမျိုးသမီးများ၏ ဝင်ငွေနှင့် အလုပ်အကိုင် ဆုံးရှုံးမှုများကို ဆက်လက် ဖြစ်ပွားစေပါသည်။ ဥပမာ– မြေကဲ့သို့သော အကျိုးရှိသည့် ပိုင်ဆိုင်မှုများကို အမျိုးသမီးများ လက်လှမ်းမီ ရယူနိုင်ပြီး ထိန်းချုပ်နိုင်စေရန်နှင့် အဆိုပါ မြေယာ ပိုင်ဆိုင်မှုအား အမျိုးသားနှင့် အမျိုးသမီး နှစ်ဦးလုံး အမည်ဖြင့် မှတ်ပုံတင်ရန် ဆောင်ရွက်ထားခြင်းက ပိုမိုသင့်တော်မည် ဖြစ်ပါသည်။ အလုပ်သမားနှင့် အလုပ်အကိုင်တို့နှင့် စပ်လျဉ်း၍ ကျွမ်းကျင်မှု မရှိသေးသည့် အမျိုးသမီး အလုပ်သမားများအတွက် ရည်ရွယ်သည့် အစီအစဉ်များ အား စတင် ဆောင်ရွက်သင့်ပါသည်။ MCCT လွှမ်းခြုံမှုမှာ မြို့ပြဒေသများထံသို့ မရောက်ရှိသေးသဖြင့် အစိုးရ အနေဖြင့် တိုးချဲ့ ပံ့ပိုးပေးရာတွင် မြို့ပြဒေသများအား အစောဆုံး လက်ခံ ရရှိသည့် နေရာများ ဖြစ် စေရန် အတွက် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

ကိုဗစ်ကပ်ရောဂါ၏ အခြား ဆိုးကျိုးသက်ရောက်မှု များတွင် ပြည်တွင်းနှင့် နိုင်ငံတကာ ရွှေ့ပြောင်းသွားလာသူများမှ ရှာဖွေရရှိသည့် ဝင်ငွေများအား ငွေလွှဲပေးပို့မှုတွင် အများအပြား လျော့နည်း သွားခြင်းနှင့်အတူ သိသာထင်ရှားသည့် ကုန်သွယ် ရေးဆိုင်ရာ ရိုက်ခတ်မှုများ ပါဝင်ခဲ့ပါသည်။ ဝင်ငွေထိခိုက်မှုများ မှတဆင့် စားသုံးသူများနှင့် တောင်သူများ၏ ဝယ်လိုအားကို လျော့ကျစေခဲ့ပါသည်။ စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများနှင့် စက်မှုလယ်ယာ ဝန်ဆောင်မှုများအတွက် တောင်သူများ၏ လိုအပ်ချက် လျော့နည်းလာခြင်းနှင့် နယ်စပ်များ ပိတ်ထားခြင်းကြောင့် အထူးသဖြင့် အိမ်နီးချင်း နိုင်ငံများသို့ တင်ပို့သည့် ထုတ်ကုန်ပစ္စည်းပမာဏ ကျလာခြင်းတို့နှင့်အတူ စိုက်ပျိုးစီးပွား ပမာဏမှာ တော်တော်များများ လျော့နည်းသွားခဲ့ ပါသည်။ စိုက်ပျိုးရိက္ခာ စနစ် အတွင်းရှိ လုပ်ရှား ဆောင်ရွက်သူများ အားလုံးသည် ချေးငှားရန်နှင့် ချေးငွေများ ပြန်လည် ရရှိရန် တို့အတွက် အခက်အခဲများ အပါအဝင် ငွေကြေးလွှယ်ကူမှုဆိုင်ရာ အကန့်အသတ်များအား ကြုံတွေ့နေပါသည်။ တောင်သူများအကြား ဆင်းရဲနွမ်းပါးမှု မြင့်တက် လာခြင်းသည် တောင်သူများမှ သွင်းအားစုများ ဝယ်ယူနိုင်မှုနှင့် အလုပ်သမားငှားရမ်းနိုင်မှု လျော့နည်းသွားမည် ဖြစ်သည်။ သို့ဖြစ်ရာ လယ်ယာမ ထုတ်လုပ်နိုင်မှု လျော့နည်းလာမည် ဖြစ်ပြီး ထုတ်ကုန်ပမာဏ လျော့ကျသွားမည် ဖြစ်သည့်အတွက် စိုက်ပျိုး စီးပွားရေး လုပ်ငန်းများကို မလွှဲကေန် အကျိုးသက်ရောက်မည် ဖြစ်ပါသည်။ [၉]

IFPRI သည် ရပ်ရွာလူထု စစ်တမ်းအား ဇွန်လနှင့် ဇူလိုင်လတွင် ပထမကြိမ် လုပ်ဆောင်ခဲ့ပြီး နှင့် ဇူလိုင်လနှင့် ဩဂုတ်လတွင် ဒုတိယ အကြိမ် ဆောင်ရွက်ခဲ့ပြီး (၂)ကြိမ်မက ကောက်ယူခဲ့ပါသည်။ စစ်တမ်းအရ အစိုးရ၏ စားနပ်ရိက္ခာ မဟုတ်သည့် ကူညီထောက်ပံ့မှုအစီအစဉ်သည် ပထမအကြိမ် အတွင်း၌ လူဦးရေ ၇% ထံသို့သာ ရောက်ရှိခဲ့ပြီး ဒုတိယအကြိမ် အတွင်း၌ ၆၈% ထံ ရောက်ရှိခဲ့ကာ ကာကွယ် တားဆီးသည့် အစီအမံများ အထူးသဖြင့် အသွားအလာ ကန့်သတ်မှု များအား အမြော်အမြင် ရှိစွာ ဖြေလျှော့ပေးခဲ့ပြီး ဖြစ်ပါသည်။ ဒုတိယအကြိမ်တွင် ဆင်းရဲနွမ်းပါးမှု အဆင့်များသည် ၁၇% မှ ၁၁% သို့ လျော့ကျ ခဲ့ပြီး လယ်ယာလုပ်ငန်းလုပ်ကိုင်သည့် လူမှုအသိုင်းအဝိုင်း အနည်းငယ်တို့တွင် ဝင်ငွေဆုံးရှုံးခဲ့ကြသည်။ ကျေးလက် အိမ်ထောင်စု များအပေါ် ကမ္ဘာ့ကပ်ရောဂါ၏ ဆိုးကျိုး သက်ရောက်မှု အချို့သည့် ဩဂုတ်လတွင် စတင်သက်သာလာ ခဲ့သော်လည်း ကမ္ဘာ့ကပ်ရောဂါ၏ ဒုတိယလှိုင်းသည် အဆိုပါ တိုးတက်မှု အချို့အား ဆန့်ကျင်ဘက် ဖြစ်သွားနိုင်မည် ဖြစ်ပါသည်။ IFPRI အဖွဲ့မှ နောက်ထပ်ဆက်လက်၍ ပြုလုပ်သည့် စစ်တမ်းများနှင့် ဆန်းစစ် လေ့လာခြင်း တို့သည် အစီအစဉ်ရေးဆွဲသူများနှင့် မူဝါဒ ချမှတ်သူများအား အဆိုပါ လှုပ်ရှား ပြောင်းလဲစေနိုင်သည့် အားများကို နားလည် သဘော ပေါက်စေရန်အတွက် အကူအညီ ပေးနိုင်မည် ဖြစ်ပါသည်။

၉။ ဤစာပိုဒ်အား မီချီဂန်ပြည်နယ်တက္ကသိုလ်မှ Duncan Boughton ပြုစုသည့် COVID–19 ဖလတာ အစီရင်ခံစာမှ ရယူခဲ့ပါသည်။

စီမံကိန်းလုပ်ငန်းနှင့် မူဝါဒဆိုင်ရာ တုံ့ပြန် ဆောင်ရွက်မှုများ၏ အကျိုးသက်ရောက်မှုနှင့် ထိရောက်မှု တို့အား အကဲဖြတ် သုံးသပ် နိုင်ရန် အတွက် စောင့်ကြည့် စစ်ဆေးခြင်းအား ပိုမိုအာရုံစိုက်ရန် လိုအပ်ပြီး စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းများမှာ အစိုးရက တာဝန်ယူမည့် ကဏ္ဍဖြစ်စေရန် နှင့် ရေရှည် တည်တံ့နိုင်စေရန်အတွက် ဌာနတွင်း စွမ်းဆောင်ရည်များ ခိုင်မာအားကောင်းစေမည့် MoALI ၏ ကြိုးပမ်းအားထုတ်မှုများအား ကူညီပံ့ပိုးရန် လိုအပ်ပါသည်။

လုပ်အားအပေါ် မှီခိုနေသည့် အိမ်ထောင်စုများထံ ကျရောက်မည့် စိုးရိမ်ရသော စီးပွားရေးဆိုင်ရာ ထိခိုက်နစ်နာမှုများအပေါ် တန်ပြန် ဆောင်ရွက်ခြင်း (သို့) နောက်လာမည့် (၁၂)လ အတွင်း စားနပ်ရိက္ခာနှင့် အာဟာရမဖူလုံမှုတို့ မြင့်လာခြင်းအား ကာကွယ်တားဆီးခြင်း တို့အတွက် CERP ၏ နယ်ပယ်၊ အတိုင်းအတာနှင့် ယင်း၏ စိုက်ပျိုးရေး ကဏ္ဍအတွက် အသုံးစရိတ် ဝေစုအား များများစားစား တိုးမြှင့်ရန် လိုအပ်ပါသည်။ CERP ၏ နောက်ဆုံး အတည်ပြုထားသည့် ဦးစားပေးများတွင် နိုင်ငံတဝှမ်းလုံး၌ MCCT ၏ ရောက်ရှိမှု၊ ကျေးလက်နှင့် မြို့ပြ အလုပ်သမားများ အတွက် အလုပ်အကိုင် တိုးတက်ရရှိစေ ခြင်းနှင့် Cash for Work ပံ့ပိုးငွေများနှင့် ကာလရှည်ကြာ အကြွေးနွံနစ်ခြင်းတို့ကို ရှောင်ရှားနိုင်ရန် လုပ်ကွက်ငယ် တောင်သူများ၏ ငွေရေး ကြေးရေးအား ပြန်လည် ထူထောင်ပေးခြင်းတို့ ထည့်သွင်း ပါဝင်စေသင့်ပါသည်။

COVID–19 ရောဂါ ကျရောက်နေသော်လည်း လုံခြုံစိတ်ချရသည့် အလေ့အကျင့်များ အသုံးပြု၍ စားသုံးသူများမှ ဈေးကွက်များအား လက်လှမ်းမီ စေရန် ဆောင်ရွက်နေသည့် ကာလအတွင်း စိုက် ပျိုးရေးဆိုင်ရာ သွင်းအားစုများနှင့် ထုတ်ကုန်များ ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်အချက်များကို ဖြည့်ဆည်း ပေးခြင်းဖြင့် စိုက်ပျိုးရေး ဆိုင်ရာ ဈေးကွက်များ ကောင်းမွန်စွာ လည်ပတ်စေ ပါသည်။ ဥပမာ – လူအများ ပြည့်ကျပ်နေခြင်း၊ ဆိုင်ဖွင့်ချိန် များ လျှော့ချခြင်းနှင့် အိမ်နီးချင်းနိုင်ငံ များနှင့် နယ်စပ်ကုန်သွယ်ရေး ပြန်လည် ဖွင့်လှစ်ခြင်း တို့သည် အရေးပါမည် ဖြစ်ပါသည်။ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်း အများစုသည် အခြေခံ ကာကွယ်စောင့်ရှောက် သည့် အစီအမံများအား ဆောင်ရွက်ပေးထားပါက COVID–19 ရောဂါ ကူးစက် ပြန့်ပွားနိုင်ချေ အနိမ့်ဆုံး ဖြစ်နိုင်ချေ ရှိပါသည်။

လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် အလုပ်အကိုင် ထောက်ပံ့ငွေများ အပါအဝင် ဒီဂျစ်တယ် နည်းပညာ အသုံးပြုခြင်း နှင့် ငွေကြေး အပေးအယူများ အတွက် မိုဘိုင်းလ်ဖုန်းဖြင့် ငွေကြေး လွှဲပြောင်းသည့် ပလက်ဖောင်းများအား လက်လှမ်းမီ ရယူနိုင်မှုအား ချဲ့ထွင်ခြင်းဖြင့် အချိန်မီ ပြီးစီးနိုင်စေ မည်ဖြစ်ပြီး ရောဂါကူးစက်နိုင်မည့် ထိတွေ့မှုများ ကို လျှော့ချပေးမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် COVID–19 ကူးစက်သည့် လူနာများ တဟုန်ထိုး မြင့်တက် လာမှုအား တုံ့ပြန် ဆောင်ရွက်သည့် အနေဖြင့် ဒီဂျစ်တယ် နည်းဖြင့် ငွေကြေးလွှဲပြောင်း မှုများသည် လာမည့်လများတွင် တိုးပွားလာ နိုင်ချေ ရှိပြီး ယင်းမှာ မြန်မာနိုင်ငံတွက် ကမ္ဘာ့ ကပ်ရောဂါမှ ချန်ထားပေးခဲ့သည့် ရလဒ်များ အနက်မှ တစ်ခု ဖြစ်လာမည် ဖြစ်ပါသည်။ [၁၀]

ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတွင် နောက်တစ်လှမ်းဆုတ်ရလိုက်ပြီးနောက် မြန်မာနိုင်ငံ ကျေးလက် ဒေသတွင် စိုက်ပျိုးရေး ဆိုင်ရာ ထုတ်လုပ်မှု စနစ် များနှင့် လယ်ယာပြင်ပ အလုပ်အကိုင်တို့တွင် ခိုင် ခံ့မှု မရှိခြင်းအား ပိုမိုထင်ရှားစေခဲ့သည့် စိုက်ပျိုး ရေး ကဏ္ဍနှင့် ကျေးလက်စီးပွားရေးအပေါ် COVID–19 ၏ ရိုက်ခတ်မှုများ တိုက်ဖျက်ချေ မှုန်းရန်အတွက် ရှေ့သို့ လှမ်းနိုင်သည့် အခွင့်အရေး တစ်ရပ်ရှိပါသည်။ အကျပ်အတည်းသည် အစိုးရ နှင့် ပုဂ္ဂလိက ကဏ္ဍများအကြား ရှင်းလင်း ပြတ်သားသည့် တာဝန်ခွဲဝေ လုပ်ကိုင်မှု နှင့် အပြိုင်အဆိုင် ပူးပေါင်းဆောင်ရွက်သည့် နည်းနာ ကောင်းကို မြှင့်တင်ပေးကာ သက်ဆိုင်ရာကဏ္ဍ များ ပြုပြင်ပြောင်းလဲရန် အတွက် အခွင့်အလမ်း များကို ဖော်ဆောင်ပေးသည်။ အစိုးရတွင်လည်း သီးနှံအမျိုးမျိုး ပြောင်းလဲ စိုက်ပျိုးခြင်းအား မြှင့် တင်ရန်၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရန်၊ တောင်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုများ အတွက် ရေရှည်တည်တံ့မည့် စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ကာ ကြုံတွေ့လာနိုင်သည့် အကျပ်အ တည်းများကို ရင်ဆိုင်တွန်းလှန်နိုင်စေမည့် ရှင်း လင်း ပြတ်သားသော ချဉ်းကပ်နည်းတစ်ခု ဖော်ဆောင်ရန် အခွင့်အလမ်းရှိမည် ဖြစ်သည်။

၁၀။ ဤစာပိုဒ်အား မီချီဂန်ပြည်နယ်တက္ကသိုလ်မှ Duncan Boughton ပြုစုသည့် COVID–19 ၆ လ တာ အစီရင်ခံစာမှ ရယူခဲ့ပါသည်။

## စိုက်ပျိုးစီးပွား စွန့်ဦးတီထွင်သူသည် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်နှင့်အတူ COVID–19 ဆိုင်ရာ စိန်ခေါ်မှုများအား ဆွေးနွေးခြင်း



၂၀၂၀ ခုနှစ်၊ ဇွန်လ (၁၈)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီးမှ မျိုးစေ့စိုက်ပျိုးသည့် **ဒေါ်ကျင်ဆိုင်**သည် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှင့်အတူ တိုက်ရိုက် ထုတ်လွှင့်မှု (ကြည့်ရှုသူဦးရေ ၃ သိန်း ၄ ထောင်)တွင် COVID–19 ကမ္ဘာ့ကပ်ရောဂါ ကာလအတွင်း သူမ၏ အတွေ့အကြုံ၊ အသိအမြင်များ နှင့် စိန်ခေါ်မှုများကို ယုံကြည်မှု ရှိစွာဖြင့် မျှဝေခဲ့ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေါ်ကျင်ဆိုင်အား စိုက်ပျိုးစီးပွားအား အောင်မြင်စွာ စီမံခန့်ခွဲနေယုံမျှမက COVID–19 ကမ္ဘာ့ကပ်ရောဂါ၏ စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် သူမ၏ ချက်ချာ ပါးနပ်သည့် စီမံခန့်ခွဲမှုအတွက် ဂုဏ်ယူ ဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပါသည်။



ဒေါ်ကျင်ဆိုင်သည် ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ ပန်းဘဲစု ကျေးရွာ၌ နေထိုင်ပါသည်။ သူမသည် အိမ်ထောင်မရှိသူဖြစ်ပြီး မြေ ၁၆.၅ ဧက ပိုင်ဆိုင်ကာ အဓိက သက်မွေးဝမ်းကျောင်းမှု မှာ မျိုးစေ့ ထုတ်လုပ်သည့် စိုက်ပျိုးရေး လုပ်ငန်းဖြစ်သည်။

၂၀၁၉ ခုနှစ်တွင် မျိုးစေ့ စိုက်ပျိုးသူ အမျိုးသမီးတောင်သူ (၂၃)ဦးအား ကူညီထောက်ပံ့ပေးသည့် ပူးတွဲ ထောက်ပံ့ကြေး အစီအစဉ်မှ တဆင့် ဒေါ်ကျင်ဆိုင်ကို ရွေးချယ်ခဲ့သည်။ အဆိုပါ အစီအစဉ်သည် မြင်းကောင်ရေ ၅၀ အားရှိသည့် Kubota အမှတ် တံဆိပ် လယ်ထွန် စက်အား (၃)နှစ်အတွင်း (၃)ကြိမ် အရစ်ကျ ငွေပေးချေမှုဖြင့် ဝယ်ယူရာတွင် အသုံးပြုရန်အတွက် သူမအား ထောက်ပံ့ ငွေ ကန်ဒေါ်လာ ၅,၀၀၀ အား ချီးမြှင့်ပေးခဲ့ပါသည်။ လယ်ထွန်စက်၏ စုစုပေါင်း တန်ဖိုးမှာ ကန်ဒေါ်လာ ၂၀,၄၈၀ ဖြစ်သဖြင့် ယင်းအနက်မှ ကန်ဒေါ်လာ ၁၅,၄၈၀ အား သူမ၏ ကိုယ်ပိုင်ငွေဖြင့် ပေးချေသွား မည် ဖြစ်ပါသည်။ ယခုအချိန် အထိဆိုလျှင် သူမသည် လယ်ထွန်စက် အငှားလိုက်သည့် ဝန်ဆောင်မှု များမှ အသားတင် အမြတ်ငွေ ၁၃,၇၀၀,၀၀၀ ကျပ် (ကန်ဒေါ်လာ ၉,၅၆၀)အား ရှာဖွေနိုင်ခဲ့ပါသည်။

**“ကျွန်မအနေနဲ့ အနီးပတ်ဝန်းကျင်က တောင်သူတွေကို ထွန်စက်ငှားရမ်းတဲ့နေရာမှာ COVID–19 ကပ်ရောဂါကြောင့်မို့ အသွားအလာကန့်သတ် မှုတာတွေ ရှိတဲ့အတွက် စိန်ခေါ်မှုတွေ အများကြီး တွေ့ကြုံခဲ့ ရပါတယ်။ ကျွန်မ ခေါ်ထားတဲ့ လယ်ထွန် စက်မောင်းဆရာက သူ့ ဇာတိ အညာကို ပြန်သွားခဲ့ပါတယ်။ ဒါကြောင့် ရွာထဲမှာ စက်ပြင် သင်တန်းတက်ထားတဲ့ လူငယ်လေးတွေနဲ့ ပူးပေါင်းပြီး လုပ်ကွက်ငယ် တောင်သူတွေကို လျှော့စျေး၊ ဒါမှမဟုတ် နောက်မှပေးဆိုပြီး လယ်ထွန်စက်ငှားတဲ့ အလုပ်ကို ဆက်လုပ်ခဲ့ပါတယ်။ ဒီနည်းနဲ့ ကျွန်မရဲ့ စီးပွားရေးကို ဆက်ပြီး ထိန်းထား နိုင်ခဲ့ပါတယ်”။**

ဒေါ်ကျင်သည် သူမ၏ ကျေးရွာတွင် အရည်အသွေးပြည့်ဝသည့် စပါးမျိုးစေ့ စိုက်ပျိုး ထုတ်လုပ်ရန် မျိုးစေ့ စိုက်ပျိုးသူ (၈)ဦးနှင့် ပူးပေါင်း ဆောင်ရွက်နေပါသည်။ ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရန် လေးလေးနက်နက် ဆုံးဖြတ်ချက်ချထားသည့် သူမသည် အရည်အသွေး ပြည့်ဝသည့် မျိုးစေ့ ထုတ်လုပ်ခြင်းအား တိုးချဲ့ခြင်း၊ မျိုးစေ့ တောင်သူ အချင်းချင်းအကြား လုပ်ကိုင်နိုင်စွမ်း ရှိစေရန် လုပ်ဆောင်ပေးခြင်း၊နှင့် မျိုးစေ့ကုမ္ပဏီများ နှင့် မျိုးစေ့ ဝယ်ယူသည့် တောင်သူ များ နှင့် ချိတ်ဆက်မှုများ ဖွံ့ဖြိုးတိုးတက်ခြင်း တို့တွင်လည်း ပံ့ပိုးကူညီပေးလျက်ရှိပါသည်။

## နောက်ဆက်တွဲ - ၁ ။ အစိုးရ၏ CERP အတွက် LIFT ၏ ထည့်ဝင် ပံ့ပိုးပေးခြင်းများ

အစိုးရသည် မြန်မာနိုင်ငံ၏ စီးပွားရေး လျင်မြန်စွာ ပြန်လည် ကောင်းမွန်လာစေရန် နိုင်ငံတဝှမ်း ညှိနှိုင်း ဆောင်ရွက်သည့် ပုံစံဖြင့် ပံ့ပိုးကူညီနေစဉ်အတွင်း COVID-19ကြောင့် ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးဆိုင်ရာ သက်ရောက်မှုအား လျှော့ချနိုင်ရန်အတွက် COVID-19 စီးပွားရေး ထိခိုက်မှု သက်သာရေး စီမံချက် (CERP)ကို ဧပြီလ (၂၇)ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ LIFT ၏ တုံ့ပြန်ကာကွယ်ရေး လုပ်ငန်းများသည် ပုဂ္ဂလိကကဏ္ဍ၊ ကာယလုပ်သားများ၊ အလုပ်သမားများနှင့် အိမ်ထောင်စုများအပေါ် COVID-19 သက်ရောက်မှုအား လျော့ပါးစေခြင်း၊ ဆန်းသစ် တီထွင်ထားသည့် ကုန်ပစ္စည်းများအား မြှင့်တင်ပေးခြင်းနှင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်သည့် စနစ်အား ခိုင်မာအားကောင်းစေခြင်း အပါအဝင် CERP ၏ ရည်မှန်းချက် ပန်းတိုင် အချို့အား ပံ့ပိုးပေးခဲ့ပါသည်။

### ရည်မှန်းချက်ပန်းတိုင် ၂ ။ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ဘဏ်လုပ်ငန်း ကဏ္ဍများအား တိုးတက် ကောင်းမွန် အောင် ဆောင်ရွက်ခြင်းမှတဆင့် ပုဂ္ဂလိက ကဏ္ဍအပေါ် သက်ရောက်မှုအား လျော့ပါးစေခြင်း

- ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၏ COVID-19 ကြွေးမြီအတွက် ငွေကြေး ထောက်ပံ့ပေးသည့် အစီအစဉ် အရ LIFT မှ ပံ့ပိုး ပေးနေသည့် အသေးစား ငွေရေးကြေးရေး လုပ်ငန်း (၆)ဖွဲ့သည် လက်ဖက်ရည်ဆိုင်များနှင့် စားသောက် ဆိုင်ငယ်များအား ငွေကြေးပံ့ပိုး ပေးရန် မြန်မာ့စီးပွားရေးဘဏ်ထံမှ အထူးချေးငွေများ ရရှိခဲ့ပါသည်။ LIFT သည် အသေး စားငွေရေးကြေးရေး မိတ်ဖက် အဖွဲ့အစည်းများအား ငွေလဲလှယ်နှုန်းကြောင့် ဆုံးရှုံးမှုကို အကာအကွယ် ပေးထားသည့် နောက်ထပ် နိုင်ငံခြားချေးငွေ ကန်ဒေါ်လာ ၂၆.၂၅ သန်း ရရှိစေရန် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု အရေး ပေါ် ထောက်ပံ့ငွေ ကန်ဒေါ်လာ (၃)သန်းကို ဆော်ဩ စည်းရုံး ပေးခဲ့ပါသည်။
- LIFT သည် COVID-19 အလွန်ကာလ ပြန်လည် ထူထောင်ရန် MoALI အနေဖြင့် ပြည်ပမှ ကန်ဒေါ်လာ ၂၅၀,၀၀၀ ထောက်ပံ့မှု ရရှိရန် အတွက် ဈေးကွက် ချိတ်ဆက်မှု အဆိုပြုလွှာအား ရေးသားပြုစုရာတွင် ကူညီပံ့ပိုးပေးနေပါသည်။
- ဩဘာ မျိုးစေ့ စီမံချက်သည် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံမျိုးစေ့များအား လျှော့ဈေးဖြင့် ပံ့ပိုးပေးနေပြီး၊ လုပ်ကွက်ငယ် တောင်သူများမှ စိုက်ပျိုးရေး ဆိုင်ရာ သွင်းအားစုများအား လက်လှမ်းမှု ရယူနိုင်အောင် စီစဉ်ပေးနေကာ မျိုးစေ့ ထုတ်လုပ်မှုနှင့် အမျိုးသား စားနပ်ရိက္ခာ ဖူလုံမှု အား ခိုင်မာစေရန် လုပ်ဆောင်နေပါသည်။
- LIFT သည် စိုက်ပျိုးရေး ထုတ်လုပ်မှုများနှင့် ကျေးလက်သက်မွေးဝမ်းကျောင်းမှုများ အပေါ် COVID-19 သက်ရောက်မှု ဆိုင်ရာ အရေးတကြီး လိုအပ်နေသည့် သတင်းအချက်အလက်များအား ဖော်ထုတ်ပေးနေသည့် IFPRI / MSU မှ တယ်လီဖုန်းဖြင့် ပြုလုပ်သော စစ်တမ်းအတွက် ကန်ဒေါ်လာ ၂၀၀,၀၀၀ အား ပံ့ပိုးပေးခဲ့ပါသည်။
- ရိုးမဘဏ်သည် စိုက်ပျိုးရေး လုပ်ငန်းသုံး စက်ကိရိယာများ၊ အရစ်ကျ ငွေချေစနစ်ဖြင့် ဝယ်ယူသည့် အစီအစဉ်၏ ဝန်ဆောင်မှု ရယူသုံးစွဲသူများအတွက် ချေးငွေများ ပြန်လည် ပေးဆပ်ရာတွင် (၆)လတာ ရွှေ့ဆိုင်းပေးသည့် အစီအစဉ် အား မိတ်ဆက် ပေးခဲ့ပါသည်။
- FAO နှင့်အတူ ဆောင်ရွက်သည့် ကန်ဒေါ်လာ (၂)သန်း ခွင့်ပြုထားသည့် စီမံကိန်းသည် ပိုမိုကောင်းမွန်သည့် တိရစ္ဆာန် ကျန်းမာရေး၊ ကုန်ထုတ် စွမ်းအား၊ ဈေးကွက်တင်ရောင်းချခြင်းနှင့် ကျေးလက် တိရစ္ဆာန် ကျန်းမာရေး လုပ်သား ၂,၀၀၀ အား လေ့ကျင့် သင်ကြားပေး ခြင်းမှတဆင့် လုပ်ကွက်ငယ် တောင်သူ ၂ သန်း၏ အသက်မွေး ဝမ်းကျောင်းများအား တိုးတက် ကောင်းမွန် စေမည် ဖြစ်ပါသည်။
- ဧရာဝတီတိုင်းဒေသကြီးတွင် ရှေ့ပြေးစမ်းသပ်နေသည့် ကန်ဒေါ်လာ ၉၅၀,၀၀၀ အသုံးပြုသည့် Cash for Work အစီအစဉ် သည် မျိုးစေ့ စိုက်ခင်းများရှိ အခြေခံ အဆောက်အဦအား ပိုကောင်းစေမည် ဖြစ်ပါသည်။

### ရည်မှန်းချက်ပန်းတိုင် ၃ ။ ကာယလုပ်သားများနှင့် အလုပ်သမားများအပေါ် သက်ရောက်မှု လျော့ပါးစေခြင်း

- CARE သည် Wave Money နှင့် ကိုယ်တိုင်ကိုယ်ကျ သွားရောက် ပံ့ပိုးပေးခြင်းတို့မှတဆင့် စက်ရုံအလုပ်သမားများအား အဆောင်ခများ၊ အစားအသောက်များနှင့် အိမ်ပြန်ရန် တို့အတွက် မြန်မာကျပ်ငွေ ၅,၀၀၀၀ အထိ ပေးခဲ့ပါသည်။

### ရည်မှန်းချက်ပန်းတိုင် ၄ ။ အိမ်ထောင်စုများအပေါ် သက်ရောက်မှု လျော့ပါးစေခြင်း

- LIFT သည် MCCT နှင့် လူမှုရေး ပင်စင် ကူညီပံ့ပိုးမှုရရှိသူများအား တစ်ပေါင်းတည်း ထပ်ဆောင်းထောက်ပံ့ငွေ ပေးအပ်မှုအတွက် ကန်ဒေါ်လာ (၉)သန်း ဖြည့်ဆည်းပေးခဲ့ပါသည်။ LIFT ၏ MFI မိတ်ဖက် (၁၀)ဖွဲ့သည် အစိုးရမှ ရန်ပုံငွေ ထောက်ပံ့ပေး ထားသည့် ငွေကြေးထောက်ပံ့မှုများအား ကိုယ်ဝန်ဆောင် အမျိုးသမီး များထံသို့ ပေးအပ်ရာတွင် ပံ့ပိုးကူညီခဲ့ပါသည်။ ထို့ပြင် LIFT သည် DSW နှင့် JST တို့မှတဆင့် ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် ကန်ဒေါ်လာ ၃.၂ သန်းနှင့် ActionAid နှင့် CARE တို့မှတဆင့် အလုပ်လက်မဲ့ ရွှေ့ပြောင်းသွားလာသူများအတွက် ကန်ဒေါ်လာ ၅၅၀,၀၀၀ အပါအဝင် အခြားအားနည်း ထိခိုက်လွယ်သူများအား ထောက်ပံ့ငွေများ ကူညီ ပံ့ပိုး ပေးရန် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။
- LIFT သည် အသွားအလာကန့်သတ်ခြင်းများအား လိုက်နာနိုင်ရန် နှင့် အိမ်ထောင်စုများ မှ ပေးဆပ်ရန် တာဝန်ရှိသည့် ဝန်ထုပ်ဝန်ပိုးများကို လျော့ပါးစေရန်တို့အတွက် အသေးစား ငွေရေးကြေးရေး လုပ်ငန်း (MFI) များမှ ချေးငွေ ပြန်လည်ပေးဆပ်ခြင်း များအား အချိန် ရွှေ့ဆိုင်း နိုင်ရန် စီစဉ်ပေးခြင်းအား ကူညီပံ့ပိုးပေးခဲ့ပါသည်။ LIFT ၏ မိတ်ဖက် အဖွဲ့အစည်းများသည် နေအိမ်တွင် နေထိုင်ရေး (Stay at Home) ညွှန်ကြားထားသည့် ဧပြီလနှင့် မေလအတွင်း ချေးငွေ ကောက်ခံခြင်းအား ရပ်ဆိုင်းခဲ့ပြီး LIFT MFI (၁၀) ဖွဲ့သည် မြန်မာ ကျပ်ငွေ ၃၃,၀၆၈ သန်း တန်ဖိုးရှိသည့် ချေးငွေ ၁၉၉,၆၁၄ ခုအား ပြန်လည် ပေးဆပ်ရမည့် အချိန်ကို ရွှေ့ဆိုင်းပေးခဲ့ ပါသည်။

### LIFT ၏ အခြား မိတ်ဖက် အဖွဲ့အစည်းများသည် အစားအသောက်နှင့် အခြေခံပစ္စည်းများအား မြန်မာနိုင်ငံတဝှမ်းရှိ လူမှုအသိုင်း အဝိုင်း များထံ ပေးအပ်ခဲ့ပါသည်။

- ILO သည် ရှမ်းပြည်နယ်နှင့် ထိုင်းနိုင်ငံ နယ်စပ်ရှိ အသိအမှတ်ပြုထားခြင်း မရှိသော စခန်း (၆)ခုမှ နှင့် ပြည်တွင်း နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူများ  နှင့် နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်း သွားလာသူ ၆,၀၀၀ ဦးထံ အစားအသောက်များ ပေးအပ်ခဲ့ပါသည်။
- Eden သည် အားနည်းထိခိုက်လွယ်သူ ၂၆,၇၈၀ ဦးအား ချက်ပြုတ်ထားသည့် အစားအစာ၊ ပဲနီလေး နှင့် အားဖြည့်ဆန် တို့အား ကျွေးမွေး ခဲ့ပါသည်။
- ActionAid သည် အလုပ်အကိုင် ဆုံးရှုံးခဲ့သည့် အလုပ်သမား ခန့်မှန်းချေ ၁,၀၀၀ ဦးထံ အစားအသောက်များပံ့ပိုးခဲ့ပါသည်။
- အမျိုးသမီးအဖွဲ့များ ကွန်ရက်သည် ကျား၊မ အခြေပြုသည့် အကြမ်းဖက်မှုအား တွေ့ကြုံခံစား ခဲ့ရသည့် သူများအပါအဝင် အလုပ် အကိုင် ဆုံးရှုံးခဲ့သည့် အမျိုးသမီး ၇၂ ဦးအား နေရေးစားရေး၊ ကျား၊မ အခြေပြုအကြမ်းဖက်မှု အတွက် နှစ်သိမ့်ဆွေးနွေး လမ်းညွှန်မှု ပေးခြင်း၊ အလုပ်သမား အခွင့်အရေးများအား အသိပညာပေးခြင်းနှင့် အလုပ်အကိုင် ရှာဖွေပေးသည့် ဝန်ဆောင်မှုများအား ပေးအပ်ခဲ့ပါသည်။
- NAG သည် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့် မိသားစု ထောက်ပံ့မှု မရှိသော ဖျားနာနေသူများထံ ငွေကြေးထောက်ပံ့မှုများ နှင့် ပစ္စည်းဝယ်ယူမှုတို့ဖြင့် မျှတစွာ  ကူညီပံ့ပိုးပေးရန် အာရုံစိုက် ခဲ့ပါသည်။ မိသားစု စုစုပေါင်း ၄၃၇ စုသည် တကြိမ်တည်းပေးသည့် ထောက်ပံ့ငွေအဖြစ် မြန်မာကျပ်ငွေ ၄,၀၀၀၀ မှ ၁၃၅,၂၀၀ (ကန်ဒေါ်လာ ၂၈ မှ ၉၄ ဒေါ်လာ) ရရှိခဲ့ပါသည်။ NAG သည် ကရင်ပြည်နယ် မြိုင်ကြီးငူ စခန်းရှိ ပြည်တွင်း နေရပ် စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူများ အား ဆန်၊ ပတ်ဝန်းကျင် သန့်ရှင်းရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ ကာကွယ်ရေး ပစ္စည်းကိရိယာများ ကူညီထောက်ပံ့ ပေးခဲ့ ပါသည်။

### ရည်မှန်းချက်ပန်းတိုင် ၅ ။ ဆန်းသစ်တီထွင်ထားသည့် ကုန်ပစ္စည်းများနှင့် ရပ်ဝန်းများအား မြှင့်တင်ခြင်း

- ရိုးမဘဏ်သည် ကျေးလက်အိမ်ထောင်စုများ အထူးသဖြင့် အမျိုးသမီးများထံသို့ စိုက်ပျိုး စီးပွားငွေကြေး အစီအစဉ်မှတဆင့် ဒီဂျစ်တယ်နည်းဖြင့် ငွေစုဆောင်း ရန် ဆော်သြစည်းရုံးခြင်းကို မြှင့်တင်ခဲ့ပါသည်။ ဝန်ဆောင်မှု ရယူသုံးစွဲသူများသည် ငွေပေးချေမှုများနှင့် ဘဏ်မှ ငွေလွှဲ ပေးပို့မှု များအတွက် WAVE အပလီကေးရှင်းနှင့် ရိုးမ SMART အပလီကေးရှင်းတို့အကြား ချိတ်ဆက် အသုံးပြုခြင်းဖြင့် ငွေသွင်း ငွေထုတ်ခြင်း များအား ပြုလုပ်နိုင်ခဲ့ပါသည်။

### ရည်မှန်းချက်ပန်းတိုင် ၆ ။ ကျန်းမာရေး စောင့်ရှောက်သည့် စနစ်များ ခိုင်မာအားကောင်းစေခြင်း

LIFT သည် DSW နှင့် MoALI ဝန်ထမ်းများအတွက် တကိုယ်ရည် ကာကွယ်ရေး ပစ္စည်းများ ပံ့ပိုး ပေးခဲ့ပါသည်။ LIFT မိတ်ဖက်အဖွဲ့အစည်းများသည် နောက်ခံဝန်းကျင်အမျိုးမျိုး ရှိ လူမှု အသိုက်အဝန်း များထံ တိုက်ရိုက် ကူညီ ထောက်ပံ့မှုကို ပေးအပ်ခဲ့ပါသည်။

- KMSS သည် အသွားအလာကန့်သတ်စောင့်ကြည့်ရာ နေရာ (၄၄) နေရာတို့တွင် အမျိုးသမီး လစဉ်သုံး ပစ္စည်းများ၊ ကုတင်များ၊ အိမ်သာနှင့် ရေချိုးခန်းသုံး ပစ္စည်းများ၊ ဘီးတပ်ကုလားထိုင်များနှင့် သတင်းအချက်အလက်ပေးသည့် ပစ္စည်းကိရိယာများ အပါအဝင် PPE ၊ လက်ဆေးသည့် အထောက်အပံ့ပစ္စည်းများ၊ တစ်ကိုယ်ရေ သန့်ရှင်းရေး အသုံးဆောင် ပစ္စည်းကိရိယာ များအား ကူညီထောက်ပံ့ ပေးခဲ့ပါ သည်။ ယင်းတွင် အစိုးရထံ လှူရန်အတွက် ခွဲစိတ်ခန်းသုံး ဝတ်စုံများ ချုပ်လုပ်ရန်အတွက် ကက်သလစ် သီလရှင်နှင့် အမျိုးသမီး စေတနာ့ဝန်ထမ်း (၂၅)ဦး ပါဝင်ခဲ့ပါသည်။ KMSSသည် ရန်ကုန် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနထံ ခွဲစိတ်ခန်းသုံး ဝတ်စုံ ၅,၀၀၀ နှင့် နှာခေါင်းစည်းနှင့် လက်အိတ်အစုံ ၁၀,၀၀၀ လှူဒါန်းခဲ့ပါသည်။ KMSS သည် အရပ်ဘက် လူမှုအဖွဲ့အစည်း (၂)ခုနှင့် ပူးပေါင်း၍ COVID-19 သံသယရှိသည့် လူနာ (၅၄)ဦးအား ရှာဖွေဖော်ထုတ်ခဲ့ပါသည်။
- IOM သည် အသွားအလာကန့်သတ်စောင့်ကြည့်ရာ နေရာများ ရှိ ပြည်တွင်းနှင့် နိုင်ငံတကာ ရွှေ့ပြောင်း သွားလာသူများနှင့် ကရင်၊ မွန်၊ ရှမ်း၊ ချင်း၊ ကချင်ပြည်နယ်များနှင့် တနင်္သာရီ၊ မန္တလေး၊ မကွေး နှင့် ဧရာဝတီတိုင်းဒေသကြီးများရှိ ၎င်းတို့၏ မိသားစုဝင် ၈၃,၈၂၉ ဦးအား အစား အသောက်၊ တစ်ကိုယ်ရေ သန့်ရှင်းရေးပစ္စည်းများ၊ မွေ့ယာ၊ အိပ်ယာခင်းများ၊ စိတ်လူမှုဆိုင်ရာနှင့် အခြား ကူညီထောက်ပံ့မှုများ ပေးအပ်ခဲ့ ပါသည်။
- PIN အဖွဲ့သည် ရွှေပြည်သာမြို့နယ်ရှိ နေအိမ်များမှ လူဦးရေ ၃၈,၅၀၀ ဦးနှင့် ရပ်ရွာလူထု အသွားအလာ ကန့်သတ်စောင့်ကြည့်ရာ နေရာများ လက်သန့်ဆေးရည်နှင့် ဆပ်ပြာများ ကူညီ ထောက်ပံ့ ပေးခဲ့ပါသည်။
- ActionAid သည် လှိုင်သာယာမြို့နယ်တွင် ရပ်ရွာလူထုအခြေပြုသည့် သီးသန့်ခွဲခြား စောင့်ကြည့်သည့် ဌာနများနှင့် ဖျားနာကုဆေးခန်း များ စီမံခန့်ခွဲခြင်းအား ကူညီထောက်ပံ့မှုကို အကူအညီပေးရန်အတွက် စေတနာ့ဝန်ထမ်း ၃၃၃ ဦးအား အခြေခံ COVID-19 ကျန်းမာရေး ဆိုင်ရာ ပညာပေးခြင်းကို လေ့ကျင့်သင်ကြားပေးခဲ့ပြီး စေတနာ့ဝန်ထမ်း အဖွဲ့တစ်ဖွဲ့အား ဖွဲ့စည်းပေးခဲ့ပါသည်။ Action Aid မှ လှိုင်သာယာနှင့် ဒဂုံမြို့သစ် မြို့နယ်များရှိ ခန့်မှန်းခြေ အလုပ်သမား ၁၀,၀၀၀ ဦးထံ လက်သန့်ဆေးရည်၊ လက်အိတ်နှင့် နှာခေါင်းစည်းများကိုလည်း ဖြန့်ဝေ ပေး ခဲ့ပါသည်။
- NAG ၏ REAL DEV မြေယာပြန်လည် နေရာချထားရေး စီမံချက်သည် မကွေးတိုင်းဒေသကြီး စီမံချက် မြို့နယ် (၅)မြို့နယ်ရှိ သီးသန့် ခွဲခြား စောင့်ကြည့်သည့် ဌာန(၃၈)ခုမှ အမျိုးသမီး ၄၀% နှင့် မိသားစု (၁၅၀) အပါအဝင် လူဦးရေ ၁,၇၀၀ ဦးအား ကူညီ ထောက်ပံ့ပေးခဲ့သည်။ ကျေးရွာ (၂၉)ရွာတွင် COVID-19 ဆိုင်ရာ သတင်းအချက်အလက်များ ပေးအပ်ခဲ့ရာ လူပေါင်း ၃၄၆ဦးသည် လက်ကိုင်ဖုန်း အပလီကေးရှင်းမှတဆင့် COVID-19 ဆိုင်ရာ သတင်းအချက်အလက်များကို လက်လှမ်းမီ ရယူနိုင်နေပါသည်။
- CARE သည် အထည်ချုပ်စက်ရုံ (၁၅)ခု မှတဆင့် ပြန်လည် အသုံးပြုနိုင်သော နှာခေါင်းစည်း ၁.၃ သန်းအား ကုန်ကျစရိတ်နည်းပါးစွာဖြင့် ထုတ်လုပ်နိုင်ရန် အကျိုးဆောင်ပေးခဲ့ပြီး PPE များ ထောက်ပံ့ပေးကာ ရာနှင့်ချီသော အမျိုးသမီး အလုပ်သမားများ၏ အလုပ်အကိုင်များ ဖြစ်ထွန်းစေခဲ့သည်။ အလုပ်သမား ၇၆,၀၀၀ ဦး နီးပါးနှင့် ရပ်ကွက်နေ ပြည်သူ ၇၃,၇၀၀ ဦးထံသို့ သတင်း အချက်အလက်များ၊ နှာခေါင်းစည်းများနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး အသုံးအဆောင်ပစ္စည်းများအား ဖြန့်ဝေပေးခဲ့ပြီး အစိုးရရုံးများ၊ မြို့နယ်တရားရုံးများ၊ အလုပ်သမား သမဂ္ဂ၊ အလုပ်သမားများ နေသည့် အဆောင်များနှင့် ဖျားနာကုသဆေးခန်းများကိုလည်း ပံ့ပိုး ပေးခဲ့ပါ သည်။
- VisionFundသည် ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ရပ်ကွက်(၄၅)ခုရှိ လူဦးရေ ၃၂,၂၁၆ ဦးအတွက် လက်ဆေးနိုင်သည့် နေရာ (၅၂)နေရာအား လက်လှမ်းမီ ရယူအသုံးပြုနိုင်ရန် ပံ့ပိုးပေးခဲ့ပါသည်။
- သစ္စာဥယျာဉ်သည် ချေးငွေ ကော်မတီအဖွဲ့ဝင် ၄၃၄ ဦးအား လက်သန့်ဆေးရည်နှင့် ခွဲစိတ်ခန်းသုံး နှာခေါင်းစည်း (၅၀)ခုအား ပေးအပ်ခဲ့ပါသည်။

- GEN သည် ရန်ကုန်၊ တောင်ကြီးနှင့် မန္တလေးမြို့များရှိ အမျိုးသမီးဆေးရုံများထံ အရေးပေါ် တုံ့ပြန် ဆောင်ရွက်သည့် အသုံးအဆောင် ပစ္စည်းအစုံ ၄၅,၀၀၀ နှင့် ကာကွယ်ရေး ဝတ်ရုံ အစုံ (၁၀၀)အား လှူဒါန်းခဲ့ပါသည်။ ရန်ကုန်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်း၊ ကရင် နှင့် ကချင်ပြည်နယ်ရှိ အမျိုးသမီး သင်တန်းကျောင်းများ၊ လူငယ်သင်တန်း ကျောင်းများ၊ မသန်မစွမ်းစင်တာများ၊ သီးသန့်ခွဲခြား စောင့်ကြည့်သည့် စင်တာများထံ အရေးပေါ် တုံ့ပြန် ဆောင်ရွက်သည့် အသုံးအဆောင် ပစ္စည်း ၂၀,၀၀၀ ကျော်အား ဖြန့်ဝေပေးခဲ့ပါသည်။ နိုင်ငံတဝှမ်းရှိ နေရာပေါင်း (၁၂) နေရာ ၌ ရှိသည့် အမျိုးသမီး သင်တန်းကျောင်းများမှ အမျိုးသမီး ၁,၁၃၁ ဦးအတွက် လက်ဆေးကန် (၃၇)ကန်အား ဖြန့်ဝေပေးခဲ့ပါသည်။ ထို့ပြင် GEN မှ LGBTQ များနှင့် မသန်စွမ်းသူများအတွက် ပစ္စည်းအစုံ ၂,၀၀၀ ပံ့ပိုးပေးခဲ့ပါသည်။
- GEN သည် ချင်းပြည်နယ်ရှိ ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများ အတွက် အရေးပေါ် အသုံးအဆောင် ပစ္စည်းအစုံ ၄,၀၀၀ နှင့် အကာအကွယ်ဝတ်စုံ (၁၀၀)စုံအား ပေးအပ်ခဲ့ပါသည်။
- ILOသည် ထိုင်းနိုင်ငံနှင့် ထိစပ်နေသည့် နယ်စပ်စစ်ဆေးရေး နေရာများ ဖြစ်သည့် ကော့သောင်း၊ ထီးကီး၊ ဘုရားသုံးဆူ တောင်ကြား၊ မြဝတီနှင့် တာချီလိတ်တို့၌ နေရပ်ပြန် ရွှေ့ပြောင်း သွားလာသူ ၉၁,၆၁၃ ဦးအား PPE အပါအဝင် တကိုယ်ရေကာကွယ်ရေး ပစ္စည်းများအား ကူညီ ထောက်ပံ့ ပေးခဲ့ပါသည်။
- ဒေင်မြန်မာသည် ရန်ကုန်နှင့် မန္တလေးရှိ ဆင်းရဲနွမ်းပါးသည့် လူမှုအသိုင်းအဝိုင်းများမှ ရွှေ့ပြောင်းသွားလာသူ ၇၇,၄၀၀ ဦးထံ ဆပ်ပြာနှင့် ပြန်လည် အသုံးပြုနိုင်သော နှာခေါင်းစည်းများအား ဖြန့်ဝေပေးခဲ့ပါသည်။

## နောက်ဆက်တွဲ – ၂။ ဆက်နွယ်နေသည့် ထုတ်ဝေမှုများ

LIFT သည် COVID-19 အား တုံ့ပြန်ကာကွယ်ရာတွင် မူဝါဒ ချမှတ်ရာတွင် သတင်း အချက်အလက်ပေးခြင်းနှင့် စီမံကိန်းလုပ်ငန်းများအတွက် မြန်မာနိုင်ငံတွင် အသိပညာများ မျှဝေခြင်းနှင့် သုတေသနတွေ့ရှိချက်များ ဖြန့်ဖြူးခြင်းတို့အား မြှင့်တင်ရန် ရည်ရွယ်ခဲ့ပါသည်။ အောက်ဖော်ပြပါ များသည် မြန်မာ့စီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်းမှုများအပေါ် COVID-19 ၏ အကျိုးသက်ရောက်မှုများ အကြောင်းကို မကြာသေးမီက ထုတ်ဝေ ထားသည့် ထုတ်ဝေမှုအချို့ ဖြစ်ပါသည်။ ယင်းတို့မှာ ပြီးပြည့်စုံ မှုရှိသည်ဟု မဆိုလိုပါ။

- **International Growth Centre** ၏ "COVID-19 အား ကိုင်တွယ် ဖြေရှင်းခြင်း။ – မြန်မာနိုင်ငံတွင် လူအများ၏ ဘဝများ၊ အလုပ်အကိုင်နှင့် ဝင်ငွေများအား ကာကွယ်ပေးခြင်း" သည် အရွယ်ရောက်ပြီးသူ အများစုမှ ဆောင်ရွက်နိုင်သည့် နေ့စား အလုပ် များ ဖန်တီးပေးသည့် စီမံကိန်းများ အရေအတွက် တိုးပွားလာစေခြင်း ရန် အားပေး ထောက်ခံပါသည်။ ဥပမာ – အလျင်အမြန် စတင်နိုင် သည့် လမ်းတည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်း၊ ဆည်မြောင်း တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်း၊ လမ်းများ သန့်ရှင်းရေး ပြုလုပ်ခြင်းသည် အလိုအပ်ဆုံး ဖြစ်နေသည့် အိမ်ထောင်စုများအား ငွေကြေးထောက်ပံ့မှုထက် ပို၍ ဖြစ်နိုင်ချေရှိပြီး မြန်မာနိုင်ငံ၏ ပြည်တွင်း အခြေခံ အဆောက်အဦ တိုးတက် ကောင်းမွန်စေရန် အတွက်လည်း အကူအညီ ပေးနိုင်ပါသည်။

- **ကမ္ဘာ့ဘဏ်**သည် ၎င်း၏ နှစ်ဝက် အစီရင်ခံစာပါ “COVID–19 ရောဂါကျရောက်နေသည့် အချိန်တွင် မြန်မာနိုင်ငံ စီးပွားရေးအား လေ့လာခြင်း” တွင် နေးကွေးနေသည့် စီးပွားရေးသည် အလုပ်အကိုင် ခိုင်မာမှု မရှိခြင်း၊ သမားရိုးကျ မဟုတ်သော လုပ်ငန်းကဏ္ဍများ မှ အလုပ်အကိုင်နည်းပါးခြင်းနှင့် ငွေစုဆောင်းမှုနည်းပါးခြင်း တို့ကြောင့် ဆင်းရဲနွမ်းပါးနေသည့် အိမ်ထောင်စုများအား ဆင်းရဲတွင်း နက်စေပြီး မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတွင် လက်ရှိ တိုးတက်မှုအား တစိတ်တဒေသ အားဖြင့် ပြောင်းပြန် ဖြစ်စေရန် ခြိမ်းခြောက်နေသည်ကို မီးမောင်းထိုးပြပါသည်။ ယင်းတို့အနက်မှ မြို့ပြနေသူများအပေါ် COVID–19 ဆိုင်ရာ ကျန်းမာရေး အန္တရာယ်များနှင့် စီးပွားရေး သက်ရောက်မှု (၂)ရပ်စလုံး ကျရောက်နိုင်ချေမှာ အလွန်မြင့်မားပြီး နိုင်ငံတကာမှ ငွေလွှဲပေးပို့ မှုများ၏ အကျိုးကျေးဇူးကို ခံစားနေသည့် ဆင်းရဲနွမ်းပါးမှု မရှိသည့် အိမ်ထောင်စုများပင်လျှင် အိမ်ထောင်စု ဝင်ငွေများ ချက်ချင်း လျှော့ကျသွားမည်ကို ကြိုတင်မျှော်မှန်းထားခဲ့ပါသည်။ ထို့ပြင် “ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသ နောက်ဆုံး အခြေအနေ – ၂၀၂၀ အောက်တိုဘာလ – ဟန့်တားထိန်းချုပ်ခြင်းမှ ပြန်လည် ထူထောင်ရေးဆီသို့” မှ COVID–19 မတိုင်မီနှင့် COVID တုံ့ပြန်ဆောင်ရွက်မှုအပါအဝင် ကာလ (၂)ရပ်လုံး၌ အရှေ့အာရှရှိ အချို့သော နိုင်ငံများနှင့် နှိုင်းယှဉ်ခဲ့ရာတွင် လူမှုရေးဆိုင်ရာ ကူညီ ထောက်ပံ့မှုတွင် အသုံးပြုခဲ့ပြီး ဖြစ်သည့် GDP ၏ ဝေစုနှင့် ဆက်စပ်နေသော မြန်မာနိုင်ငံအပေါ် ကမ္ဘာ့ကပ်ရောဂါ၏ စိုးရိမ်စရာ ခြိမ်းခြောက်မှုများအား ဖော်ညွှန်းထားပါသည်။
- **UNICEF** ၏ မြန်မာနိုင်ငံတွင် ကလေးသူငယ်များ ဆင်းရဲနွမ်းပါးမှုကို အောင်မြင်စွာ ကိုင်တွယ်ဖြေရှင်းခြင်း – COVID–19 အား တုံ့ပြန်ကာကွယ်ရာတွင် လူ့စွမ်းအားအရင်းအနှီးတွင်ရင်းနှီးမြှုပ်နှံခြင်းမှ COVID–19 ကြောင့် မြန်မာနိုင်ငံတွင် ကလေးသူငယ် ဆင်းရဲနွမ်းပါးမှု မှာ ၁၀% တိုးလာနိုင်ချေရှိပြီး ဆင်းရဲနွမ်းပါးပြီး အားနည်း ထိခိုက်လွယ်သည့် အခြေအနေများတွင် နေထိုင်နေကြသည့် ကလေးသူငယ်များ အား အပြင်းထန်ဆုံး ထိခိုက်နစ်နာစေမည်ဟု ကောက်ချက်ချခဲ့ပါသည်။ အစီရင်ခံစာအရ လူမှုကာကွယ်စောင့်ရှောက်ရေးအား ချဲ့ထွင်ခြင်းသည် ဆင်းရဲနွမ်းပါးမှုအပေါ် COVID–19 ၏ လက်ငင်းနှင့် ရေရှည် သက်ရောက်မှုများအား လျှော့ချရန်အတွက် အထူးသဖြင့် ထိရောက်မှုရှိသော တုံ့ပြန်ကာကွယ်မှုတစ်ရပ် ဖြစ်သည်အား ထင်ရှားစေပါသည်။
- **UNCDF** ၏ မြန်မာနိုင်ငံတွင် မူဝါဒနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အကန့်အသတ်များနှင့် ငွေကြေး ဆိုင်ရာတွင် အမျိုးသမီးများ ပါဝင်စေမှုအား ဆန်းစစ်လေ့လာခြင်း တွင် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဆင့်တွင် အမျိုးသမီး များ ပါဝင်မှု အား မူဝါဒဆိုင်ရာ ဆက်စပ်ပေါင်းစည်းမှု၊ အခြား ငွေရေးကြေးရေးကဏ္ဍ မဟာဗျူဟာများ၊ ဥပဒေများ၊ မူဝါဒများ၊ စည်းမျဉ်းစည်းကမ်း များတွင် ငွေကြေးဆိုင်ရာတွင် အမျိုးသမီးများပါဝင်စေမှုအား ပေါင်းစပ် ထည့်သွင်းခြင်း၊ သက်သေခံအထောက်အထား စာရွက်စာတမ်းများအား အမျိုးသမီးများ၏ လက်လှမ်းမီ ရယူနိုင်မှုနှင့် ပိုင်ဆိုင်မှုများအား လက်လှမ်းမီ ရယူနိုင်မှုတို့အား မြှင့်တင်ခြင်းနှင့် ငွေရေးကြေးရေး ဝန်ဆောင်မှု ပေးသူများ၏ ဝန်ဆောင်မှု ရယူသုံးစွဲသူများနှင့် ဝန်ထမ်းများအနေဖြင့် အမျိုးသမီးများအား အကြမ်းဖက်မှုအား ကာကွယ် စောင့်ရှောက်ရန် ဥပဒေပြုခြင်း တို့ဖြင့် အမျိုးသမီးများ၏ ပါဝင်မှု အတွက် အဓိက နယ်ပယ်များကို ရှာဖွေ ဖော်ထုတ် ခဲ့ပါသည်။
- **အပြည်ပြည်ဆိုင်ရာ စားနပ်ရိက္ခာ မူဝါဒ သုတေသန ဌာန**၏ လူမှု အသိုက်အဝန်းများ၊ စားနပ်ရိက္ခာ ဖူလုံမှုနှင့် လက်လီ အစားအသောက် ရောင်းချသူများအပေါ် COVID–19 ၏ သက်ရောက်မှုများ မှ အချက်အလက်များသည် အလုပ်အကိုင် ဆုံးရှုံးမှုများကြောင့် ကျေးလက်နှင့် မြို့ပြ နှစ်ဦးလုံးရှိ အိမ်ထောင်စုများ တွင် အစားအသောက် အတွက် အသုံးစရိတ်များ လျှော့ကျခြင်း ဆီသို့ ဦးတည်ခဲ့ကြောင်းကို ပြသ ပါသည်။ ယင်းတွင် ကျေးလက်ဒေသနေ မိခင်များနှင့် နှိုင်းယှဉ်ပါက မြို့ပြရှိ မိခင်များအကြား အစားအသောက်အမည်စုံ လုံလောက်စွာဦ စားသုံးမှု မရှိခြင်းနှင့် ဇန်နဝါရီလမှ ဇွန်လ အထိ ဝင်ငွေ အခြေခံသည့် ဆင်းရဲနွမ်းပါးမှုမှာ ၂၇% တိုးမြင့်လာခဲ့ခြင်းတို့ ပါဝင်ပါသည်။ ဆင်းရဲ နွမ်းပါးမှု အတွင်းသို့ ကျရောက်နေခြင်းမှာ အလုပ်အကိုင် ဆုံးရှုံးမှုနှင့် မကြာသေးမီက မီးဖွားခဲ့မှုတို့နှင့် အခိုင်အမာ ဆက်နွယ် နေပါသည်။
- **အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့**သည် နေရပ်ပြန် ရွှေ့ပြောင်း သွားလာသူများအား သမားရိုးကျ မဟုတ်သော လုပ်ငန်းကဏ္ဍများ မှ အားနည်း ထိခိုက်လွယ်သည့် အလုပ်သမားများအား ပံ့ပိုးပေးနေသည့် လူမှုရေး ဆိုင်ရာ ကူညီပံ့ပိုးမှု ကမ်းလှမ်းချက်တွင် ထည့်သွင်း သင့်ကြောင်းကို အကြံပြုထားသည့် “မြန်မာနိုင်ငံတွင် ရွှေ့ပြောင်း အလုပ်သမားများအပေါ်COVID–19 ၏ သက်ရောက်မှုနှင့် နိုင်ငံ၏ တုံ့ပြန် ကာကွယ်မှု” အပါအဝင် အနှစ်ချုပ် စာတမ်း အများအပြားအား ထုတ်ဝေခဲ့ပါသည်။



# LIFT's COVID-19

တုံ့ပြန်ကာကွယ်ရေးလုပ်ငန်းများ
ခြောက်လတာကာလ အစီရင်ခံစာ

- အကျိုးသက်ရောက်မှု
- သင်ယူလေ့လာခြင်း
- ရှေ့သို့ မှန်းမျှော်ခြင်း


COVID-19
COVID-19

LIFT

Livelihoods and Food Security Fund

UKaid

EUROPEAN UNION

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

Swiss Agency for Development
and Cooperation SDC

Australian Aid

USAID

Canada

NEW ZEALAND
FOREIGN AFFAIRS & TRADE
Aid Programme

Irish Aid
Rialtas na hÉireann
Government of Ireland

Norwegian Ministry
of Foreign Affairs

managed by UNOPS

- ရှေ့တန်းမှ တုံ့ပြန် ကာကွယ်မှု လုပ်ငန်းများ
- လူမှုကာကွယ်စောင့်ရှောက်ရေး
- အရပ်ဘက်လူမှုအဖွဲ့အစည်း
- ရွှေ့ပြောင်းသွားလာခြင်း
- ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေခြင်း
- စိုက်ပျိုးရေး

**LIFT's COVID-19**
တုံ့ပြန်ကာကွယ်ရေးလုပ်ငန်းများ
ခြောက်လတာကာလ အစီရင်ခံစာ

– အကျိုးသက်ရောက်မှု
– သင်ယူလေ့လာခြင်း
– ရှေ့သို့ မှန်းမျှော်ခြင်း